www.dhammaransi.com

# ပြိတ္တာလောက

## ဖြစ်ရပ်ဆန်းများ

ကျွတ်၊ ပြိတ္တာ၊ သရဲ တစ္ဆေ၊ တို့အကြောင်း




တက္ကသိုလ်
ချင်ဝိရ
(ဓမ္မာစရိယ၊ ဘီအေ)

www.dhammaransi.com

သုတေသနစာကြည့်တိုက်
[illegible] သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
[illegible] ခွင့်ပြုချက်။

# ပြိတ္တာလောကဖြစ်ရပ်ဆန်းများ

# ကျွတ်-ပြိတ္တာ-သရဲ-တစ္ဆေ

# တို့အကြောင်း

တက္ကသိုလ်သျှင်သီရိ(မြောစရိယ-ဘီအေ)

ထုတ်လုပ်စီစဉ်သူ
ဦးသန်းလွင်(ပစ်တိုင်းထောင်စာပေ)

ဖြန့်ချိရေး
ပစ်တိုင်းထောင်စာပေ
အမှတ် (၁) စကြံ
ရန်ကုန်ဘူတာကြီး

www.dhammaransi.com



စာအုပ်စာတမ်းစာနယ်ဇင်း
ကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ် (၃၁-၉၆-၂)
စာအုပ်စာတမ်းမျက်နှာဖုံး
ကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ် (၄-၉၇-၁၁)

**မျက်နှာဖုံးပန်းချီ**
ညီညီ

**ပုံနှိပ်ခြင်း**
ဒုတိယအကြိမ်
အုပ်ရေ (၅၀၀)
တန်ဖိုး ( ၂၀၀ )

**ကွန်ပျူတာစာစီ**
မျိုးမော်ကွန်ပျူတာ (ဖုန်း-၂၅၃၃၅၂)

**ထုတ်ဝေခြင်း**
၁၉၉၇၊ ဒီဇင်ဘာလ
၃၅၊ သမာဓိလမ်း၊ မရမ်းကုန်း၊ ဇွဲစုံရပ်၊ ကမ္ဘာအေး၊
အသိုင်းအဝိုင်းစာပေ
ဦးမြသန်း(စိတ်ဓာတ်မြသန်း)
မှတ်ပုံတင်အမှတ်(၀၁၅၈)
ဒေါ်စိန်နွဲ့(၀၂၇၈၅) ရွှေပြည့်စုံအော့ဖ်ဆက်
၃၄/၃၅၊ ၁၅၇-လမ်း၊ တာမွေ၊ ရန်ကုန်မြို့တွင်
အဖုံးနှင့် အတွင်းစာသား ပုံနှိပ်သည်။

www.dhammaransi.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အခန်း (၁)** | |
| ၁ | ပူးသည်၊ ကပ်သည်၊ ခြောက်သည်ဖြစ်တွေ | ၁ |
| ၂ | (က) အဇာတသတ်မင်းနှင့် မီးလျှံတစ္ဆေ | ၂ |
| ၃ | ပိဏ္ဍပါတိကမထေရ်နှင့် တစ္ဆေသားအမိ | ၆ |
| ၄ | ဥစ္စာစွဲ၍ သရဲဖြစ်နေရသူ | ၈ |
| ၅ | ဖခင်အတွက် ရည်စူးလျက် | ၁၀ |
| ၆ | နတ်ပြိတ္တာဘဝ ချက်ချင်းရ | ၁၁ |
| ၇ | လယ်တီပဏ္ဍိတနှင့် ရက္ခစိုးနတ်မင်းကြီး | ၁၄ |
| ၈ | ဒက္ခိဏာရာမဆရာတော် ဦးဥတ္တရနှင့် ရက္ခစိုးနတ်မင်း | ၁၇ |
| ၉ | ဘိုင်ဘင်ဆရာတော်နှင့် ရက္ခစိုးနတ် | ၂၀ |
| ၁၀ | ဥစ္စာစောင့် ပစ္စည်းပေးခဲ့ရသော ကျောင်းဆရာလေး | ၂၃ |
| ၁၁ | ဥစ္စာစောင့် လူဝင်စားကလေး မောင်ချစ်စု | ၃၈ |
| ၁၂ | ကျတ်ကုန်း | ၄၇ |
| ၁၃ | ကျတ်ကျွေးမွေးခဲ့ရသော ကျောက်ထိုးဆေးဆရာ | ၄၉ |
| ၁၄ | ကျတ်၊ ပြိတ္တာပင့် ခံရသော ဆရာတော် | ၅၃ |
| ၁၅ | ဂျူ မလေးကယ်ဆယ်ခဲ့ရသော စိန်ပန်းပင်ပေါ်က အဘိုးအို | ၅၇ |
| ၁၆ | ဖုတ်၊ သရဲ ဝင်ကပ်ပူးစားခံရသူ | ၆၇ |
| ၁၇ | ကြက်သားဟင်းစားလို၍ ကလေးပြုစားသောရွာသူ | ၇၃ |
| ၁၈ | ကျွန်တော့်ကို နေစရာ စားစရာ လုပ်ပေးကြပါ | ၇၉ |
| ၁၉ | မိခင်ကို လုပ်ကျွေးသော လူခြောက်ကလေး | ၈၃ |
| ၂၀ | သား,မယား ချစ်ဇောကြောင့် ချက်ချင်းပူးပြောသူ | ၈၈ |
| ၂၁ | မှာရဲ့ကြရဲ့လား | ၉၃ |
| | **အခန်း (၂)** | |
| ၂၂ | ပဋိသန္ဓေအစမှ ဘဝအဆင့်ဆင့်ကွာခြားလာပုံ | ၉၄ |
| ၂၃ | ကံတရားအရ လူ့ဘဝ | ၉၆ |
| | **အခန်း (၃)** | |
| ၂၄ | သေရမည်မှာ ဓမ္မတာ | ၁၀၂ |
| ၂၅ | သေခါနီးထင် အာရုံမှာ | ၁၀၅ |
| ၂၆ | သေခါနီးမှာ အမှုအရာ | ၁၀၇ |
| ၂၇ | သေခါနီး စိတ်အစဉ် | ၁၁၀ |
| ၂၈ | သေခါနီး သတိထားကြဖို့ | ၁၁၂ |
| ၂၉ | နောက်ဘဝသစ်ကူးပုံ | ၁၁၄ |
| ၃၀ | အိမ်မှာ ခုနစ်ရက်မနေ | ၁၁၆ |
| ၃၁ | အချိန်မသိ သေနည်းတတ်ကြစေ | ၁၇ |
| ၃၂ | ပြိတ္တာတို့ဘုံ အမည်စုံ | ၁၁၉ |

www.dhammaransi.com


၃၃ ပြိတ္တာဖြစ်ရခြင်းအကြောင်းရင်း ၁၁၉
၃၄ ပြိတ္တာအမျိုးအစားများ ၁၂၁
၃၅ ကာလကဥ္စိက ပြိတ္တာကြီးနှင့် ရဟန်းတော်များ ၁၂၃
၃၆ တစ္ဆေသရဲ ၁၂၇
၃၇ တစ္ဆေခြောက်ခြင်းအကြောင်း ၁၂၈
၃၈ ဖုတ်ဝင်မြန်မာကို့ အယူအစ ၁၃၁
၃၉ ဥစ္စာစောင့် ၁၃၂


## အခန်း (၅)


၄၀ ရကြပါစေ အမျှဝေလိုသော် ၁၃၅
၄၁ ဗိမ္ဗိသာရမင်း၏ ဆွေမျိုး ပြိတ္တာများ ၁၃၇
၄၂ ဘုရားရှင်၏ ပြိတ္တာနှင့်ပတ်သက်သော တရား ၁၄၀
၄၃ အလှူခံပုဂ္ဂိုလ်နှင့် အလှူဝတ္ထုပစ္စည်း ၁၄၄
၄၅ သေသူတို့အတွက် ကျန်ရစ်သူတို့တာဝန် ၁၄၆
၄၆ သံဃိကဖြစ်အောင် ဆွမ်းသွတ်နည်း ၁၄၈
၄၇ ပစ္စည်းလေးပါးစုံအောင်လှူပါ ၁၄၉
၄၈ မိဘ အစ်ကို ပြိတ္တာတို့ကို ကယ်တင်သော မထေရ် ၁၅၁
၄၉ ရည်စူးအလှူ ကွယ်လွန်သူမရသော် ၁၅၅
၅၀ ပြိတ္တာအမျိုးအစား ၁၅၈
၅၁ ပြိတ္တာ (၂၁)ဦးတို့ ခံစားရပုံ အဖုံဖုံနှင့် ၁၆၄
၅၂ စုန်း၊ နတ် စသည်တို့ လူထဲသို့ ပူးဝင်ပုံကိုပြခြင်း ၁၇၁
၅၃ လူ့ဦးပွေ့များစားသည့် ပြိတ္တာများ ၁၇၃
၅၄ မနာလိုဝန်တိုမှုကြောင့် မစားရ၊ မဝတ်ရသူ ၁၈၂
၅၅ ရေမသောက်ရသော ပါသာဏပြိတ္တာ ၁၈၅
၅၆ သံပြားပုဆိုးဝတ်နေရသောပြိတ္တာ ၁၈၈
၅၇ သံဃာဆန်ကိုစားမိသောကြောင့် ပြိတ္တာဖြစ်ရသူ ၁၉၀
၅၈ ကဿပဘုရားကို နှုတ်ဖြင့်ပြစ်မှားသောကြောင့် ၁၉၂
၆၀ ပဋိသန္ဓေစိတ်နှင့် ဘဝများ ၁၉၄


## အခန်း (၆)


၆၁ လူ့ဘဝ လူ့ခန္ဓာ လူကြမ္မာ ဖြစ်ရသည်မှာ ၁၉၈
၆၂ ဝက်နှုတ်သီးနှင့် ပြိတ္တာ ၂၀၅
၆၃ ကိုယ်ဝန်ဖျက်ချ ပြိတ္တာမ ၂၀၆
၆၄ အနှစ်ငါးဆယ် အစာမစားရသော ပြိတ္တာ ၂၁၀
၆၅ သားသမီးက နတ်၊ မိဘက ပြိတ္တာ ၂၁၃
၆၆ သွေးအပြည့်မစင်ပုပ်စားရသောပြိတ္တာ ၂၁၈
၆၇ ကုန်သည်မိသားစုပြိတ္တာ ၂၂၃
၆၈ လင်တူမယား အဘိဇ္ဈာပွားမိသော ပြိတ္တာမဝတ္ထု ၂၃၁
၆၉ ဥစ္စာစွဲ၍ သရဲဖြစ်ရရှာသော ပြိတ္တာဝတ္ထု ၂၃၇
၇၀ ဆင်းရဲပေါင်းစုံ ပြိတ္တာဘုံဝတ္ထု ၂၄၂
၇၁ မစင်ကိုသာ စားရရှာသော ပြိတ္တာမဝတ္ထု ၂၄၄

www.dhammaransi.com



## "အမှာစာ"

စာရေးသူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတွင် ရုပ်မြင်သံကြား ကျွမ်းကျင်အဆင့်(၃) တာဝန်ဖြင့် ဖြူးမြို့တွင် တာဝန်ထမ်းဆောင်စဉ်က ဖြစ်ပါသည်။

တစ်နေ့တွင် မိတ်ဆွေတစ်ဦး၏ မိခင်တစ်ဦး ကွယ်လွန်သည်နှင့် သွားရောက်ကြုံမိပါသည်။ စာရေးသူ ရောက်သွားသည်မှာ ကွယ်လွန်ပြီးစအချိန် ဖြစ်နေ၍ ငိုသူငို အသုဘအတွက် စုလုပ်စရာရှိသည်တို့ကို ဝိုင်းဝန်းလုပ်နေကြ၍ ရှုပ်ရှက်ခပ်နေပါသည်။ တစ်ချို့ အိမ်ခန်းအဝင်း ထရံကို ခွာချနေပါသည်။ စာရေးသူကလည်း ဝိုင်းဝန်း ပြုလုပ်ရပါသည်။ စာရေးသူက အသေအချာ ကျကျနန ကာရံထားသော ထရံကို ခွါချနေသည်ကို သဘောမကျ၍–

"ဘာပြုလို့ အတွင်းခန်းထရံ ခွါရတာလဲဗျ၊ အိမ်ကျဉ်းလို့လား၊ အပြင်မှာ မဏ္ဍာပ်ထိုး ဧည့်ခံရင်လဲရတာပဲဗျ"ဟု မေးမိသည်။

"အိမ်ကျဉ်းလို့ မဟုတ်ဘူး ဆရာရဲ့ သေသူဝိညာဉ် ထွက်လို့ရအောင်ဆိုပြီး ဒီလိုပဲ အတွင်းထရံ ခွါပေးရတယ်" မိတ်ဆွေက ပြောပြသည်။

စာရေးသူက ဗုဒ္ဓဘာသာဝင်တွေဖြစ်ပြီး ဗုဒ္ဓတရားကို နားမလည်ကြဘဲ ရိုးရာဒေသစွဲအလိုက် ပြုလုပ်ဆောင်ရွက်နေကြသောသူတို့၏ အယူအဆကို သဘောမကျ၊ သက်သက်အိမ်ထရံ ပျက်စီးရတာပဲဟု သုံးသပ်ပြီး ညပိုင်း အသုဘလက်ဘက်ရည်ဝိုင်းတွင် ထိုကိစ္စကို ဆွေးနွေးနေမိပါသည်။

www.dhammaransi.com

# ပြိတ္တာလောကဖြစ်ရပ်ဆန်းများ

စာရေးသူ အတော်ရှင်းပြပြီးသောအခါ ရပ်မိရပ်ဖတစ်ဦးက–

"ယခုဆရာ ရှင်းပြမှပဲ သိရတော့တယ်ဗျာ၊ ကျေးဇူးတင်လိုက်တာ၊ ဆရာမြိုင်အနေနှင့် ဖြစ်နိုင်ရင် မြန်မာ့ယဉ်ကျေးမှုနှင့် ဗုဒ္ဓဝေလေ့ထုံးစံကို လက်ခံနေသူတို့အတွက် ဒီလိုသိသင့် သိထိုက်တာတွေကို စာအုပ်တစ်အုပ် ရေးပြီး ထုတ်ဝေပေးရင် သိပ်ကောင်းမှာပဲဗျာ၊ ကျွန်တော်တို့ဗုဒ္ဓဘာသာတွေမှာ မိရိုးဖလာအရ တစ္ဆေသရဲ၊ ဖုတ်၊ ပြိတ္တာ၊ စုန်း၊ ဥစ္စာစောင့်၊ ကျတ်၊ စသည်တို့ကို လက်ခံယုံကြည်နေကြတယ်ဆရာ၊ ဒါက ရှိတာကလဲ ကာကယ်ရှိနေတယ်ဗျ၊ ဆရာလည်း မယုံရင် လက်တွေ့ စမ်းသပ်ရင် ကျွန်တော်တို့ ဖြူးအနောက်ဘက် တောင်ခြေမှာ ရှိတဲ့ စိန်ကြီးဘုရားမှာ တစ်ညလောက် သွားအိပ်ကြည့်၊ ဥစ္စာစောင့်ကို လက်တွေ့ တွေ့ပါလိမ့်မယ်။ ဒါပေမယ့် ကျွန်တော်တို့တတွေ ဒီပုဂ္ဂိုလ်တွေနှင့် ပတ်သက်၍ စာပေအရ ဗုဒ္ဓတရားတော်အရ သေချာစွာ မသိကြဘူးဗျ။ ဒါကြောင့် ဖြစ်နိုင်ရင် ဆရာမြိုင်အနေနှင့် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုမှာ အစဉ်အလာအရ လက်ခံကျင့်သုံးနေတဲ့ ဆရာပြောတဲ့ ပြိတ္တာလောက၊ ပြိတ္တာတွေ အကြောင်းစုံကို လူတွေသိအောင် ဆရာတို့အနေနှင့် လုပ်ပေးသင့်ပါတယ်ဗျ"ဟု ရှည်ရှည်ဝေးဝေးပင် ဆွေးနွေး တင်ပြသွားပါသည်။

စာရေးသူသည် ထိုမိတ်ဆွေကြီး အကြံပြု ဆွေးနွေးသွားသည်ကို အလေးအနက်ထားပြီး စဉ်းစားခဲ့ပါသည်။ အားလုံးသော ဗုဒ္ဓဘာသာဝင် လူသားတို့ သိထားသင့်သော ဤအကြောင်းကို စာပေကျမ်းများအရ ရေးသားရန် စိတ်စဉ်ခဲ့ပါသည်။

www.dhammaransi.com

## တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

သတ္တဝါတိုင်း သေဆုံးကြသည့်အခါ ကံ,ကမ္မနိမိတ်၊ ဂတိနိမိတ်များ ထင်ပုံ၊ ထိုသို့ ထင်ပြီးနောက် လားရာဂတိ ငါးပါးဖြစ်သော လူ့ဘုံ၊ နတ်ဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံတို့တွင် ဂတိနိမိတ်ထင်သော ဘုံဌာနသို့ ချက်ချင်း သွားရပုံ၊ သေကာနီးတွင် ယောနိ သောမနိသိကာရခေါ် တရားအားလျော်စွာ ကောင်းမြတ်ရာသော အချက်တို့ကို နှလုံးမသွင်းမိဘဲ အကုသိုလ် ဒုစရိုက်များ အာရုံပြု စွဲလမ်း သေဆုံးက အပါယ်လေးပါး ရောက်တတ်ပုံ၊ များသောအားဖြင့် သားစွဲ၊ သမီးစွဲ၊ ဥစ္စာစွဲ၊ သံယောဇဉ် အနှောင်အဖွဲ့များကို အာရုံပြု စွဲလမ်းလျက် ကွယ်လွန်သွားသူများသည် အပါယ်လေးပါးတွင် တစ်ပါး အပါအဝင် ဖြစ်သော ပြိတ္တာဘဝသို့ ရောက်ရပုံ ပြိတ္တာအမျိုးမျိုး ရှိပုံ၊ သေသူသည် ပရဒတ္တုပဇီဝိတခေါ် ပြိတ္တာအမျိုးအစား ဘဝရောက်မှ လူဘဝရှိ မိသားစုက ပေးဝေသော အမျှကို သာဓုခေါ်နိုင်ပြီး ကောင်းရာမွန်ရာ ရောက်ပုံ၊ စသည့်အလုံးစုံကို ရှင်းပြရပါသည်။

ထိုစကားဝိုင်းမှာပင် တစ္ဆေသရဲခြောက်ပုံ၊ ပူးကပ်ပုံ၊ ခြောက်လှန့်ပုံ၊ အသုဘတွင် ငွေတစ်မတ်ထည့်ပုံ၊ အလောင်း အိမ်ပေါ်က အဆင်း ရေအိုးခွဲပုံ၊ တစ္ဆေသရဲဟူသည် ကြောက်စရာမကောင်းဘဲ သနားစရာကောင်းပုံ၊ သူတို့ပြုခဲ့သော အကုသိုလ်ကြောင့် အရုပ်ဆိုးနေပုံ၊ လူတို့ထံ သူတို့ ကျွတ်လို၍ အကူအညီလာတောင်းပုံ၊ သူတို့ရုပ်ကိုပြပုံ၊ သူတို့၏ ဆိုးဝါးသော ရုပ်ကိုမြင်ရ၍ လူတွေက လန့်ဖျပ်ပုံ ဤသည်ကို သရဲခြောက်သည်ဟုဆိုပုံ၊ စသည်အကြောင်းများကို ဆက်လက် ရှင်းပြရပါသည်။

www.dhammaransi.com

## တက္ကသိုလ်သျှင်သီရိ (မဟာစရိယ၊ ဘီအေ)

ထိုသို့ စီစဉ်ပြီးနောက် ဖတ်သင့် လေ့လာသင့်သော ပိဋကတ်စာပေများ၊ လယ်တီဆရာတော်ဘုရားကြီး၏ ဒီပနီများ၊ အဖြေများ၊ ဆုံးဖြတ်ချက်များ၊ သေဘျှုတောင်ဆရာတော်၏ ပဏ္ဍိတဝေဒနီယကျမ်း၊ ဒက္ခိဏာရာမ ဆရာတော်ဘုရားကြီး၏ သံဝေဂဝတ္ထုဒီပနီကျမ်း၊ မန်လည်ဆရာတော်၏ ပညာဝိမံသစာအုပ်တို့ကို လေ့လာရပါသည်။ ကိုယ်တွေ့ ကြုံတွေ့ရသော ပုဂ္ဂိုလ်များကို မေးမြန်းစုံစမ်း လေ့လာရပါသည်။

ထိုသို့ လေ့လာ စုစည်းပြီးနောက် ဤစာမူကို ရေးသားပြီး ဤစာအုပ်ကို ထုတ်ဝေရန် စီစဉ်ခဲ့ရပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ဆွေးနွေးကြသော ဖြူးမြို့မှ ဓမ္မမိတ်ဆွေများ၊ စာကူးပေးခြင်း၊ စာမူဖတ်ပေးခြင်း စသည့်အစစအရာရာ ကူညီဆောင်ရွက်ပေးကြသော သမီးကြီး မစန္ဒာလင်း၊ သမီးလတ် မခင်သူဇာ (အ-ထ-က-၁ မ/ဥက္ကလာ)ကျောင်းသူများနှင့် ထုတ်ဝေသူတို့အား ကျေးဇူးတင်ကြောင်း မှတ်တမ်းပြုအပ်ပါသည်။

တက္ကသိုလ် သျှင်သီရိ
မဟာစရိယ ဘီအေ

www.dhammaransi.com



## ပူးသည်၊ ကပ်သည်၊ ခြောက်သည်ဖြစ်ထွေ

တစ္ဆေသရဲ စသည့် ပြိတ္တာတို့သည် တော၊ တောင်၊ သစ်ပင်၊ လိုဏ်ဂူ၊ ချောက်ကမ်း စသည်တို့၌ နေကြရသည်။

သို့အတွက် ထိုပြိတ္တာတို့၏ ခြောက်လှန့်မှု၊ ပူးကပ်မှု၊ ကိုယ်ထင်ပြမှု စသည်တို့ကို တောလက်ကျေးရွာနေ ပြည်သူတို့ အများဆုံး ကြုံတွေ့ကြရသည်။ မြို့နေပြည်သူတို့ အတွေ့နည်းကြသည်။

ထိုတစ္ဆေသရဲစသော ပြိတ္တာတို့သည် အလင်းရောင်ကို ကြောက် လှန့်ကြသည့်အားလျော်စွာ လူနေထူထပ်ပြီး မီးမပြတ်လင်းနေသော မြို့ကြီးပြကြီးများတွင် နေခဲရသည်။ အလွန် ကမ္ဘဇိဒ္ဓိတန်ခိုးရှိသော တစ္ဆေသရဲများသာ အနည်းအပါး နေထိုင်နိုင်သည်ကို တွေ့ရပါသည်။

မြို့တွင် တစ္ဆေ သရဲ ပြိတ္တာတို့ နေထိုင်မှုနည်း၍ မြို့နေလူတန်းစားတို့က အထူးသဖြင့် ခေတ်ပညာတတ် အချို့တို့က ယုံကြည်မှုအားနည်းတတ်ကြသည်။ တောအရပ်တွင်မူ ကိုယ်တိုင် ခြောက်ခံရသူ၊ ပူးကပ်ခံရသူ၊ ကိုယ်ထင်ပြခံရသူ အတော်များများ ရှိနေကြ၍ အမြင်၊ အကြားအရ ယုံကြည်သူ ပေါများကြသည်။ ကျေးရွာတစ်ရွာတွင် တစ္ဆေ သရဲ တွေ့ဖူးသူ၊ အခြောက်ခံရသူ တစ်ဦးကတော့ အမြဲရှိနေတတ်ပေသည်။ သို့အတွက် အားလုံးနီးပါး ယုံကြည်လက်ခံကြသည်။

www.dhammaransi.com

## ၂ တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

ဥစ္စာစောင့် ကွေ့မှု၊ ပစ္စည်းပေးမှု၊ ကျတ်ပြိတ္တာ ကျီစားမှု၊ တစ္ဆေသရဲ မကျွတ်မလွတ်သူတို့ ခြောက်လှန့်မှု၊ ပူးကပ်မှု၊ ကုသိုလ်ပြုရန် တောင်းဆိုမှုတို့သည် ဘုရားရှင်လက်ထက်ကတည်းက ထင်ရှားစွာ ရှိနေခဲ့၍ ခုဒ္ဒကနိကာယ် ပေတဝတ္ထုများတွင် အတိအလင်း ဖော်ပြထားပါသည်။

ခေတ်အဆက်ဆက်၌ အများအပြား ရှိပါသည်။ ဤမျိုးပြား စွာသော အဖြစ်အပျက်အချို့တို့ကို ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ဓမ္မသံဝေဂ ရစေရန် ရည်ရွယ်ပြီး ထုတ်နုတ် ရေးသား တင်ပြအပ်ပေ သည်။

* * *

### (က) အဇာတသတ်မင်းနှင့် မိုးလျှံတစ္ဆေ

အဇာတသတ်မင်းကြီးသည် ဖခင်ကို ဒေဝဒတ်စကား နားယောင်မှားမိ၍ သတ်မိသောအချိန်မှစ၍ ညတိုင်းညတိုင်း အိပ်မရ ဖြစ်နေရသည်။

တန်ဆောင်မုန်းလပြည့်ည တစ်ညတွင် ဆရာဇီဝက၏ လမ်းညွှန်မှုဖြင့် ဘုရားထံ ရောက်ခဲ့ရပြီး ဘုရား၌ ကြည်ညိုသော စိတ်ဖြင့် ရတနာသုံးပါး ကိုးကွယ်သော ဒါယကာမင်းတစ်ဦး ဖြစ်ခဲ့ ရသည်။

ဘုရားရှင်၏ အဆုံးအမကို ခံယူပြီးနောက် အဇာတသတ် မင်းကြီးသည် စိတ်ကြည်လင်ချမ်းမြေ့လာသည်။ စိတ်ဓာတ်လည်း

www.dhammaransi.com



ဘက်ကြွလာခဲ့ရသည်။ တစ်ညတွင် စိတ်လက် ရွှင်ရွှင်လန်းလန်း ရှိနေခိုက် နန်းတော်လေသာဆောင်သို့ တစ်ယောက်တည်း ထွက်လာပြီး ဘုရားရှင်၏ ဂုဏ်တော်အကြောင်း ဝင်စားပြီး ပတ်ဝန်းကျင်ကို ရှုစားနေမိသည်။

ထိုအချိန်တွင် ပြိတ္တာတစ်ဦးသည် မီးရောင်တလက်လက်ဖြင့် ကောင်းကင်ခရီးဖြင့် သွားနေသည်ကို တွေ့မြင်ရသည်။ ထိုပြိတ္တာသည် အဝတ်မပါ၊ အရိုး၊ အကြော၊ အရေမျှသော ကိုယ်ရှိသည်။ အဇာတသတ်မင်းသည် ထိုပြိတ္တာကို ရပ်စေပြီး---

'အို အဆွေ- အသင်သည် အဝတ်လဲ မပါ၊ လူကလဲ ပိန်ပါဘိသနဲ့၊ ဒုဂ္ဂတရဟာန်း ဖြစ်ပါသလော၊ အချိန်အခါမဟုတ် အကာလ ညအခါတွင် အဘယ်အကြောင်းကိစ္စကြောင့် အဘယ်အရပ်သို့ အရေးတကြီး သွားရပါသနည်း။ ကျွန်ုပ်၌ရှိသော စည်းစိမ်ဥစ္စာသည် အဆွေ၏ အလိုဆန္ဒကို ဖြည့်စွမ်းပေးနိုင်ပါသည်။ အရှင်အလိုရှိရာ ပြောပါ'ဟု မေးလိုက်သည်။

'အရှင်မင်းကြီး ... ကျွန်ုပ်သည် တစ်ချိန်က ဗာရာဏသီပြည်၌ ဥစ္စာကြွယ်ဝသော သူဌေးတစ်ဦး ဖြစ်ပါသည်။ လူ့ဘဝ၌ရှိစဉ်ဒါန သီလတို့၌ မေ့လျော့ပြီး ကာမဂုဏ်တို့၌ မွေ့လျော်နေခဲ့သဖြင့် သေသောအခါ တစ္ဆေပြိတ္တာ ဖြစ်နေရပါသည်။ ကျွန်ုပ်သမီးသည် ဘန္ဓကဝိန္ဒမြို့၌ ရှိပါသည်။ သူမသည် အလှူပြုပါမည်။ ထိုအလှူအတွက် သာဓုခေါ်နိုင်ရန် ကျွန်ုပ် သွားခြင်းဖြစ်ပါသည်။

'အိုအဆွေပြိတ္တာ... ကောင်းပါပြီ၊ သင်၏ သမီး အလှူဒါန

www.dhammaransi.com



အဖို့ဘာဂကို ခံစားပြီး ပြန်လာခဲ့ပါ။ ကျွန်ုပ်လဲ ပူဇော်ပသပြုပါမည်။ ပြုလုပ်ဖွယ်ရာတို့ကို မှတ်သားခဲ့ပါ'

ပြိတ္တာသည် ကောင်းပါပြီဟု ဝန်ခံ၍ ဆက်လက်ထွက်ခွာသွားသည်။ ထိုမြို့တွင် သမီးသည် ပုဏ္ဏားတို့ကို အလှူကြီးစွာ ပေး၍ ကျွေးမွေးသည်။ စားသောက်သော ပုဏ္ဏားတို့က သီလ မရှိကြ၊ ကုသိုလ်အဖို့ဘာဂကိုလည်း အမျှပေးဝေခြင်း မရှိ။

သို့အတွက် ပြိတ္တာသည် အစာလည်း မစားရ၊ ကုသိုလ်အဖို့ဘာဂလည်း မရဘဲ ပြန်လာခဲ့ရသည်။ မှာထားသော ကတိအတိုင်း အဇာတသတ်မင်းထံ ဝင်ခဲ့သည်။

'အဆွေ… ပြန်လာပြီလော၊ သင့်သမီး ကျွေးမွေးတာ စားခဲ့ရပါသလား'

'အရှင်မင်းကြီး… ကျွန်ုပ်သမီး ကျွေးမွေးသမျှ ဒုသီလတွေသာ စားသွားပါသည်။ ကျွန်ုပ်မှာ စားလဲမစားရ၊ ကုသိုလ်အဖို့ဘာဂလဲ မရပါ'

'အဆွေ… ဤသို့ဆိုလျှင် သင် လိုရာကို ပြောပါ၊ သင်လိုရာကို ကျွန်ုပ် ဆောင်ရွက်ပေးပါမည်'

'အရှင်မင်းကြီး… ဤသို့ဆိုလျှင် ဘုရားအမှူးရှိသော သံဃာကို ပင့်ဖိတ်ပြီး ဆွမ်းဘောဇဉ် ကျွေးမွေးပေးပါ၊ သင်္ကန်း စသည်တို့လဲ လှူပေးပါ၊ ပြီးလျှင် ကျွန်ုပ်အား အမျှပေးဝေပါ၊ ကျွန်ုပ် အစာရေစာပြည့်စုံပြီး ချမ်းသာစွာ နေရပါလိမ့်မည်'

အဇာတသတ်မင်းသည် ပြုလုပ်ပေးရန် ဝန်ခံပြီး မိမိပတ်

www.dhammaransi.com



ဝန်းကျင်တွင် စောင့်နေစေကာ နောက်နေ့နံနက်တွင် ဘုရားအမှူးရှိသော သံဃာတော်တို့ကို ပင့်ဖိတ်ပြီး ဆွမ်းအလှူ၊ သင်္ကန်းအလှူပြုသည်။ ဘုရားရှင်ကိုလည်း အကျိုးအကြောင်းစုံ လျှောက်ထားပြီး ထိုပြိတ္တာကို အမျှပေးဝေသည်။

ထိုပြိတ္တာသည် အမျှပေးဝေသောခဏ၌ သာဓုခေါ်နိုင်ပြီး ချက်ချင်းပင် နတ်စည်းစိမ်ကို ခံစားသွားရလေသည်။ နတ်သားဘဝသို့လည်း ရောက်ရှိသွားသည်။

နတ်သားသည် မိမိ၏ ကောင်းကျိုး ခံစားမှုကို ကျေးဇူးတင်စကားဆိုလို၍ အဇာတသတ်မင်းထံ နတ်ဝတ်တန်ဆာဖြင့် လာရောက်ပြီး...

အရှင်မင်းမြတ်...သင်ပေးအပ်သော ကုသိုလ်အဖို့ဘာဂကြောင့် အကျွန်ုပ်သည် ယခု နတ်စည်းစိမ်နှင့် နတ်ဘောဇဉ်ကို သုံးဆောင်ခံစားရပါပြီ။ ကျွန်ုပ်၏ ရူပကာယသည်လဲ ပြည့်ဖြိုးတင့်တယ်ပြီးဖြစ်ပါသည်။ ဘုရားအမှူးရှိသော သံဃာတော်တို့အား ပေးလှူရ၍ ရရှိအပ်သော အကျိုးသည်ကား တုနှိုင်းဖွယ်မရှိပါ။ အရှင်မင်းမြတ်ကို ယခုကျေးဇူးတင်စကားပြောပြီး ကျွန်ုပ် နတ်ပြည်သွားပါတော့မည်'

ပြိတ္တာတစ်ဖြစ်လဲနတ်သားသည် အဇာတသတ်မင်းအား ဤသို့ နှုတ်ဆက်ကျေးဇူးတင် စကားပြောပြီး နတ်ပြည်တက်ကာ ကွယ်ပျောက်သွားလေသည်။

(ဖုဋ္ဌသေဋ္ဌိပေတဝတ္ထု)

*  *  *

www.dhammaransi.com



## ပိဋကပါတိကမထေရ်နှင့် တစ္ဆေသားအမိ

သီဟိုဠ်ကျွန်း အနုရာဓမြို့တွင်းသို့ လှည့်လည်ကျက်စားနေသော တစ္ဆေသားအမိ သုံးယောက်ရှိပါသည်။

တစ်နေ့တွင် တစ္ဆေမကြီးသည် သားနှစ်ယောက်ကို ထူပါရာမကျောင်းတိုက်၏ တံခါးမုခ်ပေါက်အပြင်ဘက်တွင် ထားခဲ့ပြီး မြို့တွင်းသို့ဝင်ကာ အစာဝင်ရှာလေသည်။ တစ္ဆေမိခင်ကြီးသည် အစာကို လွယ်ကူစွာ ရှာမရသည့်အတွက် အချိန်များစွာ ကြာမြင့်ပြီး နေလေသည်။

ထိုအချိန်တွင် အရှင်ပိဋကပါတိက မထေရ်သည် ဆွမ်းအလို့ငှာ မြို့တွင်းသို့ ဆွမ်းခံကြွရန် မုခ်ဝပေါက်မှ ကြွလာသည်။

တစ္ဆေငယ်နှစ်ယောက်သည် မထေရ်ကို ကိုယ်ထင်ပြကာ ဤသို့ လျှောက်ထားသည်။

'အရှင်ဘုရား - တပည့်တော်တို့၏ မိခင်သည် မြို့ထဲသို့ အစာရှာထွက်သွားသည်မှာ ကြာလှပါပြီ၊ ရသမျှအစားအစာယူ၍ အမြန်ပြန်လာပါ၊ သင်၏ သားများသည် ဆာလောင် မွတ်သိပ်နေပါပြီ၊ ဤအကြောင်းကို ပြောကြားပေးပါ ဘုရား'

'သင်တို့၏ မိခင်ကို ငါ အဘယ်ကဲ့သို့ မြင်ရပါအံ့နည်း'

'အရှင်ဘုရား ဤဆေးမြစ်ကို ယူဆောင်၍ သွားပါ။ တပည့်တော်တို့၏ အမေကို မြင်တွေ့ရပါလိမ့်မည်'

www.dhammaransi.com



တစ္ဆေငယ်နှစ်ယောက်သည် သူတို့လက်ထဲတွင် ရှိသော ဆေးမြစ်ကို မထေရ်အား ပေးပြီး မိခင်၏ ပုံသဏ္ဍာန်ကိုလည်း လျှောက်ထား ပြောကြားလိုက်သည်။ မထေရ်မြတ်သည် ဆေးမြစ်ကို လက်ထဲတွင် ဆုပ်ကိုင်ပြီး မြို့တွင်းသို့ ကြွလာခဲ့ပါသည်။

မထေရ်မြတ်သည် မြို့ထဲတွင် သားငါးဖျက်နေသော နေရာ၊ အညစ်အကြေးများ ပစ်ထားသောနေရာ၊ ရေဆေးသောနေရာ စသည့် နေရာများတွင် သွားရောက် စားသောက်နေကြသော တစ္ဆေ သရဲ ပြိတ္တာ များစွာကို တွေ့မြင်ရလေသည်။

မထေရ်သည် တစ္ဆေလေး နှစ်ယောက်မှာလိုက်သော အမှတ်အသားဖြင့် တစ္ဆေမကြီးကို လိုက်၍ရှာရာ အိမ်တစ်အိမ်အရိပ်၌ မြုပ်ထားသော ကိုယ်ဝန်ဆောင်မိန်းမ၏ အညစ်အကြေးများကို ဖော်ယူပြီး လမ်းဘက်သို့ ထွက်သွားသော တစ္ဆေမကြီးကို တွေ့မြင်မိလေသည်။

ထိုအခါ မထေရ်က တစ္ဆေမကြီးကို သားနှစ်ယောက်က မှာလိုက်သောစကားကို ပြောပြလိုက်လေသည်။

'အရှင်ဘုရား ကျွန်ုပ်ကို မည်သို့သော အစွမ်းဖြင့် မြင်ပါသနည်း'ဟု လျှောက်ထားသည်။

ထိုအခါ မထေရ်မြတ်က 'သင်၏ သားနှစ်ယောက်က ဆေးမြစ်ပေးလိုက်ရာ အဲဒီဆေးမြစ်အစွမ်းကြောင့် မြင်ရသည်'ဟု ပြန်လည် အမိန့်ရှိလေသည်။

ထိုအခါ တစ္ဆေမကြီးသည် သူ၏ ဆေးမြစ်ကို ပြန်ယူလိုသည့်အတွက် မထေရ်မြတ်ကို ပရိယာယ်ဖြင့် 'အဲဒီဆေးမြစ်ကို

www.dhammaransi.com



ပြပါ’ဟု လျှောက်ထားသည်။ မထေရ်မြတ်ကလည်း လက်ထဲရှိ ဆေးမြစ်ကို ဖြန့်၍ ပြလိုက်သည်။ ထိုအခါ တစ္ဆေမကြီးသည် မထေရ်မြတ်လက်ပေါ်ရှိ ဆေးမြစ်ကို လုယူပြီး ထွက်ပြေးသွားလေသည်။

ဆေးမြစ် မရှိသောအခါ မထေရ်မြတ်သည် တစ္ဆေ သရဲ ပြိတ္တာ တို့ကို မမြင် မတွေ့ရတော့ချေ။

(မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ ဓုဋ္ဌကုလုဒါယိသုတ်)

* * *

## ဥစ္စာစွဲ၍ သရဲဖြစ်နေရသူ

သာဝတ္ထိပြည်သား ကုန်သည်တစ်ဦးသည် မယားလည်းသေ စည်းစိမ်ဥစ္စာလည်း ပျက်ပြုန်းကုန်သဖြင့် ဆင်းရဲဒုက္ခရောက်နေရသည်။ ထိုကုန်သည်တွင် သမီးကလေး တစ်ဦး ကျန်ရစ်ခဲ့လေသည်။

ကုန်သည်လည်း ထိုင်၍ စိတ်ပျက်အားငယ်နေရုံမျှနှင့် အကျိုးမပြီး၊ အချိန်ကုန်၍ ဆင်းရဲဒုက္ခ ပိုမိုကြီးပေလိမ့်မည်။ တစ်စုံ တစ်ရာ လုံ့လကြိုးကုတ် အားထုတ်ဆောင်ရွက်မှသာလျှင် အကျိုးရှိ ပေလိမ့်မည်ဟု တွေးတောစဉ်းစားပြီး မိမိထံ၌ ရှိသော အသပြာ တစ်ရာဖြင့် အရောင်းအဝယ်ပြုလုပ်ရန် ဆုံးဖြတ်သည်။

ကုန်သည် သည် သမီးကို မိတ်ဆွေအိမ်တွင် ခေတ္တစောင့် ရှောက်ရန် အပ်နှံပြီးလျှင် အသပြာတစ်ရာဖိုး ကုန်တို့ကို ယူကာ

www.dhammaransi.com



လှည်းကုန်သည်များနှင့်အတူ အရောင်းအဝယ် ထွက်လေသည်။

မကြာမီပင်လျှင် အရောင်းအဝယ်ဖြစ်၍ အသပြာငါးရာ အမြတ် အစွန်းရပြီး လှည်းကုန်သည်တို့နှင့်အတူ သာဝတ္ထိသို့ ပြန်လာခဲ့ ကြသည်။

လမ်းခရီးတွင် မမျှော်လင့်ဘဲ ခိုးသားဓားပြတို့နှင့် တွေ့ပြီး လုယက် တိုက်ခိုက်ခံရသည်။ လှည်းကုန်သည်တို့သည်လည်း လွတ်ရာ ကျွတ်ရာသို့ ထွက်ပြေးကုန်ကြသည်။ ကုန်သည်သည် ဥစ္စာထုတ်ကို တစ်နေရာ၌ဝှက်ပြီး မိမိကလည်း လုံခြုံသောတစ်နေရာတွင် ပုန်း အောင်း၍ နေလေသည်။

ခိုးသားဓားပြတို့သည် ပြေးလွှာ ပုန်းအောင်းကြသော သူတို့ကို လိုက်လံရှာဖွေဖမ်းဆီး လုယက်ကြရာ ကုန်သည်လည်း မကြာခင် ဖမ်းဆီးမိပြီး အသတ်ခံရလေသည်။ ကုန်သည်လည်း သေခါနီး ကာလဝယ် ဥစ္စာ၌ တပ်မက်မောသော စိတ်ရှိသည်ဖြစ်၍ ထိုတော နေရာ၌ပင် ပြိတ္တာဖြစ်၍ နေလေသည်။

ဓားပြဘေးမှ လွတ်ကုန်သော သူတို့သည် သာဝတ္ထိပြည်သို့ ပြန်ကြသည်။ သာဝတ္ထိပြည်သို့ ရောက်သောအခါ ကုန်သည်၏ သမီးကို အကျိုးအကြောင်း သတင်းစကား ပြောကြားကြသည်။

ကုန်သည်၏သမီးသည် ဖခင်သေဆုံးမှုကြောင့်လည်းကောင်း၊ နောင်ရေးအတွက် အားကိုးရာမဲ့သဖြင့်လည်းကောင်း သည်းစွာ ငိုကြွေးလေသည်။

ထိုအခါ ဖခင်၏ အဆွေခင်ပွန်းဖြစ်သော သူကြွယ်သည်

www.dhammaransi.com



ထိုသူငယ်မကို စိတ်သက်သာမှုရှိစေရန် တရားဓမ္မနှင့်ယှဉ်ကာ ဟော ပြောသည်။ မိမိက တာဝန်ယူစောင့်ရှောက်မည်ဖြစ်ကြောင်း ကတိ ပေးနှစ်သိမ့်သည်။ သူငယ်မသည် ထိုသူကြွယ်အိမ်၌ပင် နေရလေသည်။

သူငယ်မသည် ထိုသူကြွယ်ကိုပင် အဖအရာ၌ ထား၍ ကောင်းမွန်ရိုသေစွာ အမှုကြီးငယ်ပြု၍နေလေသည်။

## ဖခင်အတွက် ရည်စူးလျက်

အဖကွယ်လွန်၍ ခုနစ်ရက်မြောက်နေ့တွင် သူငယ်မသည် ယာဂုကို ကျိုချက်၍ ချိုမြိန်၍ အရသာရှိသော သရက်သီးတို့ကို ကြေးခွက်၌ထည့်ကာ ကျွန်မတစ်ဦးကို ယူစေပြီး ဘုရားထံသို့ သွား လေသည်။

'မြတ်စွာဘုရား၊ တပည့်တော်မ၏ အလှူကို အလှူခံ၍ ချီးမြှောက် မ,စတော်မူပါဘုရား'

ဘုရားရှင်အား ဤသို့ လျှောက်ထားပြီး ယာဂုနှင့် သရက်သီး တို့ကို ဘုရားအား ကပ်လှူသည်။ ဘုရားရှင်သည် မဟာကရုဏာ ကြီးမားစွာဖြင့် သူငယ်မ၏ အလိုဆန္ဒပြည့်ဝစေရန် လက်ခံတော်မူလေ သည်။

'ဘုန်းတော်ကြီးသော အရှင်မြတ်ဘုရား၊ တပည့်တော်မ၏ ဤယာဂု၊ သရက်သီးအလှူသည် လွန်ခဲ့သော ခုနစ်ရက်က ကွယ်လွန်ခဲ့ သော ဖခင်အား ရည်စူးအပ်ပါသည်။ ဖခင်သည် ဤကုသိုလ် အဖို့

www.dhammaransi.com



ဘာဂကို ရပါစေလို၏ဘုရား'

'ဤသို့ သင့်အလိုရှိတိုင်း၊ ပြည့်စေသတည်း'

ဘုရားရှင်သည် ဤသို့မိန့်ကြားပြီး ဆွမ်းအနုမောဒနာပြုတော်မူသည်။

## နတ်ပြိတ္တာဘ၀ ချက်ချင်းရ

သူငယ်မ၏ ဖခင်သည် ရည်ညွှန်းအပ်သော ထိုအလှူ၏ အဖို့ဘာဂဖြင့် သရက်ဥယျာဉ်ဗိမာန် ပဒေသာပင် ရေကန်တို့ သည်လည်းကောင်း၊ နတ်စည်းစိမ် အဖြာဖြာသည်လည်းကောင်း ရရှိခံစားရလေသည်။

အချိန်အတန်ကြာသော် လှည်းကုန်သည်တို့သည် ထိုခရီးလမ်းဖြင့်ပင် ကုန်ရောင်းသွားကြပြန်လေသည်။ ရှေးက နေခဲ့ဖူးသော အရပ်ဖြစ်၍ တစ်ည တည်းခိုရန် ထိုအရပ်၌ ရပ်နားကြသည်။

ထိုကုန်သည်တို့ကို မြင်၍ ဗိမာန်နှင့် ပြိတ္တာသည် ဗိမာန် အဆောင်အယောင်နှင့်တကွ ကုန်သည်တို့အား မိမိကိုယ်ကို ကိုယ်ထင်ပြလေသည်။ကုန်သည်တို့လည်း ထိုဗိမာန်ရှင်ကို အံ့သြငေးမောသောစိတ်ဖြင့် ကြည့်ကြကုန်၏။

'လုပဆန်းကြယ်သော ဘုံဗိမာန်ဥယျာဉ် ပန်းမန်တို့ဖြင့် ပြည့်စုံပြီး အဆင်းအင်္ဂါ လွန်စွာ တင့်တယ်လှပ ယဉ်ကျေးဖွယ်ရ

www.dhammaransi.com



အဝဝနှင့် ပြည့်စုံသော သင်သည် မည်သူနည်း'

'အဆွေ ငါသည် တစ်ချိန်က အသင်တို့၏ အပေါင်းအဖော် ကုန်သည်ဖြစ်ပါသည်။ ဓားပြတို့သတ်၍ သေရသူဖြစ်ပြီး တောအုပ်၌ ပြိတ္တာဖြစ်ခဲ့ရပါသည်။'

'သင်သည် မည်သို့သော ကုသိုလ်အစွမ်းကြောင့် ဤသို့သော ဘုံဗိမာန်ဥယျာဉ်တို့ကို ခံစားရပါသနည်း'

'ငါ၏သမီးသည် ငါ့အတွက် ဘုရားရှင်ကို ယာဂုသရက်သီး လှူပြီး ကုသိုလ်အဖို့ဘာဂကို အမျှပေးဝေ၍ ငါသည် ထိုကုသိုလ်အဖို့ဘာဂကို ရ၍ ဤစည်းစိမ် ဤဘုံဗိမာန်တို့ကို ရရှိခံစားရပါသည်။

ထို့နောက် ဘုံဗိမာန်ရှင် ပြိတ္တာနတ်သည် ကုန်သည်တို့ကို ခေါ်ယူ၍ မိမိလှူဘဝက မြှုပ်နှံထားခဲ့သော ဥစ္စာထုပ်ကို ဖော်ထုတ်ယူရန် လမ်းညွှန်ပြပြီး ဤသို့ပြောပြသည်။

'ဤဥစ္စာထုပ်ကိုယူပြီး သမီးကို ပေးစေလိုပါသည်။ တစ်ဝက်ကို စားသုံး၍ တစ်ဝက်ကို လှူဘဝက ငါ၏ ကြွေးမြီတို့ကို ပေးဆပ်စေရန် သမီး ကို ပြောစေလိုပါသည်'

ကုန်သည်တို့သည် နတ်သား မှာသည့်အတိုင်း ဥစ္စာထုပ်ကို ယူပြီးလျှင် ကုန်အရောင်းအဝယ်အတွက် ဆက်လက်ထွက်ခွာသွားကြသည်။

သာဝတ္ထိပြည်သို့ တစ်ဖန်ပြန်ရောက်သောအခါ ဗိမာန်ရှင် ပြိတ္တာနတ် မှာကြားသမျှတို့ကို သမီးအား ပြောပြီး ဥစ္စာထုပ်ကို ပေးကြသည်။

www.dhammaransi.com



သမီးသည် ဖခင် မှာသည့်အတိုင်း ဥစ္စာတို့ကို ပေးစရာ ရှိသည်ကို ပေးဆပ်သည်။ ပိုသောငွေတို့ကို မိမိအား စောင့်ရှောက် ထားသော ဖခင် သူကြွယ်ကို ပေးအပ်လေသည်။

'ဤဥစ္စာသည် သင်၏ ဖခင်ဥစ္စာ ဖြစ်သည်။ သို့အတွက် သင်သာ ထိန်းသိမ်း စောင့်ရှောက်ထားပြီး လိုသလို သုံးဆောင်ပါ'

သူကြွယ်သည် မကြာခင်ပင် သူငယ်မကို မိမိ၏သားဖြင့် လက်ထပ်ပေးသည်။ သားတစ်ယောက် ထွန်းကားလာသည်။

တစ်နေ့တွင် ဘုရားရှင်သည် ထိုမိန်းမ၏ ဉာဏ်ရင့် ကျက်ခြင်းကို သိတော်မူ၍ ထိုမိန်းမထံသို့ ကြွကာ ကိုယ်ရောင်ကို ပျံ့နှံ့စေပြီး အောက်ပါတရားကို ဟောကြားတော်မူသည်။

'ကာမဂုဏ်တရားတို့ဟူသည် အစဉ်စွဲမက် မပစ်ရက်အောင် နှစ်သက်တွယ်တာ သာယာဖွယ်အသွင်ဖြင့်လည်းကောင်း၊ ချစ်ခင်မြတ် နိုးဖွယ်ရာ အသွင်ဖြင့်လည်းကောင်း လူအပေါင်းတို့ကို သွေးဆောင်ဖြား ယောင်းနေသည်။ ထိုကာမဂုဏ်တို့သည် လူမိုက်တို့အား အမြဲ နှိပ် စက်လွှမ်းမိုးနေတတ်လေသည်။

ဘုရားရှင်၏ ဂါထာတော် အဆုံး၀ယ် ထိုမိန်းမသည် သောတာပတ္တိဖိုလ်၌ တည်လေသည်။

အမ္ဗ၀နပေတ၀တ္ထု

* * *

www.dhammaransi.com

## ၁၄ တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

### လယ်တီပဏ္ဍိတနှင့် ရုက္ခနတ်မင်းကြီး

လယ်တီတိုက်ရှိ ရုက္ခစိုးကြီးသည် ယခုအခါ မုံရွာ၌ အလွန်ဘုန်းတန်ခိုးကြီးနေသော နတ်မင်းကြီး ဖြစ်နေပါသည်။ လယ်တီရုက္ခစိုး ဘိုးဘိုးကြီးနေသော ထနောင်းပင်ကြီးနှစ်ပင်မှာ လယ်တီဆရာတော်ဘုရား သီတင်းသုံးရာ စကြံကျောင်းရှေ့တည့်တည့် ကိုက် (၂၀)ခန့်ကွာတွင် ရှိသည်။ ယခု ကျောက်စာတိုက်နှင့် ကျောချင်းကပ်ရှိသည်။ ယခု လယ်တီတိုက် ဘဏ္ဍာရေးမှူး ဦးတင်လှ (သဘော်သူဌေး)က ဗိမာန် တည်ဆောက်ပေးထားသည်။

ထိုရုက္ခစိုးကြီးနှင့် ပတ်သက်၍ ပထမကျော် လယ်တီဦးကောဝိဒ ရေးသားသော လယ်တီပဏ္ဍိတ ဦးမောင်ကြီးနှင့် ‘ဓာနုပတ္တိကတာ နောက်ဆက်တွဲ’တွင် ထနောင်းပင် နတ်မင်းကြီးနှင့် လယ်တီပဏ္ဍိတ အမည်ရှိသော အကြောင်းအရာ ပါပါသည်။

အခါတစ်ပါး လယ်တီပဏ္ဍိတ ရဟန်းတော်သည် ထိုရုက္ခစိုးဘိုးဘိုးကြီးကို သက်ရှိထင်ရှား တွေ့မြင်ရသည်။ အတောင် တစ်ရာခန့်ဝေးသောအရပ်မှ ထနောင်းပင်ခြေရင်းတွင် တွေ့မြင်ရသဖြင့် ရဟန်းတော်သည် တရားတော်ကို နှလုံးသွင်းလျက် သတိကို မြဲစွာဆုပ်ကိုင်ကာ ရုက္ခစိုးနတ်မင်းကြီးရှိရာသို့ ချဉ်းကပ်သွားသည်။

ရုက္ခစိုးနတ်မင်းကြီး အနီးသို့ရောက်လျှင် လယ်တီပဏ္ဍိတရဟန်းတော်သည် ငါ့အား ချမ်းသာပေးမည့် ဒကာကြီး’ဟူသော

www.dhammaransi.com



အမှတ်ဖြင့် ရဲတင်းစွာ အနီးသို့ ချဉ်းကပ်သွားသည်။ ထိုအချိန်တွင် ရက္ခစိုးနတ်မင်းကြီးသည် ငြိမ်သက်စွာဖြင့် ထနောင်းပင်အရိပ်တွင် ဖိတ်ဖိတ်တောက်မျှ ဖြူဆွတ်သောအဝတ်ပုဆိုးဖြင့် တင့်တယ်စွာ ရပ်လျက်ရှိသည်။ ရက္ခစိုးနတ်မင်းကြီး ဝတ်ပုံစည်းပုံမှာ-

အပေါ်ဝတ်ရုံသည် အင်္ကျီရှည်ကြီးသဖွယ်ဖြစ်၍ အောက်ခြေသလုံးအရောက် ဖုံးအုပ်ထားသည်။ ယခုကာလ လူများဝတ်သကဲ့သို့ မဟုတ်ချေ။ အတွင်းခံပုဆိုးသည် ဖွေးဖွေးဖြူလျက် လူတို့၏ဘုံမှာ မတွေ့ဖူးသော အရောင်အဆင်းဖြင့် လှပလေသည်။ ပုဆိုးရှည်သဖွယ် ထင်ရလေသည်။ ရိုးရိုးပုဆိုးကဲ့သို့ မဟုတ်ချေ။

ဦးခေါင်းမှာလည်း ဆံပင်ရှည်ကို သျှောင်ထုံးဖွဲ့ထားသည်ဟု ထင်ရသည်။ ခေါင်းပေါင်းအဖြူကို ရှေး ရေဆေးပန်းချီကားများမှာ ပါရှိသော ဇော်ဂျီရုပ်ကဲ့သို အုပ်ပေါင်းပေါင်း၍ ထားသည်။ လူပုံမှာ တစ်ခါက ညည့်သန်းခေါင်တွင် တွေ့မြင်ရသော သူကဲ့သို့ပင်ဖြစ်ပါသည်။ အလွန်လှပ၏။ မျက်နှာ သန့်ရှင်း၏။ အသားဝါသကဲ့သို့ ထင်ရ၏။ မျက်လုံးနှစ်ဘက်လည်း မျက်စဉ်းကျောက်ညိုကို လိမ်းကျံထားသကဲ့သို့ လှပတင့်တယ်လှပေ၏။ အရပ်မှာ ထောင်ထောင်မောင်းမောင်း ဖြစ်နေ၏။ အနီးသို့ရောက်လျှင် မွှေးကြိုင်သော ပန်းရနံ့ကဲ့သို့ သင်းပျံ့ကြည်အေးသော ရနံ့များသည် ထောင်းထောင်းထမျှ မွှေးကြိုင်သည်။ လရောင်သည် တောက်ပြောင်နေသော်လည်း ရက္ခစိုးနတ်မင်းကြီးမှာ ထနောင်းပင်ရိပ်တွင် ရပ်နေခြင်းဖြစ်၍ လရောင်နှင့် အနည်းငယ် ဝေးကွာသည်။ သို့ရာတွင် ထနောင်းပင်အရိပ်တစ်ခုလုံး

www.dhammaransi.com



ပြိုးပြိုးပြက်ပြက်တစ်ခဲနက် တောက်ပြောင်၍ အဖြူရောင်များ ထွန်းပနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရသည်။

'ဒကာတော် ရက္ခစိုးနတ်မင်းကြီး၊ ဒကာတော်အား ဦးပဉ္ဇင်းက အမြဲ မေတ္တာပို့သ,နေပါသည်။ ပြုသမျှကုသိုလ်အဖို့ဘာဂကိုလဲ အမျှပေးဝေပါသည်။ တရားကျမ်းဂန်ပိဋကတ်များကို ဖြည့်ဆည်းချိန်မှာ ဖြစ်စေ၊ စာပေကျမ်းဂန်များကို သင်အံ ပို့ချချိန်မှာဖြစ်စေ၊ ပိဋကတ်အလုပ်ခွင်ဝင်၍ ကမ္မဋ္ဌာန်းတရား အားထုတ်သည်ဖြစ်စေ၊ ဆရာတော်ဘုရားကြီးအား ဦးချကန်တော့သည့်အခါဖြစ်စေ ဒကာတော်အား မေ့လျော့သည် မရှိခဲ့ပါ။ လွန်ခဲ့သော တစ်နှစ်ခန့်က ပျဉ်းမနားမြို့တွင် ဒကာတော်ကြီးကိုယ်တိုင် ဦးပဉ္ဇင်းအား လာရောက် သတိပေးသည်ကိုလဲ အမြဲသတိရနေလျက် ရှိပါသည်။ ယခု တွေ့ကြုံခိုက် ပြောပါရစေ'ဆိုပြီး လယ်တီပဏ္ဍိတ ရဟန်းတော်က–

'ယခုအခါ မြန်မာပြည်တလွှား လယ်တီဆရာတော်ဘုရားကြီးနှင့်အတူ သူသည်လိုက်ပါ၍ သာသနာပြုလုပ်ငန်းများကို လုပ်နေကြပုံ၊ ယခု တစ်ကြိမ်သာ ဆရာတော်ဘုရားကြီးက ကျောင်း၌ စောင့်ရှောက်ရန် ထားခဲ့၍ နေခဲ့ရစဉ် ဒကာတော် ရက္ခစိုးနှင့် တစ်ဖန်တွေ့ရပုံ၊ ဆရာတော်ဘုရားကြီးကလည်း ဒကာတော် အကြောင်းကို မကြာခဏ အမိန့်ရှိပုံ၊ သာသနာနှင့် အခြားရေးရာ လယ်တီတိုက်တာ အရေးအရာတို့ကို အခါမပြတ် စောင့်ကြပ်ကူညီပါ'ဟု တိုက်တွန်း စကား ဆိုခဲ့သည်။

ဤစကားများအဆုံးတွင် ရက္ခစိုးနတ်မင်းသည် ဦးသုံးကြိမ်ချ

www.dhammaransi.com



လျက် ထိုနေရာမှာပင် ကွယ်ပျောက်သွားခဲ့ကြောင်း ရေးသားထားပါသည်။

လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် ရဟန်းတော်မှ ထွက်၍ လူဝတ်နှင့်နေစဉ်ကာလဝယ် ထိုရုက္ခစိုး ဘိုးဘိုးကြီးကို အမြဲရှိသေ ပူဇော်ခဲ့သည်။

ထိုရုက္ခစိုးကြီးသည် လယ်တီဆရာတော်ဘုရားကြီး၏ မိတ်ဆွေလည်း ဖြစ်ပြီး လယ်တီတိုက်ကို အစဉ် စောင့်ရှောက်နေသူလည်းဖြစ်ကြောင်း သိရပါသည်။

* * *

## ဒက္ခိဏာရာမဆရာတော် ဦးဥတ္တမနှင့် ရုက္ခစိုးနတ်မင်း

ဆရာတော် ဦးဥတ္တမသည် ဇေယျာဝတီတိုင်း ကျောင်းကုန်းမြို့၊ ဒက္ခိဏာရာမ ကျောင်းတိုက်၏ ပဓာန နာယကဆရာတော်ကြီး ဖြစ်ပါသည်။ ဆရာတော်ကျောင်းတိုက်တွင် ပရိယတ္တိလုပ်ငန်းကို ဦးစားပေး ဆောင်ရွက်နေပြီး မိမိကိုယ်တိုင်ကလည်း ဗုဒ္ဓါနုဿတိ ဘာဝနာကို အမြဲပွားလျက် နေသည်။

ဆရာတော်၏ ကျောင်းဝင်းထဲတွင် ဗောဓိပင်နှင့် ပြည့်လုံးချမ်းသာစေတီရှိသည်။ ထိုစေတီဘုရားပွဲကို နှစ်စဉ် တန်ဆောင်မုန်းလဆုတ်တွင် ကျင်းပလေ့ရှိပါသည်။

ဆရာတော်သည် ဘုရားပွဲကျင်းပနေစဉ် ဒုတိယ ညဉ့်(၈)နာရီအချိန်ခန့်တွင် ဆရာတော်က ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးဇေနှင့် စကားလက်ဆုံကျရင်း...

www.dhammaransi.com

## ၁၈ တက္ကသိုလ်သျှင်သိရိ (ဓမ္မာစရိယ၊ ဘီအေ)

'ဒီည ဘုရားကြီးအတွက် အလှူတော်ငွေ တစ်သောင်း လောက်ရရင် ကောင်းမှာပဲ'ဟု ပြောမိသည်။

ထိုခဏတွင် ဆရာတော်အနားတွင် ထိုင်နေသော ဦးညို၏ ဇနီး ဒေါ်ပြုံးကို ဘုရားအနီးရှိ ဗောဓိပင်မှ ရက္ခစိုးနတ်မင်းသည် ဝင်စီးပြီး–

'ဆရာတော်ဘုရား တစ်သောင်းကျော် ရပါလိမ့်မယ်'ဟု လျှောက်ထားလေသည်။

'တစ်သောင်းကျော် ရရင်တော့ ရက္ခစိုးရဲ့ ဗောဓိပင်ကိုလဲ ခန့်ညားအောင် ပြုပြင်ပေးပါမယ်'ဟု ဆရာတော်က အမိန့်ရှိလိုက် လေသည်။

ကံအားလျော်စွာပင် အဆိုပါ ဘုရားပွဲညဥ့် ဘုရားပွဲအတွက် အလှူငွေ တစ်သောင်းကျော်ရရှိခဲ့သည်။ ဆရာတော်ကလည်း ကတိ အတိုင်း ဗောဓိပင်ကို သေချာစွာ ပြုပြင်တည်ဆောက်ပေးခဲ့သည်။

ဆရာတော်နှင့် ရက္ခစိုး သဟဇာတ ဖြစ်လာသောအခါ ဘုရားနှစ်ဆူကို ဆရာတော်သည် ရက္ခစိုးထံမှ ရခဲ့ပြန်သည်။ ဆရာ တော်သည် ရုပ်ပွားတော်နှစ်ဆူ မရခင် ထူးခြားဆန်းကြယ်သော အိပ်မက် မြင်မက်ခဲ့သည်ဟု ဆိုပါသည်။

(တစ်နေ့တွင် ဆရာတော်၏တပည့် မောင်လှိုင်မြင့်၏ နားထဲတွင်... )

'ဆရာတော် ဘယ်လို ဘုရားပုံတော်မျိုး ကိုးကွယ်ချင်ပါ သလဲ'ဟု မေးလျှောက်သံကို အလိုလိုကြားရ၍ ဆရာတော်ကို

www.dhammaransi.com



လျှောက်ပြသည်။

'ဆင်းစီးမြင်းရဲ့ဘုရား လိုချင်ပါသည်'ဟု ဆရာတော်က ပြောသည်။

၁၃၅၁ ခု၊ သီတင်းကျွတ်လဆုတ် (၁၃) ရက်နေ့၊ နံနက် (၇) နာရီ (၄၀) မိနစ်တွင် ဆရာတော်ကို ကျောင်းဝင်းအတွင်းရှိ ဓမ္မာရုံထဲသို့ မောင်လှိုင်မြင့်က ပင့်ဆောင်သွားသည်။

ယင်းက ဘုရားရှိခိုး အာရုံပြုပြီး ရက္ခစိုးနတ်မင်းထံ ပန်ကြားရာ ခဏချင်းပင် မောင်လှိုင်မြင့် လက်ထဲသို့ ဆင်စီးမြင်းစီး သုန္ဒရီဘုရား ရောက်လာသည်ကို ထူးဆန်းအံ့ဩဖွယ်ရာ တွေ့ရလေသည်။ မောင်လှိုင်မြင့်က ချက်ချင်းပင် ဆရာတော်ကို ပေးအပ်ခဲ့လေသည်။

'ဂဠုန်ခံ ရုပ်ပွားတော်တစ်ဆူကိုလည်း မကြာခင် ပေးလှူပါမည်'ဟု ရက္ခစိုးနတ်က မောင်လှိုင်မြင့်က တစ်ဆင့် ဆရာတော်ထံ လျှောက်ထားသည်။ နောက်တစ်ပတ်အကြာ၌ သီတင်းကျွတ်လကွယ်နေ့ နံနက် ၇ နာရီ ၄၀ မိနစ်တွင် (ဂဠုန်ခံအောင်သိဒ္ဓိ ရုပ်ပွားတော်ကို လက်ခံရရှိတော်မူပြန်သည်။)

ဆရာတော်ကျောင်းတွင် ရုပ်ပွားတော်နှစ်ဆူ သီတင်းသုံးသော အချိန်မှစ၍ ကျောင်းတွင် လာဘ်လာဘ ထူးခြားစွာ ပေါများလာသည်။ ရုပ်ပွားတော်အား လာရောက်ပူဇော်သော ပစ္စည်းများတွင် အလွန်ကြီးမားသော သစ်သီးများသာ အများဆုံးဖြစ်သည်ကို တွေ့ရပါသည်။

ဘုရားများ ရရှိပြီးနောက် တန်ဆောင်မုန်းလဆန်း(၁၀)

www.dhammaransi.com



ရက်နေ့ညတွင် မည်သို့ဖြစ်သည်မသိ၊ တစ်ညလုံး ကျိန်းစက်၍ မရ၊ သွေးခုန်နှုန်း လျင်မြန်စွာဖြစ်ပေါ်နေသည်။ သို့အတွက် ထ,ထိုင်ပြီး တစ်ညလုံး ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွားများနေမိသည်။

နံနက်စောစောတွင် ကျောင်းကုန်းမြို့မှ ဆရာတော်၏ ဒကာများ စုရုံးရောက်ရှိလာပြီး–

ည (၁) နာရီ ဆရာတော် ကျောင်းဝင်းအတွင်းမှ ကြေးစည်သံ၊ သစ်စည်သံများ ကြားရကြောင်း၊ ဆရာတော် ပျံလွန် တော်မူသည်ဟု သတင်းဖြစ်ပွားခဲ့ကြောင်း၊ ထို့ကြောင့် ဆရာတော်ရှိရာ သို့ ရောက်လာကြောင်း' လျှောက်ထားကြသည်။

ဆရာတော်က ကျန်းမာရေး ကောင်းကြောင်း၊ စိုးရိမ်စရာ မရှိကြောင်းပြောပြီး ဒကာဒကာမများကို ပြန်လွှတ်လိုက်သည်။

ထူးခြားစွာ ရက္ခစိုးပေးသော ဘုရားနှစ်ဆူကို ဆရာတော်သည် ရန်ကုန်တွင် ရွှေလာချပြီး ယခုအခါ ဆရာတော်ကြီး သီတင်းသုံးရာ ဒက္ခိဏာရာမကျောင်းဝင်းအတွင်းရှိ မဟာထေရ ဝိဟာရကျောင်းပေါ်တွင် သီတင်းသုံး ပူဇော်ထားပါသည်။

* * *

## ဘိုင်ဘင်ဆရာတော်နှင့် ရက္ခစိုးနတ်

ရွှေလီမြစ်ကမ်းနံဘေးတွင် အိမ်ခြေ (၂၅) အိမ်မျှသာ ရှိသော ဘိုင်ဘင်အမည်ရှိ ရွာကလေးတစ်ရွာရှိသည်။ ရွာဦးကျောင်း

www.dhammaransi.com



ဆရာတော်မှာ သက်တော် (၃၀) ရှယ်ရှိ ဦးပညာဇောတဖြစ်သည်။ ဦးပညာဇောတသည် ဝန်းသိုမြို့၊ ခန္တီး ပရိယတ္တိစာသင်တိုက်၌ စာသင်ခဲ့ပြီး ခန္တီးဆရာတော်ထံ၌ ဝိပဿနာတရားများ အားထုတ်ကြိုးစားခဲ့ဖူးသည်။

ဆရာတော် ဦးပညာဇောတလည်း မိမိကျောင်းခေါင်းရင်းရှိ ညောင်ပင်ကြီး ခြေရင်းတွင်ထိုင်ကာ ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်းများ ပြုလုပ်ပါသည်။

တစ်ညတွင် ပြုလုပ်နေကျအတိုင်း ညောင်ပင်ရင်းတွင် တရားထိုင်နေစဉ် အိပ်ပျော်သကဲ့သို့ ဖြစ်သွားသည်။ ထိုအခါ အိပ်မက်ထဲတွင် အဘိုးအိုတစ်ယောက် ရောက်လာပြီး-

'ကိုယ်တော် ဒီနားမှာ ကျောင်းဆောက်ပါ'ဟု ပြောပြီး ပျောက်သွားသည်။ ဆရာတော် ချက်ချင်း သတိပြန်ရလာသည်။ အိပ်မက်ဟု ယူဆကာ တရားကို ဆက်လက်အားထုတ်ပြီး ဤအကြောင်းကို မေ့မေ့ပျောက်ပျောက် ထားလိုက်မိသည်။

တစ်ညတွင် ယင်းကဲ့သို့ အိပ်ပျော်သလိုဖြစ်ကာ အဘိုးအို ပေါ်လာပြန်သည်။

'အရှင်ဘုရား ကျောင်းဆောက်ဖို့ မလုပ်သေးဘူးလား'

'ဒကာကြီး၊ ဦးပဥ္စင်းမှာ ကျောင်းဆောက်ဖို့ အင်အားမရှိဘူး'

'ဆောက်သာဆောက်ပါ၊ အားမငယ်ပါနဲ့'

ထိုကဲ့သို့ ပြောပြီး ပျောက်ကွယ်သွားပြန်သည်။ ဆရာတော်သည် မိမိရပ်ရွာသည် ရွာသိမ်ရွာငယ်ဖြစ်၍ မဖြစ်နိုင်ဟု မှတ်ကာ

www.dhammaransi.com



မေ့ထားလိုက်ပြန်သည်။

တစ်နေ့တွင် ဒကာတစ်ယောက် ကျောင်းပေါ်တက်လာသည်။ ထိုဒကာက-

'အရှင်ဘုရား ကျောင်းဆောက်ပြီး လှူလိုပါသည်။ တပည့်တော်တစ်ဦးတည်း ဆောက်ပါမည်ဟု လျှောက်ထားပြီး ပြန်သွားသည်။

ဆရာတော် ဦးပညာဇောတသည် ရပ်ရွာမှ ဒကာများကို ခေါ်ပြီး ထိုဒကာ ကျောင်းဆောက်လုပ်နိုင်စေရန် မြေနေရာ ရှင်းပေးရန် တိုင်ပင်သည်။ ယင်းသို့ တိုင်ပင်ပြီး ရှင်းလင်းစဉ် ကျောင်းနေရာနှင့် ညောင်ပင်သည် မလွတ်မလပ်ဖြစ်နေသည်။ ထို့ကြောင့် ညောင်ပင်ကြီးကို တူးလှန်ပစ်ပြီး မြေညှိလိုက်ကြသည်။

ထိုညတွင် အိပ်မက်ထဲ၌ အဘိုးအိုသည် ပေါ်လာပြီး-

'အရှင်ဘုရား ဘယ်လိုလုပ်လိုက်တာလဲ'

'ဘာဖြစ်လို့လဲ ဒကာကြီး'

'ညောင်ပင်ကြီး လှဲလိုက်တော့ တပည့်တော် နေစရာမရှိဖြစ်နေရပြီ'

ယင်းသို့ပြောပြီး ပျောက်ကွယ်သွားပြန်သည်။ အိပ်မက်မှ နိုးလာသောအခါ အိပ်မက်မဟုတ်၊ ရုက္ခစိုးကြီးဖြစ်မည်ဟု ယူဆပြီး ကျောင်းနှင့် မနီးမဝေးတွင် နတ်ကွန်း ဆောက်ပေးထားသည်။

ကျောင်းပြီးဆုံးခြင်းသို့ ရောက်သဖြင့် ၁၃၅၁ ခု၊ တပေါင်းလပြည့်ကျော် (၁၂) ရက်နေ့တွင် ကျောင်းရေစက်ချ လှူဒါန်းပွဲကျင်းပပြီး လှူဒါန်းခဲ့သည်။

www.dhammaransi.com



ကျောင်းဒကာမှာ ရွှေလီသူဌေးဟု နာမည်ကြီးနေသော မိုးလုံးရွာမှ ဦးဘတုတ်နှင့် ဒေါ်ခင်ညိုတို့ဖြစ်လေသည်။

## ဥစ္စာစောင့် ပစ္စည်းပေးခံရသော ကျောင်းဆရာလေး

ဥစ္စာစောင့်များနှင့် ပတ်သက်၍ အနယ်နယ်အရပ်ရပ်တွင် အတွေ့အကြုံရှိသူ အတော်များများရှိကြသည်။ ရန်ကုန်တွင် နာမည်ကြီးသည်မှာ ဗိုလ်တစ်ထောင် ဘုရားသို့ ဘုရားများ၊ ပစ္စည်းများ လာရောက်လှူသော မှော်ဘိဥစ္စာစောင့် မနန်းနွယ်၊ မနန်းစိန်၊ ရွှေတိဂုံဘုရား တောင်ဘက်ရှိ ဦးဥတ္တမပန်းခြံတွင်းရှိ ဥစ္စာစောင့်တို့သည် နာမည်ကြီးကြသည်။

ဤရန်ကုန်မှာပင် ကမ္ဘာအေး၊ ဇွဲစုံ၊ တံတားကလေး တစ်ဝိုက်၌ နာမည်ကျော်သော ဥစ္စာစောင့်မှာ သုံးတောင်ပြည့် ဆုတောင်းပြည့် လွမ်းစေတီ ဘုရားကလေးရှိ မနှင်းရီ ဥစ္စာစောင့် ညီအစ်မ ဖြစ်သည်။

ထိုညီအစ်မသည် မကြာခဏ လူများကို ခေါ်သွားတတ်သည်။ ပစ္စည်းပေးတတ်သည်။ လူကို ဒုက္ခတော့ မပေးတတ်။ ထိုသို့ခေါ်ခံရပြီး ပစ္စည်းပေးခံရသော ကျောင်းဆရာတစ်ဦး၏ ကိုယ်တွေ့အဖြစ်အပျက် တစ်ခုမှာ-

ဆရာဦးဘမင်းသည် ရဟန်းဘဝမှ ထွက်ပြီး ဇမ္ဗူကျော်ဥက္ကလာပ မြို့၊ အ-မ-က (၁၈) တွင် ၁၉၆၆ ခုတွင် ကျောင်းဆရာလုပ်ခဲ့သည်။

www.dhammaransi.com



နေတော့ တံတားကလေးလမ်းဆုံ (ကျူးကျော်)တွင် အိမ်ကလေး တစ်လုံး ဝယ်နေသည်။ နေ့လယ်တွင် ကျောင်းဆရာလုပ်ပြီး ညပိုင်းတွင် လူငယ်ရေးရာ ညကျောင်းတက်သည်။

၁၉၆၇ ခုနှစ် မြန်မာပြည်တွင် တရုတ်မြန်မာ အရေး အခင်းကြီး ဖြစ်ပွားပြီးနောက် တစ်ညတွင်ဖြစ်သည်။ ည၌အချိန် (၁၀) နာရီလောက်ဖြစ်သည်။ ဆရာလေးကိုဘမင်းသည် မိုးချုပ်မှ မြို့ထဲသို့ သွားလိုသော ဆန္ဒပေါ်လာ၍ အိမ်မှ ထွက်လာခဲ့သည်။ အစီအစဉ်မှာ မြို့ထဲတွင် သူ့အစ်ကို ဝမ်းကွဲတော်သူ တစ်ယောက်ရှိ သည်။ ထိုည ထိုအိမ်သို့ သွားအိပ်မည်ဟု စိတ်ကူးပြီး ထွက်လာမိခြင်း ဖြစ်သည်။

တံတားကလေးလမ်းဆုံ ကားဂိတ်မှတ်တိုင်သို့ ရောက်လာ သည်။ မြောက်ဥက္ကလာပဘက်မှ လာမည့်ကားကို စောင့်မျှော်နေမိ သည်။ ထိုအချိန်တွင် လူသွားလူလာက အတော်ပြတ်နေသည်။

ကားက နာရီဝက်စောင့်သော်လည်း တစ်စီးမျှ ပေါ်မလာ။ ဆရာလေးကိုဘမင်း စိတ်ရှည်ရှည်နှင့် ဆက်စောင့်သည်။ တစ်ခါတစ်ရံ ကမ္ဘာအေးလမ်းမဘက်သို့ လှည့်ကြည့်မိသည်။ ထိုသို့ လှည့်ကြည့်မိ သော တစ်ကြိမ်တွင် ကမ္ဘာအေးလမ်းမကြီးဘက်မှ တံတားကလေး လမ်းမဘက်သို့ မဟာဂန္ဓာရုံ ကျောင်းဘေးလမ်းအတိုင်း မိန်းကလေး တစ်ယောက် လျှောက်လာသည်ကို တွေ့ရသည်။

ရန်ကုန်ဆိုသည်မှာ ဤအချိန်ဤအခါ သွားလာနေမှုရှိနေ၍ ဆရာကိုဘမင်း ထိုမိန်းကလေးကို စိတ်မဝင်စားမိပါ။ အများသူငါ

www.dhammaransi.com



သွားလာနေသော သာမန် မိန်ကလေးတစ်ယောက်ဟူ၍သာ ထင်မှတ်ထားမိပြီး မြောက်ဥက္ကလာပဘက်က လာမည့်ကားကိုသာ ဆက်လက် မျှော်နေမိသည်။

'အစ်ကိုက ဘယ်သွားမလို့လဲ'

မိန်းကလေးက အနားရောက်လာပြီး မေးသည်။ တန်ဆောင်မုန်းလဆန်းရက် လရောင်မှုန်မှုန်ဝါးဝါးတွင် ဆရာလေးကိုဘမင်း မိန်းကလေးကို ပြန်ကြည့်မိသည်။

အလွန်တရာချောမောလှပသော မိန်းကလေးတစ်ဦး ဖြစ်နေသည်။ ဆံပင်ကို နောက်တွင်ဖြန့်ချထားသည်။ ဆရာလေး ကိုဘမင်းသည် မိန်းကလေးက အလွန်ချောမောလှပနေ၍ စိတ်ထဲက ခါတော ကြည့် ကြည့်လိုသော်လည်း ဆရာသိက္ခာ အခြေအနေအရ မကြည့်ရဲဘဲ တစ်ခဏမျှသာ ကြည့်၍ ခေါင်းငုံ့ပြီး...

'ငါ – စိတ်ညစ်လို့ မြို့ထဲသွား အရက်သောက်မလို့'

ဆရာကိုဘမင်းက အမှတ်မထင် ပြောလိုက်မိသည်။ တကယ်မှု ဆရာကိုဘမင်း အရက်မသောက်တတ်ပါ။ စိတ်ညစ်သည်ဆိုသည်မှာ ဆရာကိုဘမင်းနေသော တဲတားကလေး အိမ်အနီးတွင် ဆရာဦးဘမင်း ချစ်မြတ်နိုးသော မိန်းကလေး တစ်ဦးရှိသည်။ မိဘက ဆရာကိုဘမင်းနှင့် သဘောတူသည်။ မိန်းကလေးက ဆရာကိုဘမင်းကို စိတ်မဝင်စား မချစ်၍ ဆရာကိုဘမင်း စိတ်ညစ်မှုတော့ အနည်းငယ်ရှိသည်။

ယနေ့လည်း ကျောင်းကအပြန် ထိုကလေးမက ဆရာ

www.dhammaransi.com



ကိုတော့ သူမ မကြိုက်၊ သူကြိုက်ရာ သူယူမည်ဟု နေ့လယ်က သူ့မိခင်ကို ပြောနေကြောင်း၊ ငါးဦးကော်မတီဝင် အတူတူ လုပ်ဖော်ကိုင်ဖက် ဦးကုလားက သူကြားရသော သတင်းလာပြောပြ၍ စိတ်ထွေနေလေသည်။

'အရက်သောက်တာ ဘုရားမကြိုက်ပါဘူး အစ်ကိုရာ၊ ကျွန်မကို လိုက်ပို့ပေးစမ်းပါ' မိန်းကလေးက ဆက်ပြောသည်။ မိန်းကလေး က ထိုသို့ ပြောလိုက်သောအခါ ဆရာလေး ကိုဘမင်း စိတ်ထဲတွင် အတော်ပင် ပျော်ရွှင်သွားမိသည်။ ဘာပြုလို့ ဝမ်းမြောက်မှန်းလည်း မသိပါ။

ဆရာလေးကိုဘမင်း ဘဝတွင် မိန်းကလေးများစွာနှင့် တွေ့ကြုံ ဆုံဖူးပါသည်။ ထိုကဲ့သို့သော ဝမ်းမြောက်မှုမျိုး တစ်ခါမျှ မခံစားရဖူးပါ။ ယခုမှ ထူးထူးခြားခြား ခံစားရသည်။

'သွားလေ၊ လိုက်ပို့တာပေါ့'

ဆရာကိုဘမင်း ထိုမျှသာပြောပြီး မိန်းကလေးနောက်သို့ လိုက်ခဲ့သည်။ မိန်းကလေးသည် တံတားကလေးလမ်းဆုံ ကားဂိတ်မှ နာဂလှိုဏ်ဂူ ဘုရားသွားလမ်းအတိုင်း သွားသည်။ ဆရာကိုဘမင်း သူမအနားက ကပ်လိုက်သွားသည်။

ထိုလမ်းသည် လမ်းကျဉ်းကလေး ဖြစ်သည်။ တစ်ဖက်က သောက်လုပ်ရေးဝင်းရှိပြီး တစ်ဖက်က ဆရာကိုဘမင်းတို့နေသော တဲရပ်ကွက်ဖြစ်သည်။ နာဂလှိုဏ်ဂူ ဘုရားသွား ကုန်းလမ်းအပေါ် အတက်တွင် ဆရာကိုဘမင်းက–

www.dhammaransi.com



'ညီမက ဘယ်ကိုသွားမှာလဲ'ဟု မေးမိ၏။

'ဒီနားလေး ခဏပါ'

'ကိစ္စက အရေးကြီးလို့လား၊ မိုးချုပ်ကြီးမှ'

'အထွေအထူး ကိစ္စတော့ မဟုတ်ပါဘူး၊ ဦးလေးနဲ့ တွေ့စရာရှိလို့ပါ'

ထို့မှ စကားမဆက်မိကြတော့။ ဆက်လက် လျှောက်လာခဲ့ကြသည်။ တံတားကလေး သိမ်ကျောင်းအနီးသို့ ရောက်လာသည်။

'ကျွန်မသွားရဲပြီ၊ သွားတော့မယ်' မိန်းကလေးက နှုတ်ဆက်စကား ပြောသည်။

'သွားရဲရင် သွားတော့လေ၊ ကျွန်တော်လဲပြန်တော့မယ်'

'ခဏစောင့်ဦးလေ၊ ကျွန်မ ခဏနေ ပြန်မှာ ၊ အပြန်လိုက်ပို့ပါဦး'

'ရတယ်လေ၊ ဒီနားကနေ စောင့်နေမယ်'

မိန်းကလေး ဆက်သွားသည်။ ဆရာကိုဘမင်းက လိုက်ပို့ပြီး မတ်တပ်ရပ် စောင့်နေသည်။

'ဆရာလေး... ဒီမှာ ဘာလုပ်နေတာလဲ'

ရပ်ကွက်ငါးဦးကော်မတီ ကိုကုလားနှင့် ခွဲတမ်း ကော်မတီ ကိုအုန်းလှိုင်တို့ ၂ ဦး အနားရောက်လာပြီး မေးသည်။ ထိုအခါကျမှ ကိုဘမင်း သတိရလာပြီး ထိုသူများကို ကြည့်မိသည်။ ထိုလူများက မိမိကို မိန်းကလေးတစ်ယောက်နှင့် အချိန်မတော် သွားလာနေသည်ကို အထင်လွဲမှားလည်း စိုးရိမ်မိသည်။ သူတို့က ကျောင်းဆရာ ညကြီး

www.dhammaransi.com



အချိန်မတော် မိန်းကလေး တစ်ယောက်နှင့် သွားလာနေသည်ဟု သူမတော်ရသေးသော ယောက္ခမလောင်းနှင့် ချစ်သူလောင်းကို သွားပြောမိမှာ စိုးရိမ်မိသည်။ ထိုသို့ သူတို့က သွားပြောလိုက်က မိမိအတွက် အရှက်ရမည်။ သူ့မျှော်လင့်ချက်သည်လည်း ဆုံးရှုံးမည်။

'ဘာမှ မလုပ်ပါဘူးဗျ၊ မိန်းကလေးတစ်ယောက် လိုက်ပို့ရင်း စောင့်နေတာပါ'

'ဘယ်က မိန်းကလေးလဲဆရာလေးရဲ့၊ ဆရာလေး မသန်းမြ တို့ အိမ်ရှေ့က ဖြတ်သွားတာ ကျွန်တော်တွေ့တယ်။ ကျွန်တော် မသန်းမြတို့အိမ် ကွပ်ပျစ်မှာ ထိုင်နေတာ၊ ဆရာလေးစကား ပြောသွားသံကြားလို့ ကြည့်လိုက်တယ်၊ ဆရာလေးပြောတဲ့ မိန်းက လေး မတွေ့ပါဘူး၊ ကျွန်တော်ကတောင် ထင်နေတာ ဆရာလေး တစ်ယောက်တည်း ပေါက်ပြီး ဘာတွေပြောသွားပါလိမ့်လို့ အခု ကိုအုန်းလှိုင်က လာခေါ်လို့ ကျွန်တော်တို့ လိုက်လာတာ၊ ကိုအုန်းလှိုင် က ခွဲတမ်းလုပ်မလို့တဲ့၊ အဲဒါ ဆရာလေး လာရှာတာ'

ကိုကုလားက မိန်းကလေးကို မတွေ့ဟု ပြောသံကြားသော အခါ ဆရာလေး ကိုဘမင်းစိတ်ထဲတွင် ကိုကုလားက သက်သက် နောက်ပြောတာ၊ ဆရာကိုဘမင်းက အကြံအဖန် မိန်းကလေး ခေါ်လာသည်ကို သိ၍ တမင် နောက်ပြောင်တာဟု ထင်သွားမိသည်၊ သို့အတွက် ဆရာကိုဘမင်းက ကပျာကယာပင်...

'မိန်းကလေးက ရိုးရိုးလေးပါဗျာ၊ ကျွန်တော်ကလဲရိုးရိုးပါ ကားဂိတ်မှာတွေ့ရင်း လိုက်ပို့ပါဆိုလို့ လိုက်ပို့တာ'ဟု ပြောပြလိုက်

www.dhammaransi.com



သည်။

'ဒါဖြင့် အခု အဲဒီမိန်းကလေးကော'

ကိုအုန်းလှိုင်က ဆက်မေးသည်။

'အခုပဲ သူ့ဦးလေးနဲ့ တွေ့စရာရှိတယ်ဆိုပြီး သွားတာပဲ၊ အပြန်ကို လိုက်ပို့ပါဦးဆိုလို့ ကျွန်တော် သူ့ကို ဒီနေရာက စောင့်နေတာ'

'ဒါဖြင့် ပြန်လာဦးမှာပေါ့'

ကိုအုန်းလှိုင်က ဆက်မေးသည်။

'ပြန်လာမယ်လို့ ပြောတယ်၊ ခင်ဗျားတို့လဲ စောင့်ကြည့်ဦးပေါ့'

'အသွားတုန်းက ကျွန်တော်ပဲ မျက်စိ မှောက်သလား၊ မျက်စိမွဲလို့ပဲ မမြင်ရသလား မသိဘူး၊ ကျွန်တော်ကတော့ ဆရာလေးကိုပဲ တွေ့ရတာ အမှန်ပဲ'

'ခင်ဗျားတို့ ကျွန်တော့်ကိုတော့ မဟုတ်တရုတ်တွေ မထင်ကြပါနဲ့ဗျာ၊ တကယ့် မိန်းကလေးကောင်းပါ၊ ကျွန်တော်လဲ အခုမှ လမ်းမှာတွေ့တာပါ'

'ဆရာလေးကို ဟုတ်တရုတ် လုပ်တယ်လို့ မထင်ပါဘူး၊ မိန်းကလေးကို တကယ်မတွေ့လို့ ပြောတာပါ'

'ကဲ... ဒါဆို စောင့်ကြည့်ကြဗျာ၊ ပြန်လာလိမ့်မယ်'

ဆရာလေးကိုဘမင်းက သူ့အပေါ် အထင်အမြင်လွဲမှာကို ကြောက်နေသည်။ သည်လူတွေ မြင်လျက် တမင် မမြင်ချင်ယောင်

www.dhammaransi.com



ဆောင်ပြီး ပြောနေသည်ဟု ထင်မြင်နေမိသည်။ သို့အတွက် ရှင်းလင်းချက် ပေးနေခြင်း ဖြစ်သည်။

သူတို့တတွေ ငြင်းခုန် ပြောဆိုနေစဉ်မှာပင် တံတားကလေး သိမ်ကျောင်းလမ်းကွေ့ဘက်မှ အဝတ်ဖြူဖြူဖွေးဖွေးနဲ့ မိန်းကလေး တစ်ယောက် ပြန်လာသည်ကို ဆရာလေးကိုဘမင်း အဝေးကပင် လှမ်းမြင်သည်၊

'တွေ့လား… ဟောဟိုမှာ မိန်းကလေး ပြန်လာပြီဗျ'

ကိုကုလားနှင့် ကိုအုန်းလှိုင်တို့ ပြူးတူးပြဲတဲ ကြည့်ကြသည်။ မိန်းကလေးကို မတွေ့ကြ။

'ဘယ်မှာလဲ ဆရာလေးရ၊ မတွေ့ရပါလား'

'ဟိုမှာလေဗျာ၊ လာနေပြီ'

သူတို့နှစ်ယောက် ကြည့်ကြပြန်သည်။ မတွေ့၊ မမြင်ကြ။

'ဟ …ဆရာလေး ဆရာလေး ဟာမလေးက လူမဟုတ်ဘူး၊ လူမဟုတ်ဘူး'

ကိုကုလားသည် ပါးစပ်မှ အော်ဟစ်ပြောရင်း သုတ်ခနဲ ထွက်ပြေးတော့သည်။ ကိုအုန်းလှိုင်လည်း နောက်ကလိုက်၍ ပြေးကြသည်။

ဆရာလေးကိုဘမင်းက သည်လူတွေ တော်တော် နောက်တဲ့ လူတွေပဲ၊ ငါ့ခေါ်ထားတဲ့အမျိုးသမီးထင်ပြီး ရှောင်ပြေးကြတာ ဖြစ်မယ် ဟု ထင်မြင်ချက်ချကာ မိန်းကလေးကို ဆက်လက် စောင့်နေမိသည်။

(နောက်ပိုင်းကျမှ သိရသည်မှာ သူတို့အမြင်တွင် သစ်ငုတ်တို

www.dhammaransi.com



မည်းမည်းကြီး လာနေသည်ကို မြင်တွေ့ရသည်ဟု ဆိုပါသည်။)

မိန်းကလေးသည် ဆရာကိုဘမင်းနားသို့ ရောက်လာသည်။

'ပြန်လာပြီလား၊ ဦးလေးကို တွေ့ခဲ့ရဲ့လား' ကိုဘမင်းက ဆီးမေးသည်။

'ဟုတ်ကဲ့ တွေ့ခဲ့ပါတယ်၊ ပြန်ကြမယ်နော်'

'ပြန်လေ၊ လိုက်ပို့ပေးပါ့မယ်'

ဆရာလေးကိုဘမင်းနှင့် မိန်းကလေးတို့သည် နာဂလှိုဏ်ဂူဘုရားလမ်းအတိုင်း လမ်းလျှောက်ပြန်ခဲ့ကြသည်။ ကုန်းပေါ် လမ်းက အဆင်း ကမ္ဘာအေးလမ်းမသို့ ရောက်သောအခါ--

'အစ်ကို့မှာ အိမ်ထောင်ရှိသလား' မိန်းကလေးက မေးသည်။

'မရှိပါဘူး၊ ဒါပေမယ့် ကိုယ်ကချစ်တဲ့ မိန်းကလေးတော့ ရှိတယ်။ မိန်းကလေးက ယခုထက်ထိ ကိုယ့်ကို ပြန်မချစ်သေးဘူး'

'မိန်းလေးက ဘာပြုလို့ မချစ်တာလဲ၊ အစ်ကိုက နှလုံးလှတာပဲ'

'အဲဒါတော့ မသိဘူးလေ'

ဤသို့ ပြောရင်းပင် တောင်ဘက်ရှိ ဘုရားဝင်း အဝင် လမ်းမသို့ ရောက်လာကြသည်။ လမ်းထဲ ဝင်လာကြသည်။ ပိတောက်ပင် လမ်းမအဆုံးအရောက်တွင် ထိုမိန်းကလေးကဲ့သို့ပင် အရပ်အနည်းငယ်ရှည်သော မိန်းကလေးတစ်ယောက်က စောင့်နေသည်၊

'ညည်း ပြန်လာပြီလား' ထိုမိန်းကလေး ဆီးမေးသည်။

'ဟုတ်ကဲ့ ပြန်လာပြီ'

www.dhammaransi.com

## ၃၂ တက္ကသိုလ်သျှင်သိရီ (ဓမ္မာစရိယ၊ ဘီအေ)

ဆရာလေးကိုဘမင်းနှင့်ပါလာသော မိန်းကလေးက ပြန်ဖြေပြီး ညီအစ်မနှစ်ယောက် အတူတူယှဉ်ရပ်ကြသည်။ ပြီးလျှင် ဆရာလေးကိုဘမင်း လိုက်ပို့သော မိန်းကလေးက-

'ကျွန်မနာမည် မနှင်းရီလို့ ခေါ်ပါတယ်၊ ကျွန်မတို့ ဒီမှာနေတယ်၊ နောက်ကို လာလည်ပေါ့'

မိန်းကလေးက ဖိတ်ကြားပြောဆိုရင်း သူ့ရင်ဘတ်တွင် ထိုးထားသော ရွှေရင်ထိုးကလေးကို ငုံ့ဖြုတ်ပြီး ဆရာလေးကိုဘမင်း၏ အင်္ကျီအိတ်ကပ်ထဲတွင် ပါလာသော လက်ကိုင်ပုဝါကို ဆွဲယူလိုက်သည်။

ဆရာလေးကိုဘမင်းသည် ဘာမျှ ပြန်မပြောနိုင်။ မနှင်းရီဆိုသော မိန်းကလေး လုပ်ဆောင်နေသမျှကိုသာ ငေးကြည့်နေမိသည်။ မနှင်းရီက ဆရာလေးကိုဘမင်း အိတ်ကပ်ထဲတွင် လက်ကိုင်ပုဝါ ဆွဲထုတ်ယူလိုက်သောအခါ အိတ်ကပ်ထဲတွင် ရှိသော အိမ်ခတ်သော သော့က အသံမြည်သွားသည်။

'အိမ်သော့ ပျောက်သွားဦးမယ်နော်'

မနှင်းရီက သတိပေးစကား ပြောပြန်သည်။

'ရပါတယ်၊ မကျပါဘူး'

ဆရာလေးကိုဘမင်းက ပြန်ပြောလိုက်သည်။

မနှင်းရီသည် မိမိ၏ ရွှေရင်ထိုးကလေးကို ဆရာလေးကိုဘမင်း ၏ လက်ကိုင်ပုဝါနှင့် သေချာစွာ ထုတ်ပိုးပြီး အိတ်ကပ်ထဲ ပြန်ထည့်လိုက်သည်။

www.dhammaransi.com



'အဲဒါ ကိုယ်ချစ်တဲ့သူကိုသာပေး၊ ဘယ်သူ့မှ မပေးနဲ့ ပြလဲမပြနဲ့နော်၊ ကျွန်မတို့ ပြန်တော့မယ်နော်'

'ဟုတ်ကဲ့'

ဆရာလေး ကိုဘမင်းသည် ဘာပြရ၍မှန်းမသိ။ ထိုပစ္စည်းကလေးရကတည်းက အလွန်ဝမ်းမြောက်ဝမ်းသာ ခံစားမိပြန်သည်။ သို့အတွက် သူတို့ညီအစ်မ ထွက်ခွာအသွားတွင် လမ်းတစ်လျှောက်လုံး ဝမ်းသာပြီး ခုန်ပေါက် ပြန်လာမိလေသည်။

အိမ်ရောက်တော့ သူထမင်းလခပေးစားသော အဒေါ်အိမ်တွင် လူတော်တော်များများ စုဝေးနေကြသည်ကို တွေ့ရသည်။ ထိုလူများကို တွေ့ရသော အခါ ဆရာလေးကိုဘမင်း ထင်သည်က ခွဲတမ်းပစ္စည်း မဲလာနှိုက်သည်ဟု ထင်မိသည်။

'ဆရာလေး ပြန်လာပြီလားဗျ၊ လာပါဦး'

ကိုကုလားက လှမ်းခေါ်သည်။ ဆရာလေးကိုဘမင်းသည် ထိုလူအုပ်ရှိရာသို့ လာခဲ့ပြီး အိမ်ရှေ့ဆင့်တွင် ဝင်ထိုင်လိုက်သည်။

'ဆရာလေး အခု ဘယ်က ပြန်လာတာလဲ'

'ဟာ... ကိုကုလားကလဲ အစောက ခင်ဗျားတို့ကို ပြောတဲ့ မိန်းကလေး ပို့ပြီး ပြန်လာတာပေါ့ဗျ၊ အခုလာတာ ပစ္စည်းတွေ ခွဲပြီးလို့ မဲလာနှိုက်ကြတာလား'

'မဟုတ်ပါဘူး ဆရာလေး၊ ဆရာလေးလိုက်ပို့တဲ့ မိန်းကလေး အကြောင်းသိချင်လို့ စောင့်နေကြတာဗျ'

'ဟာ ခင်ဗျားတို့ကလဲ၊ မိန်းကလေးက ရိုးရိုးပါဗျ၊ ကျွန်တော်

www.dhammaransi.com



ကလဲ ရိုးရိုးသားသား လိုက်ပို့ပေးတာပါဗျာ'

'မဟုတ်ဘူး ဆရာလေး၊ ဆရာလေးလိုက်ပို့တဲ့ မိန်းကလေးက ထူးဆန်းနေလို့ ကျွန်တော်တို့နောက်က လိုက်ချောင်းတာ ဆရာလေးစကားသံ ကြားရတယ်၊ မိန်းကလေး မတွေ့ရဘူး၊ ပြီးတော့ မွှေးကြိုင်တဲ့ အနံ့သာရတယ်၊ ဆရာလေးရော အမွှေးနံ့ သာ လိမ်းထားသလား'

ကိုကုလားက ပြောပြောဆိုဆို ဆရာလေး ကိုဘမင်း အင်္ကျီစကို ဆွဲပြီး နမ်းကြည့်သည်။ ဘာအမွှေးနံ့မျှမရ။

'ကျွန်တော် ဘာမှ မလိမ်းပါဘူးဗျ၊ မိန်းကလေးဆီက ဖြစ်မှာပေါ့၊ မိန်းကလေးက အထက်တန်းစားဆိုတော့ အထက်တန်း စားပီပီ ကောင်းတဲ့ရေမွှေးတွေ ဘာတွေ သုံးတော့ မွှေးနေမှာပေါ့၊ ကျွန်တော်ဖြင့် သူနဲ့သွားတော့ ဘာမှ မမွှေးပါဘူးဗျာ'

'ဆရာလေးနဲ့ မိန်းကလေးကတော့ မယုံနိုင်စရာဘဲဗျာ'

ပရိသတ်ထဲက တစ်ယောက်က ပြောပြန်သည်။

ထိုပရိသတ်ထဲတွင် ဆရာလေးကိုဘမင်း၏ ယောက္ခမ လောင်း အစ်မကြီး ပါရှိနေသဖြင့် ဤကဲ့သို့ မိန်းကလေးတစ်ယောက် နှင့် ပြဿနာဖြစ်ပြီး ဖြေရှင်းနေရသည်ကို ဆရာလေးဦးဘမင်း အတော်ပင် ရှက်ကြောက်မိသည်။ မိမိဂုဏ်သိက္ခာ ထိခိုက်မည်ကိုလည်း အလွန် စိုးရိမ်ကြောင့်ကြနေမိသည်။

'မိန်းကလေးက ရိုးရိုးပါဗျာ၊ ညအချိန်မတော်မို့လို့ မသွားရဲ လို့ ကျွန်တော့်ကို အဖော်ခေါ်တာပါ၊ ကျွန်တော်ကလဲ နမချင်းစာနာပြီး

www.dhammaransi.com



လိုက်ပို့တာပါ'

'ဆရာလေးကို ယုံပါတယ်။ ကျွန်တော်တို့က ဆရာလေး လိုက်ပို့တဲ့ မိန်းကလေးကို မတွေ့လို့ ပဟေဠိ ဖြစ်နေကြတာပါ'

'ကဲဗျာ– မယုံရင် ခင်ဗျားတို့ကို ကျွန်တော် သက်သေပြမယ်။ အဲဒီမိန်းကလေးက ကျွန်တော့်ကိုတောင် လက်ဆောင်ပစ္စည်းတစ်ခု ပေးလိုက်တယ်'

'ပြပါဦး၊ ဆရာလေး ပြပါဦး'

ကိုကုလားကြီးက အလောတကြော မေးပြီး ဆရာလေး ကိုဘမင်း ထုတ်ပြသည့် ပစ္စည်းကို အာရုံစူးစိုက်ကြည့်နေသည်။ အားလုံးကလည်း စိတ်ဝင်စားနေကြသည်။ ဆရာလေး ကိုဘမင်းသည် လက်ကိုင်ပုဝါအထုတ်ကို ကိုကုလားကို ပေးလိုက်သည်။ ကိုကုလားက တစ်လွှာစီ ဖြေနေသည်။

ဆရာလေးကိုဘမင်း အပါအဝင် ပရိသတ်ကလည်း ကိုကုလား ခွာဖြေနေသော လက်ကိုင်ပုဝါကို အာရုံစူးစိုက် ကြည့်နေကြသည်။

မကြာခင် ပစ္စည်းပေါ်လာသည်။ ဆရာလေးကိုဘမင်း၏ မျက်စိအာရုံတွင် ပထမတော့ ရွှေရောင် ရင်ထိုးကလေးပင်၊ နောက်တော့ အရောင်စိမ်းသွားသည်။ စိမ်းရာမှ ညိုသွား၊ ညိုရာမှ မည်းသွားသည်။

အမည်းအာရုံမြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ဆရာလေး ကိုဘမင်း တစ်ယောက် နောက်ကနေ တစ်ယောက်ယောက်က ဇက်ပိုးကို အုပ်ချလိုက်သကဲ့သို့ ဝရန်တာ ကွပ်ပျစ်ဆင့်မှ အောက်သို့ ခွေခနဲကျသွားပြီး သတိလစ်သွားတော့သည်။

www.dhammaransi.com



အားလုံး ထိတ်လန့် ကြောက်ရွံ့နေကြသည်။ ကိုကုလားကြီးသည် ပစ္စည်းလေးကို ကပျာကယာ ပြန်ထုတ်ပြီး ဆရာလေးကိုဘမင်း အိတ်ကပ်ထဲသို့ ပြန်ထည့်ပေးလိုက်သည်။

ထိုတစ်ညလုံး ဆရာလေးကိုဘမင်း သတိမရတော့။ နောက်နေ့နောက်နေ့ သတိရတစ်ချက် မရတစ်ချက် ဖြစ်နေသည်။ အစာလည်းမစား ဖြစ်နေရသည်။

သုံးရက်မြောက်သောနေ့တွင် ခွင့်မဲ့ ပျက်ကွက်နေ၍ ကျောင်းမှ ဆရာကြီး လိုက်လာသည်။ အကျိုးအကြောင်းမေးသည်။ အဖြစ်အပျက်ကို မေးသည်။ ဆရာကြီးက ထိုပစ္စည်းကို ယူသွားပြီး သူတို့ဆည်းကပ် ကိုးကွယ်သော ဆရာတော်ကို ပြသသည်။

ဆရာတော်က ဆေးကုသပေးသည်။ ဆရာတော်က အမိန့်ရှိသည်။ ဥစ္စာစောင့်တို့မည်သည်–

– ချစ်၍ ကျီစယ် နောက်ပြောင်လိုသောကြောင့်လည်း လူတို့ကို ပူးကပ် နှောက်ယှက်သည်။

– လူစား လဲလို၍လည်း ပူးကပ် နှောင့်ယှက်သည်။

– သိုက်အဆက်ပါလာ၍ အချိန်စေ့သောကြောင့် ပြန်ခေါ်လို၍ ပူးကပ်နှောင့်ယှက်တတ်သည်။

– ကုသိုလ်ပြုအမျှယူလို၍လည်း ပူးကပ် အကူအညီတောင်းတတ်သည်ဟု မိန့်ကြားသည်။

ယခု ဆရာလေးဦးဘမင်းကို ဥစ္စာစောင့်က နှောင့်ယှက်ခြင်းသည် လိပ်ပြာလှ၍ ချစ်သောကြောင့် ကျီစယ်လို၍ နှောင်ယှက်ပူး

www.dhammaransi.com



ကပ်ခြင်း ဖြစ်သည်။ အထုံမရှိ အစွဲမရှိပါ။ သို့သော် သူတို့ပိုင်ဆိုင်သော တောင်ဘက် ချော်တွင်းကုန်း၊ မြောက်ဘက် နာဂလှိုဏ်ဂူဘုရား ဧရိယာအတွင်းတွင် သုံးနှစ်တိတိ ညဥ့်အိပ်ညဥ့်နေ မနေပါနှင့်ဟု မိန့်ကြားသည်။

ဆရာတော်က အဆောင်တွေ၊ ကာကွယ်ဆေးတွေ ထိုးပေးသည်။ ဆရာလေးကိုဘမင်း သတိရလာပြီး ကျန်းမာလာသောအခါ ထိုကိစ္စကို မကျေနပ်။ မနှင်းရီဆိုသည့် မိန်းကလေး ဥစ္စာစောင့် ဆိုသည်ကို လက်မခံချင်။ သို့အတွက် ထိုဘုရားလေးရှိရာ ပတ်ဝန်းကျင်ရှိ မိတ်ဆွေများထံ စုံစမ်းကြည့်မိသည်။

ထိုဘုရားလေးနှင့် ထိုဥစ္စာစောင့်အကြား သိဖူး တွေ့ဖူးသူတို့က ရယ်မောပြောကြသည်။

'မင်းကို သိုက်ခေါ်မသွားတာ ကံကောင်းတာပေါ့ကွ'

သို့အတွက် ဆရာလေးကိုဘမင်း ယုံကြည်သွားရသည်။

တံတားကလေးလမ်းဆုံရှိ နေအိမ်ကိုရောင်းပြီး မြို့ထဲသို့ ရွှေ့ရသည်။ အစ်ကိုဖြစ်သူအိမ် သွားနေရတော့သည်။ နောက်တော့ အလုပ်ပါ မြို့ထဲကျောင်းသို့ ရွှေ့ပြောင်းသွားခဲ့ရသည်။

ဆရာလေးဦးဘမင်းသည် ဥစ္စာစောင့်က ပစ္စည်းပေးပြီး သူတကာတွေကို မပြနဲ့ မပြောနဲ့ဟူသော စကားကို ကတိမတည်ဘဲ ထုတ်ဖော်ပြမိသည့်အတွက် ဤကဲ့သို့ ပြုမူနှိပ်စက်ခံရသည်ဟု ယုံကြည် မိလေသည်။

* * *

www.dhammaransi.com



## ဥစ္စာစောင့် လူဝင်စားကလေး မောင်ချစ်စု

တစ်ဦးတည်းသော သားလေးမို့ သူ့ကို ဦးဘအေး+ဒေါ်ခင်သောင်းတို့က ချစ်စနိုးဖြင့် မောင်ချစ်စုဟု အမည်ပေးထားခဲ့ကြသည်။

ဤသားလေး ကိုယ်ဝန်မဆောင်မီက ဒေါ်ခင်သောင်းသည် အိပ်မက်ထဲ၌ အနောက်စိန်ကြီး ဘုရားမှ လုလင်ပျိုတစ်ယောက်သည် သူ့ထံလာပြီး ခဏ လာနေပါရစေဟု ခွင့်ပန်သည်။

ပထမတော့ မခင်သောင်းက တို့ကဆင်းရဲသည်။ လာမနေပါနှင့်ဟု ပြောလွှတ်သည်။ နောက်မကြာမကြာ ခွင့်လာတောင်းတော့ ယောက်ျားဖြစ်သူ ဦးဘအေးကို ပြောပြရသည်။

'အို... သူလာနေချင်တာ လာပစေပေါ့ကွာ၊ တို့မှာလဲ သားသမီး ရှိတာမှ မဟုတ်တာ၊ သူ့တစ်ယောက်တော့ တို့ကျွေးနိုင်ပါတယ်'

ဦးဘအေးက ထိုသို့ပြောပြသောအခါ ဒေါ်ခင်သောင်းသည် ထိုည ထိုလုလင် လာရောက်တောင်းပန်လိုက်သောအခါ လာနေရန် ခွင့်ပြုလိုက်သည်။

ဦးဘအေး- ဒေါ်ခင်သောင်းတို့သည် ချင်းခင်ရွာတွင် လယ်ကူလီလုပ်ကြသည်။ လယ်ယာပြီးသောအခါ အနောက်ပဲခူးရိုးမတက်ပြီး ဝါးခုတ်သည်။ သစ်ဆွဲသည်။ သက်ကယ်ရိတ်ကြသည်။

www.dhammaransi.com



ရာအလုပ်ကို ကြုံသလို ကြိုးစားလုပ်ကြသော လင်တစ်ထမ်းမယား တစ်ရှက် တက်ညီလက်ညီ လင်မယားဖြစ်ကြသည်။

အသက် (၂၀)တွင် အိမ်ထောင်ကျကြသော်လည်း ယခု အိမ်ထောင်သက် (၅) နှစ်ရှိလာပြီ ဖြစ်သော်လည်း သားသမီး တစ်ဦးတစ်ယောက်မျှ မထွန်းကားကြ။ သို့အတွက် သူတို့ဘဝသည် လယ်ကူလိဟု ဆိုသော်လည်း သားသမီး စားမည့်သူ မရှိ၍ လည်းကောင်း၊ လင်မယား တက်ညီလက်ညီ လုပ်သဖြင့်လည်းကောင်း၊ ရွာတွင် အိမ်ပိုင်ခြံပိုင်လေးနှင့် နေနိုင်ပြီး ကသီလင်တ မရှိသော လင်မယားဘဝဖြင့် သာယာချမ်းမြေ့စွာ နေနိုင်ခဲ့ကြလေသည်။

မခင်သောင်းထံ လာရောက်နေရန် ခွင့်ပန်သော လုလင်သည် စိန်ကြီးဘုရားဘက်မှ လာသည်ဟု ဆိုရာဝယ် ထိုစိန်ကြီးဘုရားသည် ဖြူးမြို့ အနောက်တောင်ထောင့် (၃) မိုင်အကွာ ပဲခူးရိုးမ တောင်ခြေတွင်ရှိသော တပင်ရွှေထီး တည်ထားကိုးကွယ်ခဲ့သော ဘုရားတစ်ဆူ ဖြစ်ပါသည်။ ထိုဘုရားသည် ပဲခူးရိုးမ တောထဲတွင် ပြုပြင် စောင့် ရှောက်မည့်သူမရှိ၊ ရွာမနီးလူမနီးတွင်ရှိပြီး ဥစ္စာစောင့်များရှိသည်ဟု နာမည်ကြီးသော ဘုရားစေတီဖြစ်သည်။

ထိုဘုရားတွင် ဥစ္စာစောင့် နာမည်ကြီး၍ သိုက်တူးသူများ ဒုက္ခရောက်ပုံသတင်း၊ မတော်တရော်လုပ်က လက်တွေ့ လက်ငင်း ဒိဋ္ဌပြပုံ အဖုံဖုံကို ကြားသိမြင်ကြသော ခင်တန်း၊ ချင်းခင်၊ ခင်ရှေ၊ ပိန္နဲကုန်း၊ ဝွေးကုန်းစသော ရွာရှိလူများသည် ထိုဘုရားကို ဝေးဝေး ရှောင်ကြသည်။

www.dhammaransi.com



တချို့ သံဃာတော်များ ထိုဘုရားအနီးရှိ ကျောင်းလေးထဲတွင် တရားသွားရောက် အားထုတ်ကြသည်။ ကျောင်းထိုင်ကြသည်။ အကျင့်ဖြောင့်မတ်သော သံဃာတော်တို့အတွက် ဆွမ်းကပ်သည်။ ပူစရာမလို။ အကျင့်မထိန်းနိုင်သော သံဃာတော်အတွက်မူ ချက်ချင်း ထွက်ပြေးရသည်။ မပြေးနိုင်က သေကြသည်က များသည်ဟု ဆိုသည်။

(၁၉၈၈ – ခုနှစ်ကပင် ထိုဘုရား၌ မတော်တရော်ပြုသော တောသွက် ကိုရင်ကြီးတစ်ပါးသည် မတော်တရော်ပြုပြီး ထွက်ပြေးခဲ့ရာ ဖြူးအရှေ့ဘက် ကျီးရိုးရွာအရောက်တွင် ထိုမိန်းကြီးဘုရား ဥစ္စာစောင့်က လိုက်လံလုပ်ကြံသတ်ဖြတ်သဖြင့် မြွေကိုက်သေဆုံးခဲ့ရသည်။ ထိုတောထွက်ကိုရင်ကြီးကိုယ်တိုင်က သူ့ကို စိန်ကြီးဘုရားက ဟာတွေဖက်သတ်နေကြောင်း နှုတ်ဟဖွင့် မိန့်ကြားသွားသည် ဆိုသည်။ ထိုစိန်ကြီးဘုရားနှင့် ဥစ္စာစောင့်သည် ယနေ့ထက်တိုင် ထိုရပ်ရွာ ပတ်ဝန်းကျင်ရှိ လူများက လေးစားကြောက်ရွံ့ကြသည်။)

မခင်သောင်းက ထိုလုလင်ကို နေရန်ခွင့်ပြုပြီး များမကြာခင်တွင် မခင်သောင်း ကိုယ်ဝန်ရှိလာသည်။ ထိုကလေး ကိုယ်ဝန်ရှိ၍ (၄) လအရောက်တွင် ကိုဘအေးသည် အိမ်ခြံနောက်တွင် ငှက်ပျောပင်စိုက်ရန် ကျင်းတူးရာ စဉ့်အိုးငယ်တစ်လုံးကို ရခဲ့သည်။ ထိုအိုးထဲတွင် ရတနာအချို့ ပါလာသည်။ ထိုရတနာအိုး ရသောညတွင် ဦးဘအေးကို အဲဒီရတနာတွေ ထုခွဲရောင်းပြီး လယ်ဝယ်၊ နွားဝယ် လယ်ယာလုပ်ကြဟု အိပ်မက် လာပေးသွားသည်။

www.dhammaransi.com



ဦးဘအေးတို့ လင်မယားသည် အိပ်မက်အတိုင်း ဖြူးဈေးသို့တက်ပြီး ပစ္စည်းများ ထုခွဲရောင်းချသည်။ ရသောငွေဖြင့် ရွာတောင်ဘက် ဇယားချောင်းအနီးတွင် လယ်ယာအချို့ကို ကိုယ့်ဘာသာကိုယ် တောထွင်းပြီး လုပ်ကြသည်။

ထိုကလေးမွေးခါနီး အချိန်ဝယ် လယ်ယာ၊ နွားအားလုံးပြည့်စုံပြီး ကိုယ်ပိုင်လယ်ယာ လုပ်နိုင်သည်။ စိန်ကြီးဘုရား အနီးရှိ ကွင်းချောင်းသဲခုံတွင် အိပ်မက်အရ မြေပဲ၊ နှမ်း သွားစိုက်ကြသည်။

ဘေးကစောင်မကူညီ၍လားမသိ၊ လယ်ယာကလည်း သီးနှံကောင်းပြီး ထွက်ကြသည်။ မြေပဲ၊ နှမ်းကလည်း ထွက်သည်။ ထိုသားကလေး မွေးသောအချိန်တွင် ဦးဘအေး+ဒေါ်ခင်သောင်းတို့တွင် အတော်အတန်ပြည့်စုံနေပြီဟု ဆိုရပေမည်။

သားကလေးမွေးသောအခါ သားကလေးကို ချစ်စနိုးဖြင့် 'ချစ်စု'ဟု ခေါ်ရာမှ ချစ်စုဟု အမည်တွင်ခဲ့သည်။ မောင်ချစ်စုကလေး မွေးကတည်းက ဦးဘအေး+ဒေါ်ခင်သောင်းတို့တွင် စီးပွားဥစ္စာ အဆင်ပြေလာခဲ့သည်။ တိုးတက်လာခဲ့သည်။ ရွာ၌ လူလတ်တန်း လယ်ရှင်စာရင်း ဝင်လာခဲ့သည်။

မောင်ချစ်စုကလေး အသက် (၆) နှစ်ရှိသောအခါ ချင်းခင်ကျောင်း ဆရာတော် ဦးစန္ဒာဝရထံတွင် အပ်နှံ၍ ပညာသင်စေခဲ့သည်။ ချင်းခင်ကျောင်းတွင် မောင်ချစ်စုသည် မောင်ဘသော် ဆိုသောသူနှင့် သူငယ်ချင်းဖြစ်မိသည်။ စာကျက်အတူတူ၊ အိမ်ပြန်အတူတူ၊ ကစားအတူတူ၊ ကျောင်းသွားအတူတူ ရှိခဲ့ပြီး အလွန်တရာ

www.dhammaransi.com



ချစ်ကျွမ်းဝင်သော သူငယ်ချင်းများ ဖြစ်လာကြသည်။

တောရွာဓလေ့ ထုံးစံအတိုင်း ကျောင်းသားအချို့ ဆွမ်းအုပ်ကိစ္စ စသည်ဆောင်ရွက်ရန် ကျောင်းတွင် ကျောင်းအိပ် ကျောင်းစား နေရသည်ရှိသည်။ မောင်ဘသော်နှင့် မောင်ချစ်စုတို့မှာ ကျောင်းအိပ် ကျောင်းစားမနေရ။ အိမ်မှာနေပြီး ကျောင်းတက်ရသည်။ ညတွင် အိမ်ပြန်အိပ်ရသည်။ လပြည့်လကွယ် အဖိတ်နေ့ ညနေတိုင်း မောင်ချစ်စုသည် မောင်ဘသော်ကို တိတ်တဆိတ်ခေါ်ကာ ကျောင်းဝင်ပေါက် ထိပ်ရှိ သရက်ပင်ကြီးအောက်သို့ ခေါ်သွားသည်။ ထိုသရက်ပင်ကြီးသည် ကျောင်းခြံစည်းရိုးဘေးတွင်ရှိသည်။ ထိုမှတစ်ဖက်တွင် လမ်းရှိသည်။ ထိုလမ်းမသည် ချင်းခင်၊ ခင်ရျော၊ ဓိးခင် သုံးရွာ ဆက်ထားပြီး မြို့မြို့ထိ ပေါက်သော လှူလမ်း၊ လှည်းလမ်းဖြစ်သည်။

ညနေစောင်းတွင် မိန်းမ ချောချော လေးနှစ်ယောက်သည် နောက်မှ အထမ်းသည် လူခပ်ကြီးကြီး၊ ရုပ်ဆိုးဆိုးနှင့် အတူတူ မြို့မြို့ဈေးမှပြန်လာကာ ထိုသရက်ပင်ကြီးရှိရာလမ်းသို့ ရောက်ရှိပြီး မောင်ချစ်စုကို မိန်းမ ချောချောကလေးများက မုန့်များပေး နှုတ်ဆက်ပြီး ဆက်လက်ထွက်ခွာ သွားကြသည်။

မောင်ချစ်စုသည် မောင်ဘသော်ကို ထိုမုန့်များကျွေးပြီး ထိုမုန့်ပေးသော အစ်မတွေအကြောင်းကို မည်သူ့ကိုမျှ မပြောရန် ပြောပြသည်။ ကတိသစ္စာတောင်းသည်။ မောင်ဘသော်လည်း မည်သူ့ကိုမျှ မပြောပါဘူးဟု ဝန်ခံကတိပြုခဲ့သည်။ မောင်ချစ်စုက

www.dhammaransi.com



မင်းကတိပေးပြီး လျှောက်ပြောရင် ငါ့အစ်မတွေက မင်းကို သွေးအန်အောင်လုပ်ပြီး သတ်ပစ်မှာ သိလားဟု ခြိမ်းခြောက်ထားသည်။

မောင်ဘသော်သည် သွေးအန်သေမှာ ကြောက်၍ မည်သူ့ကိုမျှ မပြောရဲ။ နှုတ်ပိတ်နေရသည်။ မောင်ဘသော် သစ္စာကတိတည်၍ မောင်ချစ်စုကလည်း သူ့အစ်မတွေ သွားစောင့်တိုင်း မောင်ဘသော်ကို ခေါ်ခေါ်သွားပြီး စောင့်သည်။

သူ့အစ်မတွေလာ၍ မုန့်ပေးတိုင်း မောင်ဘသော်ကို အမြဲပေးစားသည်။ မောင်ဘသော်သည် အလွန်တရာ ချောမောလှပသော မောင်ချစ်စု အစ်မများကို မြင်ရဖန်များသောအခါ...

'မင်းအစ်မတွေက သိပ်လှတာပဲ၊ ငါကြီးရင်တော့ မင်းအစ်မတွေကို လိုချင်လိုက်တာ'ဟု တစ်ခါတစ်ရံ နောက်ပြောင်သဘောဖြင့် ပြောမိသည်။

'မင်း ငါ့အစ်မတွေကို လိုချင်ရင် ခွေးနက်ကြီးနဲ့ အတူတူ အိပ်ရမှာပေါ့ကွာ'ဟု မောင်ချစ်စုက ပြန်ပြောတတ်သည်။

မောင်ချစ်စု သင်ပုန်းကြီး၊ မင်္ဂလသုတ်စသည် ကုန်အောင် သင်ယူပြီးသောအခါ ဗုဒ္ဓဘာသာ ထုံးစံဓလေ့အရ ရှင်ပြုရန်စီစဉ်ကြသည်။ ဆရာတော်ထံ အလှူရက်တောင်းပြီး ရက်သတ်မှတ်ကြသည်။

အလှူရက် သတ်မှတ်ပြီးကတည်းက မောင်ချစ်စု ကျောင်းမှာ အိပ်ရသည်။ မောင်ဘသော်ကလည်း အတူတူ လိုက်၍အိပ်သည်။ မောင်ချစ်စုကို ရှင်ပြုရန် ရက်သတ်မှတ်ပြီးသောညတွင် ဦးဘအေးကို အိပ်မက်ပေးသည်။

www.dhammaransi.com



'မောင်လေးကို လှည်းပေါ်တင်ပြီး စိန်ကြီးဘုရားကို လာပြပါ၊ သူတို့လဲ အလှူထဲ ပါဝင်ပါမည်'

ထိုအိပ်မက်ကို ရသောအခါ ဦးဘအေးတို့သည် ဆရာတော်ထံ သွားရောက် လျှောက်ကြသည်။ ဆရာတော်က 'သွားပြကနင်တို့သားကို လိပ်ပြာနှုတ်ခေါ်ထားလိမ့်မည်။ သူတို့က ရှင်ပြုတာကိုကြိုက်မှာမဟုတ်၊ ဤကလေး သာသနာ့ဘောင် ဝင်သွားက သူတို့နှင့်ဆက်သွယ်ရတော့မှာမဟုတ်ဟု ထင်မှတ်ပြီး လိပ်ပြာနှုတ်ထားလိမ့်မည်။ ဤကလေးကို သိုက်နန်းနှင့် ပြတ်အောင် လုပ်ရမည်။ သွားမပြကြနဲ့'ဟု အမိန့်ရှိသည်။

ဦးဘအေးတို့ လင်မယားမှာ သောကတွေ ဖြစ်ကြရသည်။ သူတို့သား သိုက်က လာသည်ကို သူတို့လည်း သိသည်။ သွားပြခဲ့သော် ဆရာတော်ပြောသလို လိပ်ပြာနှုတ်ထားလိုက်မှာကို စိုးရိမ်မိသည်။ ဆရာတော်၏ အရိပ်အာဝါသအောက် ရောက်သွားပြီဖြစ်၍ သိုက်က မနှောင့်ယှက်နိုင်ဟု ယုံကြည်မိကြသည်။

သို့အတွက် သူတို့သားကို အိပ်မက်ထဲကပြောသလို သွားပြရန် ကိစ္စ မပြုလိုတော့။ ရှင်ပြုရေးကိုသာ အားကြိုးမာန်တက်ဆောင်ရွက်သည်။ ဆရာတော်ကလည်း မောင်ချစ်စုကို အခန်းနေဦးပဉ္စင်းကို အပ်ပြီး မျက်စေ့အောက်က အပျောက်မခံ စောင့်ရှောက်စေသည်။ ပရိတ်ချည်ကို ဖွဲ့ပေးထားသည်။ အစည်းအတား အနှောင်အဖွဲ့များ လုပ်ပေးထားသည်။

ရှင်ပြုမည့်နေ့ ရောက်လာသည်။ ရှင်လောင်းလှည့်သည်။

www.dhammaransi.com



ရှင်လောင်းလှည့်မှအပြန် ညနေစောင်းတွင် မောင်ရင်လောင်း မောင်ချစ်စု၏ မင်းမြောက်တန်ဆာများ ချွတ်အပြီး မဏ္ဍပ်ထဲ၌ ထိုင်နေစဉ်...

'ဟော...မမတို့လာတယ်၊ မမတို့လာတယ်'ဟု မောင်ချစ်စုက အော်ပြောပြီး လမ်းမဘက် ထွက်ပြေးသွားသည်။ သူ့အစ်မများကို ကြိုဆို ခေါ်လာသည်။ မည်သူမျှ သူ့အစ်မတွေကို မမြင်။ မောင်ဘသော်မျှ မမြင်တော့။ လူတွေအားလုံး အံ့အားသင့်ကြသည်။

မောင်ချစ်စုသည် သူ့အစ်မများနှင့် စကားပြောပြီး သူ့အစ်မများ ပြန်သွားသည်။ ထိုအချိန်မှစ၍ မောင်ချစ်စု စကားမပြောတော့။ မေး၍လည်းမရ။ ဘာမျှမပြော။ မိဘများအပါအဝင် အားလုံး ထိတ်လန့်တုန်လှုပ်ကြသည်။

ဆရာတော်ကတော့ ပရိတ်မေတ္တာ မန်းပေးသည်။ သရဏဂုံတော့ ဆိုခိုင်းကြည့်သည်။ သရဏဂုံတော့ ဆိုခိုင်း၍ရသည်။ အခြားဘာမျှ မေးပြော မရတော့။ သူ့အစ်မ ဆိုသည့်အကြောင်း ဘာမျှ မေးမရတော့။ မေးတိုင်း ခေါင်းခါတော့သည်။

နောက်နေ့ အလှူပွဲကြီးနေ့ဖြစ်သည်။ ရှင်လောင်းကို အခမ်းအနားနှင့် မဏ္ဍပ်သွင်းသည်။ မဏ္ဍပ်သွင်းပြီးနောက် ဆံချသည်။ ပရိက္ခရာအစုံနှင့် သင်္ကန်းဝတ်ပေးသည်။ ရှောရှောရှူရှူပင် ပြီးစီးသွားသည်။

အလှူပွဲ တရားနာသည်။ ရေစက်ချသည်။ အမျှဝေသည်။ အမျှဝေပြီးသည်၏အဆုံးဝယ် ဦးဘအေးရှေ့သို့ မီးလုံးတစ်လုံး

www.dhammaransi.com



ကျလာသည်။ ကွယ်ပျောက်သွားသည်။ ထိုမီးလုံး ကွယ်ပျောက်သည်နှင့် တစ်ပြိုင်နက် ဦးဘအေးပါ အသက်ကုန်သွားတော့သည်။

အလှူမင်္ဂလာပွဲအပြီး ဦးဘအေး အသုဘပွဲ ဆက်လက်လုပ်ဆောင်ကြရသည်။ မောင်ချစ်စု ရှင်သာမဏေ ဆက်ဝတ်သည်။ မောင်ချစ်စု ရှင်သာမဏေထွက်ပြီး၍ (၇) ရက်အကြာတွင် မောင်ချစ်စု ရော သူ့မိခင် ဒေါ်ခင်သောင်းပါ ရေ့ဆင့် နေ့စက်ဆင့် ကွယ်လွန်ခဲ့ကြသည်။

တစ်ရွာလုံးကတော့ သူတို့ကို စိန်ကြီးသိုက်နန်းက ပြန်ခေါ်သွားသည်ဟု ဆိုကြသည်။

ထိုကတည်းက စိန်ကြီးဘုရားနှင့် စိန်ကြီးဘုရား ဥစ္စာစောင့်တို့ကို ပတ်ဝန်းကျင်ရှိ ရွာသားတို့အားလုံး ကြောက်ကြသည်။ မည်သူမျှ ထိုဘုရားအနားသို့ မသွားရဲကြ။ မတော်တရော်လည်း မလုပ်ရဲကြတော့။

(ယခုအချိန်တွင် ထိုဘုရားကို ညောင်ပင်သာ စိုက်ပျိုးရေးဥယျာဉ်မှ ၇ဂ္ဂိုလ်များနှင့် ညောင်ပင်သာရွာမှ သဒ္ဓမ္မပကာသနီပဋ္ဌာန်းအဖွဲ့ဥက္ကဋ္ဌကြီး ဦးတုတ်လှတို့က မြို့နယ် သံဃနာယက ဆရာတော်များ၏ ဩဝါဒကို ခံယူပြီး ထိုဘုရားကို ပြန်လည်ပြုပြင်နေသည်ဟု သိရသည်။

မောင်ချစ်စုအကြောင်းကို ကိုယ်တွေ့ကြုံခဲ့ရသော ချင်းခင်ရွာမှ ဘကြီးဘသော်၏ ပြောပြချက်အရ ရေးသားတင်ပြရပါသည်။)

www.dhammaransi.com



## ကျုတ်ကုန်း

ကျုတ်ကုန်းဆိုသည်မှာ ကျုတ်၊ ပြိတ္တာများ နေထိုင်ရာ ပိုင်ဆိုင်ရာ နေရာဒေသကို ကျုတ်ကုန်းဟု ခေါ်ဆိုကြပါသည်။

ထိုကျုတ်များ နေထိုင်ရာ ပိုင်ဆိုင်ရာ ကုန်းတွင် လယ်လုပ်၊ ယာလုပ်ကြသော သူတို့သည် ထိုကျုတ်များကို တစ်နှစ်တစ်ခါ ပုံမှန် ကျုတ်ဖို၊ ကျုတ်မသားများနှင့် ကျွေးမွေးရသည်။ မကျွေးမွေးပါက အန္တရာယ်ပြု တတ်သည်ဟုဆိုပါသည်။ စာရေးသူတို့ ငယ်စဉ်က စာရေးသူ တို့မွေးဖွားရာ ဖြူးမြို့နယ်၊ ကျောက်တိုင်ရွာ အနောက်တောင ထောင့်ရှိ ရိုးလေးကုန်းမြေဟု ခေါ်သော ကုန်းမြေသည် ကျုတ်ကုန်းဟု ထင်ရှားသည်။

ထိုမြေယာကို လုပ်ပိုင်ခွင့်ရှိသော ဦးသူတော်သည် ကျုတ်များကို တစ်နှစ်တစ်ခါ ကျွေးရသည်။

မိုးဦးကျခါနီး အခါတွင် ကျွေးရသည်။ စာရေးသူကိုယ်တွေ့ တင်ပြရသည်ရှိသော် ကျုတ်ကို ကျွေးတော့မည်ဆိုလျှင် ကျုတ်ဖို ကျုတ်မသားကို အစိမ်းရော အကျက်ပါ ထည့်ကျွေးရသည်။ တောင်ပံ အစိမ်းများလည်း ယူလာရသည်။ ကျုတ်ကျွေးသည်မှာ ညနေပိုင်း ကျွေးလေ့ရှိပါသည်။

ကျုတ်ကျွေးသွားတော့မည်ဆိုလျှင် မည်သူ့ကိုမျှ မဖိတ်ကြား ရပါ။ သိသူက လိုက်စားနိုင်သည်။ လိုက်စားသူကိုလည်း မလိုက်ရဟု မပိတ်ပင်ရပါ။ ကျွေးမည့်နေရာအရောက်တွင် တွင်းကလေးနှစ်တွင်း

www.dhammaransi.com



တူးပြီး ထိုအထဲသို့ ထမင်းများ ထည့်ရသည်။ အဲပေါ်မှ ကြက်သည်း ကြက်မြစ် ကြက်သားများ ထည့်ပုံရသည်။ အတောင်ပံအစိမ်းများကိုမူ ဘေးတွင် ပြင်ဆင်ထားရသည်။

အားလုံး ပြင်ဆင်ပြီးသောအခါ ကျွေးသူက ကြေးဖလားကို လက်နှင့်ဖြစ်စေ၊ တုတ်နှင့်ဖြစ်စေ တီးခတ်ပြီး–

'ဤကုန်းတွင်နေကြသော ကျတ်အို၊ ကျတ်မင်းများ အပါ အဝင် အားလုံးကို ပင့်ဖိတ်၍ ကျွေးမွေးပြုစုပါသည်။ လာရောက် သုံးဆောင်ကြပါ'ဟု ဖိတ်ခေါ်ရသည်။

ထိုသို့ဖိတ်ခေါ်ပြီး ခဏအကြာတွင် ယင်ကြီးကြီး တစ်ကောင် သည် ဝီဝီအသံမြည်လျက် ရောက်လာသည်။ ချကျွေးထားသော အပုံများကို တစ်ပုံပြီးတစ်ပုံ လိုက်လံ နမ်းကြည့်သည်။

'ဆေးမခတ်ပါဘူး၊ ဝါးမခတ်ပါဘူး၊ စိတ်ချစွာ သုံးဆောင်ပြီး သားသမီးတို့ကိုလည်း စောင့်ရှောက်ပေးပါ'ဟု ကျွေးသူက ပြောရ သည်။

ယင်ကောင်ကြီးသည် အကုန်လုံးနားပြီး၊ နမ်းပြီးသောအခါ ဝီဝီအသံပြင်းစွာ မြည်ပြီး ပျံထွက်သွားသည်။

ထိုယင်ကြီးပြန်သွား၍ မကြာခင်ပင် ယင်ကောင်အရွယ်မျိုးစုံ ရောက်လာပြီး လာစားပါသည်။ တချို့ ယင်ကို ယင်ကြီးများက ကျောပိုးသဘော ပိုးပြီး ခေါ်လာသည်ကို တွေ့ရသည်။

ယင်းမှာ ကျတ်အဘိုးအိုများကို ကျတ်လူလတ်များက သယ်ယူလာပြီး စားသောက်စေခြင်းဟု ဆိုပါသည်။

www.dhammaransi.com



ထိုယင်များ လာစားချိန်တွင် ပါလာသော လူပရိသတ်ကိုပါ ကျွေးမွေးရသည်။ အကုန်ကျွေးမွေးရသည်။ ချန်မထားရပေ။

ယင်များ စားပြီး၍ အသီးသီး ပျံထွက်သွားကြသည်။ စာရေးသူသည် ယင်များ ပျံသွားပြီး ကျန်ရစ်ခဲ့သော အမုံထဲ အသည်းအမြစ်တစ်တုံးကို ကျွေးသူ မသိအောင် အသာ ကောက်ယူ စားမိသည်။

ထိုအသားတုံးသည် ဘာမျှ အရသာ မရှိတော့။ သွေးခဲကြီး ဝါးစားရသကဲ့သို့ပင် ရှိတော့သည်။ ကျတ်များသည် အရသာကို စုပ်ယူစားသောက်သွားဟန် သဘောရှိသည်။

ဤသည်မှာ စာရေးသူငယ်စဉ်က ကြုံတွေ့ခဲ့ရသော ကျတ် ကျွေးပွဲဖြစ်ပါသည်။

## ကျတ်ကျွေးမွေးခံရသော ကျောက်ထိုးဆေးဆရာ

အင်္ဂလိပ်များ အုပ်စိုးသော ခေတ်ကဖြစ်သည်။ ဦးဘခင်သည် ထီးချိုင့် ကျောက်ထိုးဆရာအဖြစ် တာဝန်ကျသည်။ ထီးချိုင့်မြို့ ပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ ကျောက်ဆေး လိုက် ထိုးပေးရသည်။

တစ်နေ့တွင် ရွာတစ်ရွာမှ ကျောက်ဆေးထိုးပြီး ပြန်လာခဲ့ သည်။ ထိုရွာနှင့် ထီးချိုင့်မြို့လေးမှာ အတော်အလှမ်းဝေးသည်။ ရွာတွင်ဆေးထိုးရသည်မှာ အချိန်နောက်ကျ၍ ထီးချိုင့်သို့ ပြန်လာ ရာတွင် မိုးချုပ်ခါနီးမှ တစ်ယောက်တည်း ပြန်လာခဲ့ရသည်။

www.dhammaransi.com



ဦးဘခင်သည် သရဲတစ္ဆေကို ကြောက်လန့်တတ်သူ မဟုတ်ပေ။ သို့အတွက် မိုးချုပ်သော်လည်း ပြန်လာခဲ့ပေသည်။

ရွာမှအထွက် လူတစ်ခေါ် အဝေးသို့ အရောက်တွင် တောအုပ်ကလေးတစ်ခုကို ဖြတ်ကျော်ရသည်။ တစ်ခါမျှ မသွားဖူးသောလမ်းဖြစ်၍ အနည်းငယ်တော့ စိုးရိမ်စိတ်ရှိမိသည်။

တောအုပ် အလယ်လောက် အရောက်တွင် ဦးဘခင်သည် မမျှော်လင့်ဘဲ ရွာကြီးတစ်ရွာကို သွားတွေ့ရသည်။ တစ်ရွာလုံး မီးအိမ်တွေနှင့် လင်းနေသည်။ အိမ်မှာလည်း အိမ်ကြီး အိမ်ကောင်းတွေချည်း ဖြစ်သည်။

'ငါ ထီးချိုင့်ရောက်တာ သုံးနှစ်ရှိပြီ၊ ဒီလိုရွာမျိုး တစ်ခါမျှ မတွေ့ဖူး၊ မရောက်ဖူးသေးပါဘူး၊ ကျောက်ဆေးလဲ ထိုးမပေးခဲ့ရပါဘူး'

ဦးဘခင်သည် ထိုရွာကို လေ့လာ အကဲခတ်ရင်း ဤသို့တွေးရင်း လာရာ ရွာလယ်အရောက်တွင် အိမ်သန့်သန့်ကြီး ခြံဝင်းကြီးကလည်း ကျယ်ကျယ်၊ ပန်းမန်တွေ စုံစုံလင်လင်နှင့် အိမ်မှ လူကြီးတစ်ယောက် ထွက်လာပြီး ဦးဘခင်ကို ပြုံးရွှင်စွာနှင့်-

'ဆရာလေး မိုးချုပ်လှချည်လား၊ ဆေးနှစ်တွေတော်တော် ထိုးနေရတယ် ထင်တယ်၊ လာပါအိမ်ထဲ ဝင်နားပါဦးဟု ပြောပြီး ဦးဘခင်ကို သိဟောင်းကျွမ်းဟောင်းပမာ နှုတ်ဆက်ပြီး ဖိတ်ကြားသည်။

'ဩော်... ငါက မသိပေမယ့် ငါက ဒီနယ် တာဝန်ကျ ကျောက်ထိုးဆရာဆိုတော့ သူတို့က သိနေမှာပေါ့လေ၊ မိုးစိန်က

www.dhammaransi.com



လူတိုင်းမသိပေမယ့် ဖိုးစိန်ကိုတော့ လူတိုင်းက သိနေသလို ဖြစ်မှာပေါ့'

ဦးဘခင်သည် ဤသို့ထင်ပြီး ထိုလူကြီးနောက် လိုက်သွားသည်။ အိမ်အပေါ်ထပ်တွင် မီးတွေ လင်းနေသည်။ ဦးဘခင် အပေါ်အရောက်တွင် ထိုလူကြီး၏ သမီးပျိုကလေးက ဖျာတွေ ခင်းပေးပြီး ထိုင်ခိုင်းသည်။ ဦးဘခင်သည် ဆေးလွယ်အိတ်ကို ဘေးချကာ တင်ပျဉ်ခွေချိတ်ပြီး ကျကျနနထိုင်ပြီး အိမ်ကို လေ့လာမိသည်။ အိမ်မှာ အလွန်ခမ်းနားသော ရှေးအိမ်ကြီး ပုံစံဖြစ်သည်။

ခဏမှာပင် ထိုလူကြီး၏ ဇနီးနှင့် သမီးက ထမင်းပွဲပြင်ဆင်ကာ ဦးဘခင်ရှေ့ လာချပေးသည်။ ဟင်းတွေကလည်း ဘုန်းကြီးဆွမ်းကျွေးသကဲ့သို့ ဖွယ်ဖွယ်ရာရာ စုံနေသည်။

'ကဲ... ဆရာလေး စားလိုက်ပါဦး'

လူကြီးက ပြောသည်နှင့်တစ်ပြိုင်နက် ဦးဘခင်သည် ခရီးပန်း၍ မောကလည်းမော၊ ဆာကလည်း ဆာသည်မို့ လက်ကပျာကယာ ဆေးကာ ထမင်းကို အားရပါးရ စားလိုက်သည်။

ထမင်းစားပြီး အချိုပွဲများ ရောက်လာ၍ ဆက်လက်စားလိုက်ပြန်သည်။ လူကြီးက သူစားသည်ကို အားရဝမ်းမြောက်စွာနှင့် ကြည့်နေသည်။

ဦးဘခင်သည် စားသောက်ပြီးလျှင်ပြီးချင်း ဗိုက်လေးပြီး အိပ်ချင်လာသည်။ မျက်စိက လေးလာသည်။

'ဆရာလေး ခရီးကလည်း ပန်းလာတယ်၊ ဒီည ဒီမှာပဲ အိပ်လိုက်ပေါ့။ မနက်ကျမှ ထီးချိုင့်ကို ဆက်ကူးပေါ့' လူကြီးက

www.dhammaransi.com



ဖော်ရွေစွာပင် ပြော၍ ဦးဘခင်သည် အသာပင် ခေါင်းညိတ်လိုက်သည်။ ထမင်းပွဲ၊ အချိုပွဲများ သိမ်းသွားပြီး ထိုလူကြီး ဇနီးက အိပ်ယာခင်းပေးသည်။

ဦးဘခင်သည် အစာ စားသည်မှာ များသွားပြီး ဗိုက်က လေးလာသောကြောင့် ခင်းပေးထားသော အိပ်ယာပေါ်တွင် အားရပါးရ အိပ်လှဲချလိုက်သည်။

မကြာမီ အိပ်ပျော်သွားသည်။

ဦးဘခင် ဗိုက်က လေးလေး၊ လူက မောမောနှင့် အိပ်လိုက်သည်မှာ မည်မျှကြာသွားသည်မသိ။ နံနက် နေထွက်တွင် နိုးလာသည်။ နိုးလာ၍ ပတ်ဝန်းကျင်ကို ကြည့်သောအခါ ညက သူအိပ်ခဲ့သော အိမ်ကြီးကို မတွေ့ရ။ ရွာကြီးကိုလည်း မတွေ့ရတော့ချေ။

မိမိသည် တောင်ပို့ကမူကလေးပေါ်တွင် ရောက်နေသည်။ ဆေးအိတ်လည်း မိမိဘေးတွင်ရှိသည်။ ညက ခင်းပေးထားသော ကော်ဇောသည် ဗန်းမိုးရွက်တွေဖြစ်နေသည်။ ညက ချပေးထားသော ပန်းတွေနှင့်ခေါင်းအုံးသည် ဖက်နှင့်ပတ်ထားသော ကျစ်စာခဲထုပ် ဖြစ်နေသည်။

ဦးဘခင်သည် ကဗျာကယာ ထ,ကာ ပတ်ဝန်းကျင်ကို ကြည့်သည်။ ကျတ်အကြောင်း မကြားဖူး မသိဖူး၍ မိမိကိုယ်ကို အံ့ဩနေမိသည်။ ညကတွေ့ရသောရွာကို ပတ်ဝန်းကျင်၌ ရှာဖွေနေမိသည်။

ပတ်ဝန်းကျင်တွင် ဘာရွာမျှ မရှိ၊ တောဖြုတ်တွေသာ

www.dhammaransi.com



ရှိသည်။ ဦးဘခင်သည် မယုံနိုင်လောက်အောင် အံ့ဩဘနန်းဖြစ်ပြီး မိမိ ဆေးအိတ်ကိုဆွဲယူကာ ထီးချိုင့်သို့ ထွက်လာခဲ့သည်။

ထီးချိုင့်ရောက်မှ အကျိုးအကြောင်း ပြောပြရာ ကျွတ်တွေက ကျီစားတာဖြစ်ကြောင်း သိရသည်။

ထိုအခါမှ ဦးဘခင်သည် တစ္ဆေ သရဲ ကျွတ် ဥစ္စာစောင့်တို့ကို တကယ်ရှိကြောင်း နာနာဘာဝ ဝိနာဘာဝ ပြိတ္တာတွေ လောကတွင် တကယ်ရှိကြောင်း ကိုယ်တွေ့ကြုံမှ ယုံရမိတော့သည်။

## ကျွတ်၊ ပြိတ္တာပင့် ခံရသော ဆရာတော်

မရွှေဘုန်းကြီးလေးဟု ရပ်ရွာက သမုတ်ခေါ်ခံရသော ဦးပဥ္စင်းဦးညေယျသည် ကညွတ်ကွင်းအရှေ့ဘက် ဂုံမင်ကွင်းရွာတွင် ဘုန်းကြီးကျောင်း တည်ခါစ ကျောင်း၌ စတင်ထိုင်ရသည်။

ကျောင်းကို ရွာနှင့်တစ်ခေါ်လောက်ဝေးသော စားကျက်တော၌ တည်ထားသည်။ ကျောင်းတည့်စဖြစ်၍ ကျောင်းတွင် ကပ္ပိယ ဦးစံဖေနှင့် မရွှေဘုန်းကြီးလေးသာ ရှိသည်။

ကပ္ပိယ ဦးစံဖေက မီးတင်းကုတ် ဆွမ်းချက်တဲတွင် အိပ်သည်။ မရွှေကိုယ်တော်ကလေး ကျောင်းထိုင်၍ တစ်လကျော် ကျော်ရှိသော တစ်ည သန်းခေါင်ယံတွင် မရွှေကိုယ်တော်ကလေးကို ဒါယကာ နှစ်ဦးသုံးဦးက လာနှိုးပြီး ပင့်သည်။

'တပည့်တော်တို့ ခရီးသွားတွေပါဘုရား၊ ခရီးသွားရင်း

www.dhammaransi.com



ကလေးဆုံးသွားလို့ သရဏဂုံ တင်ချင်လို့ပါဘုရား ကြွရောက် သရဏဂုံ တင်ပေးပါဘုရား'

ခေါင်းပေါင်းနှင့် ဒကာကြီးကြီးက လျှောက်ထားသည်၊ မရွှေးကိုယ်တော်က ကျောင်းဝင်းအပြင် လှမ်းကြည့်မိသည်။ ကျောင်းအပြင်ဘက်တွင် မီးတုတ်တွေနှင့် လှည်းအတော်များများကို လှမ်းမြင်ရသည်။

ကျောင်းအောက်တွင်လည်း ဒကာတစ်ယောက် မီးတုတ်နှင့် စောင့်နေသည်။

မရွှေးကိုယ်တော်ကလေးသည် ဗုဒ္ဓဘာသာ ရဟန်းတော်များ တာဝန်အရ လုပ်ပေးရမည့် တာဝန်ရှိနေသဖြင့် ညဥ့်သန်းခေါင်ယံ ဖြစ်နေသော်လည်း ဒကာ၊ ဒကာမတို့ကို မေတ္တာထား ငဲ့ညှာသောအားဖြင့် အတွင်းခန်းဝင်ပြီး သင်္ကန်းရုံသည်။ ပြီးလျှင် ယပ်ထမ်းကာ ကြွလိုက်လာသည်။

(ထိုခေတ်က ဆရာတော် သံဃာတော်များ ယပ်ထောင်ပြီး တရားဟောလေ့၊ ရေစက်ချလေ့ ရှိသဖြင့် ထန်းလက်ယပ်ကို အမြဲ သယ်ယူရသည်။)

လှည်းတွေနားအရောက်တွင် မီးတုတ်တွေနှင့် လူအတော်များများကို တွေ့ရသည်။ ကလေးအလောင်း ထည့်ထားသော မသာအခေါင်းကလေးကို လူနှစ်ယောက်က ထမ်းထားသည်ကိုလည်း တွေ့မြင်ရသည်။

သို့အတွက် မရွှေးကိုယ်တော်လေးက အလောင်းရှေ့က

www.dhammaransi.com



ကြသည်။ လူအုပ်က နောက်က,လိုက်သည်။ မိန်းမ တစ်ယောက် နှစ်ယောက် ငိုသံလည်း ကြားရသည်။

သချိုင်းသို့ ရောက်လာသည်။ အမြင့်တစ်ခုပေါ်တွင် ဖျာခင်းပေးသည်။ ကွပ်ပျစ်ခင်းဟု မရွှေးကိုယ်တော်လေးက ထင်သည်။ မိမိထိုင်သောအခါ အလောင်းထည့်ထားသောခေါင်းကို မိမိရှေ့တွင် ချထားသည်။ မိမိက ယပ်ကို ဒကာတွေ မမြင်အောင် ကာလိုက်ပြီး–

'ကဲ– ရှိခိုးကြ၊ ရှိခိုးကြ'ဟု ယပ်ကာအတွင်းက အမိန့်ရှိလိုက်သည်။ ပြီးလျှင် ဦးခေါင်းစိုက်ကာ စက္ခုမြွေချပြီး အောက်ဆိုက်နေကာ ဒကာတို့၏ သြကာသ ဘုရားရှိခိုးသံကို နားစွင့်နေလိုက်မိသည်။

သြကာသ ဘုရားရှိခိုးသံသည် ဘာသံမျှပေါ်မလာ တိုးတိုးများ ဆိုနေသလားဆိုပြီး ခဏနားစိုက်ထောင်ကြည့်သည်။ ဘာသံမျှမကြားရ လူတွေ ဒီလောက်အများကြီး အသံအနည်းငယ်တော့ ကြားရမှာပ။

အသံမကြားရ၍ ယပ်ကိုလှဲချပြီး ရှေ့ကို ကြည့်မိလိုက်သည်။ ဘာတစ်ကောင် တစ်မြီးမျှ မရှိကြတော့။ လူတွေ ဘယ်ပျောက်ကုန်ပါလိမ့်၊ မရွှေးကိုယ်တော် အံ့အားသင့်သွားသည်။

မိမိရှေ့က အလောင်းအခေါင်းကို ကြည့်သည်။ အခေါင်းကို မတွေ့ရတော့။ ကင်းလိပ်ရှော အသေကောင်လေးတစ်ကောင်သာ မိမိရှေ့တွင် တွေ့ရသည်။ မိမိထိုင်နေသည်ကို ကြည့်မိသည်။ လွန်ခဲ့သောလက သေသူအလောင်းတင်သည့် ကွပ်ပျစ်စွန့်ပစ်ထားသည့်ပေါ်တွင် ထိုင်နေမိသည်ကို တွေ့ရသည်။

www.dhammaransi.com



မရွှေးကိုယ်တော်ကလေး ကြောက်လန့်သွားမိသည်။ ညကြီးသန်းခေါင် သချိုင်းမှာ မိမိတစ်ပါးတည်းဖြစ်နေသည်။ မိမိရှေ့တွင် မြင်တွေ့နေရသော သစ်ပုတ်ငယ်များကို ထိုသတ္တဝါများဟု ထင်ကာ ယပ်နှင့် တအားခုတ်ပြီး တစ္ဆေတွေဟု ရေရွတ်ပြီး သချိုင်းထဲက ခပ်သုတ်သုတ် ပြန်ကြွလာခဲ့ရတော့သည်။

ကျောင်းရောက်သည်အထိ အကြောက်မပြေ။ အမောမပြေ ကပ္ပိယ ဦးစံဖေကို သွားရောက် နှိုးယူရသည်။

'ကိုယ်တော် ညကြီးသန်းခေါင် ဘာကိစ္စရှိလို့လဲဘုရား'

ကပ္ပိယ ဦးစံဖေက အိပ်မှုန်စုံမွှားဖြင့် မေးလျှောက်သည်။

'ဒကာကြီး၊ ခုနက ကျောင်းဘေးမှာ လှည်းတွေ၊ မီးတုတ်တွေနဲ့ ဆူညံနေတာ မကြားဘူးလား'

'မကြားမိပါဘူးဘုရား၊ ဒါနဲ့ အရှင်ဘုရားက သင်္ကန်းရုံပြီး ညကြီးသန်းခေါင် ဘယ်ကြွမလို့လဲဘုရား'

'သချိုင်းကုန်းက ကြွလာတာဗျို့၊ ရေတစ်ခွက်လောက် မြန်မြန်ကပ်စမ်းပါဗျာ'

ဦးစံဖေက မရွှေးကိုယ်တော်လေးကို တအံ့တသြကြည့်ပြီး ရေကို ကဗျာကယာ ခပ်သည်။ မရွှေးကိုယ်တော်လေးက ရေဘုဉ်းပေးပြီးမှ သူ့အဖြစ်ကို ကပ္ပိယ ဦးစံဖေအား ပြောပြရှင်းပြရသည်။

'ဩော်–ဩော် ဟိုတောဖြုတ်နားက ကျတ်ကုန်းက ကျတ်တွေ အရှင်ဘုရားကို လာပင့်တာကိုး ဘုရား၊ သူတို့ ကျတ်သေလို့ဖြစ်မှာပေါ့ ဘုရား'

www.dhammaransi.com



ဦးစံဖေက ကျတ်ကုန်းအကြောင်း ရှင်းပြမှ မရွှေးကိုယ်တော် သဘောပေါက်သည်။ ကျတ်သေ ကင်းလိပ်ရောကိုလည်း သတိရမိတော့သည်။

ကျတ်ဆိုသည်မှာ ဤသို့သော၊ ကျိစယ်သောသဘော၊ နောက်သောသဘော ရှိပေသည်ဟု မရွှေးကိုယ်တော်လေး သဘောပေါက်သွားမိသည်။

* * *

## ဂျူးမလေး ကယ်ဆယ်ခဲ့ရသော စိန့်ပန်းပင်ပေါ်က အဘိုးအို

'သမီးလေး ဘဘကို ကူညီပါ၊ ဘဘ သမီးတို့အိမ်ရှေ့က စိန့်ပန်းပင်မှာ နေရပါတယ်။ ဘဘ အထက်ကို သွားလိုပါတယ်'

ပိတ်ဖြူဝတ်ဆင်ထားသော ကုလားလိုလို အဘိုးအို တစ်ဦးသည် ဂျူးမလေး အိယာထံ ရောက်လာပြီး သနားစဖွယ် တောင်းပန်တိုးလျှိုး ပြောနေသည်ကို အိပ်မက်ထဲတွင် တွေ့မြင်ရသည်။

သည်အိပ်မက်မက်ပြီး လန့်နိုးသွားသည်။ ဘယ်လို အိပ်မက်ပါလိမ့်။ သည်လို အိပ်မက်မျိုး တစ်ခါမျှ မမက်ဖူး။ ကြောက်သလိုလို၊ တုန်လှုပ်မိသလိုလို ခံစားမိသွားသည်။ ဘုရားသခင်ကိုလည်း တမ်းတဆုတောင်းမိလိုက်သည်။

'အို- စိတ်ချောက်ချားလို့မက်တာ ဖြစ်ပါလိမ့်မယ်' မိမိကိုယ်ကို စိတ်ဖြေပြီး ပြန်အိပ်လိုက်မိသည်။ ပြန်လည်အိပ်ပျော်သွား

www.dhammaransi.com



မိသည်။ ထိုအကြောင်းကို သာမန် အိပ်မက်လို ထင်ပြီး မေ့မေ့ပျောက် ပျောက် နေလိုက်မိသည်။

နောက်တစ်နေ့ည ရောက်လာပြန်သည်။ ပိတ်ဖြူဝတ် အဘိုးကြီးသည် ရောက်လာပြန်သည်။ ယမန်နေ့ညကလိုပင် သနားစ ဖွယ် တောင်းပန်စကားဆိုပြန်သည်။ အိယာ အိပ်မက်မက်ပြီး လန့်နိုးပြန်သည်။

စဉ်းစားပြန်သည်။ ဘယ်လိုလဲ ... ဘယ်လိုအိပ်မက်လဲ။

မျက်စိထဲတွင် သနားစဖွယ် အဘိုးကြီး မျက်နှာသည် တရစ်ဝဲဝဲမြင်နေရသည်။ အဘိုးကြီးသည် တစ္ဆေသရဲလား၊ တစ္ဆေသရဲလို ကြောက်စရာကောင်းသည့် အသွင်လည်း မပေါ်။ ဘယ်လိုကြောင့် သူမကို လာရောက် သနားစဖွယ် တောင်းခံနေပါသနည်း။ ယမန်နေ့ ညကလို တော်တော်နှင့် ပြန်အိပ်မရတော့။ မျက်စိကြောင်တောင်နှင့် မိုးလင်းရတော့သည်။

နံနက် လက်ဖက်ရည်ဝိုင်းတွင် ထိုအကြောင်းကို မိဘနှစ်ပါးကို ပြောပြသည်။ မိဘနှစ်ပါးက ပြုံးပြုံးရယ်ရယ်နှင့်-

'သမီး စိတ်စွဲလို့ပါ၊ ဝတ္ထုစာအုပ်တစ်ခုခု စွဲနေပြီး အဲဒီထဲက ဇာတ်လမ်းက သမီးကို လာရောက်ခြောက်လှန့်နေတာပါ'ဟု ဖခင်ကြီး က ပြောသည်။

'မဟုတ်ဘူး ဒယ်ဒီရဲ့၊ သမီးက ဒီလို တစ္ဆေသရဲဝတ္ထုတွေ ဖတ်တာမဟုတ်ဘူး။ အခုဟာက အဲဒီလူကြီးက ထင်ထင်ရှားရှား လာပြပြီး သမီးကို ပြောပြနေတာ'

www.dhammaransi.com



'သမီးရယ် စိတ်စွဲထားမနေပါနဲ့၊ ဘုရားသခင်ကိုသာ အာရုံပြုပြီး ဆုတောင်းဝတ်ပြုပြီးတော့ ဒီည အိပ်လိုက်ပါ။ သမီး အစွဲပျောက်သွားမှာပါ။ ကဲ… ကဲ… ဖေဖေ အလုပ်တိုက်သွားတော့မယ်'

သမီးကို ချစ်သော ဖခင်ကြီးက သမီးလေးကို နှစ်သိမ့်စကားပြော နှုတ်ဆက်ပြီး အလုပ်တိုက် ထွက်သွားသည်။

အီယာသည် ဖခင်ပြောသလို ထိုအစွဲကို ဖျောက်ပြီး တက္ကသိုလ်ကျောင်းသို့ ထွက်ခဲ့သည်။

တတိယည ရောက်လာပြန်သည်။

ယခုညတွင် အိပ်မက်ထဲ၌ ပိတ်ဖြူဝတ်အဘိုးကြီး စိန်ပန်းပင်ပေါ်က ဆင်းလာပြီး မိမိထံ လာနေသည်ကို မြင်နေရသည်။ မိမိက သူ့ကို စိတ်ဝင်စားစွာ ကြည့်နေမိသည်။ တရွေ့ရွေ့နှင့် သူမနား ရောက်လာသည်။ ယမန်နေ့ကလိုပင် သူ့ကို ကယ်ပါဟု သနားစဖွယ် တောင်းပန်နေပြန်သည်။

အီယာသည် ထိုအဘိုးကြီးကို ကြောက်တော့ မကြောက်ပေ။ သနား၍သာနေသည်။ သို့အတွက် သူမသည် အဘိုးကြီးကို ကြည့်ကာ

'ကျွန်မရှင့်ကို ကယ်ဆယ်ပေးပါ့မယ်'ဟု ပြောလိုက်သည်။

'ဝမ်းသာလိုက်တာ သမီးလေးရယ်။ မြန်မြန်ကယ်ပါနော်'ဟု ပြောကာ အဘိုးကြီးသည် ချာခနဲ လှည့်ပြီး ခပ်သုတ်သုတ်ထွက်သွားကာ စိန်ပန်းပင်ပေါ်တက်ပြီး ပျောက်သွားသည်။

အီယာက အိပ်ယာမှ လန့်နိုးမိသည်။ ကြောက်လန့်သလိုဖြစ်ပြီး အသံကုန် ဟစ်အော်လိုက်မိသည်။

www.dhammaransi.com



အိယာ၏ မိဘနှစ်ပါးသည် အိယာ၏ အော်သံကြောင့် သူတို့အိပ်ခန်းထဲမှ ဒရောသောပါး ပြေးထွက်လာကြသည်။

'သမီးလေး... ဘာဖြလို့လဲ၊ ဘာဖြစ်လို့လဲ' စိုးရိမ်တကြီး မေးကြသည်။ အိယာသည် မျက်စိကြောင်တောင်နှင့် မိဘနှစ်ပါးကို ကြည့်ပြီး မိခင်ကို အားကိုးတကြီး လှမ်းဖက်ထားပြီး–

'ဒယ်ဒီ... မာမီ... သူပြန်လာပြန်ပြီ။ သမီးကို တောင်းပန်တယ်။ သမီးက သူ့ကို ကယ်ဆယ်မယ်လို့ ပြောလိုက်တယ်'

'သမီး သူ့ကို ဘယ်လို ကယ်ဆယ်ရမတဲ့လဲ'

'အဲဒါ သမီး မသိဘူး။ သူ့ကို မမေးလိုက်မိဘူး'

'အဲဒါမှ ခက်ရော သမီး၊ ကဲ... ကဲ... သမီး စိတ်မစွဲနဲ့ နောက်နေ့ကျတော့ ဖေဖေတို့ ဘုရားကျောင်းသွားပြီး ဘုရားသားကို မေးကြတာပေါ့'

နောက်တစ်နေ့ တနင်္ဂနွေနေ့ သူတို့မိသားစု စိန်ဂျွန်းဘုရားရှိခိုးကျောင်း သွားကြပြီး ဘုရားဝတ်ပြုကြသည်။

သူတို့မိသားစုနေသည့် အိမ်က (၇) မိုင်ခွဲ၊ ရွာတန်းရှည်ရွာနှင့် ထိပ်ရှိစော်ဘွားလေးကုန်းလမ်းတွင် နေသည်။ ထိုမှ ကားဖြင့် သူတို့မိသားစု တနင်္ဂနွေနေ့တိုင်း စိန်ဂျွန်းဘုရားရှိခိုးကျောင်းသို့ သွားပြီး ဘုရားဝတ်ပြုကြစမြဲဖြစ်သည်။

ထိုနေ့ ဘုရားဝတ်ပြုပြီးနောက် ဘုန်းကြီးနှင့်တွေ့ပြီး အကျိုးအကြောင်း ပြောပြကြသည်။ ဘုန်းကြီးက နာနာဘာဝ ကောင်တွေ နှောင့်ယှက်တာပါ။ သူ ဘုရားထံဝတ်ပြုပြီး ဆုတောင်း

www.dhammaransi.com



မေတ္တာပို့ ဖယ်ရှားပေးမည်ဟု ပြောပြလိုက်သည်။

သူတို့မိသားစု ဝမ်းမြောက်ဝမ်းသာနှင့် ပြန်လာသည်။ ထိုညတွင် သူတို့လည်း ဘုန်းကြီးက ဆုတောင်းပေးမည်ဆို၍ ဝမ်းမြောက်ဝမ်းသာ စိတ်ရွှင်လန်းစွာဖြင့် အိပ်ရာဝင်ခဲ့ကြသည်။

အမှန်ပင် ထိုညတွင် အဘိုးကြီး မလာပါ။ ထိုည အဘိုးကြီး မလာ၍ သူတို့မိသားစု ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရသည်။ ဘုန်းကြီး ကိုလည်း ကျေးဇူးတင်၊ ဘုရားသခင်ကိုလည်း ကျေးဇူးတင် ဆုတောင်း ပတ္ထနာ ကောင်းချီးထောမနာ ပြုမိကြသည်။

စတုတ္ထည အဘိုးကြီး ရောက်လာပြန်သည်။

'သမီး ကယ်မယ်ဆို၊ မကယ်တော့ဘူးလား၊ ဘဘ သွားချင်လှပြီ'

ထိုသို့ပြောပြီး ပျောက်သွားပြန်သည်။ အိပ်ရာမှ လန့်နိုးပြန်သည်။ ကြောက်လန့်၍ ထအော်မိပြန်သည်။ မိဘနှစ်ပါးတို့ ဒရောသော ပါး ပြေးလာရပြန်သည်။ အကျိုးအကြောင်းနှင့် သူပြောသောစကားကို မိဘတို့ကို ပြန်ပြောပြရသည်။

'တစ်ခုခုတော့ တစ်ခုခုပဲ၊ ဘယ်လိုလုပ်ရပါ့'

ဖခင်ကြီး မစ္စတာဂျွန်ပီလိုစမစ် ဦးနှောက်ခြောက်ရပြန် တော့သည်။ သမီးလေး စိတ်ရောဂါများ ဖြစ်နေသလားဟု အတွေး စင်မိသည်။ သမီးသည် နေ့လယ်တွင် ပကတိအကောင်း ကျောင်း တက်သည်။ စာသင်သည်။ ပုံမှန်စားသည်။ တွေတွေငေးငေး မှိုင်မှိုင်တွေတွေ နေတာလည်း မရှိ။

www.dhammaransi.com

## ၆၂ တက္ကသိုလ်သျှင်သီရိ (မွှာစရိယ၊ ဘိအေ)

ဝိညာဉ်တစ်ခုခုက လာရောက် နှောက်ယှက်တာ ဖြစ်မည်။

သို့အတွက် နောက်နေ့အလင်းတွင် သမီးကို အားပေးစကား ပြောပြီး အစောကြီး ကားဖြင့် ထွက်လာပြီး မိမိတို့ ဂိုဏ်းချုပ်ဘုန်းကြီးထံ အကူအညီ တောင်းခံရသည်။ ဂိုဏ်းချုပ်ဘုန်းကြီးကလည်း ဘုရားရှင်ထံ ဆုတောင်းပတ္ထနာ ပြုပေးမည်ဟု ပြောသည်။

ဘုန်းကြီးထံမှတစ်ဆင့် အလုပ်တိုက်သို့ ရောက်လာသည်၊ သမီးအတွက် စိတ်သောက ရောက်နေ၍ အလုပ်မဖြောင့်တော့။

ထိုစဉ်က ရှာတန်းရှည်ရွာတွင်နေပြီး မိမိကုမ္ပဏီအလုပ် တိုက်တွင် မန်နေဂျာလုပ်နေသော ဦးလှသွင် ဝင်လာသည်။ မနေ့က ရောင်းဝယ် စာရင်းချုပ်ကို လာရောက်တင်ပြသည်။

မစ္စတာဂျွန်ပီလိုစမစ် ထိုစာရင်းကို စိတ်မဝင်စား။ ဦးလှသွင်ကို မြင်တော့ မစ္စတာဂျွန်ပီလိုစမစ် မြန်မာလူမျိုးတွေနှင့် တစ္ဆေသရဲ၊ တစ္ဆေသရဲနှင့် မြန်မာလူမျိုးတွေ ကိုးကွယ်သော ဗုဒ္ဓဘာသာ ဘုရားအကြောင်း သတိရမိလိုက်သည်။

'မစ္စတာလှသွင်၊ ခင်ဗျားတို့ မြန်မာတွေမှာ တစ္ဆေသရဲ ရှိတယ်ဆိုတာ ယုံသလား'

'ယုံတာပေါ့ဆရာ၊ ရှိလဲရှိတာပဲဟာ'

'ကောင်းပြီ၊ တစ္ဆေသရဲလာရင် ခင်ဗျားတို့ ဘာလုပ်သလဲ'

'ကျွန်တော်တို့ ဗုဒ္ဓဘာသာအရကတော့ ဘုရားစာ ရွတ်တာပေါ့၊ ပြီးတော့ ဘုန်းကြီးတွေပင့်ပြီး ပရိတ်ရွတ်၊ အမျှအတန် ပေးဝေတာပေါ့'

www.dhammaransi.com



'အဲဒီလိုလုပ်တော့ အဲဒီတစ္ဆေသရဲတွေ ပြေးရောလား'

'ပြေးတာပေါ့ ခင်ဗျာ'

ဂျွန်ပီလိုစမစ် ဦးလှသွင် အဖြေကို စိတ်ဝင်စားသွားသည်။ သို့အတွက် သူ့သမီးလေး အဖြစ်အပျက် အလုံးစုံကို အစအဆုံး ပြောပြလေသည်။

'ဆရာ... အဲဒါဆို သရဲခြောက်တာ မဟုတ်ဘူး၊ စိန်ပန်းပင်မှာ ရှိနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ယောက်က ကျွတ်ချင်လို့ ကုသိုလ်ပြုပေးဖို့ အမျှဝေဖို့ တောင်းနေတာ'

ဦးလှသွင်သည် ရဟန်းလူထွက်၊ စာတတ်ပေတတ်တစ်ဦးဖြစ်၍ ထိုအကြောင်းကို သူ့သူဌေး ပြောပြကတည်းက သဘောသဘာဝကို သိ၍ အထက်ပါအတိုင်း ပြောပြလိုက်သည်။

'ဟုတ်လား၊ ခင်ဗျားတို့ ဘာသာအရ အဲဒီ ပုဂ္ဂိုလ်ကို ကူညီ လုပ်ပေးလို့ရသလား'

'ရပါတယ်ဆရာ'

'အိုကေ... ဟုတ်ပြီ၊ ဒါဆို ကျွန်တော့်သမီးလေးကို ကူညီ ပေးပါဗျာ၊ ကျွန်တော်တို့ဘက်က ဘာလုပ်ပေးရမလဲ'

'အထွေအထူး လုပ်ပေးစရာမလိုပါဘူးဗျာ၊ ဆွမ်းထမင်း အနည်းငယ်နှင့် ဟင်းအနည်းငယ် စီစဉ်ပြီး ကျွန်တော်တို့ ဘုန်းကြီး ပင့်ပြီး ရေစက်ချ အမျှဝေပေးလိုက်ရင် ရပါတယ်'

'ဒါဆို ဒီလိုလုပ်ပါ မစ္စတာလှသွင်၊ ခင်ဗျား အကုန်စီစဉ် ပေးပါ၊ ကုန်ကျသမျှ ကျွန်တော် ခံပါ့မယ်၊ မစ္စတာလှသွင်ကိုလဲ

www.dhammaransi.com



ဆောင်ရွက်ခ အထူးဘောက်ဆူး ချပ့ါမယ်၊ ကျွန်တော့်သမီးလေးသာ ဒီအနှောက့်အယှက်က လွတ်ပါစေ'

'ကောင်းပါပြီ၊ ကျွန်တော် စီစဉ်ပေးပါ့မယ်'

'ကဲ... ဒီလိုဆို ခင်ဗျား အလုပ်တွေ လက်ထောက်မန်နေဂျာ လွှဲခဲ့တော့၊ လိုအပ်တာတွေ စီစဉ်လုပ်တော့ဗျာ'

ဦးလှသွင်သည် မစ္စတာဂျွန်ပီလိုစမစ်ထံမှ အခွင့်ရသော အခါ လိုအပ်သည်တို့ကို လွှဲအပ်မှာကြားပြီး မိမိအိမ်သို့ ပြန်လာခဲ့သည်။

မိမိတို့ ရွာတန်းရှည်ရွာသို့ နိုင်ငံခြား သာသနာပြု သံဃတက္ကသိုလ်မှ သာသနာပြု သင်တန်းတက်နေသော သံဃာတော် နှစ်ပါး ဆွမ်းခံကြွနေသည်။ ထိုသံဃာများကိုမေး၍ အစီအစဉ် ပြုလုပ်ခဲ့သည်။

အားလုံး အစီအစဉ် ပြုလုပ်ပြီးသောအခါ ညနေတွင် မိမိဆရာ သူဌေးကို အကျိုးအကြောင်း သွားပြောသည်။ သမီးကိုလည်း ညတွင် ထိုပုဂ္ဂိုလ် လာရောက်ပါက နောက်နေ့နံနက် သင့်ကို အကူအညီပေးမည် လာခဲ့ပါဟု ဖိတ်ကြားလိုက်ရန် မှာခိုင်းထားခဲ့သည်။ ...မိမ်တွင် စီစဉ်ထားရန်တို့ကိုလည်း မှာကြားထားခဲ့သည်။

ထိုညတွင်လည်း ထိုပုဂ္ဂိုလ်ကြီးသည် သနားစဖွယ်မျက်နှာ ငယ်ကလေးနဲ့ အိယာထံ ရောက်လာပြန်သည်။

'ဘယ်တော့ကယ်မှာလဲ သမီး မြန်မြန်ကယ်ပါ'ဟု လာပြောပြန်သည်။ အိယာလည်း 'နောက်နေ့မနက် ကယ်မည်၊ လာခဲ့ပါ ကျွန်မလဲ လာခေါ်ပါမည်'ဟု ပြောလိုက်သည်။

www.dhammaransi.com



အဘိုးကြီးသည် ညှိုးငယ် သနားစဖွယ်သော မျက်နှာ အမူအရာမှနေပြီး တကျကြွရှင်လန်း ဝမ်းမြောက်သော အသွင်အမူ အရာသို့ ချက်ချင်းပြောင်းသွားပြီး ချက်ချင်း ပြန်လှည့်ထွက်သွားသည်။

အိယာသည် အိပ်ယာမှ လန့်နိုးပြန်သည်။ မိဘတို့ကို ချက်ချင်း နှိုးပြီး အကျိုးအကြောင်း ပြောပြရပြန်ပါသည်။

နောက်နေ့နံနက်တွင် ဦးလှသွင်၏ အစီအစဉ်ဖြင့် မစ္စတာ ဂျွန်ပီလိုစမစ်အိမ်တွင် သံဃတက္ကသိုလ်မှ သံဃာလေးပါး ပင့်ပြီး ဆွမ်းကျွေးသည်။

(ထိုအချိန်က မစ္စတာဂျွန်ပီလိုစမစ် စိတ်သဘောထားမှာ မိတ်ဆွေများကို ထမင်းဖိတ်ကျွေးသကဲ့သို့ သဘောထားသည်ဟု နောက်မှပြောပြသည်။)

ဆွမ်းစားပြီးသောအခါ ဆရာတော်က အိယာကို စိန်ပန်းပင် ရှေ့သွားပြီး--

'သင့်ကို ကယ်ဆယ်တော့မည်၊ အိမ်ပေါ်လာပြီး တရား လာနာပါ၊ ကုသိုလ်အမျှ လာယူပါ' ဟု ဖိတ်ကြားခိုင်းသည်။

အိယာနှင့် ဦးလှသွင်တို့ သွားရောက် ဖိတ်ကြားကြသည်။ ဖိတ်ကြားပြီး သံဃာတော်များက ပရိတ်ရွတ်ဖတ်သည်။ ရေစက်ချ အမျှဝေကြသည်။ အထူးသဖြင့် ထိုပုဂ္ဂိုလ်ကို အထူးရည်စူးပြီး အမျှဝေပေးသည်။

ညတွင် အိယာ အိပ်မက်ထဲ၌ ထိုပုဂ္ဂိုလ်ပေါ်လာသည်။ ကိုယ်ရောင်ကိုယ်ဝါ တောက်ပနေသော အဝတ်တန်ဆာ ဒွါရများ

www.dhammaransi.com



ဝတ်ဆင်ထားပြီး နုပျိုသော အသွင်ဖြင့်–

'သမီးလေးကို ကျေးဇူးတင်ပါတယ်၊ ကျွန်ုပ် ကောင်းရာ မွန်ရာ ရောက်ပါပြီ'ဟု ပြောပြီး ကွယ်ပျောက်သွားသည်။ အိယာ့စိတ်ထဲတွင်လည်း အလွန် ဝမ်းမြောက်ကြည်နူးစွာ ခံစားသွားရသည်။

အိယာအိပ်မက်မှ လန့်နိုးသည်။ ထိုအဖြစ်အပျက်ကို မိဘများကို ပြောပြသည်။ အားရဝမ်းမြောက် ကြည်နူးသွားမိကြသည်။

နောက်နေ့ အလုပ်တိုက်အရောက်တွင် မစ္စတာဂျွန်ပီလိုစမစ်က ဦးလှသွင်ကို ညက သမီးမြင်တွေ့ရပုံကို ပြောပြသည်။ ဦးလှသွင်ကိုလည်း ကျေးဇူးတင်ကြောင်း ပြောပြပြီး ဘောက်ဆူး (၅၀ဝိ) ဆုချသည်။

ထိုအချိန်မှ စ၍ မစ္စတာဂျွန်ပီလိုစမစ်သည် ဗုဒ္ဓဘာသာကို စိတ်ဝင်စားသွားသည်။ ဗုဒ္ဓဘာသာကို လေ့လာသည်။ မိမိသမီးကို ကယ်ဆယ်ခဲ့သော သံဃာတော်များကိုလည်း ထပ်မံ၍ ဆွမ်းဖိတ်ကျွေးခဲ့သည်။

၁၉၆၃ ခု တော်လှန်ရေးအစိုးရက ကုမ္ပဏီအလုပ်တိုက်များကို ပြည်သူပိုင် သိမ်းသောအခါ မစ္စတာဂျွန်ပီလိုစမစ်၏ ကုမ္ပဏီလည်း ပါသွားသည်။ သို့အတွက် သူတို့မိသားစုသည် မြန်မာပြည်မှ အမေရိကသို့ ထွက်ခွာသွားခဲ့သည်။

မြန်မာပြည်မှ ထွက်ခွာချိန်တွင် မစ္စတာဂျွန်ပီလိုစမစ်တို့မိသားစုသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်သွားကြသည်။ အိယာသည် ယခုအခါတွင် အမေရိကန်ပြည် လော့အိန်ဂျလိုမြို့တွင် တောင်ပုလု

www.dhammaransi.com



ဆရာတော်၏ ကမ္မဋ္ဌာန်း တပည့်တစ်ဦး ဖြစ်နေခဲ့လေပြီ။

## ဖုတ် သရဲ ဝင်ကပ်ပူးစားခံရသူ

ဒေါ်ဖွားတင်သည် ခမောသိလမ်းမ၊ မြောက်ဥက္ကလာပတွင် နေထိုင်ခဲ့သူဖြစ်သည်။ သူမသည် အသက် (၇၀) ကျော် (၈၀) နီးပါးရှိသည်။ သွေးတိုး၊ နှလုံးရောဂါသည်ဖြစ်သည်။

အသက်ကလည်းကြီး၊ ဗျာဓိအနာကလည်း ဖိစီးလာသည်။ နာတာရှည်ရောဂါ တစ်လလောက် ရှိလာသောအခါ ဆရာဝန်က လက်လျှော့တော့သည်။ စားချင်တာသာ ကျွေးပါ၊ စိတ်ချမ်းသာအောင် ဆောင်ရွက်ပေးပါဟု ဆရာဝန်က မှာကြားသည်။

သားသမီး မြေးမြစ်တို့ကလည်း မျှော်လင့်ချက် မထားကြတော့။ မိးစာကုန်ဆီခန်းဘဝဟု သတ်မှတ်ထားကြသည်။ အမေ၊ အဘွားဖြစ်သူ၏ ဘဝကူးမည့် အချိန် နာရီနေ့ရက်ကိုသာ စောင့်မျှော်နေကြသည်။

ထိုအတောအတွင်း တစ်ညနေတွင် ဒေါ်ဖွားတင် မေ့မြောသွားသည်။ သားသမီးမြေးတို့က သေပြီဟု ဆိုကာ ရှိုက်ကြီးတငင် ငိုကြွေးကြသည်။ ခရီးလွန် သားသမီးမြေးမြစ်တို့ကို မှာကြားရသည်။

သို့သော် နာရီဝက်လောက်အကြာတွင် ဒေါ်ဖွားတင် သတိရလာသည်။ ရေတောင်းသည်။ အမေ၊ အဘွား သတိရလာ၍ အားလုံး ဝမ်းသာလာကြပြန်သည်။ အရိပ်တကြည့်ကြည့်နဲ့ ကြည့်

www.dhammaransi.com



နေကြရပြန်သည်။

ညလယ်လောက်တွင် လူမမာက အစာတောင်းသည်၊ မိသားစုအားလုံး ဝမ်းသာကြပြန်သည်။ ဒေါ်ဖွားတင် စားနိုင်လောက်မည်ထင်သော အစာနနကိတ်မုန့်ကို ကော်ဖီနှင့် တိုက်ကြသည်။

မြေးအကြီးမ မဌေးသည် အဘွားဝေယျာဝစ္စကို ဆောင်ရွက်ပေးခဲ့သည်။ အဘွားနှင့်လည်းအတူတူအိပ်သည်။ ယခုလည်း အဘွားသတိရလာ၍ အစာတောင်းလာသောအခါ အဘွားဘေးမှာတင်ကပ်အိပ်သည်။ အဘွားသည် ဌေးဌေးကိုဖက်၍ အိပ်ရလျှင်အားအင်ပြည့်ဖြိုးသလိုဖြစ်ကာ စကားကို မာမာတောင်တောင် ပြောလာနိုင်သည်။

နေ့လယ်ဘက် ဌေးဌေးမရှိလျှင် ပကတိ လူမမာအသွင်တစ်နေ့ရွှေ တစ်နေ့ငွေသဘောမျိုးဖြစ်နေသည်။ ညနေစောင်းလာပြီဆိုလျှင် မျက်နှာက ကြည်လင်လာသည်။ အားအင်ပြည့်သလိုစိတ်ကြည်လင်ပြီး ရောဂါသက်သာသလိုအပြုအမူမျိုးနှင့် စကားပြောသည်။ အစာတောင်းသည်။

သားသမီးမြေးတို့ကလည်း ဝမ်းသာကြသည်။ စားနိုင်လျှင်ကျန်းမာလာလိမ့်မည်။ အစာတောင်းလာလျှင် ကောင်းသည်။ တဖြည်းဖြည်း ကျန်းမာလာမည်ဟု မျှော်လင့်ချက်ထားလာကြသည်။

သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ ဆိုသည့်အတိုင်း အစာဝင်လာရင်တော့ ကျန်းမာလာတော့မည်ဟု အားလုံးက ဝမ်းမြောက်

www.dhammaransi.com



ဝမ်းသာဖြစ်နေကြရသည်။

ဆရာဝန်တွေကလည်း အစာပြန်စားလာ၍ ကောင်းလာမည်ဟု မျှော်လင့်ချက် ပေးထားသည်။

လှမမာသည် အစပိုင်းကတော့ မှန်.။ နောက်ပိုင်းတွင် ထမင်းနှင့် အသားဟင်းကို တောင်းလာသည်။ မိသားစုက ပိုမို ဝမ်းမြောက်ပြီး ကျွေးကြသည်။

တစ်ခုထူးခြားသည်မှာ လှမမာသည် နေ့လယ်ခင်းတွင်မူ ရောဂါခံစားရသည့်သဘော မှိန်းနေပြီး စကားမပြော။ ညနေဘက် စောင်းလာလျှင် ရောဂါသက်သာလာသော သဘောဖြင့် စကားပြောသည်။ ထထိုင်လာသည်။ အစာတောင်းလာသည်။

တစ်ဖန် လှမမာသည် ငွေငွေကို သူ့အနားတွင် အမြဲရှိနေမှ ကျေနပ်သည်။ ငွေငွေမရှိလျှင် မကျေနပ်။ အိပ်လျှင်လည်း ငွေငွေနှင့် အိပ်ရမှ ကျေနပ်သည်။

တစ်ပတ်၊ နှစ်ပတ်၊ သုံးပတ် လွန်လာသည်။ လှမမာ ပြုစုရသော ငွေငွေသည် တဖြည်းဖြည်း အအိပ်ပျက်၊ အစားပျက် သဘောဖြစ်ကာ တဖြည်းဖြည်း မျက်တွင်းဟောက်ပက်နှင့် ပိန် လိုက်လာသည်။

ဖခင် ဦးတင်ဝင်းက သမီးအတွက် စိုးရိမ်ပူပန်လာသည်။ ငွေငွေသည် ဘွဲ့ရရှိပြီး ဖြစ်သည်။ ကျောင်းဆရာမ လျှောက်ထားသည်။ အင်တာဗျူးလည်း ထိုင်ပြီးပြီ။ အလုပ်ခန့်စာကို စောင့်နေရသည့်ကာလ ဖြစ်သည်။

www.dhammaransi.com

## ၇၀ တက္ကသိုလ်သျှင်သိရိ (ဓမ္မာစရိယ၊ ဘီအေ)

ဦးတင်ဝင်းသည် နေ့လယ်တွင် လူမမာ၊ ညတွင် လူကောင်း ဖြစ်နေသော မိမိယောက္ခမမိခင်ကို အမြဲ လေ့လာနေသည်။ အစာ တောင်းရာတွင် ဟင်းသီးဟင်းရွက်ကို မစား၊ အသားမှ တောင်းသည်။

တစ်ခါတစ်ရံ မိမိက အသီးအရွက်ကို ရောဂါနှင့် သင့်တင့်မျှတအောင် စားဖို့ အကြံပေး ပြောပြသည်။ သမက်ကို မျက်ထောင့်နီနှင့် ကြည့်ခံရသည်။

သမီးငယ် ကျန်းမာရေးအတွက် လှူချင်းလဲပြီး စောင့်ရန် မိခင်ရော ဖခင်ပါ ပြောသည်။ လူမမာက မကျေနပ်။ တဟင်းဟင်း မြည်ကာ မျက်ထောင့်နီနှင့် ကြည့်ပြန်သည်။

ဦးတင်ဝင်းသည် တစ်နေ့တစ်ခြား သမီးကိုလည်း သနား လာသည်။ ရောဂါသည်ကိုလည်း မကျေမနပ် ခံစားလာမိသည်။

လူမမာသည် အစားသာ စားနေသည်။ ထူထူထောင်ထောင် မရှိ။ သမီးမှာလည်း တစ်နေ့တစ်ခြား ပိန်လာသည်။ ရုပ်ကျလာသည်။

'ငါ့ယောက္ခမ အမေ ဖုတ်သရဲများ ဝင်နေသလား'

စိတ်ထဲဝယ် ကြံစည်မိသည်။ တွေးတောမိသည်။ ဖွင့်တော့ မပြောရဲ။ ဖုတ်ဝင်လျှင် လူမမာ ဖျားအောက်၌ မသိမသာ လွှာဖိနပ် ထိုးပေးထားရသည်။ သြဇာရွက် ထိုးပေးထားရသည်။ ဖုတ်သရဲပြေး သည်။

ဒါကို ဦးတင်ဝင်း ကြားဖူးသည်။ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ဦးတင်ဝင်း မသိမသာ စမ်းကြည့်သည်။ ဘာမျှမထူး။

လူမမာသည် နေ့လယ် လူမမာ၊ ညကျ အစာတောင်းသည်။

www.dhammaransi.com



ငွေးငွေး သူ့ဘေးအိပ်နေလျှင် ကျေနပ်နေသည်။

တစ်နေ့ ဦးတင်ဝင်းသည် မိမိမိတ်ဆွေ ဘာသာရေးကို လေးလေးနက်နက် လိုက်စားကျင့်ကြံအားထုတ်နေသော ဆရာ ဦးဘမြိုင်နှင့် တွေ့သည်။ စကားစပ်မိ၍ မိမိယောက္ခမ အကြောင်းနှင့် အခြေအနေကို ပြောပြသည်။

'ခင်ဗျား အိမ် ပရိတ်ရွတ်ကြည့်ပါလားဗျ'

ဆရာဦးဘမြိုင်က အကြံပြုသည်။ ဦးတင်ဝင်းက စမ်းကြည့်လိုသည်။ ဒါပေမယ့် ပြောင်မလုပ်ရဲ၊ လူမမာအတွက် အန္တရာယ်ကင်း ပရိတ်ရွတ်ပေးရန်သဘော ပြုလုပ်ရန် ဦးဘမြိုင်က အကြံပေးသည်။

နောက်ဆုံး ဦးတင်ဝင်းနှင့် ဦးဘမြိုင်တို့ အချေအတင် ဆွေးနွေးလာရာမှ ဆရာဦးဘမြိုင်ကိုယ်တိုင် ဘုန်းကြီးတွေ မပင့်မိ ရွတ်ပေးရန် သဘောတူခဲ့ကြသည်။

ဦးတင်ဝင်းသည် နောက်တစ်နေ့ညတွင် ဆရာဦးဘမြိုင်ကို အလည်သဘော၊ လူမမာမေးသည့်သဘောနှင့် လာစေပြီး ပရိတ်ရွတ်ရန် စီစဉ်သည်။

ထိုညတွင် ဦးဘမြိုင်၊ ဒေါ်ဖွားတင်သားကြီး ကိုကံမြင့်နှင့် ကိုတင်ဝင်းတို့သည် လူမမာကို အန္တရာယ်ကင်း သဘောဖြင့် ပရိတ်ရေ ပေးရန်ဟုဆိုပြီး ပရိတ်ရွတ်ရန် စီစဉ်ပြီး ဦးဘမြိုင်က ဦးဆောင်ကာ ရွတ်ဖတ်သည်။ ပထမ ငါးပါးသီလယူ ဆောက်တည်ပြီး နတ်များကို ပင့်ဖိတ်ကာ မေတ္တာသုတ်ကို ရွတ်သည်။ ရတနသုတ်၊ အာဋာနာဋိယသုတ်ကို ရွတ်သည်။

www.dhammaransi.com

## ၇၂ တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘိအေ)

အာဋာနာဋိယသုတ်ကိုရွတ်၍ တစ်ဝက်လောက်အရောက်တွင် လှုမမာသည် အိပ်ယာထက်မှ ခေါက်ခနဲ အကူအညီမပါဘဲ ထထိုင်ပြီး ဦးဘမြိုင်တို့ ပရိတ်ရွတ်သည့် ဘက်သို့ ဇက်လှည့်ကာ–

'တော်ပါတော့၊ တော်ပါတော့ သွားပါတော့မယ်'ဟု တအား အော်တော့သည်။

ပရိတ်အဖွဲ့က ဆက်ရွတ်သည်။ မိသားစုတွေကတော့ ပြူးတူး ပြဲတဲ ဖြစ်ကုန်ကြသည်။

ဦးဘမြိုင်တို့ ပဋ္ဌာန်း (၂၄) ပစ္စည်းနှင့် သမ္ဗုဒ္ဓေဂါထာကို ဆက်ရွတ်လိုက်သောအခါ–

'အမလေး ကြောက်ပါပြီ၊ ကျွန်မ သွားပါတော့မယ်'ဟု အသံနက်နက်ဖြင့် အော်သည်။

ထိုခဏမှာပင် ထ,ထိုင်နေသော လှုမမာသည် အရုပ်ကြိုး ပြတ်သကဲ့သို့ ခေါက်ခနဲ လဲကျသွားသည်။ အသက်ဝိညာဉ် မရှိ တော့။

မိသားစုတွေ အံ့အားသင့်သူက သင့်ကြသည်။ ငိုသူက ငိုကြပြန်သည်။ ဦးတင်ဝင်းကတော့ ဝမ်းသာပီတိဖြစ်မိသည်။ သမီးကလေးအသက်ကို ကယ်နိုင်သည်ဟု အားရဝမ်းသာ ဖြစ်မိသည်။ ဆရာဦးဘမြိုင်ကိုလည်း ကျေးဇူးအထူးတင်မိတော့သည်။

ဆရာဦးဘမြိုင်ကတော့ နဂိုက စကားပြောနေသော အမေ၊ အစားတောင်းနေသောအမေ၊ ယခု ခေါက်ခနဲ သေသွား၍ မိသားစု ဝမ်းနည်းပက်လက် ခံစားရသည်ကို စိတ်မကောင်းဖြစ်မိသည်။

www.dhammaransi.com



သို့သော် အိမ်ကို ထပ်မံ လုံခြုံစေရန် ပဋ္ဌာန်း (၂၄) ပစ္စည်းဖြင့် စည်းချ တားဆီးပေးပြီးမှ မိသားစုကို နှုတ်ဆက်ကာ ပြန်ခဲ့သည်။ မိသားစုမှာတော့ ငိုသူကငို၊ အလောင်းကိစ္စ ဆောင်ရွက်သူက ဆောင်ရွက်နှင့် အလုပ်ရှုပ်နေတော့သည်။

တကယ်တော့ ဒေါ်ဖွားတင်သည် မေ့မြောကတည်းက အသက်ပါသွားပြီးဖြစ်သည်။ ဖုတ်သရဲက အချောင်ဝင်ပူးကပ်ပြီး ဟန်ဆောင်ကာ မုရာမာယာနှင့် လာစားနေခြင်းဖြစ်သည်။ ငွေးငွေးကို ထိထားပြီး သွေးစုပ်နေခြင်းဖြစ်သည်။

နောက်တော့ မိသားစုအားလုံး သဘောပေါက်သွားကြသည်။ မယုံကြည်သူတွေရော လက်တွေ့ဖြစ်လာ၍ ယုံကြည်လာရတော့သည်။

ဤဖုတ်သရဲ ဝင်ပူးကပ်ငြး စားသောက်မှုသည် တောရွာဒေသများတွင် ခဏခဏ ကြုံတွေ့ဖူးကြသည်။

ဤသည်မှာ လူကို အပမှီ၍ စားနိုင်သော ပြိတ္တာသရဲက ပူးကပ်ဝင် မှီခိုပြီး စားသောက်နေခြင်းဖြစ်သည်။ ထိုဖုတ်သရဲကို နိုင်သည်မှာ အာဋာနာဋိယသုတ်နှင့် သမ္ဗုဒ္ဓေဂါထာ၊ ပဋ္ဌာန်း (၂၄) ပစ္စည်းတို့သာ ဖြစ်ကြောင်း သိထားသင့်ကြပါသည်။

## ကြက်သားဟင်း စားလို၍ ကလေးပြုစားသော ရွာသူ

ညနေ နေဝင်ရီတရော အချိန်ရောက်လျှင် သမီးလေး မတင်လှ အမြဲအီသည်။ တက်လုမတတ် အော်အော်ပြီး ငိုသည်။

www.dhammaransi.com



ဘာရောဂါမှန်းလဲ မသိ။ နေ့လယ်ပိုင်းကျတော့ အကောင်းပကတိ။ ညနေပိုင်းကျမှ ဖြစ်တတ်သည်။

ပထမတော့ ဖခင်ကိုထွန်းမြတ်နှင့် မိခင် မမြရီတို့က ကလေးသာမန် သန်တို့၊ ဗိုက်နာရောဂါတို့ဟု ထင်သည်။ တတ်သိသမျှသော မြန်မာ့ဆေးဝါးများနှင့် ကုသည်။ လူကြီးသူမများကို မေး၍ ကုသည်။ ဆေးကျွေးသည်။ ကုခဏ၊ ကျွေးခဏ ခဏငြိမ်သည်။

တစ်ရက်ခြားနှစ်ရက်ခြားကို ပြန်ဖြစ်တတ်သည်။ သူငယ်နာရောဂါလောဟု တွေးတောထင်ကြသည်။ မြန်မာသမားတော်ထံ သွားပြသည်။ ရောဂါအထွေအထူး ရှာမရ။ အစာကြေဆေး လျက်ဆားစားပြီး ပြန်လာခဲ့ရသည်။

ကလေးက မကြာခဏ ဖြစ်နေသည်။ ဖြစ်လိုက်လျှင် အသည်းအသန် သတိမေ့ တက်လုဖတတ် အော်သည်။ ငိုသည်။ မျက်စိပြူးလာသည်။

တစ်နေ့တွင် ဆရာစ,ဆိုသော သမားတော်ကြီး တစ်ဦး ရွာသူကြီးအိမ် ရောက်လာ၍ ကြုံတုန်းကြုံခိုက် ကိုထွန်းမြတ်သမီးကို ခေါ်ကာ သွားပြသည်။ ဆရာစ,သည် ထိုနယ်တစ်ခွင် ထင်ရှားသော မြန်မာသမားတော်ကြီးဖြစ်သည်။ ပယောဂလည်း နိုင်သည်ဟု ကျော်ကြားသည်။ ဓာတ်စာဖြင့်သာ ဆေးအကုများ၍ ဓာတ်စာကု ဆရာစ,ဟူ၍ အများက ခေါ်ကြသည်။

ကိုထွန်းမြတ်က ဆရာစ,ကို သမီးငယ်မတင်လှ အခြေအနေကို ပြောပြသည်။ ဆရာစ,က ခေါင်းတညိတ်ညိတ်နှင့် နား

www.dhammaransi.com



ထောင်သည်။ ကလေးအင်္ဂါရပ်ကို ကြည့်သည်။ သွေးသား အခြေအနေကို စမ်းကြည့်သည်။ ဘာရောဂါမျှ မတွေ့။

'အေး...ငါဒီမှာ တစ်ရက်နှစ်ရက် နေဦးမယ်။ ညနေရောဂါဖြစ်တော့ လာခေါ်လှည့်'ဟု ကိုထွန်းမြတ်ကို မှာလိုက်သည်။ ထိုညနေတွင် ဘာမျှမဖြစ်။ နောက်နေ့ညနေတွင် ဖြစ်ပြန်တော့သည်။ ကိုထွန်းမြတ် ဆရာစ တည်းခိုရာ လယ်ပိုင်ရှင် ဦးဘိုးချစ်အိမ်သို့ ပြေးပြောသည်။

ဆရာစ ဆေးလွယ်အိတ်ကို တပည့်တစ်ယောက်ကို လွယ်စေပြီး ချက်ချင်း လိုက်လာခဲ့သည်။ ဆရာစက အိမ်ဝင်းခြံထဲသို့ ဝင်ကတည်းက သိလိုက်သည်။

'မိချော...နင် မထွက်ရ၊ နင့်ကို ငါ ချုပ်ထားပြီ'ဟု ပြောကာ လက်နှင့် လှမ်းဝိုင်းလိုက်သည်။

ဆရာစ အိမ်ပေါ်သို့ရောက်၍ ခေါင်းရင်းဖျာပေါ်သို့ ထိုင်လိုက်သည်နှင့်တစ်ပြိုင်နက် သမီးငယ် မတင်လှသည် တုန်တုန်ခိုက်ခိုက်ဖြစ်နေပြီး ဆရာစကို စူးစူးဝါးဝါး ကြည့်နေသည်။ တက်လည်း မတက်၊ ငိုလည်း မငိုတော့။

'မိချော... နင်ဘာလို့ကလေးကို နှိပ်စက်ရတာလဲ'

ဆရာစက ကွမ်းအစ်ထဲရှိ ကွမ်းသီးကို ညှပ်ရင်း ခပ်အေးအေးပင်မေးသည်။

'စားလည်းစားချင်လို့၊ ပြီးတော့ မိမြရိက ကျွန်မကို စော်ကားစကားပြောလို့ပါ'

www.dhammaransi.com



ဆယ်နှစ်ရွယ် မတင်လှ၏ နှုတ်မှ မိန်းမကြီးအသံ ထွက်လာသည်။

'နင်တို့ ဘဝ အတိတ်မကောင်းလို့ ဒီဘဝရောက်နေကြပြီ ဒါလဲ သံဝေဂ မရကြဘူး၊ မိုက်တုန်းပဲ၊ သူတကာတွေကို နှိပ်စက်တုန်းပဲ၊ အဲဒီတော့ နင့်ပညာကို ငါ အလှူမခံဘူး။ ဒါပေမယ့် စိတ်ကိုတော့ သည်းခံစိတ်မွေးပြီး ထိန်းပါ'

'ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်မ ထိန်းပါ့မယ်'

ကဲ... အခု နင်ဘာသား စားချင်သလဲပြော၊ မြရီကိုလဲ ခွင့်လွှတ်လိုက်'

'ကျွန်မ ကြက်သားနဲ့ စားချင်လို့ပါ'

'အေး..စားရမယ်၊ မြရီလဲ လာ၊ နင်ကလဲ သူ့ကို နင်ပြောတဲ့ အပြစ် ပြေပျောက်အောင် တောင်းပန် ကန်တော့လိုက်၊ သူက နင့်ထက် အသက်ကြီးတယ်'

မမြရီက ဆရာကြီး ရှေ့နားထိ တိုးပြီး-

'ကျွန်မ မသိလို့ ပြောမိတာပါ၊ ကျွန်မကိုရော ကျွန်မ သမီးလေးကိုပါ ခွင့်လွှတ်ပါ'ဟု ပြောပြီး လက်အုပ်ချီလိုက်သည်။

'ကဲ... ထွန်းမြတ်၊ သူ စားချင်တာ မင်း ရှာကျွေးလိုက်၊ မင်းမိန်းမကိုယ်စား မင်းကလဲအပြစ်ကျေအောင် ဒါနပြုတဲ့သဘော ပေါ့ကွယ်'

'ဟုတ်ကဲ့ဆရာကြီး ကျွေးပါ့မယ်၊ ဘယ်လိုစီစဉ် ဆောင်ရွက်ရမယ်ဆိုတာ အမိန့်ရှိပါ ဆရာကြီး'

www.dhammaransi.com



'အေး... အေး... ကောင်းပြီ ကိုယ့်ရှာသား အချင်းချင်းတွေပဲ ကွယ်၊ အကုသိုလ် အတတ်ပညာနဲ့ မနှိပ်စက်ကြနဲ့၊ သံသရာ အပါယ်မှာ မလွတ်ဘဲ ဆက်လည်နေလိမ့်မယ် သတိထားကြ ဟုတ်လား၊ ကဲ... မိချော၊ ငါ့ကို ကန်တော့ သွားတော့'

မတင်လှလေးသည် ဆရာကြီးကို ဦးသုံးကြိမ်ချသည်။ ဦးသုံးကြိမ်ချပြီးသည်နှင့်တစ်ပြိုင်နက် လူကောင်း မတင်လှလေး ဖြစ်လာပြီး မိခင်ရင်ခွင်ထဲသို့ ပြေးဝင်လာလေသည်။

'ညနေ နေဝင်မိုးချုပ်တော့ ကြက်သားဟင်းနဲ့ ထမင်းကို ဆန်ကောထဲ ထည့်ပြီး မင်းတို့ခြံထောင့်က ဝါးရုံအောက်သွားချထားပြီး ကျွေးလိုက်ကွယ့်၊ ကျွေးတဲ့အခါမှာလဲ လိုက်မနှောင့်ယှက်ကြနဲ့ ကြားလား၊ စေတနာသန့်သန့်နဲ့ ကျွေးကြ'

ဆရာစက ကျွေးပုံ ကျွေးနည်းကို ပြောပြသည်။ ကိုထွန်းမြတ် တို့က ဆရာစကို ကန်တော့ကြသည်။ ကလေးကို အကာအကွယ် စီစဉ်ပေးဖို့လည်း ကောင်းပန်ကြသည်။ ဆရာစ,က လက်ဖွဲ့ကလေး တစ်ခု စီစဉ်ပေးခဲ့သည်။

ဆရာစ ပြန်ကြွသွားပြီးနောက် ကိုထွန်းမြတ်အိမ်တွင် မွေးထားသော ကြက်ထဲမှ တစ်ကောင်ကို စီရင်ပြီး ချက်ပြုတ်သည်။ ညနေ မိုးချုပ်စတွင် ဆရာစ ပြောသည့်အတိုင်း ဆန်ကောထဲတွင် ထမင်းဟင်းထည့်ပြီး ဝါးရုံပင်အောက် သွားထားပေးသည်။

ကိုထွန်းမြတ်သည် ဆန်ကော သွားချထားပြီးနောက် ဤရှာသူ (စုန်းမ) မည်သို့သော သဏ္ဍာန်ဖြင့် လာစားမည်ကို သိလို၍

www.dhammaransi.com



အိမ်ပြန်ဟန် အယောင်ပြပြီး တစ်ဖက်ခြံ ငှက်ပျောပင်တောမှ အသာချောင်းကြည့်သည်။

အတော်လေး မိုးချုပ်၍ လူလုံးမကွဲသော အချိန်တွင် ခွေးနက်တစ်ကောင်သည် ဟိုကြည့်သည်ကြည့် ပတ်ဝန်းကျင်ကို လေ့လာအကဲခတ်ပြီး ဆန်ကောရှိ ထမင်းကို လာစားသည်။ ပြောင်အောင်စားပြီး ပြန်ထွက်သွားသည်။

ကိုထွန်းမြတ် ခွေးလာစား၍ မယုံသင်္ကာနှင့် စိုးရိမ်စိတ်ဝင်လာမိသည်။ ဤခွေးသည် ရွာသူလော။ ရွာသူမဟုတ်၍ တကယ်ခွေးစစ်စစ် လာစားသော် ရွာသူသည် သူမစားရ၍ ဒေါသထွက်ပြီး သူ့သမီးကို ပြန်လည် အန္တရာယ်ပြုမည်ကို စိုးရိမ်မိသည်။

သို့အတွက် ဆရာစ တည်းခိုသော အိမ်သို့ သွားပြီး အကျိုးအကြောင်း ပြောပြသည်။

'ဟဲ့… ထွန်းမြတ်ရဲ့ ဒီလို ရွာသူတွေဆိုတာ ပကတိဘဝနဲ့ လာစားလို့ မရဘူး။ ဒီလိုပဲ တိရစ္ဆာန်ယောင်ဆောင်ပြီး လာစားရတယ်။ ဒါကလဲ သူတို့အကုသိုလ်နဲ့ သူတို့ဘဝပေါ့။ မင်းသမီးမှာ အန္တရာယ်မရှိတော့ပါဘူး၊ မိချော ဘယ်သူဆိုတာလဲ မင်းတို့ သိပြီးသားပဲ၊ ရန်မပြုကြနဲ့၊ သနားကြ၊ သူ့ဘဝ အကုသိုလ်ကြီးလို့ ဒီလိုဘဝမျိုး ရောက်နေတာ မေတ္တာထားကြ၊ အကုသိုလ် မပွားကြနဲ့'

ဆရာစ,က ဤသို့ဆိုဆုံးမ,ပြောမှ ကိုထွန်းမြတ် စိတ်ကျေနပ်ပြီး ဝမ်းမြောက်ဝမ်းသာ အိမ်သို့ ပြန်လာခဲ့သည်။

www.dhammaransi.com



(ဤအဖြစ်အပျက်သည် စာရေးသူ မိတ်ဆွေကြီး ကိုထွန်းမြတ် တွေ့ကြုံခဲ့ရသော အဖြစ်အပျက်နှင့် စာရေးသူကိုယ်တိုင် လိုက်ချော ကြည့်ပြီး မြင်တွေ့ခဲ့ရသော အဖြစ်အပျက် ဖြစ်ပါသည်။)

## ကျွန်တော့်ကို နေစရာ စားစရာ လုပ်ပေးကြပါ

ကိုမျိုးသည် ဆယ်မိုင်ကုန်းတွင်နေသည်။ သမီးတစ်ယောက် သားတစ်ယောက်ရှိသည်။ ကိုမျိုး သားကို အလွန်ချစ်မြတ်နိုးသည်။ သားအရွယ်မရောက်တစ်ရောက် အချိန်တွင် လူငယ်လောကၡ ဂစ်တာ ခေတ်စားနေသည်။

ကိုမျိုး ကိုယ်တိုင်ကလည်း အနုပညာ ဝါသနာပါသည်။ သားကလည်း အနုပညာဝါသနာပါသည်။ ခေတ်ရေစီးကြောင်းအရ သားလေး တီးချင်ခတ်ချင်သော ဂီတအနုပညာကို အများနည်းတူ ကိုင်ပြီး တီးခတ်စေလိုသော မိဘမေတ္တာစိတ် တသိမ့်သိမ့်ဝင်မိသည်။

သို့အတွက် ဂစ်တာများ ထုတ်လုပ်ရာဖြစ်သော မြောက်ဥက္ကလာပသို့ လာခဲ့သည်။ မိတ်ဆွေ ကျောင်းဆရာ တစ်ယောက် အကူအညီဖြင့် ဂစ်တာလုပ်သော အလုပ်ရုံသို့ ရောက်ခဲ့သည်။ ဂစ်တာကို မှာထားခဲ့သည်။ နောက်တစ်ရက်နှစ်ရက်နေ လာယူမည်။

ထို့နောက် သူငယ်ချင်း ကျောင်းဆရာနှင့် လက်ဖက်ရေ သောက် စကားပြောပြီး ဒေါ်ဂျစ်ကား ခရီးကြုံနှင့် တွေ့၍ လိုက်ပါ လာခဲ့သည်။

ထိုကားသည် မြောက်ဥက္ကလာပအထွက် သံလမ်းအကော်

www.dhammaransi.com



တွင် မြောက်မှ ရန်ကုန်ဘက်သို့ ခုတ်မောင်းလာသော မြို့ပတ်ရထားနှင့် ဝင်တိုက်မိတော့သည်။ ကားပေါ်တွင် ပါလာသူ အတော်များများ သေဆုံးကြသည်။ အလောင်းများကို လာရောက် စစ်ဆေးသော အင်းစိန်မှ ရဲမှူးတစ်ဦးပင် နှလုံးရောဂါ အခံရှိနေ၍ ထိုအလောင်းများ စစ်ဆေးနေစဉ် ကွယ်လွန်ခဲ့ရသည်။

ယခုပွဲတွင် ကားပေါ်၌ သားအတွက် တသိမ့်သိမ့် ဝမ်းသာ ကြည်နူးရင်း ပါလာရသော ကိုမျိုးသည် ထိုအဖြစ်ဆိုးနှင့် ကြုံတွေ့ရပြီး ကွယ်လွန်ခဲ့ရသည်။ သားစွဲ၊ မယားစွဲ၊ သမီးစွဲ သံယောဇဉ် နှောင်ကြိုးဖြင့် ဘဝကူးခဲ့ရသော မိမိဘဝသည် အိပ်မက်အလား တစ်ခြားဘဝသို့ ဘွားခနဲ ရောက်ခဲ့ရသည်။

သူနှင့်အတူ သုံးလေးယောက်သည် ဘဝခြားပြီး နေစရာ မရှိကြတော့။ နေစရာ ရှာကြသည်။ ဟိုသစ်ပင်မှာ နေသူရှိသည်။ သည်သစ်ပင်မှာလည်း နေသူရှိသည်။ သူ့အိမ် ပြန်ကြည့်သည်။ သူ့အိမ်ထဲဝင်ကြည့်သည်။ ဝင်မရ။ တစ်စုံတစ်ယောက်က တားသည်။

သူ့သား၊ သူ့သမီး၊ သူ့မိန်းမတွေကို မြင်နေရသည်။ သူတို့တတွေ မိသားစု အေးအေးဆေးဆေးပင်။ သမီးနှင့်သားက စာဖတ်နေသည်။ သမီး၊ သားတို့အမေက စက်ချုပ်နေသည်။ သူ့ဘဝ ကို သူတို့ မသိကြသေးဘူး ထင်သည်။

သူ့ မူလနေရာသို့ ပြန်လာရသည်။ နေစရာ ရှာမရ။ သူ့ လိုပင် ရှာမရသူ လေးငါးဦး ရှိနေသည်။ ကံအားလျော်စွာ ခုံးတံတားအနီး သစ္စပ်ပင်လေးတွင် သူ နေခွင့်ရလာသည်။

www.dhammaransi.com



ညတွင် သူ့အိမ်သူ တစ်ခေါက်ပြန်သွားပြန်သည်။ သည် တစ်ခေါက်ရောက်တော့ သူတို့တတွေ မရှိကြတော့။ ဆေးရုံ ရောက်နေကြသည်။ သူ၏ ရုပ်အလောင်းကို သွားကြည့်ကြဟန် တူသည်။

သူ စောင့်နေမိသည်။ မကြာခင် မိသားစုအားလုံး ရှိုက်ကြီး တငင် မိမိကို တမ်းတ,လျက်ငိုနေသည်ကို တွေ့ရသည်။ သူဘာမှ မတတ်နိုင်။ ပြန်လာခဲ့ရသည်။ နောက်နေ့ ညနေ နေဝင်ရီတရောအချိန် သူ သွားသည်။ သူ့အိမ်တွင် လူတွေများနေသည်။ မီးတွေ ထွန်း ထားသည်။ လူတစ်ချို့ (ထိုလူတွေအားလုံး သူ သိသည်။) ဖဲကစား နေကြသည်။ သူသည် သူ့ဘဝကိုပူးကပ်ပြီး ပြောနိုင်ခွင့် ရမည့်သူ ကို ရှာသည်။

တွေ့ပါသည်။ ထောင့်ကွေ့တစ်ခုတွင် ခွေအိပ်နေသော သူ့အဒေါ်တစ်ယောက်ကို တွေ့ရသည်။ သူသည် ထိုအဒေါ်ထဲ ဝင်ပူးကပ်ပြီး ပြောပြရတော့သည်။

အားလုံးသောလူတွေ သူ့အနား လာဝိုင်းထိုင်ပြီး နားထောင် ကြသည်။ 'ကျွန်တော် ရထားနဲ့ကား တိုက်ပြီးသေရတာပါ၊ ယခု ဒီအိမ်ထဲတောင် ခွင့်တောင်းပြီး ဝင်ရတာပါ။ ယခု မြောက်ဥက္ကလာပ ခုံးတံတားအနီး သခွပ်ပင်လေးမှာ ယာယီနေရပါသည်။ နေစရာလည်း မရှိ၊ စားစရာလည်းမရှိ ဖြစ်နေရပါသည်။ ကျွန်တော့်ကို နေစရာ စားစရာ အမြန်လုပ်ပေးကြပါ'ဟု သူက သနားစဖွယ် ငိုသံနှော၍ ပြောပြရသည်။ အားလုံးက သူ့ကို သနားကြသည်။ သူ့မိသားစု

www.dhammaransi.com



ကတော့ ငိုကြတာပေါ့။ ထိုပရိသတ်ထဲတွင် ဘာသာတရားကို နားလည်သော ဦးတင်မောင် (လက်သမားဆရာကြီး) က–

'တို့မနက်က မင်းအတွက် ဆွမ်းသွတ် အမျှဝေတယ်လေ မရဘူးလား'

'ကျွန်တော် မသိဘူး၊ ကျွန်တော့်ကို ဘယ်သူကမှ လာမဖိတ်ဘူး'

'အေး–အေး ဒါဆို တို့ပြန်လုပ်ပေးမယ်၊ မင်းကို ဘယ်လာဖိတ်ရမလဲ'

'မြောက်ဥက္ကလာပ ခုံးတံတားနားမှာ လာဖိတ်ပါ၊ တစ်ခါတစ်ရံ ကျွန်တော် သူတို့ခိုင်းတာ သွားလုပ်နေရလို့ မရှိဘူး၊ ညနေ လာဖိတ်ပါ'

'ကောင်းပြီ၊ လာဖိတ်မယ် စောင့်နေ၊ စောင့်နေ'

သူဝမ်းသာစွာနှင့် ထွက်ပြီးပြန်လာခဲ့သည်။ နောက်တစ်နေ့ ညနေကျတော့ သူ့မိန်းမ၊ သူ့သားတို့နှင့်၊ သူ့အဒေါ်တို့ သူ့ကို လာဖိတ်ကြသည်။ သူ သိတယ်။ နောက်တစ်နေ့ သူ့ကို ရည်စူး ဆွမ်းကျွေးပြီး သူ့ကို အမျှဝေတယ်။ သူ သာဓုခေါ်ခွင့်ရတယ်။ သူ့ဘဝ ကောင်းကောင်းမွန်မွန်ဘဝ တက်လှမ်းခဲ့ရတော့တယ်။

ရက်လည် ဆွမ်းသွတ်တော့ သူ မသိရတော့ဘူး၊ သူ့ဘဝ အဆင့်မြင့်သွားပြီလေ။

www.dhammaransi.com



# မိခင်ကို လုပ်ကျွေးသော လူခြောက်ကလေး

ရန်ကုန်မြို့၊ စမ်းချောင်း၊ လင်းလွန်းရပ်၊ ဇလွန်လမ်း၊ အမှတ်(၆၁) ၌ ထူးခြားသော ဗိန္ဓောဆေးဆရာမကြီးတစ်ဦး ပေါ်ထွန်းနေပါသည်။ ၎င်းဆေးဆရာမကြီးမှာ အသက် (၈၃) နှစ် အရွယ်ရှိ ဒေါ်သိမ်းရွှေ ဆိုသူဖြစ်ပါသည်။ သူမသည် ရောဂါ အားလုံးအတွက် ဆေးတစ်မျိုးတည်းကိုသာ ပေးပါသည်။ သူမက ဆေးပညာကို သင်ယူတတ်မြောက်ခြင်း မရှိခဲ့ပါ။ ဆေးဆရာလည်း မဟုတ်ပါ။ ဆေးဆရာ၏ ကိုယ်စားလှယ်တစ်ဦးသာ ဖြစ်ပါသည် ဟု ဆိုပါသည်။ ဆေးဆရာအစစ်အမှန်မှာ ဒေါ်သိန်းရွှေ၏ နဝမမြောက် သား လူခြောက်ကလေး မောင်ကျော်ဇော ဖြစ်ပါသည်။

ဧရာဝတီတိုင်း၊ ကျုံမငေးမြို့၊ ဈေးအတွင်း သံဖြူတန်းလမ်းနေ သံဖြူဆရာ ဦးမောင်ထွန်း–ဒေါ်သိန်းရွှေတို့၏ ၁၃၁၅ ခုနှစ်၊ ဒုတိယ ဝါဆိုလဆန်း (၈) ရက်၊ တနင်္ဂနွေနေ့ (၁၉–၇–၅၃) တွင် လူခြောက်ကလေး မောင်ကျော်ဇောကို မွေးဖွားခဲ့သည်။ လူခြောက်ကလေးသည် မိခင်ဖြစ်သူအား အိပ်မက်ထဲမှာ စကားပြောလေ့ ရှိကြောင်း သိရသည်။

လူခြောက်ကလေးသည် အိန္ဒိယပြည်တွင် ဗုဒ္ဓသာသနာ လွန်စွာ ထွန်းကားခဲ့စဉ်က အတိတ်က ကျမ်းတတ်အကျော်၊ သက်သတ်လွတ်စားသော ဆရာကြီးတစ်ယောက် ဖြစ်ခဲ့ကြောင်း ၎င်းသည် သက်သတ်လွတ် စားခြင်းဖြင့်သာ ကြီးဖွားသော ကုသိုလ်ရ

www.dhammaransi.com



နိုင်သည်ဟု အယူလွဲမှားမိခဲ့ခြင်း၊ တပည့်များအား သက်သတ်လွတ်အတင်းအကျပ် စားမိစေခဲ့ခြင်း၊ သက်သတ်လွတ် မစားသည့် အရိယာ သံဃာများအားနှုတ်ဖြင့် ပြစ်မှားမိခဲ့ခြင်း စသည့် အကုသိုလ်ကံကြောင့် ငရဲ၌ ကြာမြင့်စွာ ကျခဲ့ရသည်။ ထိုမှတစ်ဖန် လူ့ဘဝ ရောက်လာပြန်သော်လည်း လူခြောက်ဖြစ်လာရပြန်ပြီး ထိုလူခြောက်ကလေး၌ စွဲဝင်နေသည့် ဝေမာနိက ပြိတ္တာဘဝဖြင့် အပါယ်ဘုံ၌ ရောက်နေရကြောင်း သနားစဖွယ်ပြောပြသည်ဟု ဆိုပါသည်။

ငင်းလူခြောက်ပြိတ္တာသည် တန်ခိုးအတော်အတန်ရှိပြီး ဆေးဝိဇ္ဇာသဖွယ်ဖြစ်နေသည်။ သွေးရိုးသားရိုး ပယောဂ စသည့် ဝေဒနာရှင်များအား မိမိတန်ခိုးဖြင့် ဆေးကုသပေးလိုသည်။ ထိုကောင်းမှုကြောင့် ပြိတ္တာဘဝမှ လွတ်နိုင်အောင် (မိမိကို ကူညီသည့်အနေဖြင့်) မိခင်အား ဝေဒနာရှင်များကို ဆေးကုသပေးရန် တိုက်တွန်းခဲ့သည်။ မိခင်ကြီးက အကြိမ်ကြိမ်ငြင်းဆန်ခဲ့ရာ နောက်ဆုံးတွင် မအိပ်နိုင် မစားနိုင်၊ မလိုအိပ်မက် အမျိုးမျိုးပေးလာသဖြင့် ဆေးကုသပါမည်ဟု ဝန်ခံခဲ့ပါသည်။ မိခင်ဖြစ်သူအား မဟုတ်မမှန် မပြောပါ၊ မလုပ်ပါ၊ ဆေးဖိုးလည်း ဆယ်၍ မယူပါ၊ ညွှန်သလောက်သာ ယူပါမည်ဟု ကတိသစ္စာခံယူခိုင်းသည်။

လူခြောက်ညွှန်သည့်အတိုင်း နှင်းဆီပန်း၊ လိမ္မော်ခွံ၊ ကျွဲကော ခွံ၊ ဒေါနခက်စသော (၃၂) မျိုးကို အခြောက်လှန်း အမှုန့်ကြိတ်ရသည်။ (၁၈) နှစ်လုံးလုံး ဇိဝိတဒါနအနေဖြင့် အခမဲ့ ကုသခဲ့ပြီး နောက်ပိုင်း

www.dhammaransi.com



အခကြေးငွေယူ၍ ကုသပါသည်။ အလွန်သက်သာသော နှုန်းထားဖြင့် သတ်မှတ်၍ ခြေကြွခအဖြစ် ယူစေသည်။ ရည်ရွယ်ချက်မှာ မိခင်အား လုပ်ကျွေးစေလိုသောကြောင့် ဖြစ်သည်ဟု လူခြောက်က ဆိုကြောင်း သိရသည်။

ဆေးကုသပေးသော ဝေဒနာရှင် ငါးထောင်ကျော်ပြီဟု သိရသည်။ ဒေါ်သိမ်းရွှေသည် ၎ ခင်က နှင်းခူပေါက်ပြီး သွေးအန်သည့် ရောဂါ၊ အကြောတက်ရောဂါ ရှိခဲ့သည်။ လူခြောက်၏ ဆေးကို စားသုံးပြီးနောက်ပိုင်း မည်သည့် ရောဂါဝေဒနာမျှ မရှိတော့ဟု သိရသည်။

လူခြောက် ဆေးကုသပုံမှာ ဆန်းကြယ်သည်။ သူပေးညွှန်းသော ဆေးကို စားပါက အစာရှောင်ရန် မလို၊ အစားများများ စားနိုင်လေလေ မြန်မြန်ပျောက်လေဖြစ်ကြောင်း ထူးထူးခြားခြား ကြားသိရသည်။

အနှစ်(၄၀) ခန့်ရှိပြီးဖြစ်သော ယောဂျ်ား၏ ပုံဟန်အပြည့် အစုံပါသော မပုပ်မသိုး အသားခြောက်ကလေးများကို အများကြည့် ရှုနိုင်စေရန် ဖန်ဘူးကလေးထဲတွင် သက်န်းရောင် ပိတ်စကလေး အုပ်ပြီး ထားသည်။ ထိုအသားခြောက်ကလေး မပျက်မစီး တည်ရှိနေ၍ မိမိသည် ပြဿနာဘဝမှ မကျွတ်သေးပါဟု ဆိုကြောင်း သိပါသည်။

ဒေါ်သိန်းရွှေသည် စေတနာမှန်က အကျိုးပေးမည်ဟု ယုံကြည်သူဖြစ်သည်။ ဆေးမှုန့်များကို ရေဆွတ်ပြီး သတ္တဝါများ အားမေတ္တာပို့ပြီး လုံးနေလေ့ရှိသည်။ ငွေကြေး ချို့တဲ့သူများအား

www.dhammaransi.com



အခမဲ့ ဓာတ်စာပါ ပေးပြီး ကုသသည်။ လိုအပ်ပါက ခြေဆုပ်လက်နယ်ပြုခဲ့သည်။ ဒေါ်သိန်းရွှေ၏ မေတ္တာရောင်ပြန်ဟပ်မှုကြောင့် ဖော်စပ်ရန်လိုအပ်သော ဆေးကုန်ကြမ်းများ မဝယ်ရ။ ဘုရားပန်းစွန့်သည့် နှင်းဆီပန်းခက်၊ ဒေါနခက် စသည်များ၊ စားပြီးလိမ္မော်ခွံ၊ ကျွဲကောခွံများ လွှင့်မပစ်ဘဲ စုဆောင်းထားကာ လာရောက်လှူဒါန်းကြသည်ကို တွေ့ရသည်။

ကျုံမငေးမြို့တွင် နေခဲ့စဉ်က ဓားပြတိုက်ခံရပြီး ရွှေ ၅ ပိဿာနှင့် အိမ်ရှိပစ္စည်းများ ပါသွားသည်။ ကြေးအိုးတစ်လုံးနှင့် ငရုတ်ဆုံတစ်ခုသာ ကျန်ခဲ့သည်။ သူတို့လင်မယား အကြီးအကျယ် သံဝေဂ ရခဲ့သည်။ ထိုနေ့မှစ၍ ပစ္စည်းသခင်ရ၊ လူသခင်ရဟု နားလည်သဘောပေါက်ကာ ရှာဖွေရရှိသမျှ လှူဒါန်းနေကြရပါတော့သည်။

ကျုံမငေးမြို့ ကိုးနဝင်းစေတီတော်ကြီး တစ်ခုအား ရွှေအစစ်ဖြင့် ရွှေချပူဇော်ခဲ့သည်။ ကျုံမငေးမြို့ သံဖြူဇရပ်လမ်းတွင်မဏ္ဍပ်ထိုးကာ လပြည့်လကွယ်နေ့တိုင်း မုန့်ဟင်းခါး ပိဿာချိန် (၂၀၀)၊မုန့်စိမ်းပေါင်းအိုး(၇၁)၊ အုန်းနို့ခေါက်ဆွဲ ပိဿာချိန် (၁၅၀)၊ ထမနဲ (၂၅) ဒယ်၊ ပေါင်မုန့်အုန်းနို့ဆမ်း အချပ် (၁၀၀၀၀) ကျော်တို့ကို အလှည့်ကျ စတုဒိသာ ကျွေးမွေးလှူဒါန်း လေ့ရှိသည်။

အကြမ်းဖက် သောင်းကျန်းသူများ ထကြွ၍ ရွာမီးရှို့ခံရပြီး ပြေးလာသူများအား ငါးပင်အိမ်ကြီးပေါ်တွင်သာမက ကျွဲနွားများကို အပြင်ထုတ်ကာ တင်းကုတ်ထဲတွင်၊ အချို့ကို ခြံထဲတွင်

www.dhammaransi.com



တဲထိုး၍ အချို့ တည်းခိုနေထိုင်စေကာ အဝတ်များ စောင်များ ပေးဝေငှခဲ့သည်။

ရန်ကုန် ၊စမ်းချောင်း၊ ဗားကရာလမ်း ဥယျာဉ်ကျောင်းတိုက်၌ ထိုခေတ်က ခြောက်သောင်းကျော် အကုန်အကျခံ၍ (၁)ကြိမ်၊ ပြည်လမ်း မစိုးရိမ်ကျောင်းတိုက်၌ ခြောက်သောင်း အကုန်အကျခံကာ (၁)ကြိမ် ရဟန်းခံ ရှင်ပြုမင်္ဂလာ အကြီးအကျယ် လှူခဲ့သည်။

ထိုစဉ်က ကျုံမငေးတွင် မင်္ဂလာရှိသော အိမ်ထောင်စုဟု နာမည်ကျော်ခဲ့သည်။ နဝမခြောက်သား လူခြောက်ကလေးက ဆေး အတတ်ဖြင့် လုပ်ကျွေးနေသည်။ ဤသို့သော ပုဂ္ဂိုလ်မျိုး ကြံကြံဖန်ဖန် ပေါ်ပေါက်လာပြီး အေးအေးလူလူနှင့် စားသောက်ရခြင်းသည် မိမိ၏ အတိတ်ပစ္စုပ္ပန် ကုသိုလ်ကံ စေတနာ အကျိုးပေးပင် ဖြစ်သည်ဟု ဒေါ်သိန်းရွှေက ယုံကြည်သည်။

ဒေါ်သိန်းရွှေသည် အသက် (၁၃) နှစ်အရွယ်က ဝါးခယ်မ အနီး လမ်းသမိုင်းရွာ သီလရှင်ဆရာကြီး တစ်ဦးထံတွင် ရေကသိုဏ်းရှု နည်း သင်ယူခဲ့ပြီး သမထကျင့်စဉ်များ အားထုတ်ခဲ့ဖူးသည်။ အသက် (၁၇) နှစ်အရွယ်တွင် မိုးညှင်းဆရာတော်ကြီးထံ နည်း နာခံယူပြီး ဝိပဿနာတရား အားထုတ်ခဲ့သည်။ (၂၂) နှစ်အရွယ်တွင် အိမ်ထောင် ကျပြီးနောက် တစ်နေ့တစ်ကြိမ် နှစ်ကြိမ် မှန်မှန် တရားအားထုတ်ခဲ့ သည်။ ဘုရားရှိခိုးသောအခါ ဘုရားရှင် ဂုဏ်တော်ကို ရည်မှန်းပြီး ရှိခိုးသည်။ စီးပွားဥစ္စာတိုးတက်စေရန်၊ အနာရောဂါ ကင်းစေရန် တောင့်တချက်ဖြင့် ရှိခိုးလေ့ မရှိပါ။

www.dhammaransi.com



၁၉၈၄ ခုတွင် ခင်ပွန်းသည် သေဆုံးပြီးနောက် ဝိပဿနာ တရားကို အချိန်ပို အားထုတ်နိုင်ခဲ့သည်။ ခင်ပွန်းသည်အား လွမ်းဆွေးသည့်စိတ် မရှိ။ သတ္တဝါမှန်သမျှ သေနေ့စေ့သဖြင့် သေကြရသည်၊ မိမိသည် မသေမီ ကုသိုလ်ကောင်းမှု ပြုမည်ဟု နှလုံးသွင်းထားသူဖြစ်သည်။

မြေးငယ်များကို မည်သည့်အခါမျှ ချီခြင်း၊ ထိန်းကျောင်းခြင်း မပြုဟု သိရသည်။ မိမိတို့ သားသမီးကို မိမိတို့ဘာသာ ထိန်းကျောင်းကြ၊ ဘွားအေကြီးအား ဒုက္ခမပေးကြပါနှင့်၊ ကုသိုလ်ပြုရန် အချိန်ကို မနှောင့်ယှက်ကြနဲ့ ပြတ်ပြတ်သားသား ပြောလေ့ရှိသည်။

**မတေကရီ**

(အတွဲ ဂ၊ အချပ် ၃၊ ၁၉၉၂ ခု၊ စက်တင်ဘာလထုတ် မြတ်မင်္ဂလာ)

## သားမယားချစ်စေကြောင့် ချက်ချင်းပွဲပြောသူ

ဦးခင်မောင်သည် သစ်ဆိမ့်ရွာတွင် လယ်လုပ်သော လယ်သမားတစ်ဦး ဖြစ်ပါသည်။ သားမယား သားသမီးအပေါ်၌လည်း အလွန်သံယောဇဉ်ကြီးသူ တစ်ဦးဖြစ်ပါသည်။ မိမိလုပ်သောလယ်ယာသည် ရွာနှင့် အတန်ကွာဝေး၍ လယ်ယာလုပ်ငန်းခွင်ကို သူတကာထက် စောစောထ၍ သွားရသည်။

သူ၏ဇနီး ဒေါ်ကျင်မြသည် နံနက်စာကို (၈) နာရီ (၉)

www.dhammaransi.com



နာရီလောက်မှ လိုက်ပို့ပေးရသည်။ လယ်ယာလုပ်ငန်းခွင်ကို ညနေကျမှ ပြန်သိမ်းလာလေ့ရှိသည်။

ယခင်က ညနေဆိုလျှင် ဦးခင်မောင် နွားရိုင်းသွင်းချိန် ရောက်နေကျဖြစ်သည်။ ယခု လူရော နွားပါ ပေါ်မလာ။ ဒေါ်ကျင်မြနှင့် သမီးကြီး မစန်းမြတို့သည် လင်နှင့်ဖခင် အလာကို တမျှော်မျှော်နှင့် စောင့်နေကြသည်။ ပေါ်မလာ။ ညဉ့်က တဖြည့်ဖြည်း နက်လာသည်။ ဒေါ်ကျင်မြ စိုးရိမ်စိတ်သည် အထွတ်အထိပ် ရောက်လာတော့သည်။ ပတ်ဝန်းကျင် ဆွေးမျိုးသားချင်းများ၊ ရွာသူရွာသားများကို ပြောပြရသည်။ အကူအညီတောင်းရသည်။ ဆယ်အိမ်ခေါင်း ဦးဘိုးတင် ခေါင်းဆောင်သော အဖွဲ့ဝင် ဆယ်ဦးလောက်သည် ဓာတ်မီးနှင့် လိုအပ်သော လက်နက်ကိရိယာများ ယူပြီး ဦးခင်မောင် လယ်ထွန်ရာသို့ လိုက်သွားကြသည်။

လယ်ယာသို့အရောက် နွားများက ထမ်းပိုးတုံး မချွတ်ဘဲ လယ်ကို ဒရွတ်ဆွဲပြီး မြက်စားနေသည်။ ကိုခင်မောင်ကား မတွေ့။ လူဆိုးများ ဖမ်းသွားလေသလား လက်နှိပ်ဓာတ်မီးဖြင့် ပတ်ဝန်းကျင်ကို မီးထိုးပြီး ရှာကြသည်။

ထယ်ထိုးလက်စ လယ်ကွက်ထဲတွင် လဲကျနေသော ဦးခင်မောင်ကို တွေ့ကြပါသည်။ တစ်ကိုယ်လုံး ညိုမည်းပြီး အသက်မရှိတော့သော ဦးင်မောင် ဖြစ်နေပါသည်။ ဦးခင်မောင် မြွေကိုက်ခံရပြီး အဆိပ်ပြန့်ကာ သေဆုံးနေခြင်းဖြစ်ပါသည်။ ဘယ်အချိန်က ကိုက်၍ ဘယ်အချိန်က သေနေမှန်းပင် မသိကြ။

www.dhammaransi.com



ဆယ်အိမ်ခေါင်း ဦးဘိုးတင်က အလောင်းကို သယ်ယူရန် စီစဉ်သည်။ တစ်ယောက်ကို ခြေမြန်လွှတ်ပြီး ရွာကို အကြောင်းကြားစေရသည်။ ခြေမြန်လွှတ်သော ဦးခင်မောင် တူ မောင်စံသိန်း ရွာရောက်၍ ဒေါ်ကျင်မြနှင့် အားလုံးကို သတင်း စကားပြောကြားပြီး မကြာခင်ပင် ရွာသူရွာသားများ ဒေါ်ကျင်မြအိမ်တွင် သတင်းမေး စုရုံးရောက်လာကြသည်။ အလောင်းကား ရောက်မလာသေးချေ။

ရပ်ရွာတာဝန်ရှိ လူကြီးများက ရွာပြင်မှာ သေသော အသုဘဖြစ်၍ ရွာပြင်တွင်ထားရန် လိုအပ်သော စင် စသည်တို့ကို စီစဉ်ကြသည်။ ဓလေ့ထုံးစံအရ ရွာပြင်တွင် သေသော အသုဘကို ရွာတွင်းသို့ မသွင်းရပေ။

မကြာခင် အလောင်းရောက်လာသည်။ ခေါင်း အားချင်းစပ်ပြီး အလောင်းထည့်ကာ ရွာပြင်တွင် ထားကြသည်။ အလောင်းစောင့်ရန် လူငယ်ကာလသားများကိုလည်း ကာလသားခေါင်းက စီစဉ်ပေးသည်။

အသုဘအိမ်တွင် လူစုလူဝေး ကွဲကာနီးတွင် လူအုပ်ထဲရှိ မမြရီဆိုသော မိန်းမငယ်ကို ကိုခင်မောင် ဝင်ပူးပါတော့သည်။ .

(တစ္ဆေသရဲစသည့် သူတို့သည် လိပ်ပြာ ငယ်သူကို ပူးကပ်နိုင်ကြသည်။)

သူ မြွေကိုက်၍ သေကြောင်း၊ လယ်ဘေးက ချုံထဲတွင် နေရကြောင်း၊ နွားပျောက်မှာစိုး၍ စောင့်နေရကြောင်း၊ ယခု သူ့တူ မောင်စံသိန်းနှင့် အတူတူလိုက်လာကြောင်း၊ ယခုမှ ဝင်ခွင့်ရကြောင်း

www.dhammaransi.com



ပြောပြသည်။

ဦးခင်မောင် ဝင်ပူးကပ်သော မမြရီကို အားလုံးက စိတ်ဝင်စားစွာကြည့်ပြီး မမြရီ ပါးစပ်မှ ဦးခင်မောင်အသံ ထွက်ပြီး ပြောနေသည်ကို အားလုံးက စိတ်ဝင်စားစွာ နားထောင်နေကြသည်။ ဦးခင်မောင်က သူ့အကြောင်း ဝင်ပူးကပ်ပြောပြီးသောအခါ ရပ်ရွာမှ ရပ်မိရပ်ဖ ဦးအေးမောင်က–

'မင်း ခင်မောင်ဆိုတာတော့ ဟုတ်ပါပြီ၊ မင်းမယား၊ မင်းသမီး၊ မင်းသားတွေရဲ့အမည်ကို ပြောစမ်းပါ'ဟု မေးလိုက်သည်။

ဦးခင်မောင် ပူးကပ်နေသူ မမြရီက ဇနီး မကျင်မြ၊ သမီး မစန်းမြ၊ သားငယ် တင်ထွန်းနာမည်တို့ကို အလွယ်တကူ ပြောပြလိုက်သည်။

'မင်း အတွင်းပစ္စည်းတွေ မကျင်မြ မသိအောင် ထားတာ ဘာရှိသလဲ'

'သားရှင်ပြုဖို့ စုထားတဲ့ငွေ စဥ့်အိုးနဲ့ထည့်ပြီး ထင်းတဲထဲမှာ မြှုပ်ထားပါတယ်'

'မင်းက ရစရာရှိတဲ့ ကြွေးရှင်တွေရှိသလား၊ ရှိရင်ပြောပါ'

'ရှိပါတယ်၊ ကိုလှမောင်ဆီမှာ ငွေ ၁၀၀ိ၊ ဘိုးမြဆီမှာ ၂၅ိ၊ ဘိုးခင်လှဆီမှာ ကျောင်းအလှူငွေ စိုက်ထည့်ပေးထားတာက ၅၀ိ၊ မိမြမှီဆီမှာ ဆန် (၁၀)ပြည် ရှိပါတယ်'

'ကဲ ... လှမောင်တို့ အဲဒါတွေ မှန်သလားဟေ့'

ဦးအေးမောင်က လူအုပ်ထဲကို လှမ်းမေးလိုက်သည်၊

www.dhammaransi.com



အားလုံးက မှန်ကန်ကြောင်း ဝန်ခံကြသည်။

'မင်းက ပေးစရာကော ရှိသလား'

'ရှိပါတယ်၊ ဦးလေး ဦးထင်ပေါ်ကို ပုဆိုးဝယ်ပေးဖို့ ဝန်ခံထားတာ ဝယ်မပေးရသေးပါဘူး'

'ဟုတ်ပြီ မင်းအခု ဘယ်မှာ နေသလဲ၊ တို့က မင်းအတွက် ဘာလုပ်ပေးရမလဲ'

'ကျွန်တော် ယခု လယ်ဘေးက ပေါက်ပင်ချုံတောမှာ နေပါတယ်၊ ကျွန်တော့်အတွက် ကုသိုလ်ပြုပြီး အမျှဝေပေးပါ'

'မင်းက ပေါက်ပင်ပေါ် ဘာပြုလို့ မနေသလဲ''

'ပေါက်ပင်ပေါ်မှာ နေသူရှိနေပါတယ်။ သူက ကျွန်တော့်ထက် အဆင့်မြင့်ပါတယ်'

'ဟော… စံသိန်း သွားစမ်း၊ သူပြောတဲ့ငွေအိုး သွားဖော်စမ်း၊ သာလှနဲ့ စံတင် လိုက်သွားကြစမ်း'

မကြာခင် စံသိန်းတို့က ငွေအိုးကို ဖော်ယူလာကြပါသည်။ အားလုံးမှန်ကန်သည့်အတွက် ဦးခင်မောင် ဝင်ပူးကပ်သည်ကို အားလုံးက လက်ခံကြသည်။

'ကျွန်တော် ကြာကြာနေလို့မရပါဘူး၊ သွားပါတော့မယ်၊ လယ်ကို စောင့်နေပါတယ်။ ကျင်မြ ငါ့သားလေးကို ရှင်အမြန်ပြုပေးပါ၊ ငါ သာဓုခေါ်ပါရစေ'

ဤသို့ မှာကြားပြီး ပြန်ထွက်သွားပါသည်။

နောက်နေ့နံနက်တွင် ရွာဦးကျောင်း ဆရာတော်ကို လျှောက်

www.dhammaransi.com



ပြီး သက်ပျောက်ဆွမ်းသွတ် အမျှပေးဝေရသည်။ ဦးခင်မောင်ကိုလည်း သွားဖိတ်ခိုင်းရသည်။ လာရောက်ကြောင်းကိုလည်း သက်သေပြခိုင်းကြသည်။

ဦးခင်မောင်သည် သူလာရောက်ကြောင်းကို အသိပေးသည်။ သစ်ပင်အောက်တွင်အိပ်နေသော နွားများကို အလန့်တကြား ဝုန်းခနဲ ထစေသည်။

'ခင်မောင်ရေ လာ– လာ၊ ဆရာတော့်တရား နာရအောင်၊ မင်းအတွက် အလှူပေးပြီး အမျှဝေပေးမယ်၊ သာဓုခေါ်လှည့်ပါ'

သူ့အတွက် နေရာလုပ်ပေးသည်။ ဆရာတော်က သူ့နာမည်ခေါ်ပြီး ရေစက်ချ အမျှဝေသည်။ ဦးခင်မောင် သာဓုခေါ်ခွင့်ရသွားသည်။ထိုမှ နောက် သူ့အရိပ်အယောင် ဘာမျှ မမြင်ရတော့ချေ။ ကောင်းရာမွန်ရာ ဘဝသစ်သို့ ချက်ချင်းပြောင်းသွားပြီး ဖြစ်လေသည်။

'မှာရဲကြရဲ့လား'

ငါသေလျှင် သပိတ် မသွတ်ကြနဲ့လို့ မှာရဲကြရဲ့လား။
မှာရဲအောင် ကျင့်ကြံအားထုတ်ကြ။
သပိတ်သွတ်တယ်ဆိုတာ မကောင်းတဲ့နေရာ
ရောက်နေလို့ သာဓုခေါ်နိုင်ပြီး ကောင်းရာသုဂတိ
ရောက်အောင်လို့ ကျန်တဲ့လူက
သေသူအတွက် လုပ်ကြတာတဲ့။
အဲဒါ သက်သက်မဲ့ အရှက်ခွဲတာ
အရှက်မကွဲချင်ရင် အားထုတ်ကြ။

မိုးကုတ်ဆရာတော်ဘုရားကြီး

www.dhammaransi.com



# အခန်း (၂)

## ပဋိသန္ဓေအစမှ ဘဝအဆင့်ဆင့် ကွာခြားလာပုံ

ပဋိသန္ဓေသည် ကုသိုလ်ကံ အကုသိုလ်ကံဟူသော ကံတရားကြောင့် ဖြစ်ပေါ်လာရသော အကျိုးဖြစ်ပါသည်။ ကံချင်းမတူမှုကြောင့် ပဋိသန္ဓေချင်းလည်း မတူကြပေ။

လူတစ်ယောက်သည် ကုသိုလ်ကံကို ဉာဏ်နှင့်ယှဉ်၍ မြောက်မြားစွာ ထက်သန်သော စိတ်ဖြင့်ပြုခဲ့၏။

လူတစ်ယောက်ကား အတော်အသင့်သာပြုခဲ့၏။ ပြုပြန်သော်လည်း ထက်သန်သော စိတ်မျိုးဖြင့် ပြုခဲ့သည်မဟုတ်။

ထိုသူနှစ်ယောက်တို့ သေလွန်၍ ပဋိသန္ဓေ ပြန်နေရလျှင် ထက်သန်စွာပြုသော ကုသိုလ်ရှင်က ချမ်းသာသော မိခင်ဝမ်း ပဋိသန္ဓေနေရသည်။ မိခင်သည် အသိလိမ္မာ ဉာဏ်ပညာ ရှိသူဖြစ်လျက် ကိုယ်ဝန်ကလေး မဆင်းရဲရအောင် အနေအထိုင်၊ အထအသွား သတိထား ဆင်ခြင်၍ သွားလာ ထိုင်ထ,တတ်ကြ၏။ ပူလွန်း စပ်လွန်းသော အစားအစာ၊ အေးလွန်းသော အစားအစာတို့ကို ရှောင်ကြဉ်တတ်၏။

ကုသိုလ်နည်းပါးသူကား ဆင်းရဲသော မိခင်ဝမ်း၌ ပဋိသန္ဓေနေရ၏။ ထိုဆင်းရဲသောမိခင်သည် အသိအလိမ္မာ ဉာဏ်ပညာ နည်းပါး၏။ အသိအလိမ္မာ ဉာဏ်ပညာရှိဦးတော့ ရှောင်ကြဉ်ဖွယ်

www.dhammaransi.com

ဟူသမျှတို့ကို ရှောင်ကြဉ်ရန် ဥစ္စာပစ္စည်း မပြည့်စုံ၍ မရှောင်နိုင်ရာ။ ကြုံရာ ရရာကို စားရ၏။

မိခင်က အလွန်ပူစပ်သော အစားအစာကို စားလိုက်လျှင် ကိုယ်ဝန်ထဲရှိ သူငယ်ခမျာ ငရဲကျသကဲ့သို့ ပူလောင်ရှာ၏။ အလွန်အေးသော အစားအစာကို စားလိုက်လျှင် လောကန္တရိတ် ငရဲကျသကဲ့သို့ အလွန်အေးချမ်းခံရ၏။ အထိုင်အထ မဆင်ခြင်ပြန်လျှင် ဆွဲဆောင်သကဲ့သို့ ခံရရှာ၏။

ဤသို့ ကံတရား စီမံမှုကြောင့် ပဋိသန္ဓေတည်စ,ကပင် မတူကွဲပြား ခြားနားကြရလေသည်။

ထိုနောက် ဖွားမြင်ချိန်ရောက်လျှင် ချမ်းသာသောမိခင်၌ သန္ဓေတည်သူမှာ အဆင့်မြင့် ဖွားမြင်ရ၍ ဖွားမြင်ပြီးသောအခါ၌လည်း ယုယုယယ ပြုစုခံရတတ်၏။

ဆင်းရဲသောမိခင်၌ သန္ဓေတည်ရသူမှာ ဖြစ်သလိုဖွားမြင်ရ၍ ဖွားမြင်ပြီးသောအခါ၌လည်း ကြုံသလို စားသောက်ရ၍ ဆင်းရဲရ၏။ မိခင်က စားဝတ်နေရေး လုံးပမ်းနေရသဖြင့် အမိနို့သော်မှ ဝအောင်စို့ရသည် မရှိ။

ဤသို့လျှင် လူ့ဘဝအစ၌ပင် အကျိုးပေးချင်းက ကွာခြားလှပေသည်။

www.dhammaransi.com



## ကံတရားအရ လူ့ဘဝ

လူသားသည် ကံပေးသမျှသော အကျိုးဖြင့် ပဋိသန္ဓေနေခဲ့ရပြီးနောက် လူ့လောက လူ့ဘဝ၌ ကျင်လည်ကျက်စားခဲ့ရသည်။ ထိုသို့ ကျင်လည် ကျက်စားရခြင်းသည် ဘုရားရှင်က သုဘလုလင်အား ဟောခဲ့သော ကံတရားအရ (ဝါ) အနမတဂ္ဂ သံသရာဘဝ အဆက်ဆက်က ပြုလုပ်ဆည်းပူးခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံအကျိုးပေး အစဉ်လိုက်မှုအရ လူ့လောကတွင် သေသည့်ကာလအထိ ကျင်လည်ခဲ့ကြရပါတော့သည်။

သတ္တဝါမှန်သမျှသည်

-မိမိတို့ ပြုသောအမှု-ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိ၏။

-ကံ၏အမွေခံတို့၌သာ ဖြစ်ကုန်ရ၏။

-ကံသာလျှင် အကြောင်းရင်း ရှိ၏။

-ကံသာလျှင် ကိုးကွယ် အားထားရာ ရှိပါ၏။

ထိုကံတရားအရ လောကရှိ လူသားအားလုံးသည် သုဘလုလင် အမေး(၁၄) ချက်၊ ဘုရားရှင်၏အဖြေ (၁၄) ချက်နှင့် အညီ လူ၏ တစ်ဘဝ တစ်သက်တမ်းကို ကုန်ဆုံးခဲ့ရလေတော့သည်။

### (၁) အသက်တိုမှု

ဤလောက၌ အချို့သော ယောကျာ်း၊ မိန်းမတို့သည် သတ္တဝါများအပေါ်၌ သနားကြင်နာစိတ် ကင်းလျက် ရက်စက်စွာ သတ်ဖြတ်တတ်ကြ၏။ ထိုသူတို့သည် သေလျှင် ငရဲသို့ ရောက်

www.dhammaransi.com



တတ်၏။ အကယ်၍ ရှေးကုသိုလ်ကံ တစ်ခုခုက ထောက်မ,၍ ငရဲမကျဘဲ လူ့ပြည်၌ လူပြန်လာဖြစ်ရလျှင် အသက်စေ့အောင် မနေရဘဲ အသက်တိုကြရသည်။

## (၂) အသက်ရှည်မှု

ဤလောက၌ အချို့သော ယောကျ်ား၊ မိန်းမတို့သည် သတ္တဝါများအပေါ်၌ သနားကြင်နာကင်းလျက် သူ့အသက် သတ်ခြင်းကို ရှောင်ကြဉ်၏။ ထိုသူတို့သည် သေလျှင် နတ်ပြည်သို့ ရောက်တတ်၏။ လူ့ပြည်၌ လူဖြစ်ရလျှင် သက်တမ်းစေ့အောင် အသက်ရှည်စွာနေရသည်။

## (၃) ရောဂါထူမှု

ဤလောက၌ အချို့သော ယောကျ်ား၊ မိန်းမတို့သည် သတ္တဝါတို့အပေါ်၌ သနားကြင်နာကင်းလျက် သူတစ်ပါးတို့ကို လက်ဖြင့်သော်လည်းကောင်း၊ ခဲ၊ တုတ်၊ ဓားဖြင့်လည်းကောင်း ပုတ်ခတ် ညှဉ်းဆဲ နှိပ်စက်လေ့ရှိ၏။ သေအောင်ကား မသတ်။ ထိုသူသည် သေလျှင် ငရဲသို့ ကျရောက်ရ၏။ အကယ်၍ ရှေးကုသိုလ်ကံ တစ်ခုခုကြောင့် ငရဲမကျဘဲ လူ့ပြည်၌ ပြန်ဖြစ်ရပါမူ ရောဂါထူပြော၊ အနာပေါသူ ဖြစ်ရသည်။

## (၄) ရောဂါကင်းမှု

ဤလောက၌ အချို့သော ယောကျ်ား၊ မိန်းမတို့သည်

www.dhammaransi.com



သတ္တဝါများအပေါ်၌ သနားကြင်နာကြပြီး ပုတ်ခတ်ညှင်းဆဲမှု မပြု။ ထိုသူသေလျှင် နတ်ပြည်သို့ရောက်ရ၏။ လူ့ပြည်၌ လူဖြစ်လျှင်လည်း အနာရောဂါကင်းရှင်းသူ ဖြစ်ရသည်။

## (၅) ရုပ်အဆင်းမလှမှု

ဤလောက၌ အချို့သော ယောကျာ်း၊ မိန်းမတို့သည် အမျက်ဒေါသ အလွန်ကြီးကြ၏။ ကိုယ်၊ နှုတ်၊ စိတ်၊ အမူအရာ ကြမ်းတမ်းလှကုန်၏။ သူတစ်ပါးကို ထိခိုက်ပုတ်ခတ်ပြောတတ်၏။ ထိုသူသေလျှင် ငရဲဘုံသို့ ကျရောက်ရ၏။ အကယ်၍ ရေးကုသိုလ်ကံ တစ်ခုခုကြောင့် ငရဲမကျဘဲ လူ့ပြည်၌ လူလာဖြစ်ရသည် ရှိသော်လည်း ရုပ်အဆင်းမလှ၊ လွန်စွာ ရုပ်ဆိုးရ၏။

## (၆) ရုပ်အဆင်းလှပမှု

လောက၌ အချို့သော ယောကျာ်း၊ မိန်းမတို့သည် အမျက်ဒေါသ နည်းပါးကြ၏။ သူတစ်ပါးတို့က နှိပ်နှိပ်စက်စက် ပြောသော်လည်း အမျက်မထွက်၊ သည်းခံတတ်၏။ ကိုယ်၊ နှုတ်၊ စိတ် အမူအရာ သုံးပါးလုံး သိမ်မွေ့ နူးညံ့၏။ ထိုသူသေလျှင် နတ်ပြည်သို့ ရောက်ရ၏။ လူ့ပြည်၌ ဖြစ်ရပြန်လည်း တင့်တယ်လှပ ကြည်လင်သော ရုပ်အဆင်း ရကြသည်။

## (၇) တန်ခိုးသေးသိမ် ခြွေရံနည်းမှု

ဤလောက၌ အချို့သော ယောကျာ်း၊ မိန်းမတို့သည်

www.dhammaransi.com



သူတစ်ပါးတို့ ကြီးပွားတိုးတက်ခြင်း၊ ဂုဏ်သိန်ရှိခြင်း၊ ခြွေရံပေါခြင်း၊ ကျော်စောခြင်းတို့ကို မြင်ရကြားရလျှင် မနာလို ဝန်တို ငြူစူတတ်ကြ၏။ ထိုသူတို့သေလျှင် ငရဲသို့ ကျရောက်တတ်၏။ အကယ်၍ ရေးကုသိုလ်ကံ တစ်ခုခု ထောက်မမှုကြောင့် ငရဲမကျဘဲ လူ့ပြည်၌ ဖြစ်ရလျှင် ဘုန်းတန်ခိုး သေးသိမ်၍ အခြွေအရံ နည်းရသည်။

## (၈) တန်ခိုးကြီးမား ခြွေရံများမှု

ဤလောက၌ အချို့သော ယောကျ်ား၊ မိန်းမတို့သည် ထိုကဲ့သို့သော စိတ်ထားမရှိကုန်။ ထိုသူတို့သေလျှင် နတ်ပြည်သို့ ရောက်ရ၏။ လူ့ပြည်၌ ဖြစ်ပါမူလည်း ဘုန်းတန်ခိုးကြီးမားကာ နာမည်ကျော်ကြားပြီး ခြွေရံပေါများသူ ဖြစ်ရသည်။

## (၉) ဥစ္စာနည်းပါးသူ

ဤလောက၌ အချို့သော ယောကျ်ား၊ မိန်းမတို့သည် စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ မရှိကြ။ နှမြောတွန့်တိုမှု များကြ၏။ ထိုသူတို့သေလျှင် ငရဲသို့ ကျရောက်ရ၏။ အကယ်၍ ရေးကုသိုလ်ကံ တစ်ခုခု ထောက်မမှုကြောင့် ငရဲမကျဘဲ လူဖြစ်လာရမူ ဥစ္စာနည်းပါး ဆင်းရဲမွဲတေကြရသည်။

## (၁၀) ဥစ္စာပေါများမှု

ဤလောက၌ အချို့သော ယောကျ်ား၊ မိန်းမတို့သည် နှမြောတွန့်တိုမှုမရှိ၊ ပေးကမ်း စွန့်ကြဲတတ်ကြ၏။ ထိုသူတို့သေလျှင်

www.dhammaransi.com



နတ်ပြည်ရောက်ရ၏။ လူ့ပြည်၌ ဖြစ်ရပါမူ ဥစ္စာပေါကြွယ် ချမ်းသာကြွယ်ဝကြ၏။

## (၁၁) အမျိုးယုတ်မှု

ဤလောက၌ အချို့သော ယောကျာ်း၊ မိန်းမတို့သည် မာန်မာန အလွန်ကြီး၏။ သူတစ်ပါးကို အထင်သေး၍ ကိုယ့်ကိုယ်ကို အထင်ကြီးတတ်ကြ၏။ ရိုသေထိုက်သူကို မရိုသေ၊ မထိမဲ့မြင် ပြုတတ်၏။ ထိုသူတို့သေသော် ငရဲကျတတ်၏။ အကယ်၍ ရှေး၊ကုသိုလ်ကံ ထောက်မမှုကြောင့် ငရဲမကျဘဲ လူ့ပြည်၌ ဖြစ်လာရပါမူ ယုတ်ညံ့နိမ့်ကျသောအမျိုး၌ ဖြစ်ရသည်။

## (၁၂ အမျိုးမြတ်မှု

ဤလောက၌ အချို့သော ယောကျာ်း၊ မိန်းမတို့သည် မာန်မာနမရှိ၊ ရိုသေလေးစားထိုက်သူကို ရိုသေလေးစား၏။ ထိုသူတို့ သေလျှင် နတ်ပြည်သို့ ရောက်ရ၏။ လူ့ပြည်၌ ဖြစ်ရပါမူ အထက်တန်းကျ၍ မြင့်မြတ်သော အမျိုး၌ ဖြစ်ရ၏။

## (၁၃) ဉာဏ်ပညာနည်းမှု

ဤလောက၌ အချို့သော ယောကျာ်း၊ မိန်းမတို့သည် ပညာရှိထံ မဆည်းကပ်၊ ကုသိုလ် အကုသိုလ်ကို မသိကြ။ ဓမ္မ အသိဉာဏ်ရရှိရန် မေးမြန်းလေ့ မရှိကြ။ ဓမ္မအသိဉာဏ် ကင်းမဲ့၍ အကုသိုလ်ကို ပြုမိကြ၏။ ထိုသူတို့ သေလွန်သော် ငရဲသို့

www.dhammaransi.com



ကျရောက်ရ၏။ အကယ်၍ ရေးကုသိုလ်ကံ ထောက်မ၍ ငရဲမကျဘဲ လူ့ပြည်၌ ဖြစ်လာရပါမူအသိဉာဏ် ကင်းမဲ့သော လူနုံ လူအ ဖြစ်ရသည်။

## (၁၄) ဉာဏ်ပညာကြီးမှု

ဤလောက၌ အချို့သော ယောကျ်ားမိန်းမတို့သည် ပညာရှိများကို မှီဝဲ ဆည်းကပ်ခြင်း၊ ဓမ္မအသိဉာဏ်ရအောင် လေ့လာကြ၏။ ဓမ္မကို သိ၍ ကုသိုလ်ကောင်းမှုကို ပြုကြ၏။ ထိုသူတို့သေသော် နတ်ပြည် ရောက်ရ၏။ လူ့ပြည်၌ ဖြစ်လာရမူ အသိဉာဏ်ကြွယ်ဝသူ၊ ဉာဏ်ပညာရှိ ဖြစ်ရ၏။

ဤ (၁၄) ချက်နှင့် ပတ်သက်၍ ဆရာတော် အရှင်ဇနကာဘိဝံသက လင်္ကာသွားဖြင့် အောက်ပါအတိုင်း ရေးသားထားခဲ့ပါသည်။

၁။ သူများအသက် သတ်သည်တွက် အသက်ကိုယ့်မှာတို
၂။ မသတ်ရှောင်ရှား တိုသူများ၊ ရှည်လျား အသက်ကို
၃။ နှိပ်စက်ကလူ ညှဉ်းဆဲသူ၊ ပြောတုရောဂါဆို
၄။ သနားစိတ်သွင်း မနှိမ်နင်း၊ ကင်းရှင်းရောဂါကို
၅။ ပြင်းထန်ဒေါသ ကြီးတတ်က၊ အလှပျက်မည်ဆို
၆။ ဒေါသကင်းစင် မေတ္တာယှဉ်၊ ကြည်လင်လှသကို
၇။ မနာလိုပြန် ဣဿထန် ခြံရံကင်းမည်ဆို
၈။ ဣဿမထား ဝမ်းမြောက်များ၊ ပေါများခြွေရံကို
၉။ မလှူမဒါန်း မပေးကမ်း၊ ခြောက်ခန်း ဥစ္စာဆို

www.dhammaransi.com



၁၀။ စွန့်ကြဲပေးတဲ့ ပြုပါကုန်၊ ကုံလုံကြွယ်ဝကို
၁၁။ မာန်မာနကြွယ် ထိုသူငယ်၊ မျိုးနွယ်ညံ့မည်ဆို
၁၂။ ထိုက်သူရိုကျိုး ၊မာန်ကိုချိုး၊ အမျိုးမြတ်သိလို
၁၃။ သိဖွယ်ဟူသမျှ မမေးက၊ ဖျင်းအ ပညာဆို
၁၄။ ကြားမြင်များအောင် မေးလေ့ဆောင်၊ ခုနှောင်တတ် သိကို။

## အခန်း (၃)
## သေရမည်မှာ ဓမ္မတာ

### သတ္တဝါတို့သေနည်းများ

သတ္တဝါတို့ သေခြင်းတွင် သေခြင်း အကြောင်းတရား လေးပါးရှိပါသည်။

၁။ အသက်တမ်းကုန်၍ သေခြင်း
၂။ ကံအစွမ်းကုန်၍ သေခြင်း
၃။ အသက်ကံနှစ်ပါးစုံကုန်၍ သေခြင်း
၄။ ကံတစ်ပါးက ဖြတ်သတ်၍ သေခြင်း

### ၁။ အသက်တမ်းကုန်၍ သေခြင်း

ထိုထိုဘုံဘဝ၌ သတ်မှတ်ထားသော သက်တမ်းများ ရှိပါသည်။ ဤလူ့ဘုံသည် တက်ကပ်ကာလဝယ် အသင်္ချေယျကပ်ထိ အသက်တမ်းရှိပြီး ဆုတ်ကပ်ကာလတွင် ဆယ်နှစ်တမ်းအထိ ရှိသည်။

www.dhammaransi.com



ယခု ဂေါတမဘုရားရှင် ပွင့်သော လူ့ဘုံသည်သက်တမ်း (၁၀၀) ကာလ ဖြစ်သည်။

အတိတ်ဘဝက သင့်တော်ရုံ ကံပါလာသူတို့သည် သတ်မှတ်ထားသော သက်တမ်းကို မလွန်ဆန်နိုင်ချေ။ အတိတ်ကုသိုလ် ကံထူးကလည်းရှိ၊ ပစ္စုပ္ပန် ဘဝ၌လည်း ကုသိုလ်ကောင်းမှုပြု၍ ကျန်းမာရေး လိုက်စားသူ၊ ဆေးကောင်းဝါးကောင်း ရှိသူတို့သည် သက်တမ်းလွန်အောင် နေနိုင်ကြသည်။

(အသက်ရှည်ရာတွင် ကံ၊ စိတ်၊ ဥတု၊ အာဟာရသည် အရေးကြီးသောကဏ္ဍမှ ပါဝင်နေပါသည်။)

အသက် (၇၅) နှစ်သက်တမ်း၌ (၇၅) နှစ် ပြည့်သောအခါ သေဆုံးခြင်းသည် သက်တမ်းကုန်၍ သေရခြင်း ဖြစ်သည်။ ကံတရားက ရှိပေမယ့် သက်တမ်းက ကုန်ဆုံးနေ၍ သေရခြင်းဖြစ်သည်။

ဥပမာ – မီးစာရှိသေးသော်လည်း ဆီကုန်၍ မီးငြိမ်းရသည်နှင့် တူသည်။

## ၂။ ကံကုန်၍ သေခြင်း

ဘဝတစ်ခုကို စီမံလိုက်သော ကံသည် ပဋိသန္ဓေတည် နေသောအချိန်မှစ၍ မိမိသတ္တိ မကုန်သရွေ့ ဘဝမပြတ်အောင် (မသေအောင်) အစဉ်တစိုက် အမြဲဖန်တီးပေးနေတတ်သည်။

ထိုမှလ စီမံလိုက်သော ကံ၏အစွမ်းကို အားပေးကူညီသော (ပဝတ္တိအခါ ပြုကျင့်သော) အခြားကံများလည်း ရှိသေးသည်။

www.dhammaransi.com



ထိုမှုလ စိမ့်လိုက်သော (အတိတ်) ကံနှင့် အားပေးကူညီကြသော (ပစ္စုပ္ပန်)ကံတို့ အစွမ်းသတ္တိကုန်လျှင် အသက်တမ်း မကုန်သေးသော်လည်း ကေန်မုချ သေရတော့မည်။

၇၅-နှစ် သက်တမ်း၌ ကံအစွမ်းက အသက် (၅၀) လောက်သာရှိလျှင် (၅၀)အရွယ်မှာပင် သေရသည်။ ယင်းကို ကံကုန်၍ သေခြင်းဟု ခေါ်သည်။

ဥပမာ-ဆီမကုန်သေးသော်လည်း မီးစာကုန်၍ မီးငြိမ်းရခြင်းနှင့်တူ၏။

## ၃။ အသက်၊ ကံနှစ်ပါးစုံကုန်၍ သေရခြင်း

အချို့သတ္တဝါတို့သည်ကား အသက်တမ်းလည်းကုန် ကံစွမ်းလည်းကုန်၍ သေကြရသည်။

ဥပမာ-မီးစာကုန် ဆီခန်း၍ သေရခြင်းမျိုး ဖြစ်သည်။

## ၄။ ကံတစ်ပါး သတ်ဖြတ်၍ သေရခြင်း

အချို့သော သတ္တဝါတို့သည် အသက်တမ်းလည်း မကုန်သေး၊ ကံအစွမ်းလည်း မကုန်သေး။ သို့သော် ရှေးရှေးဘဝက ဖြစ်စေ၊ ယခုဘဝမှာ ဖြစ်စေ ပြုမိသော အကုသိုလ်ကံက အခွင့်ရသဖြင့် တစ်နည်းနည်းနှင့် သေရတော့သည်။

ကားတိုက်ခံရ၍ သေရခြင်း၊ သူတစ်ပါး ဓား၊ လက်နက် စသည်ဖြင့် သေရခြင်း စသည်တို့သည် ကံတစ်ပါး သတ်ဖြတ်၍

www.dhammaransi.com



သေရခြင်းမျိုးများ ဖြစ်သည်။

ဥပမာ– မီးစာ၊ ဆီ နှစ်မျိုးစလုံး မကုန်သေးဘဲ လေပြင်း တိုက်ခတ်မှု၊ တမင် ငြိမ်းသတ်မှုတို့ကြောင့် မီးငြိမ်းရသကဲ့သို့ ဖြစ်သည်။

## သေခါနီး ထင်အာရုံမှာ

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သေတော့မည်ဟု ဆိုလျှင် သေဖို့ရာ နာရီဝက်လောက် အလိုမှာပင် နောင်ဘဝသစ်၌ မည်သည့်ဘဝမျိုး ရရှိမည့်အကြောင်း ကြိုတင်၍ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်ဟူသော အာရုံသုံးမျိုးကုင် ဘစ်မျိုးမျိုး ထင်လာတတ်ပါသည်။

ကံဆိုသည်မှာ ကုသိုလ–အကုသိုလ် (စေတနာ) ဖြစ်ပါသည်။

ကမ္မနိမိတ် ဆိုသည်မှာ ထိုကုသိုလ်၊ အကုသိုလ် ပြုလုပ်ခဲ့ စဉ်က တွေ့ကြုံသုံးစွဲခဲ့သော အာရုံများ ဖြစ်ပါသည်။

ဂတိနိမိတ်ဆိုသည်မှာ သေပြီးနောက် ရောက်မည့်ဘဝ၌ တွေ့ကြုံခံစားရမည့် အာရုံများ ဖြစ်ပါသည်။

ထိုတွင် သေခါနီး ဤအာရုံသုံးမျိုး မထင်မီ

- စက္ကန့် မိနစ် အနည်းငယ်အလိုက ဖြစ်စေ
- နာရီဝက်၊ တစ်နာရီအလိုကဖြစ်စေ
- ရက်ပေါင်း၊ လပေါင်း ဝေးကွာသောအခါကဖြစ်စေ
- ဘဝပေါင်း၊ ကမ္ဘာပေါင်း များစွာကဖြစ်စေ

ပြုလုပ်ခဲ့သော ကံတစ်မျိုးမျိုးသည် သေခါနီးလတ်သော်

www.dhammaransi.com



ကံအများထဲမှ ရွေးရှုထွက်ပြူသကဲ့သို့ ထင်ပေါ်လာတတ်သည်။

ထိုသို့ ထင်လာရာ၌ ကုသိုလ်ကံများတွင် ဒါနမှု၊ သီလမှု ဖြစ်လျှင် ထိုကံကို ပြန်၍ အမှတ်ရသောအားဖြင့်လည်းကောင်း၊ ယခုပင် လှူဒါန်းနေ ဥပုသ်စောင့်နေရသကဲ့သို့လည်းကောင်း ထင်လာတတ်သည်၊

အကုသိုလ်ကံများတွင် သူ့အသက်သတ်မှု ဖြစ်လျှင်လည်း ထိုကံကို ပြန်၍ အမှတ်ရသောအားဖြင့် လည်းကောင်း၊ ယခုပင် သတ်ဖြတ်နေရသကဲ့သို့လည်းကောင်း ထင်လာတတ်သည်။

ဤသည်မှာ ကံအာရုံထင်ခြင်း ဖြစ်ပါသည်။

ကုသိုလ်ကံ ပြုခဲ့သောသူတို့တွင် ကျောင်းကန်ဘုရား တည်သောက်မှုဒါန၊ ကုသိုလ်ပြုခဲ့သူ ဖြစ်လျှင် ကျောင်းအာရုံ၊ ဘုရားအာရုံ၊ ကျောင်းနှင့်စပ်၍ လှူဒါန်းခဲ့သော ဆွမ်း၊ သင်္ကန်း၊ ဆေးဝါးစသော အာရုံများ၊ ဘုရားနှင့် စပ်၍ လှူဒါန်းခဲ့သော ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင် စသော အာရုံများ ထင်လာ တတ်သည်။

ဥပုသ်စောင့်သူဖြစ်လျှင် ဥပုသ်နှင့်စပ်ဆိုင်သော စိပ်ပုတီး၊ စင်ကြယ်သော အဝတ်အစား စိပ်ပုတီးစိပ်ရာ ကျောင်းကန်ဇရပ်စသော နေရာအာရုံများ ထင်လာတတ်သည်။

အကုသိုလ်ကံ ပြုခဲ့သောသူတို့တွင် သူ့သက်သတ်မှု ပြုခဲ့ သူဖြစ်လျှင် မိမိသတ်ခဲ့သော ပုဂ္ဂိုလ်၊ သတ္တဝါ အာရုံများ သတ်ဖြတ်ရာ တွင် အသုံးပြုခဲ့သော တုတ်၊ ဓား၊ လေး၊ မြားစသော လက်နက်အာရုံ

www.dhammaransi.com



များ ထင်လာတတ်ပါသည်။

ဤသည်မှာ ကမ္မနိမိတ် အာရုံထင်ခြင်းဖြစ်ပါသည်။

နတ်ပြည်ရောက်မည့်သူဖြစ်လျှင် နတ်ဘုံနတ်နန်း အာရုံ၊ နတ်သမီး၊ နတ်သား၊ ဥယျာဉ်၊ ပဒေသာပင်၊ နတ်ဝတ်တန်ဆာ စသော အာရုံများ ထင်လာတတ်သည်။

လူဖြစ်မည့်သူဖြစ်လျှင် မိခင်ဝမ်းရေ၏ နီနီရဲရဲသော အဆင်းအာရုံ၊ ယောက်ျား၊ မိန်းမ၊ လူ့အသုံးအဆောင် ပစ္စည်းအာရုံများ ထင်လာတတ်သည်။

ငရဲကျမည့်သူဖြစ်လျှင် ငရဲဘုံအာရုံ၊ ငရဲမီးလျှံ၊ ငရဲထိန်း ခွေးနက်ကြီး စသော အာရုံများ ထင်လာတတ်သည်။

ပြိတ္တာဖြစ်မည့်သူ ဖြစ်လျှင် တောတောင်၊မြစ်ကမ်းစသော အာရုံများ ထင်လာတတ်သည်။

ဤသည်မှာ ဂတိနိမိတ် အာရုံထင်ခြင်းဖြစ်ပါသည်။

## သေခါနီးမှာ အမှုအရာ

ထိုကဲ့သို့ ထင်လာပြီးနောက် ထင်လာသော အာရုံ အားလျော်စွာ ကုသိုလ်ကံ အကျိုးပေးတော့မည်ဖြစ်လျှင် ကောင်းသော အာရုံ ထင်လာသောကြောင့် ထိုအာရုံကို အာရုံပြုလျက် ဖြူစင် ကြည်လင်သော ကုသိုလ်စိတ် အစဉ်ဖြစ်နေ၏။

အကုသိုလ်ကံ အကျိုးပေးတော့မည် ဖြစ်လျှင်လည်း

www.dhammaransi.com



မကောင်းသောအာရုံ ထင်လာသောကြောင့် ထိုအာရုံကို ပြုံးလျက် ညစ်နွမ်းသော မတည်ကြည်သော အကုသိုလ်စိတ်အစဉ် ဖြစ်နေ၏။

ရောက်ရမည့်ဘဝ အားလျော်စွာ ထိုဘဝသစ်သို့ ရှေးရှုကာ စိတ်အစဉ် ညွတ်ကိုင်းသကဲ့သို့ ဖြစ်နေ၏။

ဥပမာ - အရပ်တစ်ပါး ခရီးသွားမည့်သူသည် သွားဖို့ ပြင်ဆင်နေသော်လည်း သွားရမည့် အရပ်သို့ စိတ်အစဉ် ညွတ်သကဲ့သို့ ဖြစ်ပါသည်။

စုတေခါနီး စုတေမည့်သူ၏ မျက်နှာအနေအထား၊ အမူအရာတို့ကို အကဲခတ်ကြည့်ရပါမည်။

မျက်နှာ ကြည်ကြည်လင်လင်ရှိလျှင် အာရုံကောင်းနေပြီ ဖြစ်၍ သုဂတိဘဝသို့ ရောက်ရမည်မှာ သေချာသည်ဟု မှန်းဆ နိုင်ပါသည်။

(သို့သော် ရှေးက ခံစားခဲ့သော ကာမဂုဏ်ကို စားမြုံ့ပြန် သတိရ၍ ပြုံးရွှင်နေမှုကား မကောင်းသော အပြုံးမျက်နှာ)

မျက်နှာ အနေအထား အနည်းငယ် ညှိုးနေလျှင် (သို့မဟုတ်) ကြမ်းတမ်းသော အမူအရာ ဖြစ်နေလျှင် မကောင်းသော အာရုံ ဆင်နေပြီးဖြစ်၍ ဧကန်မုချ အပါယ်ဒုဂ္ဂတိဘဝသို့ ရောက်တော့မည်ဟု မှန်းဆနိုင်ပါသည်။

အချို့ကား သေခါနီး ညင်ညင်သာသာ မရှိဘဲ ယောင်ယမ်း ပြောဆိုတတ်ကြသည်။

ဥပမာ - ရဟန္တာမထေရ်၏ အရှင်သောဏ၏ ဖခင်သည်

www.dhammaransi.com



ငယ်စဉ်ကမူ မုဆိုးကြီးဖြစ်သည်။ ကြီးသော် ရဟန်းပြု၏။ သေခါနီးကာလဝယ် ခွေးကြီးများက သူ့ကို ကိုက်တော့မည့်ဟန် အာရုံထင်လာနေသဖြင့် "သားရဲ့ခြောက်ပါဟဲ့၊ ခြောက်ပါဟဲ့"ဟု ကယောင်ကတမ်း အော်ဟစ်သည်။

မထေရ်မြတ်က ဖခင်ကြီး ငရဲအာရုံ ထင်မြင်လာသည်ကို သိ၍ ချက်ချင်းပင် ပန်းတွေရှာ ဘုရားလှူပြီး ဘုရားရင်ပြင်ပေါ်သို့ ဖခင်ကို ခုတင်နှင့်တကွ သယ်ယူကာ ဖခင်အတွက် ပန်းတွေ ဘုရားလှူထားတယ်။ ကြည်ညိုလိုက် ကြည်ညိုလိုက်ဟု ပြောဆိုရာ သတိရလာပြီး ဘုရားကို အာရုံပြုလျက်နေစဉ် မေ့မြောသွားပြီး နတ်သမီးများ အာရုံထင်လာသည်။ ထိုအခါ "ဟဲ့ – သားရဲ့ ဘေးဖယ် ဘေးဖယ်၊ သားရဲ့ မိထွေးတွေ လာနေတယ်"ဟု ယောင်ယမ်းပြောဆိုလေသည်။

မထေရ်သည် ဖခင်ကြီး နတ်ပြည်နိမိတ် ထင်ပြီဟု သိရှိသည်။ မကြာခင် ဖခင်ကြီး ကွယ်လွန်ပြီး နတ်ပြည် ရောက်သွားသည်။

ပဥ္စာနန္တရိယကံကဲ့သို့ အလွန်ကြီးလေးသော သူတို့သည် အရှင်လတ်လတ် မြေမျိုခံရသည်။ သေသော် အဝီစိငရဲသို့ ကျရောက်မည်မှာ သေချာသည်။

သေခါနီး ကာလ၌ တီးသံ၊ မှုတ်သံနှင့် အမွှေးအကြိုင်များကို အနီးအပါး လူများပင် ကြားရ မွှေးရသည်မှာ ရှိသည်။ ယင်းမှာ နတ်ပြည်ရောက်မည့် ဂတိနိမိတ်ဖြစ်ပါသည်။

ကံကမ္မနိမိတ်တို့သည် များသောအားဖြင့် အကျိုးပေးခွင့်ရ

www.dhammaransi.com



သော ကုသိုလ်ကံ၊ အကုသိုလ်ကံ အစွမ်းကြောင့် ထင်လာရခြင်းဖြစ်ပါသည်။

## သေခါနီး စိတ်အစဉ်

သတ္တဝါတစ်ဦး သေခါနီးကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်များ စိတ်အာရုံ၌ ထင်မြင်လာသောအခါဝယ် မရဏာသန္နဝီထိ ဖြစ်ပေါ်လာပါသည်။ ထိုစိတ် ဖြစ်ပေါ်လာသည့်အချိန်၌ စိတ်များနှင့် ဟဒယဝတ္ထုတို့သည် ခွန်အားလျော့နေကြသည့်အတွက် ဇော (၅) ကြိမ် မောလေသည်။

အာရုံ မရဏာသန္နနိမိတ် ထင်လာသည့်အတွက် မရဏာသန္နဝီထိ ဖြစ်ပေါ်လာပုံ (၄) မျိုးကို သိရသည်။

(၁) တီ- န-ဒ-မ-ဇ-ဇ-ဇ-ဇ-ဇ-ဂုံ-ဂုံ-ဘဝင်-စုတိ-ပဋိ-ဘဝင်၊

(၂) တီ-တီ-န-ဒ-မ-ဇ-ဇ-ဇ-ဇ-ဇ-ဂုံ-ဂုံ-စုတိ-ပဋိ-ဘဝင်၊

(၃) တီ-တီ-တီ-န-ဒ-မ-ဇ-ဇ-ဇ-ဇ-ဇ-ဘဝင်-စုတိ-ပဋိ-ဘဝင်

(၄) တီ-တီ-တီ-တီ-န-ဒ-မ-ဇ-ဇ-ဇ-ဇ-ဇ--စုတိ-ပဋိ-ဘဝင်၊

တီ= အတီတ ဘဝင်ဖြစ်သည်။

ဘဝင် စိတ်ဟူသည် စိတ်အာရုံ၌ နိမိတ် ဝင်ရောက် တိုက်

www.dhammaransi.com



ခတ်လာသည့်အခိုက်ကို ပြသည်။

နှ= ဘဝင်္ဂစလနှ(လှုပ်သောဘဝင်)

ဒ= ဘဝင်္ဂုပစ္ဆေဒ(ပြတ်သောဘဝင်)

စိတ်အာရုံ၌ နိမိတ်အာရုံ ထင်ရှားလာသည့်အတွက် ဘဝင်စိတ်နှစ်ကြိမ်လှုပ်ပြီး ဘဝင်စိတ်အစဉ် ပြတ်သွားသည်။

မ= မနောဒွါရာဝဇ္ဇန်းစိတ်

ထင်လာသောအာရုံကို နှလုံးသွင်း ဆင်ခြင်ပြီး ဆုံးဖြတ်သောစိတ်ဖြစ်သည်။

ဇ=ဇောစိတ်ဖြစ်သည်။

ထင်လာသော အာရုံကို အရှိန်အဟုန်နှင့် ခံစားရသော ဇောစိတ်ဖြစ်သည်။ ငါးကြိမ် ဆက်တိုက်ဖြစ်သည်။

ဂုံ = တဒါရုံဖြစ်သည်။

အရှိန်အဟုန်နှင့်ဖြစ်သော ဇောစိတ်နောက်သို့ လိုက်ပါလာသော စိတ်ဖြစ်သည်။ နှစ်ကြိမ်ဖြစ်သည်။

ဘဝင် = ဘဝင်စိတ်ဖြစ်သည်။

စုတိ = သေစိတ်ဖြစ်သည်။ (လက်ရှိဘဝ၏ နောက်ဆုံးစိတ်ဖြစ်သည်။)

ပဋိ=နောင်ဘဝဖြစ်မည့် ပဋိသန္ဓေစိတ်ဖြစ်သည်။ ဤပဋိသန္ဓေစိတ်သည် မရဏာသန္နဇောတို့ အာရုံပြုခဲ့သော မရဏာသန္နနိမိတ်ကိုပင် အာရုံပြုသည်။

ဘဝသစ်၌ သန္ဓေစိတ်တစ်ကြိမ်ဖြစ်ပြီးနောက် ကံအဖွမ်း

www.dhammaransi.com



ရှိသမျှ ဘဝင်စိတ်သည် ဆက်လက်ဖြစ်ပေါ်နေသည်။ ဘဝင်စိတ်သည် ပဋိသန္ဓေစိတ်နည်းတူ မရဏာသန္နမိတ်ကိုပင် အာရုံပြုသည်။

မရဏာ သန္နနိမိတ် ထင်ပေါ်ခြင်းသည် မသိမသာ အဆင့်ဆင့် အားနည်းသွားလျှင် အတိတ်ဘဝင်နှစ်ချက် သို့မဟုတ် လေးချက် လွန်ပြီးသောအခါကျမှ အာရုံ ထင်ရှားလာပါသည်။

ထို့နောက် ဘဝင်နှစ်ကြိမ် လှုပ်၍ ပြတ်ပြီးလျှင် မနောဒွါရ ဝဇ္ဇာန်းစိတ်နှင့် ဇောစိတ်တို့သည် ဖြစ်ရိုးဖြစ်စဉ်အတိုင်း ဖြစ်ပေါ် လာကြသည်။ တဒါရုံသည် နှစ်ကြိမ်ဖြစ်လေ့ရှိသော အခါမှဖြစ်သည်။ ယခုဘဝ စုတိစိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် လားရာဂတိငါးပါး တစ်ပါးပါး၌ နောက်ဘဝ၏ ပဋိသန္ဓေစိတ်သည် အခြားမရှိဘဲ ဖြစ်ပေါ်လာသည်။

## သေခါနီး သတိထားကြစို့

လူတစ်ယောက်သေဖို့ရာ အချိန်နီးကပ်လာလျှင် မသေမီ နာရီဝက်လောက်မှစ၍ စိတ်ကောင်းဇောကောင်းများ ရရှိရန် အရေးကြီးသည်။ (ဇောဟူသည် အရှိန်အဟုန်နှင့် ဖြစ်နေသော စိတ်အစဉ်ဖြစ်ပါသည်။)

စုတေသည့်အထိ ကောင်းသော ကုသိုလ်ဇောများ ဇောနေ လျှင်၊ ဖြစ်နေလျှင် ဧကန်မုချ သုဂတိဘဝသို့ ရောက်ရပေမည်။ အကုသိုလ်မကောင်းသော ဇောများ ဇောနေလျှင် ဧကန်မုချ အပါယ်ငရဲ ရောက်ရပေမည်။

www.dhammaransi.com



အပြေးပြိုင်ရာတွင် ပန်းဝင်ခါနီး အရေးကြီးသကဲ့သို့ နောက်ဘဝ၊ ဘဝကောင်းရဖို့ သေခါနီး အရေးကြီးသည်။ သေခါနီး စိတ်ကောင်း၊မကောင်းမှာလည်းဖော်ပြပါကံ၊ကမ္မနိမိတ်၊ ဂတိနိမိတ် ဟူသော ထင်လာသော အာရုံနှင့် သက်ဆိုင်သည်။

ကောင်းသော နိမိတ်ထင်ပြီး ကောင်းသော ကုသိုလ်ဇော စိတ်များ ဖြစ်ရလေအောင် သေခါနီး ပုဂ္ဂိုလ်၏ ဆွေမျိုးသားချင်းများက ဆင်ခြင်ဝင်စား သတိထား ပြုလုပ်ပေးရန် အထူးလိုအပ်လှပေသည်။

လူတစ်ဦးတစ်ယောက်သည် သေရတော့မည်ဟု တကယ် သိလျှင် လူမမာအနီးအပါး၌ သန့်ရှင်းပြီး ဘုရားကို ရည်စူး၍ ပန်းများကို ရေမွှေးကောင်းကောင်း ဆွတ်ဖျန်းလျက် လှူဒါန်း ပူဇော်ထားသင့်သည်။ ညအခါ ဆီမီးများ ထိန်လင်းအောင် ထွန်း ထားသင့်သည်။ လူမမာကိုလည်း ပန်းတွေ၊ ဆီမီးတွေ လှူထားကြောင်း ကြည်ညိုဝမ်းမြောက်ပါဟု ပြောပြရမည်။

ထို့ပြင် အလှူစာရင်းရှိက ဖတ်ပြရမည်။ ဓမ္မစကြာ၊ ပရိတ်းပဋ္ဌာန်းတို့ကို ရွတ်ဖတ် ပူဇော်ပေးနေရပါမည်။ ယင်းကို ရက်အတော်ကြာကြာကပင် ပြုလုပ်သင့်ပါသည်။ လူမမာကို သေရမှာ တွေးကြောက်နေရသည့်ဘဝမျိုး မရောက်အောင် ပြုလုပ်စီမံပေးပြီး ကုသိုလ်အာရုံဇောတွေ စောနေအောင် ပြုလုပ်စီမံပေးနေရမည်။ သေမှ ငိုကြွေးနေခြင်း စသည် မပြုလုပ်ကြရပါ။

အာရုံကောင်းတွေ တိုက်ရိုက်ထင်၍ စုတေနိုင်အောင် ဆွေမျိုးသားချင်းများသည် အရှင်သောဏထုံး နလုံးမူ၍ ဆောင်ရွက် ပေးသင့်ပါသည်။

www.dhammaransi.com



## နောက်ဘဝသစ် ကူးပုံ

သတ္တဝါတစ်ဦး စုတိစိတ်ကျပြီးနောက်ဝယ် ဘဝသစ်၌ ပဋိသန္ဓေစိတ်ဖြစ်ရ၏။ (ပဋိသန္ဓေဟူသည် ဘဝဟောင်းနှင့် ဘဝသစ်ကို တစ်ဖန် ဆက်စပ်ပေးခြင်းကို ဆိုလိုပါသည်။)

စုတိစိတ်နှင့် ပဋိသန္ဓေစိတ်တို့သည် ချက်ချင်းဆက်၏။ ရုပ်နာမ်ဟူသော ပရမတ္ထ တရားတို့သည် လျှပ်တစ်ပြက်အတွင်း ကလေးမှာပင် အကြားမရှိ (အခြားမရှိ)ပေ။ လူ့ပြည်မှ စုတေ၍-

နတ်ပြည် ရောက်သူဖြစ်ဖြစ်
ငရဲ ရောက်သူဖြစ်ဖြစ်
လူ့ပြည် ပြန်ရောက်သူဖြစ်ဖြစ်
ပြိတ္တာဘဝ ရောက်သူဖြစ်ဖြစ်
တိရစ္ဆာန်ဘဝ ရောက်သူဖြစ်ဖြစ်

အားလုံးအချိန်ကာလ မတူညီစွာပင် သေပြီးသည်နှင့် တစ်ပြိုင်နက် ပဋိသန္ဓေစိတ် ချက်ချင်းဆက်ကာ ဆိုင်ရာ ဘဝသို့ ဖြစ်ရသည်။

သတ္တဝါမှန်သမျှ ဘုရားရဟန္တာ မဖြစ်သေးသမျှ သေသွားရုံမျှဖြင့် ဘဝပြတ်စဲ သွားနိုင်သည် မဟုတ်ကြပါ။ နောင်ဘဝသစ်မှာ ဧကန်ဖြစ်ကြရပါသည်။ ပဋိသန္ဓေနေရဦးမည်သာ ဖြစ်ပါသည်။ သေခြင်းသည် အဟောင်းချုပ်၍ အသစ်ဖြစ်ရခြင်း သဘောရှိသည်။

သတ္တဝါတို့ ဘဝသစ်ဖြစ်ရာဝယ် ယင်းတို့သန္တာန်၌ ကိန်းအောင်နေသော အဝိဇ္ဇာ၊ တဏှာ၊ ကံဟူသော အကြောင်းတရား

www.dhammaransi.com



သုံးပါးသည် အဓိကဖြစ်သည်။

သေခါနီး၌ အဝိဇ္ဇာသည် ဘဝသစ်၌ ရုပ်နာမ်ခန္ဓာတို့၏ အပြစ်ကိုမမြင်အောင် ဖုံးထားပေးသည်။ ကြောက်မက်ဖွယ် ငရဲမီးစသော ဂတိနိမိတ် ထင်လာသော်မျှ ထိုနိမိတ်မှ လွတ်သောဘဝကို ရလိမ့်မည်ဟု ထင်မှတ်၏။

ထိုသို့ အဝိဇ္ဇာက ဖုံးထားသဖြင့် အပြစ်မမြင်နိုင်ဘဲ တဏှာက ကိုင်းညွတ်စွဲလမ်းရာ ဘဝသစ်၌ ရှေးကပြုခဲ့ဖူးသော ကုသိုလ်၊ အကုသိုလ်ကံအစွမ်းကြောင့် နောင်ဘဝသစ်၌ ပဋိသန္ဓေဟု ခေါ်သော ရုပ်နာမ်တရားများ ရှေးဦးစွာ ဖြစ်ရပြန်လေသည်။

ဥပမာအားဖြင့်–

- ရေခိုးရေငွေ့မှ ရေသို့လည်းကောင်း
- ရေမှ ရေခဲသို့ လည်းကောင်း
- ရေခဲမှ ရေသို့လည်းကောင်း
- ရေမှ ရေခိုးရေငွေ့သို့လည်းကောင်း

တစ်ဖန် ရေခိုးရေငွေ့မှ ရေသို့လည်းကောင်း

ဤသို့သော ဖြစ်စဉ်သဘောအတိုင်း ဖြစ်–တည်–ပျက်–ဖြစ် လှည့်လည် ပြောင်းလဲနေရသကဲ့သို့ ဘဝဟောင်းစုတေခြင်း၊ ဘဝသစ် ပဋိသန္ဓေနေရခြင်းတို့သည် အဝိဇ္ဇာ၊ တဏှာ၊ ကံအစွမ်းသတ္တိ သုံး ပါးဖြင့် သံသရာကြောဝယ် ချားရဟတ်ကဲ့သို့ မပြတ် လည်ပတ်နေလေသည်သာ။

www.dhammaransi.com



## အိမ်မှာ ခုနှစ်ရက်မနေ

ဘဝဟောင်းမှ နောက်ဆုံး စုတိစိတ်နှင့် ဘဝသစ်မှ ပထမဆုံး ပဋိသန္ဓေစိတ်တို့ အနည်းငယ်မျှပင် ကြားကာလမရှိဘဲ တစ်ဆက်တည်း ဖြစ်နေသဖြင့် ယနေ့ ဗုဒ္ဓဘာသာဝင်တို့ ထင်မှတ်နေသော လူသေပြီး အိမ်မှာ ခုနှစ်ရက် နေသည်ဟူသော အယူအဆသည် မှားနေပါသည်။

တချို့သော အရပ်တွင် လူတစ်ယောက်သေပြီးစဉ်က အိမ်အတွင်း ထရံကို ဖွင့်ပြသည်။ ဘာကြောင့်ဖွင့်သနည်းဟု ဆိုသော် ဝိညာဉ်ထွက်လို့ရအောင်လို့ဟု ဆိုကြသည်။ ဗုဒ္ဓဘာသာဖြစ်လျက် ဗုဒ္ဓဘာသာတရားကို မသိကြ၍ ပြုလုပ်ကြခြင်းဖြစ်သည်။

ဥစ္စာစွဲ၊ သားသမီးသံယောဇဉ်စွဲဖြင့် သေဆုံးကြသော သူတို့သည် မည်မျှပင် ကုသိုလ်တွေပြုထားစေကာမူ သေခါနီးအာရုံ (အာသန္နကံဇော)က ထိုအစွဲကို စွဲပြီး ဘဝကူးပြောင်းသွားလျှင် မုချဆတ်ဆတ် မကျွတ်မလွတ်သော ပြိတ္တာဘဝသို့ ရောက်ကြရသည်။ ထိုပြိတ္တာသည် ထိုအစွဲဖြင့် အိမ်ပတ်ဝန်းကျင်တွင် လာရောက်နေသည်။ ခြောက်သည်၊ အနံ့ပေးသည်၊ သတိပေးသည်။

ထိုပုဂ္ဂိုလ်ကို ပရဒတ္တူပ ပြိတ္တာဟုခေါ်ပြီး ကုသိုလ်အဖို့ အမျှပေးဝေလျှင် အမျှရပြီး၍ ပြိတ္တာဘဝမှ ကျွတ်လွတ်ပြီး အဆင့်မြင့်သော နတ်ဘဝသို့ ပြောင်းသွားနိုင်ပါသည်။

www.dhammaransi.com



## အချိန်မသိ သေနည်းတတ်ကြစေ

မြတ်စွာဘုရားသည် လူသားတို့အပါအဝင် သတ္တဝါတို့၏ သေခြင်းတရားနှင့် ပတ်သက်၍ ကြိုတင်မသိနိုင်သော အချက်ငါးချက်ကို ဟောကြားခဲ့ပါသည်။

၁။ မည်သည့် အသက်အရွယ်တွင် သေရမည်ကို မည်သူမျှ ကြိုတင်မသိနိုင်ပါ။

၂။ မည်သည့်ရောဂါ၊ မည်သည့်အန္တရာယ်နှင့် သေရမည်ကို မည်သူမျှ မသိနိုင်ပါ။

၃။ မည်သည့်နေ့ရက်၊ မည်သည့်အချိန်အခါတွင် သေရမည်ကို မည်သူမျှ မသိနိုင်ပါ။

၄။ မည်သည့်နေရာ ဌာန၌ သေရမည်ကို မည်သူမျှ မသိနိုင်ပါ။

၅။ သေပြီးသည့် အခြားမဲ့၌ မည်သည့် ဘုံဘဝသို့ ရောက်မည်ကို ဘုရားရဟန္တာမှ လွဲ၍ မည်သူမျှ မသိနိုင်ပါ။

သုံးဆယ့်တစ်ဘုံ ကျင်လည်ကုန်သော သတ္တဝါဟူသမျှ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဧကန်မုချ သေရပေမည်။ ထိုအခါ အကျိုးရှိစွာ သေတတ်ဖို့လိုသည်။ သိက္ခာရှိရှိဖြင့် သေခြင်း၊ တရားကို ရင်ဆိုင်တတ်ဖို့ အရေးကြီးသည်။ ယင်းကို ဘုရားရှင်က အောက်ပါအတိုင်း ဟောဖော်လမ်းညွှန် ပြထားပါသည်။

၁။ သေခါနီးအချိန်၌ ဘုရားရှင်အနေဖြင့် ဝေဒနာနှင့် ငါ မရောသော တရားကို ဟောခဲ့ပြီးဖြစ်၍ ကြားနာရပြီး ဝေဒနာ ငါ

www.dhammaransi.com



မရောဘဲ မိမိ၏ ခန္ဓာ၏ အဖြစ်အပျက် ဒုက္ခသစ္စာတရားကို ဉာဏ်တည်းဟူသော မဂ္ဂသစ္စာတရားနှင့် ရှုမှတ်ပွားများ အားထုတ် နေလျှင် အဖြစ်အပျက် ဒုက္ခသစ္စာ၏ချုပ်ရာကို သိမြင်ပြီး သော တာပန်မှ ရဟန္တာပုဂ္ဂိုလ်ထိ ဖြစ်နိုင်သည်။

၂။ သေခါနီးအချိန်၌ ဘုရားရှင်၏ တပည့်သား သာဝက ဖြစ်သော ဆရာကောင်းများအနေဖြင့် ဝေဒနာဖြင့် ငါ မရောသည့် တရားမျိုးကို ဟောကြားခဲ့ပြီ့ဖြစ်၍ ကြားနာရပြီး ဝေဒနာနှင့် ငါ မရောဘဲ မိမိခန္ဓာအဖြစ်အပျက် ဒုက္ခသစ္စာတရားကို ဉာဏ်အမြင် တည်းဟူသော မဂ္ဂသစ္စာနှင့် ရှုမှတ်ပွားများ အားထုတ်နေလျှင် အဖြစ်အပျက် ဒုက္ခသစ္စာချုပ်ရာကို သိမြင်နိုင်ပြီး သောတာပန်မှ ရဟန္တာပုဂ္ဂိုလ်အဆင့်ထိ ဖြစ်နိုင်သည်။

၃။ သေခါနီးအချိန်၌ ဘုရားနှင့်လည်း မတွေ့ကြုံဘူး၊ ဘုရားရှင်၏ တပည့်သား သာဝကနှင့် မတွေ့ကြုံသော်လည်း ဝေဒနာနှင့် ငါ မရောသည့် တရားမျိုးကို သေခါနီး အချိန်မဟုတ်ဘဲ သေခြင်းတရား မဦးမီ ရှေ့အဖို့ အချိန်ရှိခိုက် ဘုရားထံမှဖြစ်စေ၊ ဘုရားရှင်၏ တပည့်သာဝကထံမှ ဖြစ်စေ၊ မိမိကိုယ်တိုင် ကြားနာရပြီး သေခါနီးအချိန်၌ ထိုကြားနာရသော တရားအတိုင်း ဝေဒနာနှင့် ငါမရောဘဲ မိမိခန္ဓာ အဖြစ်အပျက် ဒုက္ခသစ္စာတရားကို အသိဉာဏ် တည်းဟူသော မဂ္ဂသစ္စာနှင့် ရှုမှတ်ပွားများ အားထုတ်နေလျှင် အဖြစ်အပျက် ဒုက္ခသစ္စာ၏ ချုပ်ရာကို သိမြင်ပြီး သောတာပန်အဖြစ်မှ ရဟန္တာအဆင့်အထိ ဖြစ်နိုင်သည်။

www.dhammaransi.com



ယခုအခါ ဘုရားရှင်လည်း ပရိနိဗ္ဗာန်စံဝင်ပြီး ဖြစ်ပါသည်။ ဘုရားရှင်၏ သာဝကတပည့်များသည် ရှိ၏။ ထိုသို့ရှိခိုက် မသေမီ အချိန်ကာလ အတောအတွင်း ဘုရားရှင်၏ တရားများကို အမြဲ နည်းနာယူပြီး အမြဲမပြတ် နှလုံးသွင်းကာ ပြုသင့်ပြုထိုက်သောဒါန၊ သီလ၊ ဘာဝနာတရားတို့ကို ကြိုးစား အားထုတ်ရပါမည်။ သို့မှ သာလျှင် ဘဝကူး ကောင်းပေမည်။

## အခန်း (၄)
## ပြိတ္တာတို့ဘုံ အမည်စုံ

### ပြိတ္တာဟူသည်

ပြိတ္တာဟူသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဟူသော အပါယ်လေးဘုံတွင် ပါဝင်သော လူ့ပြည်လောကတွင်းမှာပင် တောချုံပိတ်ပေါင်း၊ လိုဏ်ခေါင်း၊ တောင်စောင်း စသည်တို့တွင် မှီ၍ ဆင်းရဲထူပြောစွာ နေရသော သတ္တဝါတစ်မျိုး ဖြစ်သည်။

### ပြိတ္တာဖြစ်ရခြင်းအကြောင်းရင်း

လူ့လောက၊ လူ့ပြည်၌ အကြင်သူတို့သည်

- ဥစ္စာစွဲ၊ သားမယားစွဲတို့ဖြင့် သေလွန်ကုန်၏။
  ငြူစူခြင်း၊ ဝန်တိုခြင်း များကုန်၏။
- မိမိကိုယ်တိုင်လည်း ပေးကမ်းလှူဒါန်းခြင်း မရှိ။
  သူတစ်ပါးတို့ ပေးကမ်းလှူဒါန်းသည်ကို တားမြစ်၍

www.dhammaransi.com



အန္တရာယ်ပြုတတ်ကုန်၏။

ထိုသူတို့သည် ပြိတ္တာဘုံ၌ ဖြစ်ရသည်ဟု ဆိုပါသည်။

## ပြိတ္တာတို့ဘဝ

ပြိတ္တာတို့ဘဝသည်

- အမြဲမပြတ် ထမင်း၊ ရေ ငတ်ပြတ်နေကြရသည်။
- အနှစ်တစ်ရာ၊ တစ်ထောင်၊ တစ်သောင်း၊ တစ်သိန်းပတ်လုံးလည်းကောင်း၊ ဘုရားတစ်ဆူနှင့် တစ်ဆူကြား ကာလပတ်လုံးလည်းကောင်း ထမင်းတစ်လုတ်မျှ မစားရ၊ ရေတစ်ပေါက်မျှ မသောက်ရ၊ ကြီးစွာသောဒုက္ခကို ခံစားကြရသည်။
- ခန္ဓာကိုယ်သည် အသားအသွေး မရှိ၊ အရေမျှသာရှိသည်။
- အလွန် မလှမပသော အဆင်းရှိသည်။
- ကြောက်မက်ဖွယ် စက်ဆုပ်ဖွယ်သော အဆင်းရှိသည်။

## ပြိတ္တာတို့ဘုံ

ပြိတ္တာတို့၏ ဘုံသည် ငရဲရှစ်ထပ်တို့အထက် လူ့ပတ်ဝန်းကျင်၌သာ တည်ရှိပါသည်။

ယင်းနေရာဘုံသည် တော၊ တောင်၊ ချောင်း၊ မြစ်၊ သုသာန်၊ သစ်ပင်၊ လိုဏ်ဂူ အစရှိသော အရပ်များ ဖြစ်ကြသည်။

www.dhammaransi.com



## ပြိတ္တာအမျိုးအစားများ

၁။ ဝန္တာသပြိတ္တာ –သူတစ်ပါးစွန့်ထားတဲ့ တံတွေး၊ နှပ်၊ အန်ဖတ် စားရသော ပြိတ္တာမျိုး။

၂။ ကုဏပါသ ပြိတ္တာ – မြွေ၊ ခွေး၊ လူသေ စသော အကောင်ပုပ်များ စားရသော ပြိတ္တာမျိုး။

၃။ ဂူထခါဒက ပြိတ္တာ – လူ့မစင် စားရသော ပြိတ္တာမျိုး။

၄။ အဂ္ဂိဇာလမုခ ပြိတ္တာ – အစား မစားရဘဲ ပါးစပ်မှ မီးလျှံ ထွက်နေသော ပြိတ္တာမျိုး။

၅။ သူစိမုခ ပြိတ္တာ – ခန္ဓာကိုယ်ကြီးပြီး ပါးစပ်က အပ်နဖါး ပေါက်မျှရှိကာ အစားအစာများကို ပါးစပ်က မသွင်းနိုင်။ နှားပေါက်၊နှာခေါင်းပေါက်က သွင်းရသော ပြိတ္တာမျိုး။

၆။ တဏှာဋ္ဋိက ပြိတ္တာ –ရေမသောက်ရသော ပြိတ္တာမျိုး။ ရေတွေ့သော်လည်း ရေများ မရှိတော့ဘဲ ရေများက သွေး၊ ပြည်၊ ကျင်ကြီးတွေ ဖြစ်သွားရသည့် ပြိတ္တာမျိုး။

၇။ သုနိဗ္ဗာမက ပြိတ္တာ – မီးလောင်ထားသော သစ်ငုတ်နှင့်တူပြီး ကြုံလှီ ပိန်ကပ်ပြီး အရိုးပြိုင်းပြိုင်း ဖြစ်နေသည်။ အဝတ်မရှိ၊ ကိုယ်တုံးလုံးရှိ၊ အနံ့အသက်အလွန်ဆိုး၊ လက်ခြေခွင်နေပြီး မျက် လုံးများ အပြင်ဘက် ပြူးထွက်နေသည်။ ထမင်းဆာ၊ ရေငတ်ဒဏ် အပြင်းအထန်ခံရသော ပြိတ္တာမျိုး။

၈။ သတ္တင်္ဂ ပြိတ္တာ – လက်သည်း၊ ခြေသည်းတွေက ဓားလုံလို ထက်နေပြီး ကိုယ့်သွေး၊ ကိုယ့်အသားကို ဖဲ့စားနေရသော

www.dhammaransi.com



ပြိတ္တာမျိုး။

၉။ ပဗ္ဗတင် ပြိတ္တာ – ကိုယ်ခန္ဓာတောင်လောက်ရှိပြီး မျက်နှာ ဇီးကွက်မျက်နှာရှိပြီး ကိုယ်ခန္ဓာမှ အမြဲ အခိုးအလျှံထွက်ပြီး တစ်ကိုယ်လုံး မီးလောင်ကျွမ်း ခံနေရသည့် ပြိတ္တာမျိုး။

၁၀။ အဇဂရ ပြိတ္တာ – စပါးကြီးမြွေနှင့်တူသော ကိုယ်ခန္ဓာရှိပြီး ညဥ့်အခါ တပြောင်ပြောင် တောက်လောင်နေသော ကိုယ်ခန္ဓာနှင့် သွားလာလှည့်ပတ်နေသည်။ နေ့အခါ ဆင်းရဲ အမျိုးမျိုး ခံစားနေရသော ပြိတ္တာမျိုး။

၁၁။ ခုပ္ပိပါသိက ပြိတ္တာ – ထမင်းငတ်၊ ရေငတ် အမြဲခံနေရသော ပြိတ္တာမျိုး။

၁၂။ နိဇ္ဈာမတဏှိက ပြိတ္တာ – ပါးစပ်မှ မီးလျှံ တပြောင်ပြောင် ထွက်နေပြီး ရေငတ်၊ ထမင်းဆာ ဒုက္ခအမြဲခံနေရသော ပြိတ္တာမျိုး။

၁၃။ ပရဒတ္တုပ ပြိတ္တာ – မိမိအစွမ်းအစနှင့် ဘာမျှ မစားရ၊ လူ့ပြည်က ဆွေမျိုးတွေက ကုသိုလ်ပေး အမျှအတန်းဝေမှ စားရသောကြောင့် အသက်ရှင်ရသည်။

၁၄။ကာလကဥ္စိက ပြိတ္တာ – ကိုယ်ခန္ဓာသုံးဂါဝုတ်ရှိ အသား အသွေးနည်း၊ သစ်ရွက်ခြောက်လို အရိုးကျဲ၊ အပ်နှဖားပေါက်မျှ ပါးစပ်ရှိ၊ စားသောက်သောအခါ ဖောက်ထိုးမိုးမျှော် ပြုပြီးမှ စားသောက်ရသည်။

၁၅။ ဝေမာနိက ပြိတ္တာ – နေ့ခံ၊ ညစံ ပြိတ္တာမျိုး၊ နေ့ အခါ

www.dhammaransi.com



ငရဲထိန်း အလုပ်လုပ်ရပြီး ငရဲခွေး ကိုက်ခံရသည်။ စားလုံ့လိုးဖြတ်တာ ခံရ၏။ ညအခါ နတ်ကဲ့သို့ စည်းစိမ်ခံစားရသည်။

၁၆။ မဟိဒ္ဓိက ပြိတ္တာ - ဝေမာနိက ပြိတ္တာမျိုး ဖြစ်သည် ငရဲပြည်မှာ ယမမင်း သွားလုပ်ရသည်။ အဆင်းလှသည်။ စည်း စိမ်ကြီးသည်။ စားသောက်ချင်တိုင်း မစားရ။ တစ်ခါတစ်ရံမှ စားသောက်ရသည်။ တောင့်တ,မှု အာသာဆန္ဒပြင်းစွာခံရသော ပြိတ္တာမျိုး။

## ပြိတ္တာအမျိုးမျိုး၏ သဏ္ဌာန်

| | | |
|---|---|---|
| ၁။ | သုစိလောမ ပြိတ္တာ | အပ်သွားလို အမွေးရှိသည်။ |
| ၂။ | ခရလောမ ပြိတ္တာ | မိကျောင်းရေလို အရေရှိသည်။ |
| ၃။ | ဒိဃနှာ ပြိတ္တာ | လက်သည်းခြေသည်းရှည်သည်။ |
| ၄။ | ဧကပါဒ ပြိတ္တာ | ခြေတစ်ချောင်း ရှိသည်။ |
| ၅။ | ဧကနေတ္တ ပြိတ္တာ | မျက်စိတစ်လုံးတည်းရှိသည်။ |
| ၆။ | အနေကနေတ္တ ပြိတ္တာ | မျက်စိများစွာရှိသည်။ |

## ကာလကဥ္စိက ပြိတ္တာကြီးနှင့် ရဟန်းတော်များ

တစ်ခါက ကာလကဥ္စိက ပြိတ္တာကြီးသည် ရေသောက်နှင်လွန်းအားကြီးလှ၍ အနက် တစ်ယူဇနာ၊ အကျယ်တစ်ယူဇနာ

www.dhammaransi.com



ရှိသော မဟာဂင်္ဂါမြစ်ကြီးထဲသို့ ရေသောက်ဆင်းသွားသည်။ ပြိတ္တာကြီး ရောက်သော် ဂင်္ဂါမြစ်ရေသည် ခန်းခြောက်ကုန်သည်။ အခိုးအလျှံ တွေထွက်ပြီး မြစ်ကြီး၏အောက် ကျောက်ပြားကြီးသာ တွေ့ရသည်။ ပြိတ္တာကြီးသည် ရေစီးသံကို ကြားနေရသည်။ သို့အတွက် ရေကို ဆက်လက်ရှာဖွေသည်။

ဤသို့နှင့် နံနက်အာရုဏ် လင်းလာသည်။ နံနက် သံဃာ အပါး (၃၀) အရုဏ်ဆွမ်းခံ ထွက်လာသည်နှင့် ပြိတ္တာကြီး ကြုံတွေ့ရသည်။

'ပြိတ္တာကြီး မဟာဂင်္ဂါ မြစ်ကြီးထဲမှာ ဘာ လိုက်ရှာ နေတာလဲ'ဟု ရဟန်းများက မေးသည်။

'အရှင်ဘုရားတို့ တပည့်တော် ရေငတ်လွန်းလို့ ရေလိုက် ရှာနေပါတယ်ဘုရား'

'ပြိတ္တာကြီး သင့် ရှေ့မှာ မဟာဂင်္ဂါမြစ်ကြီးပဲ၊ ရေတွေ တသွင်သွင် စီးနေတာပဲ'

'တပည့်တော်နားထဲမှာ ရေစီးသံကို ကြားနေရပါသည်ဘုရား၊ ရေကိုတော့ မတွေ့ရပါ'

ရဟန်းတော်များသည် ပြိတ္တာကြီး၏ အကုသိုလ်ကံကို သဘောပေါက်သွားကြသည်။ ပြိတ္တာကြီးကိုလည်း အလွန်သနား သွားကြသည်။

'ပြိတ္တာကြီး ဒီလောက်တောင် သင် ရေသောက်ချင်နေရင် မဟာဂင်္ဂါမြစ်ပြင်မှာ လှဲအိပ်လိုက်၊ ငါတို့ ရေတိုက်ပေးမယ်'

www.dhammaransi.com



ပြိတ္တာကြီးသည် ရဟန်းများ ပြောသည့်အတိုင်း လှဲအိပ်လိုက်သည်။ ရဟန်းအပါး(၃၀)သည် သပိတ်အလုံး (၃၀)နှင့် တစ်မနက်လုံး ပြိတ္တာကြီးပါးစပ်ထဲ ရေလောင်းထည့်ကြသည်။

တစ်မနက်လုံး : သပိတ်အလုံး (၃၀)နှင့် လောင်းထည့်သော ရေသည် ပြိတ္တာကြီး၏ ပါးစပ်ထဲသို့ တစ်လက်ဆွမ်းမျှသာ ဝင်သည်။ အာသာမပြေချေ။

## ပြိတ္တာ၏ သဘောသဘာဝများ

ပြိတ္တာအမျိုး များစွာရှိသည်တွင် ယနေ့လူတို့၏ အတွေ့အကြုံ ဝေါဟာရအရ အမည်တွင်သည်မှာ ၊ တစ္ဆေ၊ မှင်စာ၊ အစိမ်းသရဲ၊ သဘက်၊ ဖုတ်၊ ကျတ်၊ ဥစ္စာစောင့်၊ ရက္ခစိုး၊ စုန်း၊ ဘီလူး အစရှိသည်တို့ဖြစ်သည်။

ထိုသို့ ပြိတ္တာအမျိုးမျိုးရှိသည်တွင် အသင့်အတင့်သည်လည်း အနိမ့်အမြင့် များစွာကွာခြားသည်။

မိမိတို့အာဟာရ အလို့ငှာ လူတစ်ဦးတစ်ယောက်ကို ပူးဝင်ကာ စားသောက်ရသော အမျိုး။

- အနံ့ခံရုံနှင့် အာဟာရပြည့်ဝသောအမျိုး။
- ချက်ကြော်ပြီးမှ ကြိုက်တတ်သောအမျိုး။
- အစိမ်းလိုက်စားရမှ တင်းတိမ်သောအမျိုး။
- အရှင်လတ်လတ် ကျွတ်ကျွတ်မြည်အောင် ဝါးစားရမှ ကျေနပ်သော အမျိုး စသည်ဖြင့်လည်းကောင်း။

www.dhammaransi.com



- သစ်ပင်၊ ခြုံပုတ်၊ စသည်တို့၌နေရသော အတန်း။
- ဇရပ်အို၊ ကျောင်းအိုတို့၌နေရသော အတန်း။
- သုသာန်၊ သချိုင်း၌နေရသော အတန်း။
- လူ့အနီး၌ နေရသော အတန်း။
- တော၊ တောင်၊ ချောက်ကမ်းပါး၌ နေရသော အတန်း။
- ဘုံဗိမာန်၌ နေရသော အတန်း စသည်ဖြင့်လည်းကောင်း။
- ဘုရားသံ၊ တရားသံ မကြားချင်၊ မကြားနိုင်၊ မကြားဝံ့သော အစား။
- ဘုရားသံ၊ တရားသံကို ကြားချင်၊ နာချင်သော်လည်း ကြားနာခွင့်မရသောအစား။
- ဘုရားသံ၊ တရားသံ ကြားရ၍ ထွက်ပြေးရသော အစား။

- ဘုရားသံ၊ တရားသံကို ကြားနာခွင့် ကြုံကြိုက်ပြီး သာဓုခေါ်နိုင်ကာ အဆင့်အတန်း မြင့်သွားပြီး တန်ခိုးကြီးသော ဘဝသို့ ရောက်သော အစား စသည်ဖြင့် အမျိုးမျိုး အဆင့်အတန်း၊ အခြေအနေ ကွဲပြားခြားနားသည်။

## ပြိတ္တာတို့ဘဝ စားသောက်ရပုံ

ပြိတ္တာတို့သည် အစာအလို့ငှာ လူတို့နှင့် ပတ်သက်သော စားကြွင်းစားကျန်များကို ရှာဖွေ၍ မဝတဝ စားသောက်ရသည်။ ရွံရှာဖွယ်၊ စက်ဆုပ်ဖွယ်ကောင်းသော အကောင်ပုပ်၊ သွေးပုပ်၊

www.dhammaransi.com



ပြည်ပုပ်၊ သားအိမ်မှ ထွက်သော အချင်း၊ နပ်၊ သလိပ်၊ တံတွေး စသည်တို့ကို ရှာဖွေစားသောက်ရသည်။

## နေထိုင်ရပုံ

အနေအထိုင်နှင့်ပတ်သက်၍ ကျောင်းအို၊ ဇရပ်အို၊ ကျောင်းပျက်၊ ဇရပ်ပျက်တို့၌လည်းကောင်း၊ သစ်ပင်ချုံပင်တို့၌လည်းကောင်း၊ တောင်စောက်၊ ချောက်ကမ်းပါးတို့၌လည်းကောင်း ပြုအပ်သော်ကံအားလျော်စွာ နေထိုင်ကြရသည်။

## တစ္ဆေသရဲ

တစ္ဆေသရဲ စသည်တို့သည် လူမဟုတ်၊ နတ်မဟုတ်၊ တိရစ္ဆာန်လည်းမခေါ် ငရဲသားနှင့်လည်း မတူသဖြင့် ၎င်းတို့ကို မည်သည့် အမျိုးအစားထဲ၌ တည့်သွင်းရမည်နည်းဟု မင်းကွန်းအလယ်တောရဆရာတော်က မေး၍ မန်လည်ဆရာတော်က ဖြေကြားရာတွင် အောက်ပါအတိုင်းတွေ့ရပါသည်။

**မေး။** ပြောကြခြင်းလောကတွင် တစ္ဆေရှိသတဲ့၊ ဆွေသိရဲ့လား၊ သိပါချင် ရှိပါလျှင် တစ္ဆေဆိုတဲ့ သည်ပုဂ္ဂိုလ် ကောင်သရုပ်ကို ကျမ်းအုပ်လို့ကြား။

**ဖြေ။** ပြောပြချင်၊ လောကတွင် တစ္ဆေရှိသည်ဟု နှံ့သိကျော်ကြား၊ မျိုးတူဆွေ သည်တစ္ဆေရှိမည်မဟုတ်ပါဘူး။ ဖြေမှတ်ကို တစ္ဆေပြောကြတယ် လောကလူမှား။

ဤဆရာတော်များ၏ အမေးအဖြေအရ တစ္ဆေဆိုသည်မှာ

www.dhammaransi.com



ဖုတ်၊ ပြိတ္တာများပင် ဖြစ်ပါသည်။

ထိုဖုတ်၊ ပြိတ္တာတို့သည် လူတို့ကို ခြောက်လှန့်တတ်သောကြောင့် တစ္ဆေဟု ခေါ်ကြသည်။ တစ္ဆေဆိုသည်မှာ တဇ္ဇေတိ ဟူသော သဒ္ဒါကိုစွဲ၍ ခေါ်ကြခြင်းဖြစ်သည်။ တဇ္ဇေတိအနက်သဘောမှာ ကြောက်လန့်အောင်ခြိမ်းခြောက်သည်ဟု အဓိပ္ပာယ်ရသည်။

(ကာလကြာသောအခါ တဇ္ဇေကို တစ္ဆေဟု စာလိမ်ဖြင့် ရေးသားရာမှ တစ္ဆေဟူ၍ မြန်မာဝေါဟာရၣ္ တွင်ကျယ်စွာ အသုံးပြုလာသည်။)

## တစ္ဆေခြောက်ခြင်းအကြောင်း

တစ္ဆေခြောက်သည်ဟု ဆိုရာဝယ် ကိုယ်ထင်ပြခြင်း၊ ညည်းညူခြင်း၊ အနံ့ပေးခြင်း၊ ပူးဝင်ခြင်း၊ခြောက်လှန့်ခြင်း စသည်တို့ဖြစ်သည်။

တစ္ဆေက လူကို ခြောက်လှန့်ရာဝယ် အကြောင်း အမျိုးမျိုးရှိသည်။

- အခြောက်ခံရသူ ကံနိမ့်၍ အခြောက်ခံရခြင်း။
- နှောက်ပြောင်ကျီစယ်လို၍ ခြောက်ခြင်း။
- ချစ်ခင်၍ ခြောက်ခြင်း။
- အမျှအတန်းဝေမှုကို ခံယူလို၍ ခြောက်ခြင်း။
- စားသောက်လို၍ ခြောက်ခြင်း။
- ဥစ္စာပေးလို၍ ခြောက်ခြင်း။
- မှာထားလို၍ ခြောက်ခြင်း။

www.dhammaransi.com



– နှုတ်ဆက်လို၍ ခြောက်ခြင်း။

– သားမယားတို့ကို စွဲလမ်းခင်မင်၍ ခြောက်ခြင်း။

– ဘုရားသံ၊ တရားသံကြား၍ မရွတ်အောင် ခြောက်ခြင်း စသည်ဖြင့် ခြောက်ခြင်းအမျိုးမျိုးရှိသည်။

အမှန်မှာ ပြိတ္တာတို့က ခြောက်သည်မဟုတ်ပါ။ သူတို့ဆန္ဒကို လူတို့ကို ပြောပြလို၍၊ အကူအညီတောင်းလို၍ ကိုယ်ထင်ပြရာ သူတို့၏ အကုသိုလ်ကံကြောင့် သူတို့၏ အတ္တဘောကိုယ်သည် ကြောက်လန့်ဖွယ်၊ ရွံရှာဖွယ်ရှိနေသည်။ ထိုအတ္တဘောကို လူတို့က ရုတ်တရက်မြင်ရသောအခါ လန့်ဖျပ်ခြင်းဖြင့် ဖြစ်သည်။ ထိုသည်ကို တစ္ဆေခြောက်သည်ဆိုပါသည်။

## ကိုယ်ထင်ပြခြင်း

တွေ့မြင်ဖူးသူတို့က ခေါင်းက ပုတ်လောက်၊ မျက်လုံးကြီး လင်းကွင်းလောက် ကိုယ်ခန္ဓာက ထန်းပင်လောက် လျှာက တစ်တောင် လောက်ထွက်နေသည်။ အမွေးများက စုတ်ဖွားကြီး စသည်ဖြင့် ပြောဆိုကြသည်။

အမှန်မှာ ထိုအတ္တဘောသည် သူတို့အကုသိုလ်ကံကြောင့် ဖြစ်နေ ခံစားနေရသော အတ္တဘောကိုယ် ဖြစ်ပါသည်။ တမင်လုပ်ကြံ၍ ပြခြင်းမဟုတ်ပါ။ ထိုသို့သော ပြိတ္တာသည် အလွန်သနားစရာ ကောင်းသော ပြိတ္တာမျိုးဖြစ်သည်။

www.dhammaransi.com



## အနံ့ပေးခြင်း

အနံ့ပေးခြင်းဆိုသည်မှာ အပုပ်နံ့ပေးခြင်း၊ အမွှေးနံ့ပေးခြင်း နှစ်မျိုးရှိသည်ဟုဆိုပါသည်။

အပုပ်နံ့ပေးခြင်းသည် အကုအညီတောင်းလို၍ လာခြင်းဖြစ်သည်။ အပုပ်နံ့သည် ပြုခဲ့သော မကောင်းမှုကံကြောင့် ဖြစ်ပေါ်လာရသော အနံ့ဖြစ်သည်။ ထိုသည်ကိုလည်း လူတို့က ခြောက်သည်ဟု ထင်နေကြသည်။

အမွှေးနံ့ပေးသည်ဆိုမှာ ခွဲခွာခါနီး လာနှုတ်ဆက်ခြင်း ဖြစ်သည်ဟုဆိုပါသည်။ ကုသိုလ်အဖို့ဘာဂ အမျှရ၍ ချမ်းသာသော ဘဝသို့ ရောက်ကြသောသူတို့က ကျေးဇူးတင်ကြောင်း လာရောက်ပြောဆိုပြီး ကိုယ်ထင်ပြသောအခါ အမွှေးနံ့ရခြင်းဖြစ်ပါသည်။

## ပူးခြင်း၊ ကပ်ခြင်း

ပူးခြင်း၊ ကပ်ခြင်းဆိုသည့်အရာ၌လည်း တစ္ဆေသရဲတို့သည် အရဏ်တက် လင်းအားကြီးချိန်၊ မွန်းတည့်ချိန်၊ နေဝင်ရီတရောအချိန် နွားရိုင်းသွင်းချိန်၊ သန်းခေါင်ယံအချိန်များတွင် ကျက်စားသွားလာတတ်သည်။ ထိုအချိန်များတွင် ပူးတတ်၊ ကပ်တတ်၊ ခြောက်တတ်သည်။

## ဖုတ်ဝင်ခြင်း

နာတာရှည်ရောဂါသည်များကိုလည်းကောင်း၊ ရုတ်ခြည်းသေသူများ ကိုလည်းကောင်း ပူးကပ်ဝင်ရောက်နိုင်သည်။

www.dhammaransi.com



ယင်းကို ယနေ့လူတို့ ဝေါဟာရ ဖုတ်ဝင်သည်ဟု ဆိုသည်။ ထိုဖုတ်၊ ပြိတ္တာသည် ညဥ့်အခါ လူသူတိတ်ဆိတ်သောအခါ၌ ခိုးစားတတ်သည်။ အစားမက်မောသည်။ အစားကြီးသည်။ သားငါးတို့ကို ကြိုက်နှစ်သက်သည်။

## ဖုတ်ဝင် မြန်မာတို့အယူအစ

ဤသို့ ဖုတ်၊ တစ္ဆေများ ကပ်ရောက်နေပါက မြန်မာတို့ အယူအဆအရ ဖုတ်ဝင်သူ အိပ်ယာအောက်၌ ဩဇာရွက်ခင်းခြင်း၊ ဘုရားအင်္ဂတေခင်းခြင်း၊ ခေါင်းအုံး၌ လျှာဖိနပ်တို့ခြင်း၊ လက်ဖွဲ့ချည်ပေးခြင်၊ ပရိတ်ကမ္မဝါ ရွတ်ဖတ်၍ နှင်ထုတ်ခြင်း စသည်တို့ကို ပြုလုပ်ဆောင်ရွက်လေ့ရှိသည်။

## နတ်ဝင်ပုံ

ဖုတ်၊ ပြိတ္တာ၊ တစ္ဆေတို့သည် လူကောင်း နာမ်နိမ့် သူတို့၌လည်း ပူးကပ်တတ်သည်ဟု ဆိုပါသည်။ ပူးကပ်ပုံမှာ ပထမ ဇက်လေးလာတတ်သည်။ ထိတ်ခနဲ လန့်သွားတတ်ခြင်း၊ အပုပ်နံ့ထိုး၍ စိတ်တစ်မျိုးပြောင်းသွားတတ်ခြင်း၊ ကြက်သီးထခြင်း၊ ခေါင်းကြီးသွားတတ်ခြင်း စသည့်တစ်ခုခုဖြစ်ပြီးနောက် မျက်ထောင့်နီနီ၊ မျက်နှာထားတင်းတင်း ကိုယ်လက်အမူအရာနှင့် စကားပြော ကြမ်းလာတတ်သည်။ စားသောက်ချင်သည့်အရာကို ကျွေးမွေးက ပျောက်သွားသည်ဟု ဆိုသည်။

www.dhammaransi.com

# ၁၃၂ တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

## နာနာဘာဝဟု ခေါ်ပုံ

- ပြိတ္တာ၊ တစ္ဆေသရဲတို့သည် ကြီးအောင်၊ ငယ်အောင် ဖြူအောင်၊ မည်းအောင် မြင်စေနိုင်မှု။
- ကွယ်ပျောက်အောင်၊ ထင်မြင်အောင် ပြုပြင်နိုင်မှု။
- ခွေးယောင်၊ မြင်းယောင် စသည်ဖြင့် ဆောင်နိုင်မှု။
- အိမ်သဏ္ဌာန် စသည်ဖြင့် ထင်စေမှု။
- လူ့အသွင် ဖန်ဆင်းနိုင်မှု။

- အတွေးမရောက်နိုင်သော အဖြစ်ဆန်း၊ အမြင်ဆန်းများကို ပြသနိုင်မှုကြောင့် နာနာဘာဝ(အထူးထူး၊ အမျိုးမျိုး အဖြစ်ကိုပြတတ်သူ)ဟု ခေါ်ဆိုကြပါသည်။

## ဥစ္စာစောင့်

ဥစ္စာစောင့်ကို အဘိဓမ္မာသံခိပ်၌ ဖော်ပြထားသည်မှာ ကြီးသော ဝမ်းဗိုက်ရှိကြကုန်သော၊ ကျယ်သော၊ ပြူးသော၊ နီသော မျက်စိရှိကြကုန်သော ရက္ခိုဿတို့ကို ကုမ္ဘဏ်ဟူ၍ဆိုကုန်၏။ ထိုကုမ္ဘဏ်တို့ကို ယခုလောက၌ ဥစ္စာစောင့်ဟု ခေါ်ဝေါ်ကြကုန်၏ဟု ဆိုထားပါသည်။

ဥစ္စာစောင့်သည် မြေဖုတ် ဘီလူးအနွယ်ဝင် များဖြစ်ကြပါသည်။ ကုဝေရနတ်မင်းကြီးလက်အောက် အတော်အတန် ဘုန်းတန်ခိုးကြီးသော ဘုမ္မစိုးနတ်ဘီလူးတို့၏ အအုပ်ချုပ်ခံ ဘုန်းတန်ခိုးနည်းပါးသောပြိတ္တာ အမျိုးအနွယ်ဝင် ဖြစ်ပါသည်။

www.dhammaransi.com



ယင်း ဘုမ္မစိုးနတ်ဘီလူးတို့၏ စေခိုင်းရာ မြေတွင်းရိုဥစ္စာသိုက် စသည်များကို စောင့်ကြပ်ရသူများဖြစ်ကြသည်။ ယင်းဥစ္စာစောင့်ခေါ် မြေဖုတ်ဘီလူးတို့မှာ မူလရုပ်အဆင်း ဆိုးဝါးသူများဖြစ်ကြသည်။

သို့သော် မိမိကိုယ်ကို လှပအောင် ဖန်ဆင်းနိုင်ကြပြီး သိုက်နန်းအတွင်း၌ ပျော်ပျော်ရွှင်ရွှင် နေနိုင်ကြကြောင်း၊ သူတို့ဘဝကို စွဲလမ်း သာယာနေသူများဖြစ်ကြသည်။ ဤလူ့ပြည်ရှိ လူသားများကို ဆက်ဆံနိုင်သော အခြေအနေရှိကြသည်။ လူတို့ကဖိတ်ကြားလျှင် တရားနာနိုင်သည်။ အမျှဝေကာ သာဓုခေါ်နိုင်သည်။ အိပ်မက်ပေးနိုင်သည်။ ကိုယ်ထင်ပြ၍ လူနှင့် စကားယှဉ်ပြောနိုင်သည်၊ လူရုပ်ပေါ်အောင်ဖန်ဆင်းပြနိုင်သည်။ လူတို့အား ရွှေ၊ ငွေမှအစ အခြားဝတ္ထုများ ပေးကမ်းနိုင်သည်။ ကျေးဇူးတင်တတ်၊ သိတတ်သော သဘောရှိသည်။ ထိုသို့ စွဲလမ်းသာယာနေကြ၍ ကျောင်းကန်ဘုရားနှင့် နီးစပ်ပြီး လူ့ပြည်မှ တော်တော်တန်တန် ကုသိုလ်ပြု၍ အမျှဝေကြသည်တိုင် ကျွတ်လွတ်သူ နည်းပါးကြပါသည်။

## ဂန္ဓဗ္ဗနတ်မျိုး

သစ်ပင်တွင်း၊ သစ်ခေါင်းတွင်း၌နေသော နတ်မျိုးကို ဂန္ဓဗ္ဗနတ်ဟုခေါ်သည်။ ယင်းနတ်မျိုးကို 'သစ်ဘီလူး' ဟု ခေါ်ကြသည်။ ယင်းတို့သည် သစ်တုံးဆွေးသည့်တိုင်အောင် မှီခိုနေထိုင်ကြသည်။ (အိမ်တိုင်၊ ကျောင်းတိုင်တို့၌ အမျက်ဆိုးပါသည်။ သစ်ခြောက်ပါသည် ဆိုသည်မှာ ဤနတ်များ ပါလာခြင်းကိုဆိုပါသည်။)

www.dhammaransi.com

# ၁၃၄ တက္ကသိုလ်သျှင်သိရိ (ဓမ္မာစရိယ၊ ဘီအေ)

## ရက္ခစိုး

ရက္ခစိုးဟူသည် ဘုမ္မဒေဝခေါ် ဘုမ္မစိုးနတ်မျိုး အပါအဝင်ဖြစ်သည်။ သစ်ပင်ကိုစွဲ၍ ဗိမာန်ပြုကာနေသဖြင့် ရက္ခစိုးဟူ၍ ခေါ်ပါသည်။ သစ်ပင်ပေါ်၌နေသည် မဟုတ်ပါ။ သစ်ပင်ကိုစွဲ၍ ကံအားလျော်စွာဖြစ်သော ဗိမာန်သီးခြားရှိသည်။ သို့သော် သစ်ပင်လဲလျှင်၊ သေလျှင်၊နတ်ဖြတ်ဖျက်ဆီးခံရလျှင် ဗိမာန်ပျက်လေတော့သည်။ သစ်ပင်ကြီးငယ်တိုင်းတွင်ရှိသော်လည်း ယင်းနတ်တို့၏ တန်ခိုးကြီး၊မကြီးပေါ်မှာတည်၍ အန္တရာယ် ပေးနိုင်မှု၊မပေးနိုင်မှု သတ္တိ ကွာခြားပါသည်။ ယင်းတို့ကို ပူဇော်ရာ၌လည်း ထို့အတူပင် ကွာခြားမှုရှိလေသည်။

ဘုမ္မစိုး၊ ရက္ခစိုးတို့ဟူသည် စတုမဟာရာဇ် အပါအဝင် အောက်နတ်မျိုးဖြစ်သည်။ အချို့နတ်များတွင် ပြောပလောက်အောင် တန်ခိုးမရှိသော်လည်း အချို့ အလွန်တန်ခိုးကြီး၍ အသက်လည်းရှည်သည်။ သက်တမ်းအတိအကျမရှိပါ။ အချို့ ရက္ခစိုးနတ်တို့သည် အထက်နတ်များထက်ပင် အသက်ရှည်၍ တစ်ကမ္ဘာ ကုန်ဆုံးသည် အထိ အသက်ရှည်ကြလေသည်။

ရက္ခစိုးတို့သည် တရားထူးကိုလည်း နာနိုင်သည်။ အားထုတ်နိုင်သည်။ အကယ်၍ ၎င်းဘဝဖြင့် အရဟတ္တဖိုလ် ရောက်ကာ ရဟန္တာဖြစ်နေသည့်တိုင်အောင် သက်တမ်းကုန်ဆုံးသည့်အထိ နေသွားနိုင်သည့် သတ္တိရှိသည်။ လူတို့သည် လူ့ဘဝဖြင့် ရဟန္တာဖြစ်လျှင် ချက်ချင်း သင်္ကန်းဝတ်ရဟန်းခံမှ သက်တမ်းကုန်အောင် နေရသည်။

www.dhammaransi.com



လူ့ဝတ်သည် အရဟတ္တဖိုလ် တရားမြတ်၏ အရှိန်ကို မခံယူနိုင်။ ဘုမ္မစိုး၊ ရုက္ခစိုးတို့ကား ရဟန်းတော်များကဲ့သို့ ရဟန္တာအဖြစ်ဖြင့် နေနိုင်စွမ်းရှိသည်မှာ ထူးခြားသော တန်ခိုးဖြစ်သည်။

ထို့ကြောင့် အချို့ဆရာတော်ကြီးများ (အထူးသဖြင့် တောင်ဖီလာ ဆရာတော်ကြီး)သည် ဤလူ့ဘဝမှ ကွယ်လွန်လျှင် ဘုမ္မစိုးနတ်အဖြစ် ဆုတောင်းခဲ့ကြသည်။

## အခန်း(၅)
## ရကြပါစေ အမျှဝေလိုသော်

### ပေတဒါန (ပြိတ္တာတို့အတွက် အလှူပေးမှု)

ကွယ်လွန်သူအတွက် ပေးလှူရသော ဒါနကို ပေတဒါန (ပြိတ္တာဒါန)ဟု ခေါ်ပါသည်။ ယင်းသည် သေပြီးနောက် ပြိတ္တာဘဝသို့ လားရောက်သွားရသူများအား ကောင်းကျိုးချမ်းသာ ရရှိစေရန် ရည်စူး၍ ပေးလှူသော အလှူဒါနဖြစ်သည်။

ပေတဒါနခေါ် ကွယ်လွန်သူအား ရည်စူး၍ လှူဒါန်းရာ၌ ကွယ်လွန်သူတိုင်း ကောင်းကျိုးချမ်းသာ မရနိုင်သည်ကို သတိပြုကြရသည်။ ကွယ်လွန်သူအား ချမ်းသာစေရန် အလှူပြုရာဝယ် ဗုဒ္ဓနည်းကျကျ လုပ်ထုံးလုပ်နည်းမှန်အောင် လှူနိုင်မှသာ ကောင်းကျိုးချမ်းသာ ရပေမည်။

သေသူအတွက် ပေတဒါနပေးလှူကြရာဝယ် အောက်ပါအင်္ဂါ

www.dhammaransi.com



လေးပါး ညီညွတ်ရန် လိုအပ်ပါသည်။

(၁) ကွယ်လွန်သူ မည်သူမည်ဝါ အတွက်ဟု သေသေချာချာ ရည်ရွယ်၍ ပေးလှူခြင်း။

(၂) ကွယ်လွန်သူ ကိုယ်တိုင်ကလည်း တမလွန်ဘဝမှနေ၍ သာဓုခေါ်နိုင်သော ဘဝမျိုး ရှိခြင်း၊ သာဓုခေါ်နိုင်ရန် အသင့်ရှိနေခြင်း။

(၃) အလှူခံပုဂ္ဂိုလ် အနေဖြင့် ဒုဿီလ (သီလမရှိသူ) မဟုတ်သော သီလဝန္တရဟန်း (သီလရှိသော ရဟန်း) ဖြစ်ခြင်း သို့မဟုတ် သံဃိက အလှူဖြစ်ခြင်း။

(၄) လှူဖွယ်ဝတ္ထုမှာလည်း ရဟန်းသံဃာတော်များနှင့် မအပ်စပ်သော (အကပ္ပိယအနာမာသ) ငွေကြေးမဟုတ်ဘဲ ဘုရားရှင် ခွင့်ပြုထားသော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဖြစ်ခြင်း။

ဤအင်္ဂါလေးပါးနှင့် ပြည့်စုံညီညွတ်ဖို့ လိုအပ်ပါသည်။ ယင်းသို့ ပြည့်စုံညီညွတ်မှသာလျှင် ကွယ်လွန်သူ အနေဖြင့် ယင်းပြုအပ်သော ကုသိုလ်အဖို့ဘာဂကို သာဓု ခေါ်နိုင်ပေမည်။ သာဓုခေါ်နိုင်မှသာလျှင် ယင်းကုသိုလ်အတွက် ကောင်းကျိုး သုခ ရနိုင်ပေမည်။

ယင်းအင်္ဂါရပ်နှင့် ပတ်သက်၍ ဘုရားရှင်လက်ထက် ဗိမ္ဗိသာရမင်း၏ ဆွေမျိုးပြိတ္တာနှင့် ပတ်သက်သော အဖြစ်အပျက်သည် ထင်ရှားပါသည်။

www.dhammaransi.com



## ဗိမ္ဗိသာရမင်း၏ ဆွေမျိုးပြိတ္တာများ

လွန်ခဲ့သော (၉၂) ကမ္ဘာထက်၌ ဖုဿဘုရားရှင် ပွင့်တော်မူသည်။ ထိုဘုရားရှင်၏ ဖခမည်းတော်မှာ မဟိန္ဒမင်းကြီးဖြစ်သည်။

မင်းကြီး၏ သားတော်များလည်းဖြစ်၊ ဖုဿဘုရားရှင်၏ ညီတော်များလည်းဖြစ်သော မင်းသားသုံးယောက်တို့သည် မိမိတို့၏ ပစ္စည်းဥစ္စာများကို အကြီးအမှူးပြုသူနှင့် ဘဏ္ဍာစိုးတို့ကို အပ်နှင်းကာ မိမိတို့ အခြံအရံ တစ်ထောင်နှင့်အတူ ဘုရားကျောင်းသို့ သွားကာ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်လျက် ဆယ်ပါးသီလ စောင့်ထိန်းပြီး ဝါတွင်း သုံးလ ကျောင်း၌ နေကြလေသည်။

ယင်းသို့ နေထိုင်စဉ် အကြီးအမှူးနှင့် ဘဏ္ဍာစိုးတို့သည် ဖုဿဘုရားအမှူးပြုသော သံဃာတော် ကိုးသောင်းနှင့်တကွ မင်းသားတို့အတွက်ပါ နေ့စဉ် ဆွမ်းချက်ပြုတ်ပြီး ဆက်ကပ်ရလေသည်။

ထိုအခါ အကြီးအမှူးပြုသူနှင့် ဘဏ္ဍာစိုးတို့၏ ဆွေမျိုးသားချင်း ရှစ်သောင်းလေးထောင်တို့သည် ဆွမ်းချက်ပြုတ်ရေး တာဝန်ကို လုပ်ဆောင်ကြရသည်။ ထိုသူတို့သည် သံဃာတော်များအတွက် ချက်ပြုတ်ထားသော စားဖွယ် သောက်ဖွယ်တို့ကို သံဃာတော်များ မကပ်မီ ငိုယိုပူဆာသော မိမိတို့ ကလေးများကို နေ့စဉ်နေ့တိုင်း ခူးခပ်ကျွေးပြီး မိမိတို့လည်း ဦးဦးဖျားဖျား ယူငင်စားသောက်ကြလေသည်၊

ယင်းသို့ စားသောက်ကြသဖြင့် ရှစ်သောင်းလေးထောင်သော ဆွေမျိုးတို့သည် သေဆုံးကြသောအခါ ပြိတ္တာဘုံ၌ ဖြစ်ကြရလေသည်၊

www.dhammaransi.com



(၉၂) ကမ္ဘာလုံး သုဂ္ဂတိဒုဂ္ဂတိဘဝအားဖြင့် ကျင်လည်ခဲ့ကြပြီးမှ ဤဘဒ္ဒကမ္ဘာ၏ အစလောက်မှစ၍ ဘုရားလေးဆူတို့၏အကြား ကာလပတ်လုံး ပြိတ္တာဘုံ၌ ဖြစ်ကြရပြီး စားရမဲ့သောက်ရမဲ့ဘဝ၌ ကျင်လည်နေကြရလေသည်။

ကကုသန်ဘုရားပွင့်သောအခါ ယင်းပြိတ္တာတို့သည် ဘုရားရှင်ထံ ချဉ်းကပ်ကာ မိမိတို့ အစားအဝတ်ရမည့် အခါကာလကို မိန့်ကြားပေးပါရန် လျှောက်ထားကြလေသည်။

ထိုအခါ ကကုသန်ဘုရားက–

'ယခု ငါဘုရားတွင် မလျှောက်ထားကြနှင့်၊ ငါဘုရားနောက် မြေကြီး တစ်ယူဇနာ တက်သောအခါ ကောဏာဂုံဘုရားပွင့်တော်မူလိမ့်မည်။ ထိုအခါကျမှ လျှောက်ထားကြကုန်'ဟု မိန့်ကြားလေသည်။

ဤဘဒ္ဒကမ္ဘာဝယ် ဒုတိယမြောက် ကောဏာဂုံ ဘုရားထံ ချဉ်းကပ်ကာ လျှောက်ထားကြပြန်သည်၊

ထိုအခါ ကောဏာဂုံဘုရားက–

'ငါဘုရား နောက်တွင် မြေကြီး တစ်ယူဇနာတက်က ကဿပဘုရား ပွင့်လိမ့်မည်။ ထိုအခါကျမှ လျှောက်ထားကြကုန်'ဟု မိန့်ကြားခဲ့ပြန်သည်။

ထိုနောက် ကဿပဘုရားရှင် ပွင့်လာပြန်သောအခါ မေးလျှောက်ကြပြန်သည်။ ထိုအခါ ကဿပဘုရားရှင်က–

'ငါဘုရားနောက် မြေကြီး တစ်ယူဇနာ တက်မြောက်လာ

www.dhammaransi.com



သောအခါ ဂေါတမဘုရားရှင် ပွင့်တော်မူလိမ့်မည်။ ထိုအခါ လွန်ခဲ့သော ကိုးဆယ့်နှစ်ကမ္ဘာထက်က သင်တို့၏ ဆွေးမျိုးဖြစ်သော အကြီးအမှူး ပြုလုပ်ခဲ့သောသူသည် ဗိမ္ဗိသာရမင်းကြီးဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်များကို ဆွမ်းအလှူပေးလှူကာ သင်တို့အား အမျှပေးဝေ လိမ့်မည်။ ယင်းပေးဝေသောအမျှကို **သာဓုခေါ်ကြရသောအခါ၌** သင်တို့ စားသောက် ဝတ်ဆင်မှု ရလိမ့်မည်'ဟု မိန့်တော်မူလေသည်။

ယင်းသို့ မိန့်ကြားသံကို ကြားရသော ပြိတ္တာအပေါင်းသည်–

နက်ဖြန်ခါပင် စားသောက်ကြရလိမ့်မည်ဟူသော စကားကို ကြားလိုက်ရသကဲ့သို့ အလွန်အမင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားရကာ ဗိမ္ဗိသာရမင်းကြီး အမျှဝေမည်ကိုသာ မျှော်လင့် စောင့်စားနေကြ လေသည်။

ဤသို့ဖြင့် ဂေါတမဘုရား ပွင့်လာသည်။ ဗိမ္ဗိသာရမင်းကြီး သည် ဘုရားရှင်အမှူးရှိသော သံဃာတော်များကို ရေးဦးစွာ ဆွမ်းကပ် လှူဒါန်းခဲ့သည်။ အမျှမဝေမိသဖြင့် ယင်းအမျှဝေသံကို ကမ္ဘာနှင့်ချီ၍ စောင့်နေကြရသော ပြိတ္တာများမှာ ဗိမ္ဗိသာရမင်းကြီး၏ ကုသိုလ် အဖို့ဘာဂကို မရကြသဖြင့် အလွန်ပင် စိတ်မချမ်းသာ ဝမ်းနည်း ပက်လက်ခံစားကြရသည်။

ကိုပြိတ္တာတို့သည် ညဥ့်အချိန်တွင် မင်းကြီးကို ကိုယ်ထင် လာပြကာ အလွန်ကြောက်မက်ဖွယ်ရာ အသံများကို ပြုကြသည်။ မင်းကြီးသည် အလွန်တိတ်လန့်ကြောက်ရွံ့ကာ နံနက်လင်းလျှင် ဘုရားရှင်ထံမှောက်သို့ သွားကာ အကြောင်းစုံ လျှောက်ထားသည်၊

www.dhammaransi.com



ထိုအခါ ဘုရားရှင်က မင်းကြီး မကြောက်ရွံ့ရန် မိန့်ကြားပြီး ထိုပြိတ္တာတို့၏ ဘဝဖြစ်စဉ်ကို ဟောကြားခဲ့သည်၊

ထိုအခါကျမှ ဗိမ္ဗိသာရမင်းကြီးသည် ကိုးဆယ့်နှစ် ကမ္ဘာ ထက်၌ ဆွေမျိုးတော်စပ်ခဲ့ဖူးသော ပြိတ္တာများကို ရည်စူးကာ ထိုနေ့နံနက်၌ပင် ဘုရားအမှူးရှိသော သံဃာတော်များကို လှူဒါန်းကာ–

'ဤအလှူဒါနသည် အကျွန်ုပ်၏ ဆွေမျိုးများအတွက် ဖြစ်ပါ စေသတည်း' ဟု အမျှပေးဝေလိုက်သည်။ ထိုအခါကျမှ ပြိတ္တာ များသည် သာဓုခေါ်ခွင့်ရပြီး သာဓုခေါ်လိုက်သည်နှင့် တစ်ပြိုင်နက် နတ်ခဲဖွယ် ဘောဇဉ်များ၊ နတ်ဝတ်တန်ဆာများကို နတ်ဘုံဗိမာန်များ၊ နတ်ရေကန်နှင့် နတ်ယာဉ်ရထားများ ချက်ချင်းဖြစ်ပေါ်ပြီး ခံစားရ လေသည်၊

## ဘုရားရှင်၏ ပြိတ္တာနှင့်ပတ်သက်သောတရား

ဗုဒ္ဓဘုရားရှင်သည် ယင်းပြိတ္တာအလှူနှင့်ပတ်သက်၍ အနု မောဒနာ တရားများကို အောက်ပါအတိုင်း ဟောကြားတော်မူသည်။

၁။ မင်းကြီး–ပြိတ္တာတို့သည် မိမိတို့အိမ်သို့ လာကြ၍ နံရံ၏ အပြင်ဘက်တို့၌လည်းကောင်း၊ လမ်းဆုံလမ်းလေးခွ၊ အိမ်ခြံ စပ်တို့၌လည်းကောင်း၊ တံခါးပေါင်တို့၌လည်းကောင်း ရပ်တည်နေ ကြကုန်၏။

၂။ များစွာသော ထမင်းအဖျော်ခဲဖွယ်၊ ဘောဇဉ်တို့ကို လှူဒါန်းရန်အတွက် ပြုလုပ်စီစဉ်ကြသော်လည်း ယင်းပြိတ္တာတို့၏

www.dhammaransi.com



ကံအကြောင်းကြောင့် ယင်းပြိတ္တာတို့ကို တစ်ဦးတစ်ယောက်မျှ သတိမရ အမှတ်မရကြပေ။

၃။ သနားတတ်သော သူတို့သည် ဆွေမျိုးပြိတ္တာတို့ ကပ်ရောက်လာကြသောအခါ (သပ္ပုရိသဒါနမျိုး၌ ပါဝင်သောလှူနည်း အတိုင်း) စင်ကြယ်သော မွန်မြတ်သော အခါကာလအားလျော်စွာ လျောက်ပတ်သော အလှူခံရမည်။ သံဃာတော်များနှင့် အပ်စပ်သော အဖျော် ဘောဇဉ်တို့ကို–

'ဤအလှူဒါနသည် ဆွေမျိုးဖြစ်သော သင်ပြိတ္တာတို့အား ဖြစ်စေသတည်း၊ ဆွေမျိုးပြိတ္တာတို့သည် ချမ်းသာကြစေကုန် သတည်း'ဟု ရည်သန်၍ ပေးလှူကြကုန်၏။

၄။ ယင်းသို့ ပေးလှူကြကုန်သည်ရှိသော် ဆွေမျိုးဖြစ်သော ပြိတ္တာတို့သည် ထိုအရပ်သို့ စုရုံးလျက် လာရောက်ကြကုန်ပြီးလျှင် များစွာသော ထမင်းအဖျော် အလှူဒါန၌ လေးစားရိုသေစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကုန်ပြီး အလေးအနက် သာဓုခေါ်ကြ ကုန်၏။

၅။ ယင်းကဲ့သို့ဆွေမျိုးတို့က ပေးလှူခြင်းကြောင့် စည်းစိမ် ချမ်းသာကို ငါတို့ အကျိုးငှာလည်း ပွဲဖော်ကြကုန်၏။ ပေးလှူသူ ဆွေမျိုးတို့လည်း အကျိုးကြီးမြတ်ကုန်၏။ ငါတို့၏ ဆွေမျိုးတို့သည် အသက်ရှည်ကြပါစေကုန်သတည်းဟု ပြိတ္တာတို့က ပြန်လည် ဆုတောင်း ပတ္ထနာပြုကြကုန်၏။

၆။ ထိုပြိတ္တာတို့ဘုံ၌

www.dhammaransi.com



- လယ်လုပ်ခြင်းလည်း မရှိ၊
- နွားကျောင်းခြင်းလည်း မရှိ၊
- ပစ္စည်းဥစ္စာရကြောင်းဖြစ်သော ကုန်သွယ်မှုလည်း မရှိ၊
- ရွှေ၊ ငွေဖြင့် ရောင်းဝယ်မှုလည်း မရှိ၊

သို့ဖြစ်၍ တမလွန်ဘဝသို့ ပြောင်းသွား ရောက်ရှိကြကုန်သော ပြိတ္တာတို့သည် လူ့ဘုံမှဆွေမျိုးတို့ ပေးအပ်သော ကုသိုလ်အဖို့ဘာဂ (အမျှပေးဝေမှု)ဖြင့်သာလျှင် ထိုပြိတ္တာဘုံ၌ မျှတကြကုန်၏။

၇။ ကုန်းမြင့်ရာအရပ်၌ ရွာသောမိုးရေသည် ချိုင့်ဝှမ်းရာအရပ်သို့ စီးဆင်းသွားသကဲ့သို့ ဤလူ့ဘုံမှ ပေးဝေအပ်သော ကုသိုလ်အဖို့ဘာဂ အမျှပေးဝေမှုသည် ပြိတ္တာတို့ထံ ကပ်ရောက်၏။

၈။ မြစ်ရေ၊ ချောင်းရေတို့သည် သမုဒ္ဒရာကို ပြည့်ပြင်စေကုန်သကဲ့သို့ ဤလူ့ဘုံမှ ပေးဝေအပ်သော ကုသိုလ်အဖို့ဘာဂ (အမျှဝေမှု)သည် ပြိတ္တာတို့ထံ ကပ်ရောက်၍ ပြည့်စုံစေ၏။

၉။ ရှေးအခါက ဤသူကား ငါတို့အား ပစ္စည်းဥစ္စာပေးဖူးပြီး ငါ၏ဥစ္စာကို ပြုဖူးပြီးဟူ၍ သူ့ကျေးဇူးကို လည်းကောင်း၊ ဤသူကား ငါ၏ဆွေမျိုးတည်း၊ ငါ၏မိတ်ဆွေတည်း၊ ငါ၏ခင်ပွန်းတည်း၊ ဟူ၍လည်းကောင်း၊ ရှည်ကြာလှစွာသော ကာလပတ်လုံး အောက်မေ့သတိရသော အလှူဒါနကို ပေးလှူရာ၏။

၁၀။ ငိုကြွေးခြင်း

- စိုးရိမ်သောကဖြစ်ခြင်း
- ပြောဆိုမြည်တမ်းခြင်း

www.dhammaransi.com



တို့သည် ပြိတ္တာတို့အကျိုးငှာ မဟုတ်တုံ။ (ပြိတ္တာတို့အတွက် အကျိုးမရှိကုန်) သို့သော် ဆွေးမျိုးတို့သည်ကား ငိုကြွေးနေကြကုန်၏။

၁၁။ တမလွန်ဘဝသို့ ပြောင်းသွားသူကို ရည်စူးကာ သံဃာ၌ ကောင်းစွာတည်၍ သံဃိကဒါနအဖြစ် ပေးလှူသော ဤအလှူဒါနသည်သာလျှင် ပြိတ္တာတို့၌ ရှည်ကြာလှစွာသော ကာလ ပတ်လုံး စီးပွားချမ်းသာ အကျိုးငှာ တစ်ခဏချင်း ကပ်ရောက်နိုင်သည်။

၁၂။ တမလွန်ဘဝသို့ ပြောင်းသွားသူကို ရည်စူး၍ ပေးလှူခြင်း(ပေတဒါန)ကို ဆွေမျိုးတို့ပြုရသော တာဝန်တစ်ရပ်ဟူ၍ ငါဘုရား ညွှန်ပြအပ်၏။ ထိုသို့ပေးလှူခြင်းဖြင့် ပြိတ္တာ တို့အား မြတ်သောပူဇော်ခြင်းကို ပြုအပ်သည်လည်းမည်၏။ ရဟန်းတော် တို့အား ခွန်အားပေးအပ်သည်လည်း မည်၏။ ထို့ကြောင့်သင်တို့သည် ကြီးကျယ်သော ကုသိုလ်ကို ပွားများ ဆည်းပူးအပ်၏[၁]။

ဤဖြစ်ပျက်စဉ်တွင် –

၁။ ဗိမ္ဗိသာရမင်းကြီးသည် အတိတ်ဘဝက ဆွေးမျိုးပြိတ္တာ များကို သေသေချာချာ ရည်စူး၍လှူဒါန်းခြင်း။

၂။ ပြိတ္တာများအနေဖြင့် သာဓုခေါ်နိုင်ရန် **အသင့်**ရှိနေခြင်း။

၃။ လှူဖွယ်**ဝတ္ထု**ကလည်း **အကပ္ပိ**ယ အ**နာမာ**သ မဟုတ်ဘဲ ဆွမ်းသင်္ကန်း ဖြစ်ခြင်း။

၄။ အလှူခံ ပုဂ္ဂိုလ်ကလည်း ဘုရားအမှူးရှိသော အရိယာ သံဃာက ဖြစ်ခြင်း။

ဤအင်္ဂါလေးပါးနှင့် ညီညွတ် ပြည့်စုံနေသောကြောင့်

၁။ (က) ခုဒ္ဒကပါဌ တိရောကုဍ္ဍသုတ်

www.dhammaransi.com



ပြိတ္တာများအနေဖြင့် ဗိမ္ဗိသာရမင်းကြီး၏ ကုသိုလ်အဖို့ဘာဂကို သာဓုခေါ်နိုင်၍ ကောင်းကျိုးချမ်းသာ ချက်ချင်းရရှိခံစားသွားနိုင်ခြင်း ဖြစ်ပါသည်။

## အလှူခံပုဂ္ဂိုလ်နှင့် အလှူဝတ္ထုပစ္စည်း

ပေတဒါန အင်္ဂါလေးပါးကို ကြည့်လျှင် အလှူခံပုဂ္ဂိုလ်နှင့် အလှူဝတ္ထုသည် အရေးကြီးသော ကဏ္ဍမှ ပါဝင်နေပါသည်။ အလှူပေးပုဂ္ဂိုလ်၌ သီလရှိမှုထက် အလှူခံပုဂ္ဂိုလ်၌ သီလရှိမှုက ပို၍ ပဓါနကျနေပါသည်။

အလှူခံပုဂ္ဂိုလ်မှာ သီလမရှိသော ဒုဿီလရဟန်းဖြစ်နေလျှင်လည်း ကွယ်လွန်သူအနေဖြင့် ယင်းကုသိုလ်၏ အဖို့ဘာဂ အမျှကို သာဓုမခေါ်နိုင်ပေ။ သာဓုမခေါ်နိုင်သဖြင့် ယင်းကုသိုလ်အတွက် ကောင်းကျိုးသုခ မရရှိနိုင်ပေ။

ထို့အတူ လှူဖွယ်ဝတ္ထုမှာ ရဟန်းသံဃာတော်များနှင့် မအပ်စပ်သော အကပ္ပိယအနာမာသ ငွေကြေးဖြစ်နေလျှင်လည်း ကွယ်လွန်သူအအနေဖြင့် ယင်းကုသိုလ်၏ အဖို့ဘာဂ ကောင်းကျိုးသုခ မရရှိနိုင်ပေ။

ထို့ကြောင့် ပေတဒါန ပေးလှူကြရာဝယ် ကွယ်လွန်သူ ပြိတ္တာအနေနှင့် ကောင်းကျိုးသုခ မချရရှိနိုင်စေရန် ဒုဿီလ အလှူခံပုဂ္ဂိုလ်နှင့် အနာမာသ ငွေကြေးကို မလှူဒါန်းမိအောင် သတိနှင့် ရှောင်ကြဉ်ရပေမည်။

www.dhammaransi.com



## ဒုဿီလ ဆွမ်းသွတ်မှားသူ

ဝပုမာနရွာ၌ မုဆိုးတစ်ယောက်သည် သေလွန်ပြီး ပြိတ္တာဖြစ်နေသော မိမိ၏ဆွေမျိုးကို ရည်စူးကာ သီလမရှိသော ဒုဿီလရဟန်းကို ပင့်ဖိတ်၍ ဆွမ်းသင်္ကန်း စသည်ကို လှူဒါန်းပြီး အမျှပေးဝေခဲ့လေသည်။

သို့သော်လည်း ဆွေးမျိုးပြိတ္တာအနေဖြင့် ယင်းအမျှပေးဝေမှုကို သာဓုမခေါ်နိုင်ရှာပေ။ သုံးကြိမ်မြောက်ပေးလှူ၍ အမျှပေးဝေသောအခါ၌ကား ဆွေမျိုးပြိတ္တာက–

'ငါ၏ အဖို့ဘာဂဖြစ်သော ပစ္စည်းကို လူမဟုတ်သော ရဟန်းဒုဿီလကြီးက လုယက်ယူဆောင်သွားသည်'ဟု ဟစ်အော်မြည်တမ်းခဲ့လေသည်၊

သို့အတွက် နောက်တစ်ကြိမ် သီလနှင့် ပြည့်စုံသော သီလဝန္တ ရဟန်းတော်အား ပင့်ဖိတ် လှူဒါန်းကာ အမျှပေးဝေသောအခါကျမှ ယင်းဆွေမျိုးပြိတ္တာမှာ သာဓု ခေါ်နိုင်ရှာလေသည်။ ယင်းသို့ သာဓုခေါ်နိုင်သောအခါကျမှ ထိုက်သိုလ်အဖို့ဘာဂကို ရရှိပြီး ပြိတ္တာဘဝမှလည်း လွတ်မြောက်သွားခဲ့ရလေသည်[၁] ။

သို့အတွက် သေသူအတွက် ရည်စူးလှူကြရာ၌

- လှူသူက သေသူကို သေသေချာချာ ရည်စူးပြီး လှူသည်၊
- လှူဖွယ်ဝတ္ထုကလည်း ရဟန်းနှင့် အပ်စပ်သော ဆွမ်းသင်္ကန်း စသည်ဖြစ်ရသည်။

အလှူခံပုဂ္ဂိုလ်ကလည်း သီလဝန္တ သီလရှိသော

www.dhammaransi.com



ပုဂ္ဂိုလ်ဖြစ်ရသည်။

- ပြိတ္တာကလည်း သာဓုခေါ်နိုင်ရန် အဆင်သင့် စောင့်နေသည်။

သို့အတွက် ပေးလိုက်သော ကုသိုလ်အဖို့ဘာဂသည် ပြိတ္တာအတွက် သာဓုအနုမောဒနာခေါ်ပြီး ကောင်းမွန်ရာဘဝ ချက်ချင်းရရှိနိုင်ပေသည်။ အထက်ပါ အင်္ဂါလေးပါး မညီပါက ပြိတ္တာမှာ သာဓုမခေါ်နိုင်ဘဲ ကောင်းကျိုးသုခ မခံစားရဘဲ ရှိနေတတ်ပါသည်။

အထူးသိရသည်မှာ သေသူအတွက် ရည်စူးပြီး အခေါင်းဘေး၌ ထမင်းထုပ်ထားခြင်း၊ ရက်မလည်မချင်း ထမင်းပြင်ဆင်ပြီး ချထားခြင်း စသည်တို့သည် အဓိပ္ပာယ်မရှိသော အလုပ်ဖြစ်ကြပါသည်။

သေသူအတွက် တကယ်ရစေလိုပါက ဖော်ပြပါ အင်္ဂါနှင့် ညီသော အလှူဒါနကို ပြုပေးပါက မုချ ဆတ်ဆတ်ရသည်ကို သတိပြုပြီး ဆောင်ရွက်ကြစေလိုပါသည်။

## သေသူတို့အတွက် ကျန်ရစ်သူတို့တာဝန်

ကွယ်လွန်သူ မိဘ၊ သားသမီး၊ ဆွေမျိုးသားချင်းတို့အတွက် အမျှပေးဝေရန်မှာ ကျန်ရစ်သူတို့၏ တာဝန်ဖြစ်ပါသည်။

လောကတွင် မိမိတို့နှင့် ဆွေမျိုး မတော်ဖူးသော ပြိတ္တာ၊ တစ္ဆေ၊ သရဲဟူ၍ တစ်စုံတစ်ယောက်မျှ မရှိပါ။ သံသရာ ရှည်စွာ ကျင်လည်ခဲ့ကြရသည့်အတွက် တစ်ဘဝတစ်ချိန်ချိန်၌ ဆွေမျိုးတော်ခဲ့ကြမည်သာ ဖြစ်ပါသည်။ ထိုသူများအတွက် အမျှဝေခြင်းဖြင့် ကူညီထောက်ပံ့ရမည်ဟု မိန့်ဆိုထားပါသည်။

www.dhammaransi.com



ထိုသို့ ဆွေမျိုး တစ္ဆေသရဲများအား အမျှပေးဝေခြင်းသည်–

– မိမိဆွေမျိုး များအား ကူညီထောက်ပံ့မှု၊ ဉာတကာနုဂ္ဂဟ မင်္ဂလာကုသိုလ်

– ပုညကိရိယာ ပတ္တိဒါနကုသိုလ် နှစ်မျိုးရရှိနိုင်ပါသည်။

ထို့ပြင် ဘုရားရှင်က အင်္ဂုတ္တိုရ်ပဉ္စက နိပါတပုတ္တသုတ်၌ သားသမီးတို့အပေါ်၌ မိဘတို့သည် မျှော်လင့်ချက်ငါးရပ်ဖြင့် ကျွေးမွေးပြုစုကြသည်ဟု ဟောထားပါသည်။

၁။ ငါတို့အိုမင်းသောအခါ သားသမီးများက ငါတို့အား အတုံ့အလှည့် တစ်ဖန် ပြန်လည် လုပ်ကျွေးပြုစုကြလိမ့်မည်။

၂။ ငါတို့ပြုလုပ်ရမည့် အမှုကြီးငယ်တို့ကို သားသမီးများက ငါတို့ကိုယ်စား အားထုတ်ပြုလုပ်ကြလိမ့်မည်။

၃။ ငါတို့အမျိုးအနွယ် အဆက်ရှည်ကြာအောင် သားသမီးများက ပြုမှု ဆောင်ရွက် နေထိုင်ရစ်ကြလိမ့်မည်။

၄။ ငါတို့အမွေကို သားသမီးများ ခံယူရစ်ကြလိမ့်မည်။

၅။ ငါတို့ကွယ်လွန်ပြီးသောအခါ သားသမီးများက ငါတို့အား ရည်စူး၍ အမျှအတန်းပေးဝေကြလိမ့်မည်။

သိင်္ဂါလောဝါဒသုတ်တွင် သားသမီးကျင့်ဝတ်ငါးပါး၌–

- မိဘတို့ကို ပြုစုလုပ်ကျွေးခြင်း
- မိဘတို့၏တာဝန်ကို ပခုံးပြောင်း တာဝန်ယူခြင်း
- မျိုးနွယ်တည်တံ့အောင် စောင့်ရှောက်ထိန်းသိမ်းခြင်း

www.dhammaransi.com



- အမွေခံထိုက်ခြင်း

- အလှူပြု၍ အမျှအတန်း ပေးဝေခြင်း ဟူ၍ ဖော်ပြထားရာ မိဘများ၏ အထက်ဖော်ပြပါ မျှော်လင့်ချက်ငါးပါး နောက်ဆုံး အချက်ကို သားသမီးတို့သည် သားသမီးကျင့်ဝတ်အရ အစဉ်အလာ မပျက် ဆောင်ရွက်ကြရပေမည်။

အမှန်အားဖြင့် ယင်းတာဝန်သည် မိဘများအတွက်သာ မဟုတ်ပေ။ ကွယ်လွန်သူ သားချင်းဆွေမျိုးများနှင့် မိတ်ဆွေသင်္ဂဟ များအတွက်လည်း အမျှပေးဝေရန်မှာ ကျန်ရစ်သူတို့ တာဝန် ဖြစ် ပေသည်။

သို့သော် ဘာမျှ မလှူဒါန်းဘဲ အမျှပေးဝေရုံမျှဖြင့် ကွယ်လွန် သူ၌ ကောင်းကျိုးချမ်းသာ မရနိုင်ပေ။ ကွယ်လွန်သူ အကျိုးရှိအောင် ပေတဒါန အင်္ဂါလေးပါးနှင့်အညီ စိစဉ်ပြုလုပ် လှူဒါန်းပြီး အမျှဝေ မှသာလျှင် ကောင်းကျိုးချမ်းသာ ရနိုင်ပေသည်။

ယင်းသို့ ဝေသောအခါ၌လည်း ကွယ်လွန်သူ၏ အမည်ကို ခေါ်ကာ အမျှပေးဝေရန် လိုအပ်ပါသည်။

## သံဃိကဖြစ်အောင် ဆွမ်းသွတ်နည်း

ကွယ်လွန်သူ မုချဆတ်ဆတ် ကုသိုလ်အဖို့ဘာဂရပြီး သာဓု ခေါ်နိုင် ချမ်းသာသုခရနိုင်ရန် ဆွမ်းသွတ်နည်းမှာ သံဃိက ဆွမ်းသွတ် နည်းဖြစ်ပါသည်၊ ဆွမ်းသွတ်ရာ၌ အလှူခံ ပုဂ္ဂိုလ်သီလရှိမရှိ စိစစ် မရွေးချယ်တတ်လျှင်သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် မစိစစ်နိုင်လျှင်သော်လည်းကောင်း သံဃိကဒါနာဖြစ် ဆွမ်းသွတ်

www.dhammaransi.com



လှူဒါန်းခြင်းသည် အကောင်းဆုံးဖြစ်ပြီး ကွယ်လွန်သူလည်း မှရ ဆတ်ဆတ် ကုသိုလ်အဖို့ဘာဂ အမျှရပြီး သာဓုခေါ်နိုင်ပါသည်။

သံဃိဒါနအဖြစ် ဆွမ်းသွတ်လှူဒါန်းရာဝယ် ရည်ညွှန်းသံဃိကဒါနဖြစ်အောင် စိစဉ် လှူဒါန်းသင့်ပါသည်။ ရည်ညွှန်းဆိုသည်မှာ ကွယ်လွန်သူ မည်သူမည်ဝါအတွက် ရည်ညွှန်းပေးလှူခြင်းဖြစ်ပါသည်။

လှူဒါန်းနည်းမှာ လှူဒါန်းလိုသော ကျောင်းမှ ဆရာတော်အား-

‘ကွယ်လွန်သူ မည်သူ့အတွက် ဆွမ်းသွတ် လှူဒါန်းလိုပါသဖြင့် အရှင်ဘုရားကျောင်းမှ သံဃာ့ကိုယ်စား သံဃာတော် (ဘယ်နှစ်ပါး) ကြွရောက်ချီးမြှင့် အလှူခံတော်မူပါဘုရား’ဟု ပင့်လျှောက်ထားပြီး ထိုဆရာတော် ညွှန်ကြားပေးသော သံဃာတော်ကို သံဃာဟူသော အမှတ်ဖြင့် ရိုသေလေးစားစွာ လှူဒါန်းရပါမည်။

မလှူဒါန်း ရေစက်မချမီ ကွယ်လွန်သူအမည်ကိုခေါ်ကာ-

‘ကျွန်တော်တို့နှင့် အတူတကွ လှူဒါန်းရန် တရားနာယူရန် လာရောက်ပါ’ဟု သံဃာတော်များ ရှေ့မှောက်၌ ခေါ်ဆောင်နေရာပေးထားရပါမည်။ လှူဒါန်းပြီးနောက် ကွယ်လွန်သူ၏ အမည်ကို ခေါ်ကာ အမျှပေးဝေရမည်။

## ပစ္စည်းလေးပါးစုံအောင်လှူပါ

ထိုသို့ လှူဒါန်းရာဝယ် ယခုခေတ်၌ များသောအားဖြင့် ဆွမ်းနှင့်သင်္ကန်းကိုသာ ပဓာနထား၍ လှူဒါန်းလေ့ရှိကြပါသည်၊

www.dhammaransi.com

## ၁၅၀ တက္ကသိုလ်သျှင်သိရီ (ဓမ္မာစရိယ၊ ဘီအေ)

အမှန်မှာ ဆွမ်း၊ သင်္ကန်းနှစ်မျိုးသာ မဟုတ်ဘဲ ဘုရားရှင်ခွင့်ပြုထားသော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်း လေးပါးစုံအောင် ပဓာနထား၍ လှူဒါန်းလျှင် ကွယ်လွန်သူအတွက်ပို၍ ပြည့်စုံသော ကောင်းကျိုးချမ်းသာကို ခံစားရသည်။

ကွယ်လွန်သူသည် အကယ်၍ ပေတာဂတိသို့ ရောက်ကာ ပြိတ္တာဖြစ်နေပါက ဆွမ်းကို လှူဒါန်း၍ အမျှပေးဝေလိုက်ခြင်းဖြင့် ပြိတ္တာဘဝမှနေ၍ သာဓုခေါ်လိုက်ရသော ခဏမှာပင် အစားအစာ ရရှိမည်။

သင်္ကန်းလှူပြီး အမျှပေးဝေသောခဏ၌ သာဓုခေါ်လိုက်ရသော **အချိန်မှစ၍ အဝတ်စာန်ဆာရမည်။**

(အကယ်၍ သင်္ကန်း မတတ်နိုင်ပါက ပိတ်ပိုင်းဖြစ်စေ၊ မျက်နှာသုတ်ပဝါဖြစ်စေ၊ ယုတ်စွအဆုံး ပဝါပင်ဖြစ်စေ လှူဒါန်းရမည်။)

ကျောင်းအလှူကို လှူဒါန်း၍ အမျှဝေသည်ခဏ သာဓုခေါ်နိုင်သည်နှင့် တစ်ပြိုင်နက် နေထိုင်စရာ အဆောက်အအုံ ရရှိမည်။ ဘုံဗိမာန်ရရှိမည်။

(ဤ၌ ကျောင်းအလှူဒါန လူတိုင်းအတွက် မတတ်နိုင်သည်ရှိသော် လေးတိုင်စင် တဲကျောင်းပင်ဖြစ်ဖြစ် လှူဒါန်းနိုင်သည်။ သို့မဟုတ်က မိမိပတ်ဝန်းကျင်၌ ကျောင်းဆောက်လုပ်ခြင်း ရှိပါက ယင်းကျောင်းဆောက်ရာ၌ ကွယ်လွန်သူအား ရည်စူးကာ ကျောင်းအလှူငွေထည့်ဝင် လှူဒါန်းနိုင်ပါသည်။)

ထို့ကြောင့် ကွယ်လွန်သူသည် အကယ်၍ ပြိတ္တာဘဝ

www.dhammaransi.com



ရောက်ရှိသွားပါက ပြိတ္တာဘုံဘဝ၌ အစားအစာ၊ အဝတ်တန်ဆာ၊ နေထိုင်စရာ အဆောက်အအုံ စသည့်ကောင်းကျိုးချမ်းသာများ ပြည့်စုံစွာ ရရှိနိုင်စေရေးအတွက် ဘုရားရှင်ခွင့်ပြုထားသော ပစ္စည်းလေးမျိုးကို စုံစေအောင် လှူဒါန်းသင့်ပါသည်။

## မိဘ အစ်ကို ပြိတ္တာတို့ကို ကယ်တင်သော မထေရ်

ဗာရာဏသီပြည်၌ ကိတဝမင်း၏ သားသည် ဥယျာဉ်၌ ထွက်ကစားစဉ် လမ်း၌ ပစ္စေကဗုဒ္ဓါတစ်ပါးကို တွေ့ရသည်။ မင်းသားဟူသော မာန်မာနဖြင့် ရှင်ပစ္စေကဗုဒ္ဓါကို ကြိမ်းမောင်းဆော်ကားပြီး သပိတ်တော်ကို မြေ၌ ပေါက်ခွဲပစ်သည်။ ထိုအကုသိုလ်ကြောင့် ချက်ချင်း မြေမျိုပြီး အဝီစိ ကျခံရသည်၊

အဝီစိတွင် နှစ်ပေါင်း ရှစ်သောင်းလေးထောင်း ခံရပြီးနောက် ငတ်မွတ်ခေါင်းပါးသော ပြိတ္တာဘဝသို့ ရောက်ခဲ့ရပြန်သည်။

ဂေါတမဘုရား ပွင့်သောအချိန်တွင် တံငါရွာတစ်ရွာ၌ လူဖြစ်လေသည်။ ထိုတံငါသည်ဘဝ၌ အတိတ်ဘဝကို ပြန်အောက်မေ့သော ဇာတိဿရဉာဏ်ရ၍ ဘဝဟောင်းကို သိသဖြင့် ကြောက်လန့်ကာ တံငါအလုပ်ကို မလုပ်ချေ။ လုပ်ရသော်လည်း မိသောငါးတို့ကို ပြန်လွှတ်ပစ်လေ့ရှိသည်။

သို့အတွက် မိဘတို့က မနှစ်သက်ကြသဖြင့် အိမ်မှ နှင်ထုတ် လွှတ်လိုက်လေသည်။ ထိုအချိန်တွင် ရှင်အာနန္ဒာသည် ကုသိုလ်မျိုးအနီး သာဝကမည်သော တောကောင်၌ သိတင်းသုံး

www.dhammaransi.com

## ၁၅၂ တက္ကသိုလ်သျှင်သီရိ (မြောစရိယ၊ ဘ်အေ)

နေထိုင်ချိန်ဖြစ်သည်။

တံငါသည်သားသည် အိမ်မှထွက်လာရာတွင် ရှင်အာနန္ဒာ မထေရ်ထံသို့ ရောက်လာသည်။ ရှင်အာနန္ဒာ မထေရ်သည် ရောက်လာသော လူငယ်ကို ဆွမ်းကျန်ကျွေးမွေးပြီး အကျိုးအကြောင်းမေးသည်။ အကြောင်းစုံ သိသောအခါ ရဟန်းပြုလိုက်လေသည်။

ထိုတံငါသည်သား ရဟန်းငယ်သည် အတိတ်ဘဝက ပြုခဲ့သော အကုသိုလ်များမှကြောင့် ဆွမ်းခံမရ ဖြစ်နေသည်။ ဘုရားရှင်သည် ထိုရဟန်းငယ်ကို ချီးမြှင့်လိုသည်ဖြစ်၍ သံဃာတော်များ၏ သောက်ရေသုံးရေကို ထည့်စေသည်။

ရဟန်းငယ်သည် ဘုရားရှင် ညွှန်ကြားသည့်အတိုင်း သံဃာတော်တို့၏ သောက်ရေသုံးရေကို ခပ်ပြီးထည့်ပေးရာ ဒါယကာတို့က မြင်၍ ကြည်ညိုပြီး ဆွမ်းဝတ်များ တည်ပေးကြသည်။

ရဟန်းငယ်သည် ရဟန်းတရားကို ဆက်လက် ကြိုးစားအားထုတ်ရာ မကြာခင် ရဟန္တာ ဖြစ်သွားလေသည်။

မကြာခင် ထိုမထေရ်၏ မိဘနှင့် အစ်ကိုတော်သူတို့သည် ကွယ်လွန်ကြရာ ပြုလုပ်သော မကောင်းမှုအကျိုးကြောင့် ငတ်မွတ်ဆာလောင်သော ပြိတ္တာဘုံသို့ရောက်ကြလေသည်။

မထေရ်၏ မိဘ ပြိတ္တာတို့သည် မိမိတို့၏ သားရဟန်းဖြစ်သည်ကို သိရှိကြပြီး မိမိတို့ ဘဝချမ်းသာရေးကို အကူအညီတောင်းလိုကြသော်လည်း လူ့ဘဝက အိမ်မှ နှင်ထုတ်ခဲ့ဖူးထားခဲ့သဖြင့် အကူအညီ မတောင်းရဲကြပေ။

သို့အတွက် လူ့ဘဝက ညီငယ်အပေါ် သံယောဇဉ် ကြီး

www.dhammaransi.com



ခဲ့သော အစ်ကို ပြိတ္တာကို မထေရ်ထံ စေလွှတ်ကြသည်။ အစ်ကိုကြီး ပြိတ္တာသည် မထေရ်ရှာသို့ ဆွမ်းခံဝင်စဉ် လက်ယာပုဆစ်ဒူးကို မြေ၌ဟည်စေလျက် လက်အုပ်ချီကာ မထေရ်ကို ကိုယ်ထင်ပြလေသည်။

မထေရ်သည် ပြိတ္တာ ကိုယ်ထင်ပြသည်ကို အမှတ်မထင် ဆိတ်ဆိတ်နေပြီးမှ ရှေ့သို့ ဆက်ကြွသွားလေသည်။ အစ်ကိုပြိတ္တာသည် ဆက်လိုက်ပြီး ဤသို့ လျှောက်ထားသည်။

'အရှင်ဘုရား တပည့်တော်သည် အခြားမဟုတ်ပါ။ လူ့ဘဝက အရှင်ဘုရား၏ နောင်တော်ဖြစ်ပါသည်၊ အရှင်ဘုရား၏ မိဘနှစ်ပါးနှင့် တပည့်တော်တို့သည် ပြုခဲ့မိသော ဒုက္ကသိုလ်ကံကြောင့် ငတ်မွတ်ခေါင်းပါးပြီး ဆင်းရဲသော ပြိတ္တာဘဝသို့ ရောက်နေကြရပါသည်။ မိဘနှစ်ပါးသည် အရှင်ဘုရားထံ မလာရဲ၍ တပည့်တော်သာ လာရပါသည်။ အရှင်ဘုရားသည် တပည့်တော်အား သနားသဖြင့် ကုသိုလ်အဖို့ဘာဂ အမျှပေးဝေပြီး ကယ်ဆယ်စောင့်ရှောက်စေလိုပါသည်ဘုရား'

မထေရ်သည် ဆိတ်ဆိတ်နေ ဝန်ခံကတိပေးပြီးလျှင် တစ်ကျိပ်နှစ်ပါးသော သံဃာတော်တို့ ဆွမ်းခံအပြန်ကို စောင့်လေသည်။ သံဃာတော်များ စုံလင်သောအခါ ဤသို့ လျှောက်ထားသည်။

'တပည့်တော်သည် ဆွေမျိုးဖြစ်သော ပြိတ္တာတို့ကို သနားစောင့်ရှောက်သောအားဖြင့် သံဃာအား ရည်မှန်းပြီး ဆွမ်းလှူပါသည်။ သို့အတွက် အရှင်ဘုရားတို့ ရအပ်သော ဆွမ်းကို တပည့်တော်အား ပေးလှူကြစေလိုပါသည်ဘုရား'

www.dhammaransi.com



ရဟန်းတော် တစ်ကျိပ်နှစ်ပါးသည် မထေရ်ပန်ကြားချက်ကို ဝမ်းမြောက်ဝမ်းသာ လက်ခံကာ ရသမျှသော ဆွမ်းကို ပေးလှူကြသည်။ မထေရ်မြတ်သည် ထိုဆွမ်းကို သံဃာအား ဖိတ်ကြား၍ လှူဒါန်းပြီးလျှင် မိဘ အစ်ကိုတို့အား ရည်မှန်းကာ အမျှပေးဝေသည်။

ထိုခဏမှာပင် မိဘ၊ အစ်ကိုပြိတ္တာတို့မှာ သာဓုခေါ်နိုင်ပြီး တစ်ခဏချင်းမှာပင် အနံ့အရသာနှင့်ပြည့်စုံသော အာဟာရတို့ကို စားသောက်ရလေသည်။

မထေရ်မြတ်၏ ဒါနစွမ်းအားကြောင့် ခွန်အားနှင့်ပြည့်စုံပြီဖြစ်သော အစ်ကိုပြိတ္တာသည် မထေရ်ကို ထင်ရှားစွာပြပြီး လျှောက်ထားသည်။

'အရှင်ဘုရား စားသောက်ဖွယ်ရာ ပြည့်စုံပါပြီ၊ အဝတ်မပါ ကိုယ်ချည်းသာနေရသော တပည့်တော်တို့ကို ဝတ်စားဆင်ယင်နိုင်ရန် စီမံပါဦးဘုရား'

မထေရ်မြတ်သည် သနားကရုဏာရှိသဖြင့် သုသာန်မှတစ်စ၊ လမ်းဆုံအမှိုက်ပုံမှ စွန့်ပစ်အပ်သော အဝတ်ပုဆိုးပိုင်း ကောင်းနိုးရာရာကို ရွေးချယ်ကောက်ယူပြီး သင်္ကန်းပြုလုပ်သည်။

ထိုနောက် အရပ်လေးမျက်နှာရှိ သံဃာတော်တို့ကို ရည်စူးပြီးလျှင် မိဘနှောင်တော် ဆွေမျိုး ပြိတ္တာတို့ကို ရည်မှန်းကာ လှူဒါန်းအမျှပေးဝေသည်။ ပြိတ္တာတို့သည် သာဓုခေါ်နိုင်သည့် ခဏမှာပင် နတ်ဝတ်တန်ဆာ အဖြာဖြာ ဝတ်ဆင်ရလေသည်။

အဝတ်အစား ရပြီးသောအခါ နှောင်တော် ပြိတ္တာကနေ

ထိုင်စရာ တောင်းပန်သဖြင့် မထေရ်မြတ်သည် သစ်ခက်တဲ ကျောင်း ဆောက်လုပ်ပြီး လှူဒါန်း အမျှပေးဝေရာ ဘုံဗိမာန် ချက်ချင်း ရလေသည်။

ပြိတ္တာအစ်ကိုသည် သောက်စရာရေ အကူအညီ တောင်းပြန်ရာ မထေရ်က ရေကို သန့်စင်စွာ စစ်ပြီး အရပ်လေးမျက်နှာ သံဃာကို ရည်မှန်းပြီး လှူဒါန်း အမျှဝေရာ ပြိတ္တာတို့သည် သာစုခေါ်နိုင်သည့် ခဏမှာပင် ကြည်လင်သော ရေကို သောက်သုံးရလေသည်။

စီးစရာယာဉ်အတွက် တောင်းခံပြန်သဖြင့် မထေရ်က ဖိနပ်ကို လှူဒါန်းပြီး အမျှပေးဝေရာ စိတ်အလိုရှိတိုင်း ပြေးသော ယာဉ်တို့ကို ရရှိကြလေသည်။

ပြိတ္တာတို့သည် မိမိတို့ အလိုဆန္ဒ ပြည့်ဝကြသောအခါ မထေရ်ကို လာရောက် ရှိခိုးကြလေသည်။

ဤဝတ္ထုကို ထောက်သောအားဖြင့် ကွယ်လွန်သူအတွက် လှူဒါန်းအမျှဝေကြရာတွင် ပစ္စည်းစုံ ပေးလှူဒါန်းရန် လိုအပ်ကြောင်း သိသင့်ကြသည်။

## ရည်စူးအလှူ ကွယ်လွန်သူ မရသော်

[illegible]ကတို့အတွက် ဆွေမျိုးသားချင်း စသည်တို့က အလှူဒါန ပြုသော်မှ ပေးဝေရာ၌ ပြိတ္တာဘုံ၌ဖြစ်ကုန်သော သူတို့သည်သာလျှင် [illegible] အကျိုးအတွက်ကြောင့် စည်းစိမ်ချမ်းသာကို ခံစားရပါသလော၊ ဆွေမျိုးမဟုတ်စပ်သော အခြားသူတို့သည်လည်း ကုသိုလ်အဖို့ဘာဂကို

www.dhammaransi.com



ခံစားရပါသလောဟု မေးစရာရှိပါသည်။

ဤပြဿနာသည် ဘုရားရှင်လက်ထက်ကပင် ပေါ်ခဲ့သည်။ ဓာဏုသောဏိ ပုဏ္ဏား(တစ်ဦး)သည် ဤပြဿနာနှင့် ပတ်သက်၍ ဘုရားရှင်ကို မေးလျှောက်ခဲ့သည်။ ဘုရားရှင် ကိုယ်တိုင်ပင် ဖြေကြား အဖြေပေးခဲ့သော သာဓက ရှိပါသည်။

**ပုဏ္ဏား။** အရှင်ဂေါတမ၊ ကျွန်ုပ်တို့ ပုဏ္ဏားမျိုးတို့မှာ ဤအလှူဒါနသည် တမလွန်ဘဝသို့ ပြောင်းသွားသော ဆွေမျိုးတော်စပ်သူတို့ စားသုံးကြပါစေဟု ရည်မှန်းပြီး အလှူပေးကာ ကုသိုလ်ကောင်းမှုပြုခဲ့ကြပါသည်။ ဤသို့သော ပေးလှူမှုအကျိုးကို ဆွေမျိုးတော်စပ်သူတို့သာ ရရှိခံစားနိုင်ပါသလော။

**ဘုရားရှင်။** ပုဏ္ဏား၊ သင့်လျော်သော အကြောင်းရှိလတ်သော် သုံးဆောင် ခံစားရသည်။ သင့်လျော်သော အကြောင်းမရှိသော် မသုံးဆောင် မခံစားရပေ။

**ပုဏ္ဏား။** ရှင်ဂေါတမ၊ သင့်လျော်သော အကြောင်းဟူသည် အဘယ်နည်း။

ဘုရားရှင်။ ပုဏ္ဏား၊ ဤလောက၌ အချို့သော သူသည် သူ့အသက်သတ်ခြင်းစသော ဒုစရိုက်ဆယ်ပါးတို့ကို ပြုလုပ်လေ့ရှိသည်။ သေသောအခါ ထိုပုဂ္ဂိုလ်တို့သည် ငရဲဘဝ၊ တိရစ္ဆာန်ဘဝတို့ကို ရောက်ကြရသည်။ ထိုသူတို့သည် အလှူဒါန အကျိုးကို မခံစားရပေ။ အသင်ပုဏ္ဏား၊ အချို့သော သူတို့သည် ဒုစရိုက်ဆယ်ပါးကို ရှောင်ကြဉ်ကြသည်။ ထိုသူတို့သည် သေလွန်သောအခါ

www.dhammaransi.com



လှူပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်တို့၌ ဖြစ်ကြရသည်။ ထိုသူတို့သည်လည်း အလှူဒါနအကျိုးကို မခံစားကြရပေ။ အသင်ပုဏ္ဏား အချို့သောသူတို့သည် ဒုစရိုက်ဆယ်ပါးတရားတို့ကို ပြုလုပ်လေ့ရှိသည်။ ထိုသူတို့သည် သေသောအခါ ပြိတ္တာဘုံသို့ ရောက်ကြရ၏။ ထိုပြိတ္တာတို့သည် လူ့ဘဝရှိ ဆွေမျိုးစသည်တိုက အလှူဒါနပြု၍ အမျှပေးဝေလျှင် ကုသိုလ်အဖို့ကို ခံစားရသည်။

**ပုဏ္ဏား။** အရှင်ဂေါတမ ဆွေမျိုးစသည်တို့က ပေးလှူအမျှဝေသော်လည်း ထိုပြိတ္တာတို့ မကပ်ရောက် မသိရှိသော် အဘယ်သူတို့ ထိုကုသိုလ်အဖို့ဘာဂကို ခံစားရပါသနည်း။

**ဘုရားရှင်။** အသင်ပုဏ္ဏား၊ ထိုအလှူသို့ ကပ်ရောက်ကြုံကြိုက်သော အခြားပြိတ္တာတို့သည်လည်း ခံစားနိုင်ပါသည်။

**ပုဏ္ဏား။** အရှင်ဂေါတမ ဆွေမျိုးပြိတ္တာတို့သည်လည်း ရောက်မလာ။ အခြားပြိတ္တာတို့လည်း ရောက်မလာသည်ရှိသော် အဘယ်သူတို့သည် ကုသိုလ်အဖို့ကို ခံစားကြရပါသနည်း။

**ဘုရားရှင်။** အသင်ပုဏ္ဏား၊ ဤမျှ ရည်လျှားလှသော သံသရာအခွင့်ကာလဝယ် အလှူကို ပေးလှူသူ၏ ဆွေမျိုးဉာတိ ကင်းဆိတ်ရာသည်၊ မရှိသည်သာတည်း။ အနှစ်နှစ် ဘဝအသီးသီးက ဆွေမျိုးဉာတိတို့သည် ရှိသည်သာတည်း။ အသင်ပုဏ္ဏား စင်စစ် ဧကန်ကား ပေးလှူသော အလှူဒါယကာသည်လည်း အကျိုးမဲ့သည် မဟုတ်။ အကျိုးရှိသည်။ အကျိုးခံစားရသည်သာ ဖြစ်ပါသည်။

ဤဘုရားဟော သာဓကအရ သေသူအတွက် အလှူဒါနသည်

ထိုသူမရှိသော်လည်း ကုသိုလ်ပြုသူရော အခြားသူများပါ ရရှိသဖြင့် ပေးလှူသင့်သော ကုသိုလ်ဖြစ်ကြောင်း ထင်ရှားပါသည်။

## ပြိတ္တာအမျိုးအစားများ

ဟိမဝန္တာနံပါးဝယ် ဝိဇ္ဈာဋဝီတောရှိသည်။ ထိုတော၌ ပြိတ္တာမြို့သည် တည်ရှိသည်။ တန်ခိုးကြီးသော ပြိတ္တာမင်းသည် မင်းပြုသည်ဟု လောကပညတ္တိကျမ်း၊ မာဂဓတိဒီပနီကျမ်းတို့၌ ဆိုသည်ဟု သံဝေဂဝတ္ထု ဒီပနီအဋ္ဌမတွဲ၌ ဒက္ခိဏာရာမတိုက်ဘုရားကြီး ဆရာတော်ဘုရားက ရေးသားခဲ့ပါသည်။

ထိုပြိတ္တာမြို့၌ ပြိတ္တာအမျိုးအစား(၁၂)မျိုးရှိသည်။

၁။ ဝန္တာသပြိတ္တာ - အလွန်ထမင်းငတ်ခြင်း၊ ရေငတ်ခြင်း နှိပ်စက်အပ်သည်ဖြစ်၍ တစ်ရံတစ်ခါမျှ ထမင်းဘောဇဉ်ကို မစားရ၊ သူတစ်ပါးတို့ စွန့်ပစ်အပ်သော တံထွေးနှင့် အန်ဖတ်တို့ကိုသာ စားရပါသည်။

၂။ ကုဏပါသပြိတ္တာ - မြွေကောင်ပုပ်၊ ခွေးကောင်ပုပ်၊ လူကောင်ပုပ်စသည့် အကောင်ပုပ်တို့ကို စားရသည်။ ယင်းတို့ကို မရသောအခါ ငတ်မွတ်ခြင်းဆင်းရဲကို ခံစားရသည်။

၃။ ဂူထခါဒကပြိတ္တာ - မစင်ကိုစားရသည်။

၄။ အဂ္ဂိဇာလာမုခပြိတ္တာ - နေ့ညဉ့်ပတ်လုံး ခံတွင်းမှ မီးလျှံများထွက်ပြီး ထိုမီးလျှံသည် ပြိတ္တာ၏ လျှာ၊ နှုတ်ခမ်းတို့ကို လောင်ကျွမ်းပြီး အပသို့ ယူဇနာတစ်ရာ ပြေးသည်။

www.dhammaransi.com



၅။ သုစိမုခပြိတ္တာ – ကြီးသောကိုယ်၊ ရှည်သောလည်ရှိပြီး ခံတွင်းပေါက်က အပ်နဖားပေါက်မျှသာရှိသည်။ အစာကို ရသည့်အခါ ခံတွင်းကျဉ်းသည့်အတွက်ကြောင့် မျိုချ၍ မရသောကြောင့် နားပေါက်နှာခေါင်းပေါက်တို့မှ အစာသွတ်သွင်းရသည်။ စိုးစဉ်းမျှ သာယာခြင်းကိုမရ၊ ကာလကြာရှည်စွာ ငတ်မွတ်ခေါင်းပါးရသည်။

၆။ ကဏ္ဍုရှိတပြိတ္တာ – ရေငတ်ခြင်း တဏှာဖြင့် အမြဲ နှိပ်စက်ခံနေရသည်၊ ရေတစ်ခါမျှမသောက်ရ၊ ရေငတ်လှ၍ ကန်၊ ချောင်း၊ သမုဒ္ဒရာများဆီ ချဉ်းကပ်သွား၏။ ထိုကန်ချောင်း မြစ် သမုဒ္ဒရာတို့သည် ပြည်၊ သွေး၊ ကျင်ကြီး ကျင်ငယ်၊ ဖွဲပြာ ဖြစ်၍ ထင်သည်။

၇။ သုနိဇ္ဈာမကပြိတ္တာ – အချင်းစင်းသောကိုယ်၊ ကြုံပိတ်သောကိုယ်ရှိ၏။ နံရိုးကျဲသည်။ မကောင်းသောအနံ့ရှိသည်။ ခွင်သောလက် ခြေရှိသည်၊ ယုတ်နိမ့် ကောက်ကွေးသော ကိုယ်ရှိ၏။ ပြူးထွက်သော မျက်စိရှိ၏။ အလျှံပြောင်တောက်သော ဆံပင်ရှိ၏။ အချင်းခပ်သိမ်း ထမင်းငတ်၏။ ရေငတ်မွတ်သည်။ ပုံသဏ္ဌာန်သည် အကြွင်းမဲ့ မီးလောင်ခံထားရသော မီးလောင်ငုတ်နှင့်တူသည်။

၈။ သတ္တင်္ဂပြိတ္တာ – ဓားလက်နက်နှင့်တူသော အင်္ဂါရှိသည်။ ဓားသွား၊ ငါးမျှားချိတ်နှင့်တူသော ခြေသည်း လက်သည်း အင်္ဂါတို့ဖြင့်

www.dhammaransi.com



မိမိကိုယ်ကို ရှေ၍ အသားအသွေးတို့ကို စားလျက် အဖန်တလဲလဲ ဆင်းရဲခံစားရသည်။

၉။ ပဗ္ဗတင်္ဂပြိတ္တာ - တောင်ပမာမျှလောက် ကိုယ်ရှိသည်၊ ကိုယ်မှမီးသည် နေ့ညဉ့်ပတ်လုံး လောင်နေပြီး ကိုယ်မှ အခိုးပြိုက်ပြိုက် ထွက်နေသည်။

၁၀။ အဇဂရင်္ဂပြိတ္တာ - စပါးကြီးမြွေနှင့်တူသော ကိုယ်ရှိသည်၊ အလျှံတပြောင်ပြောင်ထွက်နေသော ကိုယ်ဖြင့် ညဉ့်လှည့်လည်၍ နေ့၌ ဒုက္ခမျိုးစုံကို ခံစားရသည်။

၁၁။ ဝေမာနိကပြိတ္တာ - ဗိမာန်နှင့်နေရသည်။ ကုသိုလ်၊ အကုသိုလ်ကံပြုခဲ့၍ ရံခါ ကုသိုလ်၏ အကျိုးအားဖြင့် နတ်စည်းစိမ် ကို ခံစားရသည်။ ရံခါ အကုသိုလ်ကံအားဖြင့် ဆင်းရဲဒုက္ခအမျိုးမျိုးကို ခံစား ရသည်။

၁၂။ မဟိဒ္ဓိကပြိတ္တာ - ကြီးသော တန်ခိုးရှိသည်။ ကံ၏ အကျိုးကြောင့်ဖြစ်သော ကြီးသော တန်ခိုးနှင့် ပြည့်စုံသည်ဖြစ်၍ အလုံးစုံသော ပြိတ္တာတို့၏ အကြီးအမှူး၏ အဖြစ်၌ တည်သကဲ့သို့ အလွန်အဆင်းလှသကဲ့သို့ စည်းစိမ်နှင့် ပြည့်စုံသကဲ့သို့ ထင်ရသည်။ ဤသို့ထင်ရသော်လည်း ဘောဇဉ်အစာကို ရသော်လည်း မစားနိုင်၊ ဒုက္ခများစွာကို ခံစားကြရသည်။

ထိုမှတစ်ပါး အောက်ပါ ပြိတ္တာအမျိုးအစားများလည်း ရှိသေးသည်။

၁။ သူစိလောမပြိတ္တာ - အပ်သွားကဲ့သို့ အမွေး ရှိသည်၊

www.dhammaransi.com



၂။ ခရလောမပြိတ္တာ – မိကျောင်းရေကဲ့သို့ အရေ ရှိသည်။
၃။ ဒီဃနခပြိတ္တာ – လက်သည်းခြေသည်း ရှည်သည်။
၄။ စေကနေတ္တပြိတ္တာ – မျက်စိတစ်လုံးသာ ရှိသည်။
၅။ အနေကနေတ္တပြိတ္တာ – မျက်စိများစွာ ရှိသည်။
၆။ ဧကပါဒပြိတ္တာ – ခြေတစ်ချောင်းသာ ရှိသည်။
၇။ အနေကပါဒပြိတတ္တာ – ခြေများစွာ ရှိသည်။
၈။ ဧကဟတ္ထပြိတ္တာ – လက်တစ်ဘက်သာရှိသည်။
၉။ အနေကဟတ္ထပြိတ္တာ – လက်များစွာရှိသည်။

ထို့ပြင် အဋ္ဌကထာ၊ ဋီကာကျမ်းကြီးတို့၌လည်း အောက်ပါ ပြိတ္တာ (၄) မျိုးကို ဖော်ပြထားသည်ကို တွေ့ရပါသည်။–

၁။ ပရဒတ္တူပဇီဝိတပြိတ္တာ – သူတစ်ပါးတို့ ပေးအပ်သော အစာကို မှီ၍ အသက်ရှင်ရသည်။
၂။ ခုပ္ပိပါသိကပြိတ္တာ – ထမင်းငတ်ခြင်း၊ ရေငတ်ခြင်းဖြင့် နှိပ်စက်ခံနေရသည်။
၃။ နိဇ္ဈာမတဏှိကပြိတ္တာ – အမြဲအကြွင်းမဲ့ ပူလောင်ခြင်း၊ ပူပန်ခြင်း ရှိသည်။
၄။ ကာလကဥ္စိကပြိတ္တာ – အသုရကာယ်ဟူ၍ သီးခြားခေါ်သော ပြိတ္တာမျိုးဖြစ်သည်။

ထိုကာလကဥ္စိကပြိတ္တာ အသုရာတို့၏ ကိုယ်သည် သုံးဂါဝုတ်ရှိသည်။

– နည်းသော အသားအသွေး ရှိသည်။– အရိုးအရေမျှသာရှိ၍

www.dhammaransi.com



ဟောင်းသော ဖက်ရွက်နှင့်တူသောကိုယ် ရှိသည်။

- ပုဇွန်ကဲ့သို့ မျက်စိတို့သည် ထွက်၍ ဦးခေါင်းထက်၌ တည်သည်။
- ခံတွင်းပေါက်သည် အပ်နဖားပေါက်နှင့် တူသည်။

ထိုအပေါက်သည် ဦးခေါင်း၌ တည်သည်။ သို့အတွက် ထိုပြိတ္တာတို့သည် အစာကို ညွတ်ပြီး အစာကို ယူကြရသည်။

**မှတ်ချက်။** ထိုပြိတ္တာလေးမျိုးတွင် နိယတ ဗျာဒိတ်ခံပြီးသော ဘုရားလောင်းတို့သည် ခုပ္ပိပါသိကပြိတ္တာ၊ နိဇ္ဈာမတဏှိကပြိတ္တာ၊ ကာလပြိတ္တာမျိုးတို့၌ မဖြစ်တော့ဟူ၍ သုတ္တနိပါတ်ဗုဒ္ဓဝင် အဋ္ဌကထာတို့၌ဆိုသည်။ ထို့အတွက် ပရဒတ္တူပဇီဝိတပြိတ္တာမျိုး၌ ဖြစ်နိုင်သေးသည်ဟု မှတ်ရပါမည်။

ထိုပြိတ္တာလေးမျိုးတို့တွင် ပရဒတ္တူပဇီဝိတပြိတ္တာသည်ကား ခုနစ်ရက်အတွင်း၌ ပေးလှူအပ်သော ဒါနကို အမျှဝေလျှင် အနုမောဒနာပြုနိုင်က လွတ်သည်။

ခုပ္ပိပါသိကာပြိတ္တာ၊ နိဇ္ဈာမတဏှိကပြိတ္တာတို့ကား တစ်ခုသော အန္တရကပ်ပတ်လုံး စသည်တည်ပြီးမှ ဆွေမျိုးတို့ပေးဝေအပ်သော ဒါနကို အနုမောဒနာပြု၍ လွတ်နိုင်ကုန်သည်။

ထိုမှတစ်ပါး ဝိနည်းပါဠိတော်နှင့် လက္ခဏာသံယုတ်တို့၌ အောက်ပါပြိတ္တာမျိုး (၂၁) မျိုးကို ဖော်ပြထားသည်ကိုလည်း တွေ့ရပါသည်၊ ယင်းတို့သည် ဂိဇ္ဈကုဋ်တောင်၌ ရှင်မဟာမောဂ္ဂလာန် စသော မထေရ်မြတ်မျိုးကို တွေ့မြင်ခဲ့သော ပြိတ္တာမျိုးစုံတို့ဖြစ်ပါသည်။

www.dhammaransi.com



၁။ အဋ္ဌိသင်္ခလိကပြိတ္တာ - အရိုးစုပြိတ္တာ

၂။ မံသပေသိကပြိတ္တာ - အသားတစ်ပြိတ္တာ

၃။ မံသပိဏ္ဍပြိတ္တာ - အသားစိုင်ပြိတ္တာ

၄။ နိစ္ဆဝိပုရိသပြိတ္တာ - အရေမရှိသော ယောကျ်ားပြိတ္တာ

၅။ အသိလောမပြိတ္တာ - သန်လျက်အမွေးရှိသော ပြိတ္တာ

၆။ သတ္တိလောမပြိတ္တာ - လှံအမွေးရှိသော ပြိတ္တာ

၇။ ဥသုလောမပြိတ္တာ - မြှားအမွေးရှိသော ပြိတ္တာ

၈။ သူစိလောမပြိတ္တာ - အပ်အမွေးရှိသောပြိတ္တာ

၉။ ဒုတိယသူစိလောမပြိတ္တာ - အပ်တို့သည် ဦးခေါင်းမှဝင်၍ ခံတွင်းမှထွက်သော ပြိတ္တာ

၁၀။ ကုမ္ဘဏ္ဍပြိတ္တာ - အိုးစရည်းပမာဏ ဝှေးစေ့ ရှိသောပြိတ္တာ

၁၁။ ဂူထကူပနိမုဂ္ဂပြိတ္တာ ကျင်ကြီးတွင်း၌ နစ်သော ပြိတ္တာ

၁၂။ ဂူထခါဒကပြိတ္တာ - မစင်ကိုစားသော ပြိတ္တာ

၁၃။ နိစ္ဆဝိတ္ထိပြိတ္တာ - အရေမရှိသော မိန်းမပြိတ္တာ

၁၄။ ဒုဂ္ဂန္ဓပြိတ္တာ - မကောင်းသော အနံ့ရှိသော ပြိတ္တာမ

၁၅။ ဩကိလိနီပြိတ္တာ - မီးကျီ ထင်းပုံ၌အိပ်ရသော ပြိတ္တာ

၁၆။ အသီသကပြိတ္တာ ဦးခေါင်းမပါ ကိုယ်သာပါသော ပြိတ္တာ

www.dhammaransi.com



၁၇။ ဘိက္ခုပြိတ္တာ - သပိတ်၊ သင်္ကန်း၊ ခါးပန်းတို့မှ အလျှံတုတ်ပြောင်ပြောင် တောက်လောင်နေသောပြိတ္တာ

၁၈။ ဘိက္ခုနီပြိတ္တာ -

၁၉။ သိက္ခမာနပြိတ္တာ - ဤပြိတ္တာတို့သည် ရဟန်းပြိတ္တာတို့ကဲ့သို့ ခံစားရသည်။

၂၀။ သာမဏေရပြိတ္တာ -

၂၁။ သာမဏေရီပြိတ္တာ -

## ပြိတ္တာ (၂၁) ဦးတို့ ခံစားရပုံ အစုံပြနိုင် ပြုခဲ့သော အကုသိုလ်ကံများ

အဋ္ဌိသင်္ခလိကအရိုးစုပြိတ္တာကား ရှင်မောဂ္ဂလာန်မထေရ်သည် ရှင်လက္ခဏမထေရ်နှင့် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လာစဉ် ရှင်မောဂ္ဂလာန်မထေရ်သည် ထိုအရိုးစုပြိတ္တာကို ကောင်းကင်၌ မြင်သည်။ ထိုပြိတ္တာကို ဘီလူးဖြစ်သော လင်းတ၊ ကျီး၊ စွန်ရဲတို့သည် အစဉ်လိုက်၍ နံရိုးကြားတို့၌ ထိုးဆိတ်နေသည်။ ပြိတ္တာသည် နာကျင်သော အသံဖြင့် ပြင်းစွာ အော်ဟစ်လေသည်။

ထိုပြိတ္တာကို မြင်၍ ရှင်မဟာမောဂ္ဂလာန်မထေရ်က ပြုံးတော်မူသည်။ ရှင်လက္ခဏက ထိုအခြင်းအရာကို မေးရာ ရှင်မောဂ္ဂလာန်က ဘုရားရှင်ရှေ့ကျမှ ဖြေမည်ဟု မိန့်ကာ ဆက်လာခဲ့သည်။

www.dhammaransi.com



ဘုရားရှင်ကို လျှောက်ထားကြရာ ဘုရားရှင်က–

"ချစ်သားတို့ ဤပြိတ္တာကား ရာဇဂြိုလ်ပြည်၌ နွားကို သတ်လျက် အသက်မွေးဝမ်းကျောင်း ပြုခဲ့သူဖြစ်သည်။ သေပြီးနောက် ငရဲသို့ ကျခံခဲ့ရသည်။ ထိုမကောင်းမှုကံ အကြွင်းအကျန်ဖြင့် ဤသို့ ပြိတ္တာဖြစ်ကာ ခံစားနေရသည်"ဟု မိန့်ကြားတော်မူသည်။

၂။ မံသပေသိကပြိတ္တာကား ရာဇဂြိုလ်ပြည်၌ နွားသတ် ယောကျ်ားတစ်ဦးသည် အသားတို့ကို အမဲခြောက်ပြုလျက် ရောင်းစား အသက် မွေးကြသည်။

ထိုမကောင်းမှုကြောင့် ငရဲ၌ နှစ်ပေါင်းများစွာ ခံစားရပြီးနောက် ထိုအကုသိုလ်အကြွင်းရှိ ဂိဇ္ဈကုတ်တောင်တွင် ပြိတ္တာဖြစ်နေရသည်။ ထိုပြိတ္တာသည် ကောင်းကင်၌သွားလျက် လင်းတ၊ ကျီး၊ စွန်ရဲ များ စွာတို့က သံလျက်သွားနှင့်တူသော ထက်လှစွာသော သံနှုတ်သီး တို့ဖြင့် အစဉ်လိုက်ထိုးခြင်းကို ခံနေရပြီး နာကျင်၍ သည်းမခံနိုင် သောကြောင့် ပြင်းစွာ အော်ဟစ်နေရသည်။

၃။ မံသပိဏ္ဍပြိတ္တာအသားစိုင် ပြိတ္တာသည်ကား ရာဇဂြိုလ်မှ ငှက်တို့ကို ဖမ်း၍ အတောင်အမွေးတို့ကို သယ်ကာ အသားစိုင်ပြုကာ ရောင်းစားခဲ့သည်ဖြစ်သည်။ ထိုမကောင်းမှုဒဏ်ကြောင့် ငရဲ၌ နှစ်ပေါင်းများစွာခံစားရပြီး ထိုမကောင်းမှုကံ အကြွင်းဖြင့် ဤ တောင်ဝယ် အသားစိုင်ပြိတ္တာ ဖြစ်နေရသည်။

၄။ အရေမရှိသော ယောကျ်ားပြိတ္တာကား၊ လူ့ဘဝက ဆိတ်တို့ကိုသတ်၍ ရောင်းစားသူဖြစ်သည်။ ထိုမကောင်းမှုကံကြောင့်

www.dhammaransi.com



ငရဲ၌ ဖြစ်ရသည်။ ငရဲမှလွတ်သော် အကုသိုလ်ကံ အကြွင်းဖြင့် ဤသို့သော ပြိတ္တာဖြစ်ရသည်။

၅။ သံလျက်အမွေးရှိသော ပြိတ္တာကား၊ လူ့ဘဝက ဝက်တို့ကို သတ်သည်တွင် ဝက်တို့ကို အစာကျွေးမွေး၍ မွေးသည်။ ပြီးလျှင် သန်လျက်ဖြင့် ထိုးသတ်သည်။ ထိုအကုသိုလ်ကံကြောင့် ငရဲ၌ နှစ်ပေါင်းများစွာ ခံစားရပြီး ငရဲမှ လွတ်သော် အကုသိုလ်ကံအကြွင်းဖြင့် ပြိတ္တာဖြစ်ရသည်။

ပြိတ္တာသည် ကောင်းကင်၌ သွားစဉ် သံလျက်တို့သည် ပျံ၍ပျံ၍ ပြိတ္တာကိုယ်ပေါ်သို့ ကျရောက်သည်။ ပြိတ္တာသည် နာကျင်မှုကို သည်းမခံနိုင်၍ ပြင်းစွာ အော်ဟစ်နေရသည်။

၆။ သတ္တိလောမ၊ လှံအမွေး ရောက်သော ပြိတ္တာကား၊ သမင်တို့ကို လှံဖြင့် ပစ်ခတ်သတ်ဖြတ်ပြီး ရောင်းစားခဲ့သူဖြစ်သည်။ သူသည် သမင်တစ်ကောင်ကိုယူပြီး တောသို့သွားသည်။ ထိုသမင်အနီးသို့ လာသော သမင်တို့ကို လှံဖြင့်ထိုးသတ် ဖမ်းယူသည်။

ထိုအကုသိုလ်ကံကြောင့် ငရဲ၌ နှစ်ပေါင်းများစွာ ခံစားရပြီး ငရဲမှ လွတ်သော် အကုသိုလ်ကံအကြွင်းဖြင့် ဤသို့သော ပြိတ္တာဖြစ်ရသည်။ လှံတို့ ပျံ၍ပျံ၍ ကိုယ်၌ ထိုးဆွ စူးဝင်ခြင်းကို ခံရသည်။ နာကျင်မှု သည်းမခံနိုင်၍ ပြင်းစွာ အော်ဟစ်နေရသည်။

၇။ မြားအမွေးရောက်သော ပြိတ္တာကား၊ မင်းပြစ်မင်းဒဏ် သင့်သော သူတို့ကို များစွာသောညှင်းဆဲနည်းတို့ဖြင့် ညှင်းဆဲပြီး မြားဖြင့် ထိုးပစ်သတ်ခဲ့သည်။

www.dhammaransi.com



ထိုမကောင်းမှုကံကြောင့် ငရဲ၌ နှစ်ပေါင်းများစွာ ခံစားခဲ့ရပြီး ငရဲမှ လွတ်သော် ကုသိုလ်ကံအကြွင်းဖြင့် ဤသို့သော ပြိတ္တာ ဖြစ်ရသည်။ မြှားတို့က ကိုယ်ပေါ်သို့ကျရောက် စူးဝင်မှုကို ခံရသည်။ နာကျင်မှု သည်းမခံနိုင်၍ အမြဲအော်ဟစ်နေရသည်။

၈။ အပ်အမွေး ရောက်သော ပြိတ္တာကား၊ လူ့ဘဝက နွား၊ မြင်းတို့ကို ဆူးတပ်သော နှင်တံဖြင့် ထိုး၍ ဆုံးမခဲ့သည်။ ထိုမကောင်းမှု ဒဏ်ကြောင့် ငရဲ၌ နှစ်ပေါင်းများစွာ ခံစားခဲ့ရသည်။

ထိုငရဲမှ လွတ်သော် အကုသိုလ်ကံ အကြွင်းဖြင့် ဤသို့သော် ပြိတ္တာဖြစ်ရပြီး စူးနှင်တံတို့ဖြင့် ထိုးဆွဲ ခံနေရသည်။ နာကျင်မှု သည်းမခံနိုင်၍ အမြဲအော်ဟစ်နေရသည်။

၉။ ဒုတိယ သူစိလောမ ပြိတ္တာသည်ကား၊ လူ့ဘဝလူတို့ကို ကုန်းတိုက်၍ အချင်းချင်း ချစ်ခင်မှုကို ဖျက်ဆီးခဲ့သည်။ ထိုသူသည် သေသော် ငရဲ၌ နှစ်ပေါင်းများစွာ ခံစားရသည်။

ငရဲမှလွတ်သော် အကုသိုလ်ကံ အကြွင်းဖြင့် ဤသို့သော ပြိတ္တာမျိုးဖြစ်ရသည်။ ပြိတ္တာ၏ ကိုယ်၌ အပ်တို့သည် ဦးခေါင်းမှ ဝင်၍ ခံတွင်းမှ ထွက်ကုန်၏။ ခံတွင်းမှ ဝင်၍ ရင်မှ ထွက်၏။ ရင်မှ ဝင်၍ ဝမ်းမှထွက်၏။ ဝမ်းမှ ဝင်၍ ပေါင်မှ ထွက်၏။ ပေါင်မှ ဝင်၍ ဒူးခေါင်းမှထွက်၏။ ဒူးခေါင်းမှ ဝင်၍ ခြေဖဝါးမှ ထွက်၏။

ပြိတ္တာသည် နာကျင်မှုကို သည်းမခံနိုင်၍ ပြင်းစွာ အော်ဟစ် နေရသည်။

၁၀။ အိုစရည်းပမာဏ ဝှေးစေ့ရှိသော ပြိတ္တာသည်ကား၊

www.dhammaransi.com



လူ့ဘဝတုန်းက တရားဆုံးဖြတ်သော သူတို့သည် ဆိတ်ကွယ်ရာ၌ တံစိုးလက်ဆောင်ကိုယူ၍ ကောက်ကျစ် စဉ်းလဲသော ဆုံးဖြတ်ချက်ကို ချပေးကြ၏။ အရှင်ဟုတ်သည်ကို မဟုတ်၊ မဟုတ်သည်ကို အဟုတ် ပြုကာ ဆုံးဖြတ်ပေး၏။ ဒဏ်တပ်သည့်အခါ သူတစ်ပါးတို့ မထမ်းဆောင်နိုင်သော ဒဏ်ကိုတပ်၏။

ထိုမကောင်းမှုဒဏ်ကြောင့် သေသော်ငရဲ၌ နှစ်ပေါင်းများစွာ ခံရပြီး ငရဲမှလွတ်သော် ထိုအကုသိုလ်ကံအကြွင်းဖြင့် ဤသို့သော ပြိတ္တာဖြစ်ရသည်။ ထိုပြိတ္တာသည် သွားသော် ဥ‌ေးစေ့ကို ထမ်းသွားရ၏။ ထိုင်သော် ဥ‌ေးစေ့ပေါ် ထိုင်ရ၏။ ပြိတ္တာ၏ အင်္ဂါဇာတ်သည် သည်းမခံနိုင်လောက်သော ဝန်ကို ထမ်းဆောင်နေရ၏။ အင်္ဂါဇာတ်ကို ဟိုဘက်ပြောင်း ထမ်း၊ ဒီဘက်ပြောင်း ထမ်း နေရ၍ မညီမညွတ် ဖြစ်နေရသည်။

ထိုပြိတ္တာကို လင်းတ၊ ကျီး၊ စွန်ရဲတို့က မပြတ်လိုက်ထိုးနေ၍ အမြဲနာကျင်စွာ အော်ဟစ်နေရသည်။

၁၁။ ကျင်ကြီးတွင်း၌နစ်သော ပြိတ္တာကား၊ လူ့ဘဝတုန်းက သူတစ်ပါး သားမယားကို အထိအတွေ့ကာမဂုဏ်တို့ဖြင့် သာယာ နှစ်သက်ပြီး စိတ်ကို ပျော်မွေ့နေတတ်သည်။ ထိုသူသည် သေသော် ငရဲ၌ ဖြစ်ရပြီး ထိုအကုသိုလ်ကံ အကြွင်းဖြင့် ဤသို့သော ပြိတ္တာဖြစ်ရသည်။ ကံနှင့် သဘောတူသော ကျင်ကြီး အတွေ့ကို တွေ့လျက် ဆင်းရဲစွာ ကျင်ကြီးတွင်း၌ ဖြစ်ရသည်။

၁၂။ မစင်စားသော ပြိတ္တာကား၊ ကဿပ ဘုရားရှင်လက်

www.dhammaransi.com



ထက်က ပုဏ္ဏားတစ်ယောက်သည် ရဟန်းသံဃာတို့ကို ဆွမ်းဖိတ်ကြားပြီးလျှင် ကျောင်း၌မစင်ပြည့်စေပြီး သံဃာတော်များ ကြွလာသောအခါ အရှင်တို့ အလိုရှိတိုင်း စားကြကုန်ဟု ဆိုခဲ့သည်။

ထိုအကုသိုလ်ကံကြောင့် ငရဲ၌ နှစ်ပေါင်းများစွာ ခံခဲ့ရပြီး ယခုဘုရားရှင်လက်ထက်ဝယ် မစင်စား ပြိတ္တာဖြစ်နေရသည်။

၁၃။ အရေမရှိသော မိန်းမပြိတ္တာသည်ကား၊ မိမိလင်ယောကျ်ား၏ အတွေ့ကို အားမရဘဲ သူတစ်ပါးတို့နှင့် အတွေ့ သာယာနှစ်သက်ခဲ့သည်။ ထိုအကုသိုလ်ကံကြောင့် ငရဲ၌ များစွာ ခံစားရပြီး ထိုအကုသိုလ်ကံ အကြွင်းဖြင့် ဤသို့သော ပြိတ္တာဖြစ်ရသည်။

ထိုအရေမရှိသော မိန်းမကို စွန်ရဲတို့က မပြတ် လိုက်ထိုးနေသည့်အတွက် မခံမရပ်နိုင်အောင် နာကျင်၍ အမြဲအော်ဟစ်နေရသည်။

၁၄။ မကောင်းသော အနံ့ရှိသော ပြိတ္တာမသည်ကား၊ ဤမိန်းမသည် နတ်ကတော်ဖြစ်ခဲ့သည်။ ဤဝတ္ထုဖြင့် ဤသို့ပူဇော်သည်ရှိသော် ဤမည်သော စီးပွားသည် ဖြစ်လတ္တံ့ဟူ၍ လူအပေါင်းတို့အား မကောင်းသော မိစ္ဆာအယူကို ယူစေ၏။

သို့တွက် ကံနှင့်တူသောအားဖြင့် နံ့သာပန်း အစရှိသည်တို့ကို ခိုး၍ မကောင်းသောအနံ့ မကောင်းသော ယူခြင်းကို ယူစေအပ်သည့်အဖြစ်ကြောင့် မကောင်းသောအနံ့၊ မကောင်းသော အဆင်းရှိသော ပြိတ္တာဖြစ်ရသည်။

၁၅။ မီးကျီးထင်းပုံ၌ အိပ်ရသော ပြိတ္တာကား၊ ရှေးအခါက

www.dhammaransi.com



ကာလိင်္ဂတိုင်း ကာလိင်္ဂမင်း၏ မိဖုရား မဖြစ်ခဲ့သူဖြစ်သည်၊ မင်းမောင်းမ တစ်ယောက်သည် မီးကျိုဖျင်းကို အနီး၌ ထား၍ မင်းကိုယ်မှ ရေကိုသုတ်သည်။ လက်ကိုလည်း မီးကင်၏။ မင်းသည် ထိုမောင်းမ နှင့် စကားပြော၏။ နှစ်သက်သော အခြင်းအရာ အမူအရာကို ပြသည်။

မိဖုရားကြီးသည် ထိုအမူအရာကို မနှစ်သက်၊ သည်းမခံနိုင်သော ကြောင့် မင်းထွက်ခွာသွားသောအခါ ထိုမီးအိုးကင်းကို ယူ၍ ထိုမောင်း မ၏ ဦးခေါင်းထက်၌ လောင်းချသည်။

မိဖုရားကြီးသည် ထိုသို့ပြုသော မကောင်းမှုကြောင့် ထိုသို့ သဘောရှိသော အကျိုးကို ခံစားရသော ပြိတ္တာဖြစ်လာရသည်။

၁၆။ ဦးခေါင်းမပါ၊ ကိုယ်သာ ရှိသော ပြိတ္တာကား၊ ရာဇဂြိုလ်ပြည်၌ မင်းအာဏာဖြင့် ခိုးသူ၊ သူသတ်ယောက်ျားဖြစ်ခဲ့ပြီး များစွာသော လူတို့၏ ဦးခေါင်းကို ဖြတ်၍ သတ်ခဲ့သည်။

ထိုအကုသိုလ်ကံကြောင့် ပြိတ္တာဘဝ၌ ဦးခေါင်းမရှိ၊ မျက်စိ ခံတွင်း စသည်တို့သည် ရင်၌သာဖြစ်ပေါ်နေရသည်။

၁၇။ ရဟန်းပြိတ္တာသည်ကား၊ ကဿပဘုရားရှင်လက်ထက်က ရဟန်းဖြစ်သည်။ သဒ္ဓါ၍ လှူအပ်သော ပစ္စည်းလေးပါးတို့ကို သုံးဆောင်လျက် ကာယဒွါရ၊ ဝစီဒွါရတို့ကို မစောင့်စည်းဘဲ မြူးတူး ပျော်ပါး သုံးစား၍ လှည့်လည်နေခဲ့သည်။ ထိုကုသိုလ်ကံကြောင့် ဘုရားတစ်ဆူနှင့်တစ်ဆူကြား ငရဲ၌ ခံရသည်၊ ငရဲမှလွတ်သော် ထိုအကုသိုလ်ကံ အကျိုးဆက်ကြောင့် ပြိတ္တာဖြစ်ပြီး သပိတ်၊

www.dhammaransi.com



ဒုကုဋ္ဌသက်န်း၊ ခါးပန်းကြိုးတို့သည် အလျှံတပြောင်ပြောင် တောက် လောင်ခံနေရသည်။ ခန္ဓာကိုယ်သည် ရဟန်းကိုယ် အတ္တဘောရှိသည်။

ကျန် ဘိက္ခုနီ သာမဏေ၊ သာမဏေရီ သိက္ခမာန်တို့ ပြိတ္တာ တို့သည်လည်း ထိုပစ္စည်းလေးပါး အသုံးများမှ အကုသိုလ်ကြောင့် ပြိတ္တာဖြစ်ရသူများ ဖြစ်ကြသည်။

* * *

## စုန်း၊ နတ်သေသည်တို့ လူထဲသို့ ပူးဝင်ပုံကိုပြခြင်း

လူထဲသို့ ပူးဝင်သော နတ်တွေလည်း ရှေးဦးစွာ နှလုံးဖူးကို ပိတ်သဖြင့်လည်းကောင်း၊ နှလုံးသွေးကို ဖောက်ပြန်အောင် လုပ် သဖြင့်လည်းကောင်း၊ တစ်စုံတစ်ခုသောအကြောင်းဖြင့် စိတ်ရှုပ်အောင် လုပ်၍ ဘဝင်ကျစေရာ သတိမေ့လျော့သော ခဏ၌ မိမိရုပ်ကို မသိမ်မွေ့သေးလျှင် သိမ်မွေ့အောင် ဖန်ဆင်း၍ လူတစ်ကိုယ်လုံး အတွင်းသို့ စိမ့်ဝင်ပျံ့နှံ့စေ၏။ ယိုစေ၏။ နို့ရည်နှင့်ရေ၊ မြေနှင့်ဗြဟ္မာ ရုပ်တို့ကဲ့သို့ လူရုပ်နှင့်နတ်ရုပ် တစ်ခုအကြား တစ်ခုစိမ့်ဝင်၍ အကုန်လုံး ပျံ့နှံ့နေကြ၏။ ထိုနတ် မထွက်မချင်း၊ လူစိတ်ဘဝင်မှမထ တစ်ကိုယ်လုံး ရုပ်တွေလည်း နတ်ရုပ်တွေ ပမာဏဖြစ်၍ နတ်အလိုရှိ တိုင်း လှုပ်ရှားပြောဆို၏။ ထိုနတ် ထွက်သွားလျှင် လူတစ်ကိုယ်လုံး ရုပ်တွေသည် အတန်ငယ်စိ ချောင်၍ ဟာ၍ နေရစ်သဖြင့် လူမောပန်း၍ နေကြရ၏။

ဤကဲ့သို့ ပူးဝင်ရာ၌ ပူးဝင်အပ်သော သူ၏စိတ်ကို နှပ်စေ

www.dhammaransi.com



ထိုင်းစေ ဘဝင်ကျစေ၍ မေ့လျော့အောင်လည်း တတ်နိုင်မှ မိမိရုပ်က **လည်း** သိမ်မွေ့မှ ပူးဝင်နိုင်သည်။ သို့မဟုတ်လျှင် မပူးဝင်နိုင်၊ **အစိမ်း**သရဲ၊ တစ္ဆေ၊ မြေဖုတ်စုန်း ပူးရာတို့မှာလည်း ထိုအတူ ပူး**ဝင်**အပ်သော သူ့ရုပ်နှင့်သူ ပူးဝင်အပ်သော သူ့ရုပ်တစ်ခုအကြောင်း **တစ်ခု** စိမ့်ဝင်၍ အကုန်လုံး ပျံ့နှံ့၍နေကြ၏။

စုန်းများလည်း လူပင်ဖြစ်သော်လည်း အတတ်ပညာ၏ အစွမ်း၊ **နတ်၏** အာနုဘော်အစွမ်းတို့၏ ယှဉ်ခြင်းကြောင့် စိတ်ကိုလည်း နပ်စေ၍ မေ့လျော့အောင် တတ်နိုင်၏။ ရုပ်ကိုလည်း သိမ်မွေ့အောင် ဖန်ဆင်းနိုင်ကြ၏။ ထို့ပြင် ကိုယ်ကိုကွယ်ခြင်း၊ ခွေးယောင် စသည် ဆောင်ခြင်း၊ မိမိအကြောင်းကို ပြောသော အဝေးစကားကို ကြား နိုင်ခြင်း၊ စက်ကြိုးဆင်၍ ကောင်းကင်၌ သွားနိုင်ခြင်း စသည်ဖြင့်လည်း တန်ခိုးတွေ များစွာ တတ်နိုင်ကြသည်။

ဤလူရုပ်နှင့် စုန်းနတ်တို့ ရုပ်တစ်ခုကြားတစ်ခု စိမ့်ဝင်ကြ သကဲ့သို့ ထို့အတူ ရေအိုးကြား ရေစိမ့်မှု၊ ပျဉ်ပြားကြား ရေနံစိမ့်မှု၊ မြေပန်းကန်ကြား ခြသေ့်ဆီ စိမ့်မှု၊ မြေကြီးထဲ ရေစိမ့်မှု၊ ရေကြည် အတွင်း နေရောင်ခြည်တို့ ထိုးဖောက်သွားမှု၊ ဝဏ္ဏရုပ်တို့ လျှို ပေါက်သွားမှု၊ ဖန်၊ မှန်၊ ပုလင်းတို့ကို ဝဏ္ဏရုပ်တို့လျှိုပေါက် သွားမှုတို့သည်လည်း တစ်ခုအကြားတစ်ခု စိမ့်ဝင်မှုချည်းတည်း။

(ပဏ္ဍိတဝေဒနိယ ဒိပနီကျမ်း စာ-၁၆၀၊ ၁၆၂ အဘိဓမ္မာ သုညတနည်းရှုပုံအခန်း)

www.dhammaransi.com



## ပြိတ္တာတို့ သေဆုံးပုံ

တစ်ရံရောအခါ မိလိန္ဒမင်းက အရှင်နာဂသေနကို–

“အရှင်ဘုရား ဘီလူးပြိတ္တာ စသည်တို့ မသေသလော”

“မင်းကြီး သေ၏”

“အရှင်ဘုရား ယင်းသို့သေလျှင် ထိုဘီလူးပြိတ္တာတို့၏ ခန္ဓာကိုယ်ကြွင်း မရှိပါတကား၊ ထိုဘီလူး ပြိတ္တာတို့ အကောင်ပုပ်နံ့ မနံပါတကား”

“မင်းကြီး ဘီလူးပြိတ္တာတို့ ခန္ဓာကိုယ်လည်းရှိ၏။ အကောင်ပုပ်အနံ့လည်း နံ၏။ ထိုဘီလူးပြိတ္တာတို့ သေလျှင် ခန္ဓာကိုယ်သည် ဖောက်ပြန်၍ ပိုးနံ၊ ပိုးဟပ်၊ အိမ်မြှောင်၊ တက်တူ၊ ပင့်ကူ၊ ပုရွက်၊ ကင်းခြေများဖြစ်၍ သေသည်။ ထိုအကောင်ပုပ်၏ အနံ့သည် နံသည်သာတည်း”

“အရှင်ဘုရား မှန်လှပါသည်။”

**မိလိန္ဒပဉ္စာ**

## လူဦးလူဖျား စားသည့်ပြိတ္တာများ

ဤကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ကာသိပြည်၌ ဇယသေန မင်းနှင့် သိရိမာ မိဖုရားတို့ မင်းပြုသည်။ ထိုမင်းမိဖုရားမှ ဖုဿ ဘုရားအလောင်းတော် ဖွားမြင်၍ အရွယ်ရောက်သော် တောထွက် တရားအားထုတ်၍ သစ္စာလေးပါး သိသော ဖုဿဘုရားရှင် ဖြစ်တော်

www.dhammaransi.com



မှုလာသည်။

ဇယသေနမင်းသည် ငါ့သားဘုရား၊ ငါ့သား တရား၊ ငါ့သား သံဃာဟု အစဉ်မြတ်နိုးကြည်ညိုပြီး မိမိတစ်ဦးတည်းသာ လုပ်ကျွေးသည်။ သူတစ်ပါးတို့အား အခွင့်မပေးချေ။

ဖုဿဘုရားရှင်နှင့် ညီအစ်ကို တော်ကြသော မင်းသားသုံးဦးတို့က-

"ဘုရားရှင်တို့ မည်သည်ကား အလုံးစုံသော သတ္တလောက အကျိုးငှာ ပွင့်တော်မူကုန်၏။ တစ်ဦးတစ်ယောက်အကျိုးအတွက် ဖြစ်ကုန်သည်မဟုတ်၊ ငါတို့အဘက သူတစ်ပါးတို့အား မြတ်နိုးလုပ်ကျွေးခွင့် မပေး၊ ဘယ်လိုလုပ်လျှင် ငါတို့ဘုရားရှင်ကို လုပ်ကျွေးခွင့်ရကြမည်နည်း"ဟု ကြံစည် တိုင်ပင်ကြသည်။

"ယခုအခါ ငါတို့သည် တစ်စုံတစ်ခုသော ဥပါယ်အကြောင်းကို ပြုကြကုန်အံ့"

မင်းသားတို့သည် ဤသို့တိုင်ပင်ညှိနှိုင်းပြီးလျှင် ပစ္စန္တ ရာဇ် အရပ်၌ သောင်းကျမ်း ပုန်ကန်သကဲ့သို့ ပြုကြသည်။

မင်းသည် ပစ္စန္တရာဇ်၌ သောင်းကျန်းထကြွမှု ရှိသည်ဟု သတင်းကြားသောအခါ သားတော်သုံးယောက်တို့ကို စေလွှတ်ပြီး ငြိမ်းစေသည်။ မင်းသားသုံးယောက်သည် ပစ္စန္တ ရာဇ်ကို သွားရောက် ငြိမ်းစေပြီး ပြန်လာကာ ဖခင်ကို ပစ္စန္တ ရာဇ် အေးချမ်းပြီဖြစ်ကြောင်း လျှောက်ထားကြသည်။

ထိုအခါ မင်းကြီးက သားတို့ကို နှစ်သက်သဘောကျ၍-

www.dhammaransi.com



"သင်တို့ကြိုက်သော ဆုတစ်ခုခုကို ယူကြပါ"ဟု ဆုပေးသည်။

"အရှင်မင်းကြီး ကျွန်ုပ်တို့သည် ဘုရားရှင်ကို လုပ်ကျွေးလိုပါသည်၊ ထိုဆုကို ပေးပါ"

"ထိုဆုကို ထား၍ တစ်ပါးဆုကို တောင်းကြပါ သားတို့"

"အရှင်မင်းကြီး ကျွန်ုပ်တို့ အခြားဆုကို မလိုလားပါ"

"ထိုသို့ဆိုက သင်တို့ ပိုင်းခြား၍ ယူကြစေ"

"ဘုရားရှင်ကို ခုနစ်နှစ် လုပ်ကျွေးခွင့် ပြုပါဘုရား"ဟု တောင်းပန်ကြသည်။

"သားတို့ များလှသည်၊ မပေးနိုင်"

မင်းသားတို့သည် ခြောက်နှစ်၊ ငါးနှစ်၊ လေးနှစ်၊ သုံးနှစ်၊ နှစ်နှစ် တစ်နှစ်၊ ခုနစ်လ၊ ခြောက်လ၊ ငါးလ၊ လေးလ၊ လုပ်ကျွေးခွင့် တောင်းကြသည်။ မင်းကြီးက ခွင့်မပြုပြန် သုံးလ လုပ်ကျွေးခွင့် ထပ်မံတောင်းကြသည်။ သုံးလကို မင်းကြီးက ခွင့်ပြုတော်မူသည်။

မင်းသားတို့သည် သုံးလ လုပ်ကျွေးခွင့် ဆုကို ရကြသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကာ ဘုရားရှင်ထံသို့ သွားကြပြီးလျှင်-

"ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ တပည့်တော်တို့သည် သုံးလပတ်လုံး ဘုရားရှင်ကို လုပ်ကျွေးခွင့် ရကြပါသည်ဘုရား၊ ဘုရားရှင်သည် တပည့်တော်တို့ထံ သုံးလပတ်လုံး ဝါဆိုခြင်းကို ခွင့်ပြုတော်မူပါဘုရား"ဟု လျှောက်ထားကြသည်။

ဘုရားရှင်က ဆိတ်ဆိတ်နေခြင်းဖြင့် သည်းခံတော်မူသည်။

မင်းသားတို့သည် မိမိပိုင်စားရာမြို့သို့ ပြန်၍ တာဝန်ခံ

www.dhammaransi.com



အမတ်ကို–

"ငါတို့ဘုရားရှင်ကို သုံးလ လုပ်ကျွေးခွင့် ရခဲ့သည်။ သင်သည် လိုအပ်သော ဘုရားကျောင်း စသည်တို့ကို စီစဉ်ပါ"ဟု စေခိုင်းသည်။

တာဝန်ခံ အမတ်သည် မင်းသားတို့ မှာသော အမှုကိစ္စတို့ကို ဆောင်ရွက် ပြီးစီးသောအခါ မင်းသားတို့ထံ အကြောင်းကြားသည်။

မင်းသားတို့သည် ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ပြီး နှစ်ထောင့်ငါးရာသော ဝေယျာဝစ္စ အမှုလုပ်တို့နှင့် အတူတကွ ဘုရားရှင်ကို ကောင်းစွာ လုပ်ကျွေးလေသည်။

မင်းသားတို့၏ ဘဏ္ဍာစိုး လင်မယားသည် သဒ္ဓါတရားနှင့် ပြည့်စုံသည်။ ရတနာသုံးပါးကို ကြည်ညိုသည်။ ဒါနဝတ်ကို သေချာစွာပြုသည်။

တာဝန်ခံအမတ်သည် ဝေယျာဝစ္စပြုသော အမှုထမ်း ဘစ်သောင်းတစ်ထောင်တို့နှင့် ဒါနဝတ်ကို အသေအချာ ပြုစေသည်။

ထိုဝေယျာဝစ္စ အမှုထမ်းတို့တွင် အချို့သော အမှုထမ်းတို့သည် စေတနာမရှိကြ။ အလှူဝတ်ကို ကိုယ်ကျိုးရှာကြသည်။ သံဃာ မကပ်ကျွေးမီ ခိုးစားကြသည်။ သူတို့ကို ဆုံးမသောအခါ အလှူမဏ္ဍပ်တို့ကို မီးရှို့ကြသည်။

ဝါကျွတ်၍ ပဝါရဏာ ပြုပြီးသော် မင်းသားတို့သည် ဘုရားရှင်ကို ပူဇော်ပြီးလျှင် ဖခင်ရှိရာ ကာသိပြည်သို့ ပြန်ပို့ကြသည်။

ဖုဿဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးနောက် မင်းသားတို့သည်လည်း ကွယ်လွန်ကြသည်။ မင်းသားများ တာဝန်ခံအမတ်၊ ဘဏ္ဍာစိုးနှင့်

www.dhammaransi.com



တကွသော ဝေယျာဝစ္စအမှုကို ကောင်းစွာ ပြုသော သူတို့သည် နတ်ပြည်၌ ဖြစ်ကြရသည်။

ဒါနဝတ်ကို ဖျက်ဆီးကြသော သူတို့သည်ကား ငရဲ၌ ဖြစ်ကြရာသည်၊ ကိုးဆယ့်နှစ်ကမ္ဘာကုန်သော ငရဲ၌ကျသော သူတို့သည် ဤဘဒ္ဒကမ္ဘာ၌ ငရဲမှ လွတ်၍ ပြိတ္တာ လာဖြစ်ကြသည်။

ထိုအခါ ကကုသန်ဘုရား ပွင့်တော်မူလာသည်။ များစွာသော လူတို့သည် အလှူဒါန ပေးကြပြီးလျှင် မိမိဆွေမျိုးတို့အား အမျှပေးဝေကုန်သည်။ ထိုကောင်းမှုကို အနုမောဒနာပြုရ၍ ပြိတ္တာဘုံမှ လွတ်ကြသည်။

ယင်းသို့ သူတစ်ပါးတို့ လွတ်ကြသည်ကို မြင်ကြသော ထိုပြိတ္တာတို့သည် ကကုသန်ဘုရားထံသို့ ချဉ်းကပ်ကာ–

"ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ တပည့်တော်တို့သည် အဘယ်သောအခါမှ ဤပြိတ္တာဘဝမှ လွတ်ရပါမည်လဲဘုရား"ဟု လျှောက်ထားကြသည်။

ဘုရားရှင်သည် အနာဂတံသဉာဏ်ဖြင့် ကြည့်တော်မူပြီး–

"ငါ ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ဤမဟာပထဝီမြေကြီးသည် တစ်ယူဇနာ အထက်သို့ ရောက်သောအခါ ကောဏာဂုံဘုရားသည် ပွင့်တော်မူမည်၊ ထိုဘုရားထံ လျှောက်ထားကြပါ"ဟု မိန့်ကြားသည်။

ထို့နောက် ကောဏာဂုံဘုရား ပွင့်လာသည်။ လူတို့သည် အလှူဒါနပြုကြ၍ အမျှဝေသော အခါ ဆွေမျိုးပြိတ္တာတို့ပြိတ္တာဘုံက လွတ်မြောက်ကြသည်။

www.dhammaransi.com



ထိုသည်ကို မြင်ရသော ထိုပြိတ္တာတို့သည် ကောဏဂုံဘုရားသို့ ချဉ်းကပ်ကာ လျှောက်ထားကြပြန်သည်။

ကောဏဂုံဘုရားကလည်း ရှေးနည်းတူပင် ကဿပဘုရား ရှင်ထံ လျှောက်ကြဟု မိန့်ကြားပြန်သည်။

ထို့နောက် ကမ္ဘာမြေကြီး တစ်ယူဇနာ မြင့်သောအခါ ဤဘဒ္ဒကမ္ဘာ၌ ကဿပဘုရားရှင် ပွင့်တော်မူလာသည်။ ထိုအခါ လူတို့သည် ရှေ့နည်းတူပင် ဒါနပြုပြီး အမျှပေးဝေကြ၍ ဆွေမျိုး ပြိတ္တာတို့ လွတ်ကြသည်၊ ထိုပြိတ္တာတို့သည် ရှေးနည်းတိုင်းပင် ကဿပ ဘုရားရှင်ထံသို့ ချဉ်းကပ်ကာ လျှောက်ထားကြပြန်သည်၊

"ယခုအခါ သင်တို့မလွတ်ကြသေး၊ နောင်အခါ ဤဘဒ္ဒ ကမ္ဘာ၌ ဂေါတမဘုရား ပွင့်တော်မူလိမ့်မည်။ ထိုဘုရားရှင်လက်ထက် ဗိမ္ဗိသာရမည်ရှိသော မင်းသည် ဤကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ သင်တို့၏ ဆွေမျိုးဖြစ်ခဲ့၏။ ထိုမင်းသည် ဘုရားအမှူးရှိသော သံဃာတော်တို့ကို အလှူပေး၍ အမျှဝေလတ္တံ့၊ ထိုအခါကျမှ သင်တို့ လွတ်ကြလတ္တံ့"ဟု မိန့်ကြားသည်။

ပြိတ္တာတို့သည် ဘုရားရှင်ထံမှ ထိုစကားကို ကြားရသောအခါ နက်ဖြန်ခါ လွတ်လတ္တံ့ဟု ဆိုသကဲ့သို့ ထင်မှတ်ကြသည်။

နောက်မြေကြီး တစ်ယူဇနာအထက်သို့ မြင့်တက်သောအခါ ဤဘဒ္ဒကမ္ဘာဝယ် ဂေါတမဘုရားရှင် ပွင့်တော်မူလာသည်။

မင်းသား ညီနောင်သုံးယောက်တို့သည် နှစ်ထောင်ငါးရာသော နောက်ပါတို့နှင့် နတ်ပြည်မှ စုတေ၍ မာဂဓတိုင်းဝယ် ပုဏ္ဏားမျိုး၌

www.dhammaransi.com



ဖြစ်ကြပြီးလျှင် အစဉ်သဖြင့် ဂယာသီသ၌ နေကြကုန်သည်။

တာဝန်ခံ အမတ်သည် ဗိမ္ဗိသာရမင်းဖြစ်လာသည်၊ ဘဏ္ဍာစိုးကား ဝိသာခ သူဌေးဖြစ်လာသည်။ မယားသည် ဓမ္မဒိန္နာအမည်ရှိ သူဌေးသမီး ဖြစ်လာသည်။ ကျန်အခြံအရံတို့သည် အခြံအရံလာဖြစ် ကုန်ကြသည်။

ဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် ပဉ္စဝဂ္ဂီတို့အား ဓမ္မစကြာတရားတော်ကို ဟောတော်မူပြီးသည်။ ထို့နောက် ဂယာသီသနေ ရသေ့ညီနောင်နှင့် ရသေ့တစ်ထောင်တို့ကို ဆုံးမတော်မူပြီး ရာဇဂြိုလ်သို့ကြွတော်မူသည်။

ဘုရားရှင်သည် ရာဇဂြိုလ်တွင် ဘုရင်ဗိမ္ဗိသာရနှင့် များစွာသော ပုဏ္ဏား သူကြွယ်တို့ကို သောတာပတ္တိမဂ်၌ တည်စေပြီးနောက် ဗိမ္ဗိသာရမင်း၏ ဆွမ်းဖိတ်ကြားမှုကို ဘုရားရှင်က လက်ခံတော်မူသည်။

ဘုရားရှင်သည် ရာဇဂြိုလ်မြို့တွင်းသို့ဝင်၍ မင်းအိမ်သို့ ဆွမ်းအလှူခံ ကြွသောအခါ သိကြားမင်းသည် "ဒန္တော ဒန္တေဟိ" အစရှိသော ဂါထာဖြင့် ဘုရားရှင်ကို ချီးကျူးလျက် ရှေ့မှ သွားသည်။

မင်းသည် ဘုရားရှင်ကို ဆွမ်းဖြင့် လုပ်ကျွေးသည်။ ပြိတ္တာတို့သည် မင်းသည် ငါတို့အား အမျှဝေလတ္တံ့ဟု ထင်မှတ်ကာ နန်းတော်၌ ခြံရံနေကြကုန်သည်။

မင်းသည် အလှူပေးပြီးလျှင် အဘယ်ကျောင်း၌ ဘုရားရှင်သည် နေတော်မူအံ့နည်းဘုရား၊ နေရာကျောင်းကိုသာ စဉ်းစားကြလျက် အမျှမပေးဝေမိချေ။

www.dhammaransi.com

## ၁၈၀ တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

ပြိတ္တာတို့သည် စိတ်ပျက်လက်ပျက်ဖြစ်ကြပြီးလျှင် ညဉ့်အခါတွင် နန်းတော်အောက်မှ ကြောက်မက်ဖွယ်သော အသံကို ပြုကြသည်။ မင်းကြီးသည် ထိတ်လန့်ကြောက်ရွံ့ပြီး နောက်နေ့စောစော ဘုရားထံသို့ သွားကာ ညက အသံအကြောင်း၊ အကျိုးအကြောင်း လျှောက်ထားသည်။

"မင်းကြီး မကြောက်လင့် သင့်အား တစ်စုံတစ်ရာသော အန္တရာယ်သည်မရှိ၊ စင်စစ်မှာ သင့်ဆွေမျိုးဟောင်းတို့သည် ပြိတ္တာဘုံ၌ ဖြစ်နေကြသည်။ ထိုပြိတ္တာတို့သည် နှစ်ဆူသောဘုရားတို့၏ တစ်ခုသော အကြားပတ်လုံး ဘုရားအား အလှူပေး၍ ငါတို့အား အမျှဝေလတ္တံ့ဟု သင့်ကိုသာ တောင့်တ၍ လှည့်လည်နေကြသည်။ယမန်နေ့က သင့်ဒါနကို အမျှမဝေလေသောကြောင့် သူတို့ဆန္ဒဘာသာ မပြည့်ဝကြသောကြောင့် ဤသို့အသံပြုခြင်း၊ ဖြစ်သည်"ဟု မိန့်ကြားသည်။

"မြတ်စွာဘုရား ယခုအလှူပေး၍ အမျှဝေသော် ရပါဦးမည်လော"

"မင်းကြီး၊ ရ၏"

"မြတ်စွာဘုရား၊ ယနေ့အလို့ငှာ ဒါနကို အလှူခံတော်မူပါ၊ ထိုသူတို့အား အမျှဝေပါမည်"

ဘုရားရှင်က တိတ်ဆိတ်နေ၍ သည်းခံတော်မူသည်။ မင်းကြီး

www.dhammaransi.com



သည် နန်းဆောင်သို့ပြန်ပြီး ဆွမ်းစသော လှူဖွယ်တို့ကို အားချင်းစီမံသည်။ အားလုံးပြီးစီးသောအခါ ဘုရားရှင်ကို သံဃာတော်များနှင့်တကွ ပင့်ပြီး ဆွမ်းလုပ်ကျွေးသည်။

ဆွမ်းကိစ္စ ပြီးသောအခါ ဘုရားရှင်က မင်းကြီး၏ နန်းတော် တံခါးဘေး စသည်၌ ရပ်တည်နေကြသော ပြိတ္တာတို့ကို တန်ခိုးတော်ဖြင့် မင်းကြီးကို ပြတော်မူသည်။

ထို့နောက် ထိုပြိတ္တာကို ရည်စူးပြီး ရေစက်ချ အမျှဝေပေးသည်။ ထိုခဏမှာပင် ပြိတ္တာတို့အား ပဒုမ္မာကြာ ဖုံးလွှမ်းသော ရေကန်ဖြစ်၏။ ပြိတ္တာတို့သည် ထိုရေကန်၌ ချိုးသောက်ကြ၍ ပူပန်ခြင်း ငြိမ်းကုန်ရကား ရွှေအဆင်းနှင့်တူသော အဆင်းရှိကြသည်။

မင်းသည် အလှူခဲဘွယ်တို့ကို လှူ၍ အမျှပေးဝေပြန်သည်။ ထိုခဏမှာပင် ပြိတ္တာတို့အား နတ်၏ ခဲဘွယ်ဘောဇဉ်တို့သည် ဖြစ်ကြသည်။ ပြိတ္တာတို့သည် နတ်ဘောဇဉ်ကို စား၍ ပြည့်ဖြိုးသော ကိုယ်ခန္ဓာရှိကြသည်။

မင်းသည် အိပ်ရာနေရာတို့ကို လှူ၍ အမျှပေးဝေပြန်သည်။ ပြိတ္တာတို့အား နတ်ပြည်၌ ဖြစ်သော အဝတ်ပုဆိုး၊ ယာဉ်ရထား၊ ဘုံပြာသာဒ် အိပ်ရာခင်း အစရှိသည်တို့သည် ဖြစ်ကြသည်။

ပြိတ္တာတို့၏ အလုံးစုံ ပြည့်စုံမှုကို ဘုရားရှင်က အဓိဋ္ဌာန်၍ မင်းကြီးကို မြင်စေသည်။ မင်းကြီးသည် အလွန်ဝမ်းမြောက်တော်မူသည် ထို့နောက် ဘုရားရှင်သည် မင်းကြီးကို "တိရောကုဍ္ဍသုတ်"ကို ဟောတော်မူသည်။ ဒေသနာအဆုံး၌ ရှစ်သောင်းလေးထောင်သော

www.dhammaransi.com



သတ္တဝါတို့ အကျွတ်တရား ရကြသည်။

* * *

## မနာလိုဝန်တိုမှုကြောင့် မစားရ၊ မဝတ်ရသူ

သီရိလင်္ကာကျွန်း ဝတ္တုရွာ၌ မဟာဒေဝမည်ရှိသော ဥပါသကာသည် သဒ္ဓါသီလနှင့် ပြည့်စုံ၏ တရားနှင့်အညီ အသက်မွေးဝမ်းကြောင်းပြု၏။ ထိုသူသည် ညအခါ လယ်စောင့်၍ လယ်ထဲ၌ အိပ်လေ့ရှိသည်။

ပြိတ္တာတစ်ယောက်သည် ငိုယို၍ ထမင်းအဖျော်တို့ကို တောင်းလျက် လမ်းကြောင်း၌ ပြေးသွားနေ၏။

ဥပါသကာသည် ထိုအသံကို ကြား၍ ထပြီးလျှင် "ညအခါ လူမရှိသော တောအလယ်အတွင်း၌ ထမင်းတောင်းလျက် လမ်းခရီး ပြေးသွားနေသူကား မည်သူလဲ"ဟု မေး၏။

"အဆွေ၊ ငါက မနာလိုဝန်တိုမှုကို ပြုမိ၍ ဉာဏ်မကောင်းမှုကြောင့် ပြိတ္တာဘုံသို့ ရောက်နေရသူဖြစ်ပါသည်။ ငါ့မှာ ထောက်ပံ့မှီခိုရာ ဆွေမျိုးလည်း မရှိပါ၊ သူတကာတွေမှာ ယာဉ်ရထားတို့ဖြင့် လှည့်ပတ်သွားလာပြီး စားချင်သော ထမင်းအဖျော်တို့ကို စား၊ ဝတ်ချင်သော အဝတ်တန်ဆာတို့ကိုဝတ်ပြီး နှစ်သက်ပျော်မွေ့စွာ နေကြပါသည်၊"

"ထိုသူတို့က ရပြီး သင်က အဘယ်ကြောင့် မရပါသနည်း"

www.dhammaransi.com



"သူတို့က ဇောဓိပိဋ္ဌရွာ၌ ဆွေမျိုးရှိပြီး သူတို့ ဆွေမျိုးတို့က အလှူပေး အမျှဝေသောကြောင့် အစားအသောက်၊ အဝတ်အစားများ ရကြသည်။ ငါမှာကား အမျှပေးသူ မရှိ၍ မရပါ"

"ပြိတ္တာဘုံ ရောက်သောသူကို လူ့ပြည်က ဆွေမျိုးတော်သူ ပေးမှသာ ရသလား၊ မတော်သူတို့က ပေးလိုကော မရဘူးလား"

"ဆွေမျိုးတော်သည်ဖြစ်စေ၊ မတော်သည်ဖြစ်စေ၊ အလှူပေးပြီးလျှင် ရည်မှတ်၍ အမျှပေးဝေက ထိုသူ သာဓုခေါ်နိုင်ကာ ရပါသည်"

"ဒါဆိုလျှင် နက်ဖြန်ခါ သင့်အတွက် ငါ အလှူပေး၍ အမျှပေးဝေမည်၊ သင် သာဓုလာခေါ်ပါ"

ဥပါသကာသည် ပြိတ္တာအား ဤသို့ပြောပြီးလျှင် နောက်နေ့ နံနက်၌ ရဟန်းတို့အား ပင့်ဖိတ်၍ ဆွမ်း၊ အဖျော်တို့ကို လှူပြီး ပြိတ္တာတို့အား အမျှပေးဝေသည်။

ပြိတ္တာလည်း သာဓုအနုမောဒနာပြု၏။ ထိုခဏမှာပင် ထိုပြိတ္တာအား နတ်၏ ထမင်းအဖျော်၊ ရေကန်တို့ကိုရ၏။ နတ်၏ အဆင်းကဲ့သို့ ဖြစ်၏။

ညသို့ ရောက်သောအခါ ထိုပြိတ္တာသည် ဥပါသကာအိမ်သို့ လာ၍ အိပ်နေသော ဥပါသကာကို နှိုးကာ-

"ထလော့၊ အဆွေ ငါ၏အကျိုးကို မျက်မှောက်ရှုလော့"ဟု ဆို၏။

ဥပါသကာသည် ထ၍-

"အနီးသို့လာခဲ့ပါ၊ အဘယ်ကြောင့် အဝေးက နေသလဲ"

www.dhammaransi.com

## ၁၈၄ တက္ကသိုလ်သျှင်သိရိ (ဓမ္မာစရိယ၊ ဘိအေ)

"ငါ့မှာ အဝတ်မပါ၍ ရှက်လှပါသည်။ သင်၏နီးရာသို့ ငါ မလာဝံ့ပါ"

"ငါ့မှာ ပုဆိုးရှိ၏၊ ဤပုဆိုးကို ဝတ်၍ လာပါ"

"အရာအထောင်သော ပုဆိုးတို့ကို လက်ဖြင့် သင် ပေးသော်လည်း ငါဝတ်၍ မရပါ၊ အဝတ်ကို ပေးလှူ၍ အမျှဝေမှသာလျှင် ငါ ရပါသည်"

ဉပါသကာသည် မိုးသောက်လျှင် ရဟန်းရှစ်ပါးတို့ကို ပင့်၍ အဝတ်၊ သင်္ကန်းတို့ကို လှူပြီး ပြိတ္တာအား အမျှပေးဝေသည်။ ပြိတ္တာသည် သာဓုခေါ်နိုင်၍ နတ်ဝတ်တန်ဆာတို့ကို ရလေသည်၊ ညသို့ရောက်သောအခါ ဉပါသကာထံသို့ လာပြီး ဉပါသကာ ရှေ့၌ ရပ်ကာ-

"သင်သည် ငါ့အား ဆွေမျိုးတို့သော်မှ မပြုနိုင်ခဲ့သော ကျေးဇူးကို ပြုပေသည်၊ ထို့ကြောင့် ငါသည် သင့်အား ကျေးဇူး တုံ့ပြန်လိုသည်"

"ပြိတ္တာသည် ဤသို့ဆိုပြီးလျှင် ရွှေအိုး (၃) လုံးကိုပေး၍ ဤဥစ္စာတို့ကို သုံးလည်းသုံး၊ လှူလည်းလှူပါဟု ပြောပြီး ကွယ်ပျောက်သွားသည်။"

သံဝေဂဝတ္ထုဒီပနီ (နဝမတွဲ မစ္ဆေရပြိတ္တာဝတ္ထု)
စာ-၆၉၁-၆၉၂

* * *

www.dhammaransi.com



## ရေမသောက်ရသော ပါသာဏပြိတ္တာ

သီရိလင်္ကာကျွန်း၊ ရောဟနရွာ၌ ရဟန်းခြောက်ဆယ်တို့သည် မဟာဗောဓိပင်ကို ရှိခိုးရန်အတွက် အိန္ဒိယနိုင်ငံ တောင်ပိုင်းသို့ လှေဖြင့် ကူးလာကြသည်၊ လှေမှ ဆင်းပြီးလာကြရာ တောအုပ်တစ်ခုသို့ ရောက်ကြ၏။ ထိုတောအုပ်၌ မုဆိုးကြိတ်စီလည်း လမ်းများကြ၍ ဆင်တို့ သွားရာ ခရီးလမ်းအတိုင်း လိုက်ခဲ့ကြသည်။

လေးရက်မြောက်သောနေ့တွင် တောအုပ်အလယ်၌ ကျောက်ဖျာကြီးနှင့် တူသော တစ်ဂါဝုတ ပမာဏရှိသော ပြိတ္တာကြီး အိပ်နေသည်ကို မြင်ကြရသည်။ ရဟန်းတို့သည် ထိုပြိတ္တာ အိပ်နေသည်ကို ကျောက်ဖျာဟု ထင်မှတ်ကြ၍ ပြိတ္တာပေါ်သို့ တက်၍ အိပ်ကြကုန်၏။ ရဟန်းခြောက်ဆယ်တို့သည် ခရီးပင်ပမ်းကြ၍ ခဏချင်း အိပ်ပျော်သွားကြကုန်၏။ သံဃာအကြီးအကဲမထေရ်သည် အတန်ကြာတွင် ထ၍ စင်္ကြံသွားသော် ပြိတ္တာ၏ ခြေလက်တို့ကို မြင်သည်။

"ငါ့ရှင်တို့ထကြ၊ ဆင်းကြကုန်လော့၊ ဤအရာသည် ကျောက်ဖျာမဟုတ် ပြိတ္တာဖြစ်ပေသည်"ဟု မိန့်ကြား၏။

ရဟန်းတို့သည် လျင်မြန်စွာ ထ၍ ဆင်းကြကုန်၏။ ထိုအခါ ပြိတ္တာသည် ခေါင်းထောင်၍ ကြည့်၏။

"သင်၏ပမာဏက တစ်ဂါဝုတလောက်ရှိ၏။ ကျောက်ဖျာနှင့် တူ၏၊ ထိုင်ခြင်း၊ ရပ်ခြင်း၊ သွားခြင်းမရှိ သင်ကား အဘယ်မကောင်း

www.dhammaransi.com



မှုကို ပြုခဲ့သနည်း"ဟု သံဃာ့မထေရ်က မေးသည်။

"အရှင်ဘုရား- ကျွန်ုပ်ကား ပြိတ္တာပါ၊ ရှေးလူဖြစ်သောအခါက ကဿပဘုရားရှင် သာသနာတော်၌ သံဃာတော်တို့၏ ဥစ္စာဖြစ်သော လယ်ယာ၊ အာရာမ်၊ ဥယျာဉ်တို့ကို ဖျက်ဆီးသော မကောင်းမှုကြောင့် ပြိတ္တာဘုံသို့ ရောက်ရပါသည်။ ဤပြိတ္တာဘုံမှ သေလျှင်လည်း ငရဲသို့ ရပါဦးမည်"

"အသင် ပြိတ္တာ သင်က အဘယ်ကို အလိုရှိပါသလဲ"

"အရှင်ဘုရား၊ အကျွန်ုပ် ရေငတ်လှပါသည်။ ကျွန်ုပ် ခံတွင်း အပေါက်ထဲသို့ သောက်ရေကို လောင်းပေးပါ"

ရဟန်းခြောက်ကျိပ်တို့သည် မြစ်တွင်းသို့ဆင်း၍ သပိတ်အလုံး ခြောက်ဆယ်ဖြင့် သောက်ရေခပ်ပြီး ပြိတ္တာ၏ ခံတွင်းပေါက်သို့ လောင်းကြကုန်၏။ ညဉ့်ဦးမှ စ၍ အရုဏ်တက်အထိ လောင်းချ ပြိတ္တာ၏ လျှာကိုမျှ ရေမဆွတ်ချေ။

"အချင်းပြိတ္တာ၊ စိုးစဉ်းမျှ သက်သာရပါ၏လော"ဟု သံဃာ့ မထေရ်က မေး၏။

"အရှင်ဘုရား ရဟန်းခြောက်ကျိပ် ညလုံးပေါက် လောင်းသည် ကို မဆိုထားနှင့် ရဟန်းတစ်ထောင် ခုနစ်ည၊ ခုနစ်ရက်ဆက်ကာ လောင်းသော်လည်း ကျွန်ုပ် လျှာဖျားကို ရေမဆွတ်နိုင်ရာ၊ သို့ဖြစ် သောကြောင့် အဘယ်မှာ ရေသောက်ချင်သော အာသာဆန္ဒ ပြေ ပျောက်နိုင်ပါအံ့နည်း။ အကယ်၍ အရှင်ဘုရားတို့ လောင်းသော ရေအနက် တစ်စက်မျှ ကျွန်ုပ်၏ လည်ချောင်းအတွင်းသို့ ဝင်ခဲ့သော်

www.dhammaransi.com



ဤပြိတ္တာဘဝမှ လွတ်ရသည် မဖြစ်စေသော်”ဟု ကျိန်ဆို၏။

“အရှင်ဘုရားတို့- သံဃာ့ဥစ္စာကို ဖျက်ဆီးခြင်း အပြစ်က ကြီးမားလှပါ၏။ အကျွန်ုပ်နှင့်အတူ သံဃာ့ဥစ္စာကို ဖျက်ဆီး၍ သုံးဆောင်ကြသော ကျွန်ုပ်၏ဆွေမျိုးတို့သည်လည်း ကျွန်ုပ်နည်းတူ ပြိတ္တာဘုံသို့ ရောက်ကြပါကုန်၏။ ဒါနဲ့ အရှင်ဘုရားတို့က မည်သူတို့နည်း၊ မည်သူ၏ တပည့်တို့နည်း”

“အချင်း ပြိတ္တာ၊ ငါတို့သည်ကား ဂေါတမဘုရား၏ တပည့်တည်း၊ ငါတို့သည် ဘုရားရှင် ပွင့်ရာ ဗောဓိပင်ကို ရှိခိုးလို၍ ဤဇမ္ဗူထိပ်ကျွန်းသို့ ကူးလာခဲ့သည်”ဟု သံဃာ့မထေရ်က ပြောသည်။

“ဂေါတမဘုရားက လူတွင် ထင်ရှား ဘုရားဖြစ်တော်မူသည်ကား အံ့ဩဖွယ်ရာတကား၊ ငါ့မှာကား ခုနှစ်ရက်လွန်သော အဝီစိငရဲမှာ ဖြစ်ရလိမ့်မည်။ ကဿပဘုရားနှင့် ဂေါတမဘုရားအကြား ဤမြေကြီးအား ခုနစ်ဂါဝုတ်လောက် အထက်သို့ မြင့်တက်၏။ နှစ်ပေါင်းမှာ အသင်္ချေ၊ မရေတွက်နိုင်၊ ဤမျှလောက်သော ကာလပတ်လုံး ပြိတ္တာဘဝ ဆင်းရဲကို ခံစားရပြီးမှ ငရဲသို့ သွားရပေဦးမည်။ သံဃာတော်၏ ဥစ္စာကို ဖျက်ဆီးခြင်းက အလွန်ဝန်လေးလှ၏။ အရှင်ဘုရားတို့ ကြွတော်မူကြကုန်။ အကျွန်ုပ် ကိုယ်တိုင် မီးလျှံသည် မြိုက်လာသည်။ အကျွန်ုပ်ကို မြင်ရသော အရှင်ဘုရားတို့သည် မမေ့မလျော့သော သတိဖြင့် ဘုရား သာသနာတော်ကို အားထုတ်ကြပါ”ဟု မှာလိုက်၏။

ရဟန်းတို့သည် ထိုအရပ်မှ ထွက်ခွာလာခဲ့ကြ၏။ ထိုအခါ

www.dhammaransi.com



ပြိတ္တာ၏ ကိုယ်မှ မီးအလျှံသည် ထ၏။

ရဟန်းတို့လည်း ခရီးဆက်သွား၍ တစ်ဂါဝုတ်ရှိသော ညဉ့်အခါ ရောက်၍ နားကြ၏။ ပြိတ္တာကို သတိရပြီး ကြောက်လန့်သော နှလုံးရှိကြ၍ တရားအားထုတ်ခါ တရားထူးရကြသည်။

* * *

## သံပြားပုဆိုး ဝတ်နေရသော ပြိတ္တာ

သိဟိုဠ်ကျွန်း ရောဟနဇနပုဒ်၌ ဒီဃဝုအမည်ရှိသော စေတီ တစ်ဆူ ရှိသည်။ ထိုစေတီ၏ တံခွန်၊ ကုက္ကားသည် လေဖြင့် လွင့်ပါသွား၍ သူကြွယ်တစ်ယောက်၏ လယ်အတွင်းသို့ ကျရောက်လေသည်။

လယ်ပိုင်ရှင်သည် လယ်သို့သွားသည်ရှိသော် ထိုတံခွန် ကုက္ကားကိုမြင်၍ ကောက်ယူသည်။ တံခွန်ကုက္ကား၌ ကောင်းမှုရှင် ကမ္ပည်း အက္ခရာတို့ကိုမြင်၍ စေတီပစ္စည်းမှန်း သိလျက် လောဘစိတ် ထွက်ပြီး အိမ်သို့ ယူဆောင်သွားသည်။ သုံးလေသည်။

ထိုသူကြွယ်သည် ကွယ်လွန်သော် အထပ်တစ်ထောင် ပြောင် ပြောင်တောက်သော သံပြားကို ခြုံရုံသော ပြိတ္တာဖြစ်ရလေသည်။

ထိုပြိတ္တာသည် မိမိ ဆင်းရဲဒုက္ခကို ကယ်တင်ပေးနိုင်သော ရဟန်းတစ်ပါးထံ ညဉ့်အခါ သွား၍ ကိုယ်ထင်ပြလေသည်။

"သံပြား အထပ်တစ်ထောင်ကို ဝတ်ဆင်လျက် လာသူကား

www.dhammaransi.com



အဘယ်သူနည်း"

"အရှင်ဘုရား တပည့်တော် ပြိတ္တာ ဖြစ်ပါသည်ဘုရား"

"အဘယ်မကောင်းမှုပြု၍ ပြိတ္တာ ဖြစ်ရပါသနည်း"

"ဘုရား တံခွန်ကုက္ကားကို သိလျက် ယူသုံးမိသော အကုသိုလ်ကြောင့် ပြိတ္တာဖြစ်ရပါသည်ဘုရား"

"သင် အဘယ်အကြောင်းဖြင့် ပြိတ္တာဘဝက လွတ်မြောက်အောင် ငါလုပ်ပေး၍ ရနိုင်သနည်း"

"အရှင်ဘုရား ပုစိုး တစ်ထောင်ကို တံခွန်ကုက္ကားပြု၍ ဒီဃာဝုစေတီကို ပူဇော်ပြီးလျှင် အကျွန်ုပ်အား အမျှပေးဝေပါက လွတ်ပါမည်"

မထေရ်သည် နောက်နေ့နံနက်တွင် တံခွန်ကုက္ကား ငါးဆယ်ကို ဒီဃာဝုစေတီအား လှူပြီး ပြိတ္တာကို အမျှဝေသည်။

ပြိတ္တာသည် ညဉ့်အချိန် မထေရ်ထံ ထပ်လာပြီးလျှင်–

"အရှင်ဘုရား တပည့်တော်အား သံပြားတစ်ထောင် အထက် ဖုံးလွှမ်းခံနေရာ လက်ရှစ်သစ်မျှလွတ်သွားပါပြီ"ဟု လျှောက်ထားသည်။

နောက်နေ့နံနက် မထေရ်က ငါးဆယ်ထပ်လှူ၍ အမျှဝေပြန်သည်။ ပြိတ္တာအား လက်ရှစ်သစ်မျှ လွတ်ပြန်သည်၊ ဤသို့ တဖြည်းဖြည်း ငါးဆယ်၊ ငါးဆယ်လှူရာ တစ်ထောင်ပြည့်သောအခါ သံပြားအကုန်ကွာ၍ ချမ်းသာရာ ရလေသည်။

ကို့နောက် ပြိတ္တာမှ လွတ်ပြီးသောအခါ ညဉ့်အခါမထေရ်ထံ လာ၍–

www.dhammaransi.com



"အရှင်ဘုရား- အရှင်ဘုရား မေတ္တာကြောင့် ချမ်းသာရာ ရပါပြီ၊ မိဘဆွေမျိုးတို့သော်မှ ပြုနိုင်ခဲသော အမှုကို အရှင်ဘုရား ပြုပေးတော်မူသည်။ အကျွန်ုပ် ချမ်းသာရာ ရသကဲ့သို့ အရှင်ဘုရားလဲ ဘဝဆက်တိုင်း ရပါစေဟုဆိုကာ ကွယ်လေသည်။

သံဝေဂဝတ္ထု ဒီပနီ (နဝမတွဲ=စာ ၆၉၉-၇၀၈)

* * *

## သံဃာ့ဆန်ကို စားမိသောကြောင့် ပြိတ္တာဖြစ်ရသူ

သီဟိုဠ်ကျွန်း စေတီယတောင်ကျောင်း၌ ရဟန်းတစ်ပါးသည် သီတင်းသုံးနေသည်။ ထိုရဟန်းသည် အဘနှင့်တကွ ရွာသို့သွားသည်။ ရွာကိုသွား၍ ပြန်လာပြီးသော် ကျောင်းစောင့်ထံမှ သံဃိကဆန်တစ်ခွက်ကို နက်ဖြန်ကာ အဘကို ချက်ကျွေးရန်အလို့ငှာ ယူလေသည်။

ထိုရဟန်းသည် ဆန်ကို အစားမဆပ်မီ ထိုညက ကွယ်လွန်၍ ရွာနှင့်စေတီယတောင်၌ ပြိတ္တာဖြစ်နေသည်။ ဆွမ်းခံသွားသော ရဟန်းတစ်ပါးသည် ထိုပြိတ္တာကို မြင်၍-

"အရိုးအရေမျှသာ ရှိလျက် ညစ်နွမ်းသော ကိုယ်ရှိသော သင်က ဘယ်သူနည်း:"

"အရှင်ဘုရား ကျွန်ုပ်သည် ငရဲမှ ငတ်မွတ်စွာသော ပြိတ္တာပါ၊ မကောင်းမှု အနည်းငယ်ပြုမိ၍ ပြိတ္တာဘုံသို့ ရောက်နေရသည်"

"အဘယ်မကောင်းမှုကို ပြုမိပါသနည်း:"

www.dhammaransi.com



"အရှင် အကျွန်ုပ်သည် ယခင်က သီလဝန္တ ရဟန်းတစ်ပါး ဖြစ်ခဲ့ပါသည်။ သံဃိက ဆန်တစ်ခွက်ကို ဘခင်အတွက် ယူချက်မိပြီး ပြန်မဆပ်နိုင်ခင် ကွယ်လွန်၍ ပြိတ္တာဖြစ်နေရပါသည်"

"အရှင်သည် ရဟန်းဘဝက သီလဝန္တ ဖြစ်လျက် အဘယ် ကြောင့် ဤသို့သောဘဝ ကျရောက်ရပါသနည်း"

"ငါအား ဆိုအပ်ခဲ့သော အနည်းငယ်သော သံဃိက ကြွေး ကြောင့် ပြိတ္တာဖြစ်ရပါသည်"

"အဘယ်သို့ ပြုပေးသော် သင် ဤဘဝမှ လွတ်ရပါမည်နည်း"

"စေတီယတောင်နှင့် ရွာအကြား တစ်ဂါဝုတ်မျှသော အရပ်ကို လှည်းတစ်စပ်တည်းထားပြီးလျှင် ဆန်အပြည့်တင်၍ သံဃာတော်အား လှူသော် ငါသည် ပြိတ္တာဘဝမှ လွတ်ပါမည်"

ထိုအခါ ရဟန်းသည် အာဂုဏ်ရောက်သော အနုရာဓပြည် သို့သွား၍ သဒ္ဓါတိဿမင်း၏ ရှေ့၌ သပိတ်ကို ပိုက်လျက် ရပ်နေ လေသည်။ မင်းသည် မထေရ်ထံမှ သပိတ်ကိုယူပြီး လာခြင်း အကြောင်းကိုမေးသည်။ မထေရ်က ထိုရဟန်း ပြိတ္တာအကြောင်းစုံကို မိန့်ကြားသည်။

သဒ္ဓါတိဿမင်းသည် မထေရ်အမိန့်ရှိသည့်အတိုင်း စီစဉ် လှူဒါန်းပြီးလျှင် ပြိတ္တာအား အမျှဝေလေသည်။ ပြိတ္တာသည် သာဓုအနုမောဒနာ ခေါ်ဆိုရပြီးလျှင် ပြိတ္တာဘဝမှ လွတ်မြောက်၍ နတ်ဖြစ်ရသည်။

ထိုသူသည် ညဉ့်အခါ မထေရ်ထံ လာ၍ မိမိ၏ နတ်ဝတ်ကိုယ်

www.dhammaransi.com



ကို ထင်ရှားစွာပြသည်။

"အေး- သင် မည်သူနည်း၊ မထေရ်က မေးသည်"

"အရှင်ဘုရား ကျေးဇူးပြုပေး၍ ပြိတ္တာဘဝက လွတ်မြောက်ခဲ့သူ ဖြစ်ပါသည်၊ ကျွန်ုပ် ချမ်းသာရာ ရသကဲ့သို့ အရှင်ဘုရားလည်း ချမ်းသာပါစေ"

ထိုနတ်သည် ဤသို့ဆိုပြီး ကွယ်လေသည်။

သံဝေဂဝတ္ထုဒီပနီ (နဝမတွဲ-စာ ၆၉၈-၆၉၉)

* * *

## ကဿပဘုရားကို နှုတ်ဖြင့် ပြစ်မှားသောကြောင့် သံထွန်ဖြင့် ထွန်ရက်နေရသော ပြိတ္တာ

သီဟိုဠ်ကျွန်းမှ ရဟန်းတို့သည် အိန္ဒိယပြည်ရှိ မဟာဗောဓိကို ဖူးရန် လှေဖြင့် ကူးလာကြသည်။ မဟာဗောဓိ သွားရာလမ်းခရီး လမ်းမှားကြ၍ တောလမ်းခရီးသို့ သွားမိကြသည်။

တောလယ်အရောက်တွင် သံထွန်ဖြင့်ကြီးစွာသော နွားတို့ကို တပ်ဆင်လျက် ထွန်ယက်နေသော ပြိတ္တာတစ်ယောက်ကို တွေ့မြင်၍ လူဟု ထင်သောကြောင့် အနီးသို့ သွားရပ်ပြီးလျှင်-

"အချင်း- ငါတို့သည် မဟာဗောဓိ သွားရာခရီးလမ်းမှား၍ ဤတောကြားသို့ ရောက်လာသည်မှာ (၇) ရက် ရှိပါပြီ၊ ခရီးလမ်းမှန်ကို ညွှန်ကြားပေးပါ"

"အရှင်ငါတို့မှာ (၇) ရက်မျှသာ ခရီးမှားသည်၊ ဘာမျှ

www.dhammaransi.com



မကြာသေး၊ ကျွန်ုပ်မှာ အနန္တရကပ်တစ်ခုလုံး မှား၍ ဒုက္ခရောက်နေရသည်၊ ခရီးလမ်းမှန်ကို မညွှန်ပြနိုင်ပါ”

“အချင်း၊ အသင်အား ခရီးမှားသည်မှာ ကြာမြင့်လာပြီ၊ အဘယ်မကောင်းမှုကိုပြု၍ ဤခရီး ကြာရှည်နေရပါသနည်း”

“အရှင်တို့ ကျွန်ုပ်ကား ကဿပ ဘုရားရှင်လက်ထက်၌ နှုတ်ဖြင့် မကောင်းမှုကိုပြုခဲ့၍ ဤပြိတ္တာဘဝ၌ ရောက်ရသည်။ ပြိတ္တာဘဝရောက်သည့်အချိန်မှစ၍ စားရသောက်ရ အိပ်ရ နေထိုင်ကြရသည်မရှိပါ။ နေ့ညပတ်လုံး အမြဲ လယ်ထွန်လျက် လှည့်လည်နေရသည်၊ ကျွန်ုပ်ထွန်သော ဤထွန်တုံး၊ ထွန်သွား၊ ထမ်းပိုးကြီးတို့သည် ပြောင်ပြောင်လင်းလင်း တောက်လျက် ကျွန်ုပ်ကို အမြဲလောင်နေပါ၏။ ဤမြေကြီးသည် ခုနစ်ဂါဝုတ်မျှ မြင့်တက်ခဲ့ပြီဖြစ်သော်လည်း ကျွန်ုပ်မှာမူ ပြိတ္တာဘဝမှ မလွတ်မြောက်သေးပါ။

“အချင်း- သင်သည် အဘယ်မကောင်းမှုကို နှုတ်ဖြင့် ပြုခဲ့ပါသနည်း”

“အရှင်တို့ လွန်လေပြီးသောအခါ ကာသိတိုင်း ဗာရာဏသီပြည်၌ ကိကီအမည်ရှိသော မင်းသည် မင်းပြုသည်။ ထိုအခါ ကဿပဘုရားရှင်သည် သတ္တဝါတို့ကို အစဉ်သနားသဖြင့် ဒေသစာရီလှည့်လည် တရားဟောစဉ် ကျွန်ုပ်တို့ရွာသို့ရောက်ခဲ့သည်။ ထိုအခါ ရွာသားတို့သည် အုတ်အုတ်ကျက်ကျက် အသံပြုလျက် ဘုရားရှင်ကို ပူဇော်ကြသည်။

ထိုအချိန်တွင် ကျွန်ုပ်သည် လယ်ထွန်သွားရန် စိမ်နေသည်။

www.dhammaransi.com



ကျွန်ုပ်၏ စီးပွားကို အလိုရှိသော မိတ်ဆွေတစ်ဦးက အဆွေ ကဿပဘုရား ကြွလာသည်ကို ပူဇော်ပါလော့ဟု ဆိုသည်။ ထိုသူ့ကို ငါသည် အမျက်ထွက်၍ ကဿပဘုရားသည် ငါ့လယ်ကို ထွန်ပေးပါက ငါပူဇော်မည်။ မထွန်ပေးပါက မပူဇော်နိုင်ဟု အလွန်အကျွံ ပြောဆိုမိသည်။ ထိုပြောဆိုမှုကြောင့် ကျွန်ုပ်သေသောအခါ ဆင်းရဲသော ပြိတ္တာဘဝသို့ ရောက်ရသည်။ အရှင်တို့က အဘယ်သူ၏ တပည့်တို့ ဖြစ်တော်မူပါသနည်း။

"အချင်း- ငါတို့သည်ကား ဂေါတမဘုရား၏ တပည့်တို့ ဖြစ်လေသည်"

"ဩော်-အံ့ဩဖွယ်ရှိပေစွ၊ ဂေါတမဘုရားရှင်က လူ့ပြည် ထင်ရှား ဘုရားဖြစ်အောင် ကျင့်တော်မူပေ၏။ ငါမှုကား နှုတ် သရမ်းမှုကြောင့် ဤပြိတ္တာဘဝက အခုထိ မလွတ်ရသေး၊ ယခုဘဝက သေပြန်ရင်လည်း အဝီစိငရဲ သွားရအုံးမည်။

ထိုရဟန်းတို့သည် ထိုပြိတ္တာအား သနားကရုဏာဖြင့် ကြည့်ပြီး ထိုနေရာမှ ဆက်လက်ထွက်ခွာခဲ့သည်။

သံဝေဂ ဝတ္ထုဒီပနီ-(နဝမတွဲ စာ ၆၉၇-၆၉၈)

* * *

## ပင်္ဂိုသင်္ချေ့စိတ်နှင့် ဘဝများ

ဗုဒ္ဓဘာသာဝင်တို့သည် (၃၁) ဘုံကို လက်ခံယုံကြည်ကြသည်၊

www.dhammaransi.com



ယင်း (၃၁) ဘုံတို့တွင်-

၁။ နာမ်သက်သက်ဖြင့် ပဋိသန္ဓေနေသောဘုံမှာ အရူပ ပြဟ္မာလေးဘုံဖြစ်ပါသည်။

-ယင်း အရူပပြဟ္မာများသည် အရူပဝိပါက်စိတ် (၄)ခုတွင် တစ်ခုခုဖြင့် ပဋိသန္ဓေနေကြပြီး အတူတကွ ဖြစ်ဘက် နှောက်လိုက် စေတသိက် (၃၀) ပါဝင်သည်။

အရူပဝိပါက်စိတ်၊ စေတသိက်ဟူသော နာမ်အဖွဲ့အစည်းက အရူပ ပြဟ္မာများ၏ ပဋိသန္ဓေကိစ္စကို ဆောင်ရွက်သည်။

ထိုအရူပပြဟ္မာတို့၏ သက်တမ်းသည်-

၁။ အာကာသာနဉ္စာယတနာဘုံ၌ သက်တမ်း မဟာကပ် နှစ်သောင်း။

၂။ ဝိညာဏဉ္စာယတနာဘုံ၌ သက်တမ်း မဟာကပ် လေးသောင်း။

၃။ အာကိဉ္စညာယတနာဘုံ၌ သက်တမ်း မဟာကပ် ခြောက် သောင်း။

၄။ နေဝသညာနာသညာယတန သညာယတနဘုံ၌ သက် တမ်း မဟာကပ် ရှစ်သောင်းလေးထောင် အသီးသီးရှိကြ သည်။

- တစ်ဘဝလုံး သက်တမ်း ဆုံးသည့်အထိ နာမ်အဖွဲ့အစည်း မျှဖြစ်ရပ်တည်နေရသော ဘုံဖြစ်၍ ယင်းအရူပ ပြဟ္မာဘုံကို နာမ်ဘုံဟု ခေါ်သည်။

www.dhammaransi.com



၂။ ရုပ်သက်သက်ဖြင့် ပဋိသန္ဓေနေသော ဘုံမှာ အသညာသတ် ဗြဟ္မာဘုံဖြစ်သည်။

ယင်းသည် ဇီဝိတနဝကကလာပ်ရုပ်ဖြင့် ပဋိသန္ဓေနေပါသည်။ ဇီဝိတနဝကရုပ် (၉) ခုမှာ–

၁။ ဇီဝိတ

၂။ ပထဝီ

၃။ အာပေါ

၄။ တေဇော

၅။ ဝါယော

၆။ ဝဏ္ဏ (ရူပါယတန)

၇။ ဂန္ဓ

၈။ ရသ

၉။ အဟာရ

အသညသတ်ဗြဟ္မာ၏ သက်တမ်းသည်–

**မဟာကပ် ငါးရာရှိသည်။** ယင်းသည် ဤရုပ်ကိုးပါးဖြင့် ပဋိသန္ဓေနေရုံသာမက တစ်ဘဝလုံးလည်း ဤရုပ်ကိုးပါးဖြင့် ရပ်တည်နေရသည်။ ထို့ကြောင့် အသညသတ်ဗြဟ္မာတို့၏ ဖြစ်ရာ ဘုံကို ရုပ်ဘုံဟုခေါ်ဆိုသည်။

၃။ နာမ်–ရုပ်ရော ပဋိသန္ဓေနေသော ဘုံများမှာ–

www.dhammaransi.com



(၁) ရူပဗြဟ္မာများ

ရူပဗြဟ္မာများသည် ရူပဝိပါက်စိတ် (၅)ခုတွင် တစ်ခုခုဖြင့် ပဋိသန္ဓေနေကြသည်။ အတူတကွဖြစ်သော နောက်လိုက်စေတသိက်များသည် စိတ်ပေါ်မူတည်၍ (၃၀) မှ (၃၅) ထိပါဝင်ပါသည်။

ထို့ပြင် စက္ခုဒသကာ၊ သောတဒသကာ၊ ဝတ္ထုဒသကာ၊ ဇီဝိတနဝက ဟူသော ကမ္မဇရုပ် (၄)မျိုး ရုပ်ပေါင်း ၃၉ ခုတို့လည်း ထိုနာမ်အုပ်စုနှင့် အတူတကွ ပါဝင်ကြပါသည်။

ရူပဝိပါက်စိတ်၊ စေတသိက်၊ ကမ္မဇရုပ်ကလာပ်ဟူသော ရုပ်နာမ်အဖွဲ့အစည်း ကရူပဗြဟ္မာများ၏ ပဋိသန္ဓေကို ဆောင်ရွက်ပါသည်။

(၂) ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူသော အပါယ်ဘုံသားများသည် အကုသလဝိပါက် ဥပေက္ခာသဟဂုတ်သန္တီရဏ စိတ်ဖြင့် ပဋိသန္ဓေ နေကြရပါသည်။

အတူတကွဖြစ်သော စေတသိက် (၁၀) ခု၊ ဆိုင်ရာကမ္မဇ ရုပ်ကလာပ်များလည်း ပါဝင်ကြသည်။

ယင်းစိတ်၊ စေတသိက်၊ ရုပ်အဖွဲ့အစည်းများက အပါယ်ဘုံသားများ၏ ပဋိသန္ဓေကိစ္စကို ဆောင်ရွက်သည်။

(၃) လူနှင့်နတ်ဟူသော ကာမဘုံသားများသည် ကုသလဝိပါက် ဥပေက္ခာသဟဂုတ်သန္တီရဏ စိတ်တစ်ခု၊ မဟာဝိပါက်စိတ်(၈)ခု၊ ပေါင်းကာမဝိပါက်စိတ် (၉) ခုတွင် တစ်ခုခုဖြင့် ပဋိသန္ဓေ နေကြပါသည်။

www.dhammaransi.com



အတုတက္ကဖြစ်ဖက်; စေတသိက် (၁၀) ခုမှ (၃၃) ခုထိ ပါဝင်သည်။

လူဖြစ်လျှင် ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသက ဟူသော ကမ္မဇရုပ် (၃) မျိုး၊ ရုပ်ပေါင်း (၃၀)၊

နတ်ဖြစ်လျှင် စက္ခုဒသက၊ သောတဒသက၊ ဃာနဒသက၊ ဇိဝှာဒသက၊ ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသကဟူသော ကမ္မဇရုပ် (၇) မျိုး၊ ရုပ်ပေါင်း ( ) ပါဝင်သည်။

ဤသို့ဖြင့်ကာမဝိပါက် (၉) ခု၊ စိတ် စေတသိက်၊ ကမ္မဇရုပ်ကလာပ်ဟူသော ရုပ်နာမ်များက လူနတ်တို့၏ ပဋိသန္ဓေ ကိစ္စကို ဆောင်ရွက်ပါသည်။

ဤသို့ဖြင့် ပဋိသန္ဓေကိစ္စကို ဆောင်ရွက်နိုင်သော (ဝါ) ပဋိသန္ဓေဖြစ်နိုင်သော တရားတို့ကို ပေါင်းချုပ်သော်–

- စိတ် (၁၉) ခု
- စေတသိက် (၃၅) ခု
- ရုပ်ကလာပ် (၇) ခုတို့ ရရှိပေသည်။

## အခန်း(၂)
## လူ့ဘဝ လူ့ခန္ဓာ လူကြမ္မာ ဖြစ်ရသည်မှာ

### ဗုဒ္ဓစာပေအရ လူ့ဘဝ

ဗုဒ္ဓစာပေဝယ် အမိဝမ်းတွင်း၌ လူသတ္တဝါ ပဋိသန္ဓေ တည်

www.dhammaransi.com



နေပုံကို ပြဆိုရာ၌-

- မိဘနှစ်ပါးတို့ သံဝါသပြုခြင်း။
- မိခင်ဥတုပန်းပွင့်ခြင်း (ဥတုသွေးလာခြင်း)။
- သူငယ်လောင်းဖြစ်သူကလည်း ဘဝဟောင်းမှ စုတေပြီး နောက် ထိုအမိဝမ်း၌ ဖြစ်ရန် အသင့်ရှိနေခြင်း။

ဤအင်္ဂါ (၃)ပါးနှင့် ညီညွတ်မှသာ သန္ဓေ တည်နိုင်သည် ဟုဆိုထားပါသည်၊

ယင်း (၃) ချက်တွင် ပထမအချက်သည် ပြောစရာမလိုပါ။ ဒုတိယအချက်တွင် ဗုဒ္ဓသည် လူသားတို့ ပဋိသန္ဓေ တည်နေပုံ ဟောကြားရာ၌ ထိုခေတ်လူတို့ နားလည်နိုင်သော ဥတုပန်း ပွင့်ခြင်းဟူသော အကြောင်းတစ်ချက်ကို ဟောကြားခဲ့သည်။

ဤသည်မှာ မိခင် ဥတုသွေးသည် မိခင်၏ အိုဗာ (သားဥ) ပင်ဖြစ်သည်။ ဗုဒ္ဓ၏ ဥတုပန်းပွင့်ခြင်းဟူသော ဟောကြားချက်သည် ဆေးပညာတွင် ဆေးပညာရှင်တို့၏ တွေ့ရှိထားသော အိုဗာခေါ် သားဥ ကျဆင်းခြင်းအချက်ပင် ဖြစ်ပါသည်။

သူငယ်လောင်းအသင့် ရှိနေခြင်းဟူသော အချက်တွင် မိဘနှစ်ပါး သံဝါသပြုနေဆဲအချိန်မှာ အသင့်ရှိနေဆဲဟု ဆိုလိုသည် မဟုတ်ပါ။ သန္ဓေတည်နိုင်သည့်ကာလကို အဋ္ဌကထာ (မ၊နှ ၂-၂၁၁)၌

"သားအိမ်၌ ဥတုသွေး စင်ကြယ်သောအခါ မိဘနှစ်ပါးတို့ တစ်ကြိမ် သံဝါသပြုထားလျှင် (၇) ရက်ပတ်လုံး သန္ဓေ တည်နိုင်သည့်

www.dhammaransi.com



ကာလချည်းဖြစ်သည်ဟု ဆိုထားသည်"

ယခုခေတ် ဆေးပညာရှင်တို့ အလိုအားဖြင့် ဖခင်၏ သုတ်ပိုးများ မိခင်၏ သားဥနှင့် မပေါင်းစပ်မီလျှင် သေကြေပျက်စီးရသည့် ကာလကို (၄) နာရီဟူ၍လည်းကောင်း၊ ၃၆ နာရီဟူ၍ လည်းကောင်း၊ ၂-၃ ရက်ဟူ၍လည်းကောင်း အမျိုးမျိုး ဆိုထားကြသည်ဖြစ်ရာ ထိုစကားစုအရ ဖခင်၏ (မျိုးစေ့) သုတ်ပိုးများသည် မိခင်၏ သားဥနှင့် သုံးရက်အတွင်း ပေါင်းမိလျှင်ပင် သန္ဓေတည်နိုင်သည်ဟု မှတ်ယူနိုင်၏။

တစ်ဖန် မိခင်၏ သားဥအိမ်မှ ကျဆင်းပြီးသော အိုဗာခေါ် သားဥသည် နောက်တစ်ကြိမ် ဓမ္မတာပေါ်လာ (ဥတုသွေးလာ) သည်အထိ မပျက်ဘဲ တည်နေသည်လည်း တစ်ခါတစ်ရံ ရှိတတ်သေးသည်ဟု ဆရာဝန်တို့ ဆိုကြသည်။ ထို့ကြောင့် ဥတုသွေး စင်ကြယ်သည့်အခါမှစ၍ နောက်တစ်ခါ ဓမ္မတာ (ဥတုသွေး) လာချိန်ထိ ဤကာလအတွင်းမှာပင် ဖခင်၏ သုတ်ပိုးနှင့် မိခင်သားဥ ပေါင်းစပ်မိလျှင် သန္ဓေတည်နိုင်သည်ဟု မှတ်ယူရပါမည်။

အထက်ဖော်ပြပါ အကြောင်းသုံးပါး ညီညွတ်မှ အများအားဖြင့် ပဋိသန္ဓေ တည်နေရပါသည်။ ဤအကြောင်းသုံးပါးတွင်လည်း သန္ဓေတည်မည့် သတ္တဝါ၏ ဘဝဟောင်းမှ ရွေ့ပြောင်းလာခဲ့ခြင်းသည် အချုပ်အခြာဖြစ်သည်။ ထိုနောက် မိခင်လောင်း၏ သားအိမ် စင်ကြယ်၍ ထိုသားအိမ်၌ ကလလရေကြည် တည်ငြိမ်နေဖို့ရာ သုတ်သွေး အစအနရှိလျှင် သန္ဓေတည်နိုင်တော့သည်။

www.dhammaransi.com



ထို့ကြောင့် မိဘလောင်းနှစ်ဦးတို့ ထိထိရောက်ရောက် ကူးလူးဆက်ဆံမှ မဟုတ်၊ သွေးများ လှုပ်ရှားလောက်အောင် မိခင်ကောင်း၌ ရာဂစိတ်ဖြစ်လျှင် သားအိမ်၌ သုတ်သွေး အစအန ရနိုင်တော့သည်။

သို့သော် ထိုမျှလောက် သုတ်သွေး အစအနဖြင့် သန္ဓေတည်ရသည်ကား အလွန့်အလွန် ရှားပါးချေသည်။ မိဘနှစ်ဦးတို့ တစ်ကြိမ်လောက် ကူးလူးဆက်ဆံထားလျှင် (၇)ရက်ကြာအောင် သန္ဓေတည်ဖို့ရာ ခေတ်အခါဖြစ်သည်။

ဝိမတိဋီကာ ဝဇိရဗုဒ္ဓိဋီကာတို့၌မူ (၁၅) ရက်ကြာအောင်ပင် ခေတ်အခါ ဖြစ်သည်ဟု ဆိုကြပါသည်။ ဤအဓိပ္ပာယ်ကို ရည်၍ ဒါဆိုလပြည့် မယ်တော်မာယာ ဥပုသ်စောင့်ခိုက်မှာ ဘုရားလောင်း သန္ဓေတည်တော်မူသည်ဟု ဆိုရာဝယ် ဟိုအင်္ဂါ မခက်ဘူးလားဟူ၍ မေးရာ ရွှေတောင် တောရဆရာတော်က-

မိမာတာ ကြာခမ်းက၊ ပန်းရတုရာသီ
ပွင့်ဆဲစခါဆီ၊ တူယှဉ်မှီပျော်ပါး
ကိန်းထိုက်တဲ့၊ ထိုသသူ
ထင်ရှေးရှု စုတိခိုက်ငြား။
သည်အင်္ဂါစုံစေ့မှ ဘုံခလေ့ ဤလူ့ပြည်
တည်သန္ဓေအများ
သည်အင်္ဂါသုံးပါးတွင်၊ ယုံမှားတဲ့ ဟိုအင်္ဂါ
တူယှဉ်မှီ တစ်ကြိမ်စက်က
ခုနှစ်ရက် ခေတ်ဖြစ်သည်သာ

www.dhammaransi.com



ဝိပတိကျမ်း ငြိကာမှာ
လခွဲကြာအောင် ခေတ်ဖြစ်ကြောင်းနှင့်
စုံပေါင်းနည်းတစ်ဖြာ ဟောပြခဲ့ပါ
သည်သန္ဓေခဏ်းမှာကွဲ့ ရွှေကျမ်းနဲ့ ကြည်မဟာငယ်
ဟိုအင်္ဂါခက်ပါဘုလေးဟု ဖြေဆိုပေးခဲ့ပါသည်။

ကလလ ရေကြည်သန္ဓေတည်မှု

ဗုဒ္ဓအလိုအရမူ ပဋိသန္ဓေစိတ်၊ စေတသိက်နှင့် အတူတကွ ကမ္မဇရုပ်ကလာပ်များ ပါဝင်ရာ ယင်းရုပ်ကလာပ်များကို "ကာလလရေကြည်"ဟု ခေါ်ဆိုနိုင်သည်။ ယင်းသည် ပမာဏအားဖြင့် အလွန်နုနယ်သော တောဆိတ်သတ္တဝါလေး၏ အမွေးတစ်ပင်ဖြင့် တို့ယူသော ဆီကြည်ပေါက်မျှ ရှိသည်ဟု ဆိုပါသည်။

ယင်းကလလ ရေကြည်သည် ရှေးကံကြောင့် ဖြစ်ပေါ်လာရသော သဘာဝတစ်မျိုးသားတည်း၊ မိဘတို့၏ သုတ်သွေးမဟုတ်၊ မိဘတို့၏ သုတ်သွေးဟု ထင်မှတ် မှားတတ်ပါသည်။ မိဘတို့၏ သုတ်သွေးကား ယင်းကလလရေကြည်ကို ထောက်ပံ့ပေးရုံသာ ဖြစ်သည်။

လူ စသော အမိဝမ်း၌ ပဋိသန္ဓေစ,တည်ကြရသည် မှန်သော်လည်း မိဘတို့၏ သုတ်သွေးကလည်း ထိုကလလ ရေကြည်ကလေးကို အရေးတကြီး ထောက်ပံ့ပေးလျက်ရှိပါသည်၊

ဤအရာ၌ မျိုးစေ့စိုက်ပျိုးပုံနှင့် ဥပမာ တင်ပြရသော် မျိုးစေ့

www.dhammaransi.com



စိုက်ပျိုးရာ၌ မျိုးစေ့၊ ရေ၊ မြေ၊ စိုက်ပျိုးသူ ဟူ၍ ရှိပေသည်။

- ကလလ ရေကြည်သည် - မျိုးစေ့နှင့်တူသည်၊
- မိဘတို့၏ သုတ်သွေးသည် - ရေမြေနှင့်တူသည်။
- ကလလ ရေကြည်ကို ဖြစ်စေသော ရှေးဘဝကံသည် - မျိုးစေ့စိုက်ပျိုးသူနှင့် တူသည်။

သို့အတွက် မျိုးစေ့ဟူသော ကာလလရေကြည်သည် သန္ဓေတည်နေဖို့ရာ စိုက်ပျိုးသူဟူသော ရှေးကံချည်းနှင့် မလုံလောက်ပေ။ ရေမြေဟူသော မိဘတို့၏ သုတ်သွေးကောင်းများလည်း အရေးတကြီး လိုအပ်ပေ၏။

မိဘတို့၏ သုတ်သွေးက ထောက်ပံ့ပေးပုံကို မိဘနှင့် မွေးလာသော ကလေးသူငယ်တို့ အရာရာ တူတတ်ပုံက သက်သေခံလျက် ရှိလေသည်။

ဥပမာ- မြေနီတွင်း၌ အောင်းနေသော ဖွတ်သတ္တဝါ၏ အဆင်းသည် နီ၍၊ မြေနက်အတွင်း၌ နေသော ဖွတ်သတ္တဝါ၏ အဆင်းသည် နက်သကဲ့သို့ မိဘတို့၏ သုတ်သွေး၌ ငြိတွယ်နေသော သန္ဓေသူငယ်၌ မိဘတို့၏ သုတ်သွေးမှ ဥတုဇရုပ်များ ဆက်သွယ်လျက်ရှိသောကြောင့် မွေးလာသော သူငယ်၏ အဆင်းသည် မိဘတို့၏ အဆင်းနှင့်တူသည်။ လက်ခြေသဏ္ဌာန်များလည်း တူတတ်သည်၊ အဆင်းသဏ္ဌာန်သာမက မိဘတို့၏ စိတ်နေ၊ စိတ်ထား၊ အတွင်းစရိုက်၊ သတ္တိ ဗျတ္တိ၊ အကြံဉာဏ်များလည်း သားသမီးတို့၌ ကူးစက်ပြန့်သွားတတ်ပေသည်။

www.dhammaransi.com



ပဋိသန္ဓေအခါ၌ ရှိသော ကလလ ရေကြည်သည်ကား ပကတိ မျက်စိဖြင့် မြင်လောက်သော အဆင်းသဏ္ဌာန် ရှိသည် မဟုတ်ပေ။ မှန်ခြေအားဖြင့် တိုက်ခန်းအတွင်း၌ ရောက်လာ၊ တိုး လာသော နေရောင်ခြည်စွယ်တွင် မြင်ရ၊ ထင်ရသော၊ သွားလာ ကူးယှက်၍ နေသော မြူသည် အနုမြူ မည်ပါသည်။ ထိုအနုမြူ၏ ၃၆-စိတ် စိတ်၍ တစ်စိတ်စာသည် ပရမာနုမြူ မည်ပါသည်။ ထိုပရမာနုမြူသည် လူတို့၏ ပကတိ မျက်စိဖြင့် မမြင်နိုင်ပေ။ ထိုပရမာနုမြူထက်ပင် သေးသိမ်သော အရာသည် ကလလ ရေကြည်ဟု ခေါ်ပါသည်။

ထိုကလလရေကြည်အနေအားဖြင့် (၇) ရက် (တစ်သတ္တာဟ ဖြစ်ပြီးနောက် အမြှုပ်သည် (၇) ရက်တိုင်တိုင် ဖြစ်လာသည်။ ထိုအမြှုပ်သည် အသားတို့ကို ရေဆေးသောအခါ ကျန်ရစ်သောအသား ဆေးရေနှင့် တူသည်ဟု ဆိုပါသည်)။

တတိယသတ္တာဟ (၇) ရက်တွင် အသားအစိုင်အခဲ ဖြစ် လာသည်။ ထိုအသားစိုင်ခဲသည် မုံ့ကျွဲသဲအစိုင်နှင့် သဏ္ဌာန်တူသည်။ အလွန်ခက်မာခြင်း သို့ မရောက်သေးဟု ဆိုပါသည်။

စတုတ္ထသတ္တာဟ (၇) ရက်တွင် အသားတစ်ဖြစ်လာသည်။ အသားတစ်သည် ကြက်ဥသဏ္ဌာန်နှင့်တူသည် အစွန်းအစမရှိ လုံးလုံး လျားလျား ရှိသည်။

ပဉ္စမသတ္တာဟ(၇)ရက်တွင်လက်နှစ်ဘက်၊ ခြေနှစ်ဘက်၊ ဦးခေါင်းဟု ဆိုအပ်သော ခက်မ ငါးဖြာ အစွန်းငါးစု ပေါ်ထွက်

www.dhammaransi.com



လာသည်။

ဆဌမသတ္တဟ (၇) ရက်မှာ ကောဒဿမ သတ္တဟတိုင် ကလာပ်သစ်များ တိုးပွားဖြစ်ပေါ်ခြင်း မရှိပေ။ မူလရုပ်ကလာပ်များသာ တစ်ဆင့်ထက်တစ်ဆင့် ရင့်သထက်ရင့်အောင်သာ ဖြစ်ပေါ်စေသည်။

ကောဒဿမသတ္တဟသို့ရောက်သောအခါ မျက်စိစသော အရာများဖြစ်နိုင်ရန် ခိုင်ခန့်သော အခြေသို့ရောက်လာသည်။

သင်္ဂြိုဟ်ဘာသာ ဋီကာ

* * *

## ဝက်နှုတ်သီးနှင့် ပြိတ္တာ

အရှင်နာရဒ မထေရ်သည် နံနက်စောစော ကိုယ်လက် သုတ်သင်ပြီးလျှင် ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံကြွရန် ဂိဇ္ဈကုတ်တောင်မှ ဆင်းသက်လာခဲ့သည်။ လမ်းတွင် မထေရ်သည် ရွှေအဆင်းရှိပြီး ဝက်နှုတ်သီးရှိသော ပြိတ္တာတစ်ကောင်နှင့်ဆုံမိသည်။ မထေရ်က ထိုပြိတ္တာကို–

"သင်၏ ကိုယ်ကား ရွှေသားနှင့်မယွင်း ခံတွင်းကား ဝက်နှုတ်သီးနှင့်တူ၏ အဘယ်မကောင်းမှုကို ပြုခဲ့ဖူးသနည်း"ဟု မေးသည်။

"အရှင်ဘုရား– ကျွန်ုပ်ကား ကဿပ ဘုရားရှင်လက်ထက်က ဘုရားသာသနာဝင် သင်ကဲ့သို့ ရဟန်းဖြစ်ခဲ့သည်။ ကိုယ်က စောင့်စည်း၏။ နှုတ်က မစောင့်စည်း။ ရဟန်းတို့ကို ဆဲရေးမိ၏။ သို့ပြောက် သေသောအခါ ငရဲ၌ ဖြစ်ရပြီးလျှင် ဘုရားတစ်ဆူနှင့်

www.dhammaransi.com



တစ်ဆူကြား ငရဲခံရပြီးနောက် ယခု ငရဲမှလွတ်သော် ထိုအကုသိုလ်ကံ အကြွင်းကြောင့် ဤကဲ့သို့ ပြိတ္တာဖြစ်နေရပါသည်။ အရှင်ဘုရား ကျွန်ုပ်၏ကိုယ်၊ လည်ပင်းအောက်က လူခန္ဓာကိုယ်သဏ္ဌာန်၊ အထက်ဦးခေါင်းက ဝက်သဏ္ဌာန် ရှိနေသည်ကို သင် ယခုပစ္စက္ခ မြင်ရပြီး ငါကဲ့သို့ မပြုပါလင့်၊ ကိုယ်နှုတ်နှလုံး ကောင်းစွာ စောင့်ထိန်းပါ"

ပြိတ္တာသည် ထိုသို့ဆိုပြီး ဆက်လက် ထွက်ခွာသွားသည်။ ရှင်နာရဒသည် ထိုပြိတ္တာအကြောင်းကို ဘုရားရှင်ထံ၌ ပရိသတ်လေးပါးအစုံ၌ လျှောက်ထားပြန်သည်။

ဘုရားရှင်က–

"နာရဒ– ငါသည် ဤသတ္တဝါကို ရှေးကပင် မြင်အပ်ဖူးခဲ့ပြီ"ဟု မိန့်ကြားပြီး ဝစီ၊ ဒုစရိုက်လေးပါး အပြစ်အကြောင်းတို့ကို ပရိသတ်တို့အား ဟောပြတော်မူသည်။

* * *

## ကိုယ်ဝန်ဖျက်ချ ပြိတ္တာမ

သာဝတ္ထိပြည်၏အနီး ရွာတစ်ရွာ၌ သူကြွယ်တစ်ယောက်၏ မယားသည် သားသမီး မထွန်းကား မြုံသည်။ ထိုသူကြွယ်၏ ဆွေမျိုးတို့သည်–

"သင်၏မယားသည် မြုံသည် သားမမွေး၊ အခြားမိန်းမ တစ်ယောက် ထပ်ယူပါ"ဟု တိုက်တွန်းကြလေသည်။

www.dhammaransi.com



ထိုသူကြွယ်သည် မယားကို ချစ်သဖြင့် အခြားတစ်ယောက် ထပ်ယူရန်စိတ်ဆန္ဒမရှိချေ။ သူကြွယ်၏မယားသည် ထိုသတင်းစကားကို ကြား၍ လင်ကို–

"သခင် ငါကား မြုံ၏ သားမမွေးဖွား၊ မိန်းမတစ်ယောက်ကို ထပ်ယူပါ၊ သင်၏ အမျိုးအနွယ်သည် မပြတ်ပါစေလင့်"ဟု တိုက်တွန်းသည်။

မယားက ခဏခဏပြောသည့်အတွက် သူကြွယ်သည် အခြားတစ်ယောက်ကို ဆောင်ယူလေသည်။ ထိုမိန်းမသည် မကြာခင် ကိုယ်ဝန် တည်လေသည်။

"ဤမိန်းမသည် သားရပါမှု ဤအိမ်နှင့် စည်းစိမ်ကို ပိုင်စိုးလိမ့်မည်"ဟု ငြူစူသောစိတ်ဖြစ်မိသည်။

သို့အတွက် ပရိုဗ်မတစ်ယောက်နှင့် ပေါင်းကာ ကိုယ်ဝန်ကျဆေးကိုပေးစေသည်။ မိန်းမငယ်သည် ပရိုဗ်မကို ယုံကြည်ပြီး ဆေးကို သောက်ရာမကြာခင် ထိုဆေးကြောင့် ကိုယ်ဝန်ပျက်ကျသည်။

အမျိုးသမီးသည် ထိုအကြောင်းစုံကို မိမိ၏ အမိအား ပြောပြသည်။ အမိသည် ဆွေမျိုးတို့နှင့် တိုင်ပင်ပြီး မိန်းမမြုံကို ခေါ်ယူတွေ့ကာ စစ်ဆေးကြသည်။

"သင်သည် ဤမိန်းမငယ်ကို ကိုယ်ဝန်ကျစေသည် မဟုတ်ပါလော"

"ငါသည် မချပါ"

"သင်မချက ကျိန်ရဲပါမည်လော"

www.dhammaransi.com



"ကျိန်ရဲပါသည်"

"ဒါဆို ကျိန်ပါ"

"အကယ်၍ ငါသည် ဤကိုယ်ဝန်ကို ချခြားအံ့ မကောင်းဘုံသို့ ရောက်၍ ငတ်မွတ်ခြင်း နှိပ်စက်လျက် နံနက် ငါးယောက်၊ ညနေ ငါးယောက် တစ်ကျိပ်သော သားတို့ကို ဖွားပြီး စားသော်လည်း ရောင့်ရဲခြင်းသို့ မရောက်သည် ဖြစ်ပါစေ၊ ယင်တလောင်းလောင်းနဲ့ မကောင်းသောအနံ့ရှိသူ ဖြစ်ပါစေ"

ဤသို့ ကျိန်တွယ် သစ္စာဆိုခဲ့သည်။ ထိုမိန်းမသည် မကြာခင် ကွယ်လွန်ခဲ့ရာ ထိုအကုသိုလ်ကံကြောင့် ထိုရွာအနီးအပါး၌ ပြိတ္တာမ ဖြစ်ရလေသည်။

ထိုအခါ ဇေတဝန်မှ ဝါကျွတ်၍ ဘုရားရှင်ကို ဖူးတွေ့ရန် သာဝတ္ထိသို့ လာကြသော ရဟန်းရှစ်ပါးသည် ထိုရွာသို့ ရောက်၍ ရေအရိပ်နှင့်ပြည့်စုံသော တောအုပ်၌ သီတင်းသုံး ခေတ္တနားကြသည်။

ထိုအခါ ပြိတ္တာမသည် မိမိကိုယ်ကို မထေရ်တို့အား ပြသည်၊ သံဃာမထေရ်ကြီးသည် ပြိတ္တာမကို မြင်၍-

"အဝတ်လဲ မပါ၊ အဆင်းလဲ မလှ၊ ယင်တလောင်းလောင်းနဲ့ မကောင်းအနံ့လှိုင်လျက် ငါတို့အနား ကပ်လာသော သင်သည် အဘယ်သူနည်း"ဟုမေးသည်။

"အရှင်ဘုရား တပည့်တော်မကား ပြိတ္တာမတည်း၊ မကောင်းမှုကိုပြု၍ ပြိတ္တာဘုံသို့ ရောက်ရပါသည်။ နံနက် သားငါးယောက်၊ ညနေ သားငါးယောက် ဖွား၍ သားတစ်ကျိပ် နေ့စဉ် စားသောက်

www.dhammaransi.com



နေရသော်လည်း ငတ်မွတ်ခြင်းမပြေ၊ ရေလဲမသောက်ရ၊ ဆင်းရဲခြင်းသို့ ရောက်နေရပါသည်ဘုရား"

"အဘယ်မကောင်းမှုကို ပြုခဲ့ပါသလဲ"

"လင်တူမိန်းမ၏ ကိုယ်ဝန်ကို ချခဲ့ဖူးပါသည်။ ပြီးတော့ လိမ်ညာပြီး ကျိန်စာဆိုမိခဲ့သော အကုသိုလ်မကောင်းမှုကို ပြုခဲ့မိပါသည်ဘုရား၊ ဤမကောင်းမှု အကျိုးနှစ်မျိုးကို ခံစားနေရပါသည်ဘုရား"

မထေရ်တို့သည် သံဝေဂတရား ရကြသည်။ ပြိတ္တာမသည် သံဃာတို့ကို တောင်းပန်ကာ–

"အရှင်ဘုရားတို့၊ ဤရွာ၌ ဤမည်သော သူကြွယ်ရှိပါသည်၊ ထိုသူ ကြွယ်ထံသို့ သွား၍ ဆွမ်းအလှူခံကြပါဘုရား၊ ထိုသူကြွယ်အား တပည့်တော်အကြောင်းစုံကို မိန့်ကြားပြီး အမျှပေးဝေစေပါဘုရား"ဟု လျှောက်ထားသည်။

မထေရ်တို့သည် ပြိတ္တာမအပေါ်၌ သနားကရုဏာဖြစ်ကာ ပြိတ္တာမ ပြောသည့်အတိုင်း ထိုသူကြွယ်အိမ်သို့ ဆွမ်းအလို့ငှာ ဝင်ကြသည်၊ သူကြွယ်ကလည်း ဝမ်းမြောက်ဝမ်းသာ လှူဒါန်းသည်။

မထေရ်တို့က ပြိတ္တာမအကြောင်းစုံကို ပြောပြပြီး ဆွမ်းအလှူကို အမျှဝေစေသည်၊ သူကြွယ်ကလည်း အမျှဝေသည်။

ပြိတ္တာမသည် အမျှရ၍ ချက်ချင်းပင် နတ်စည်းစိမ်ကို ခံစားရလေသည်။ ညဥ့်အခါ သူကြွယ်ထံလာ၍ ကိုယ်ထင်ပြသည်။

* * *

www.dhammaransi.com



## အနှစ်ငါးဆယ် အစာမစားရသော ပိဏ္ဍာမ

ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးသော် ပထမသံဂါယနာတင်ရန် နီးကပ်လာသော အချိန်ဖြစ်သည်။

ရှင်မဟာကဿပမထေရ်သည် တစ်ကျိပ်နှစ်ပါးသော သံဃာတော်တို့နှင့်အတူ ကောသမ္ဗီပြည်အနီး တောအုပ်တစ်ခု၌ သီတင်းသုံးနေထိုင်တော်မူသည်။

ထိုအခါ ဥတေနမင်း၏ မြို့ကို စီရင်သော အမတ်တစ်ယောက်သည် ကွယ်လွန်၍ မင်းသည် ထိုအမတ်၏သား ဥတ္တရလုလင်ကို ခေါ်၍ အဘအရာ၌ ခန့်ထားသည်။ ဥတ္တရလုလင်သည် မြို့ကို ပြင်ဆင်ရန် လက်သမားတို့ကို ခေါ်ယူပြီး တောသို့ ဝင်ခဲ့ရာ ရှင်မဟာ ကဿပနှင့် ဆုံတွေ့မိသည်။

ဥတ္တရလုလင်သည် မထေရ်ကို တွေ့သောအခါ မထေရ်၏ ဣရိယာပုဒ်ကို မြင်ကြည်ညိုပြီး မထေရ်ကို ရှိခိုးလေသည်။ မထေရ်သည် ဥတ္တရလုလင်ကို တရားဟောသည်။ လုလင်သည် မထေရ်တရားကို ကြားနာပြီးနောက် ရတနာသုံးပါး၌ ကြည်ညိုကာ သရဏဂုံ သုံးပါး၌ တည်သည်။ ထို့နောက် မထေရ်ကို ဆွမ်းဖိတ်ကြားသည်။ မထေရ်က သည်းခံတော်မူသည်။

ဥတ္တရလုလင်သည် မြို့သို့ပြန်ပြီးလျှင် တစ်ပါးသော မိတ်ဆွေတို့အား မထေရ်ကို ဖိတ်ကြားခဲ့ကြောင်း ပြောပြပြီး မိမိအလှူသို့

www.dhammaransi.com



လာကြရန် ဖိတ်ကြားသည်။

လုလင်သည် မိုးသောက်သော် မွှန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့ကို စီမံပြီး မထေရ်နှင့် သံဃာတော်များကို ပင့်လျှောက်စေသည်။ မထေရ်နှင့် သံဃာတော်များ ကြွလာသောအခါ ပန်းပေါက်ပေါက်တို့ဖြင့် ပူဇော်ပြီးလျှင် မွှန်မြတ်သော ဆွမ်း ဘောဇဉ်တို့ဖြင့် ပြုစုလုပ်ကျွေးသည်။ ဆွမ်း အနုမောဒနာပြုပြီး၍ မထေရ်တို့ ပြန်ကြွသောအခါ အိမ်ပေါက်ဝထိ လိုက်ပြီး-

"အရှင်ဘုရား- တပည့်တော်တို့ အိမ်သို့ မပြတ်ကြွတော်မူပါဘုရား"ဟု ပင့်ဖိတ်လျှောက်ထားသည်။ မထေရ်က သည်းခံတော်မူသည်။

ဥတ္တရလုလင်သည် ဤသို့လျှင် မထေရ်ကို လုပ်ကျွေး၍ မထေရ်၏အဆုံးအမ၌ တည်သည်။ သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်ခဲ့သည်။

နောင်အခါ ကျောင်းဆောက်၍ ဆွေမျိုးတို့ကို သာသနာတော်၌ ကြည်ညိုစေသည်။

သို့သော် ဥတ္တရလုလင်သည်ကား မစ္ဆေရစိတ်များစွာ ရှိသည်ဖြစ်၍-

"သင်သည် ငါအလိုမရှိဘဲ ရဟန်းတို့ကို ထမင်းအဖျော်တို့ကို လှူသည်။ ထိုအဖျော်သည် တမလွန်၌ သင့်အား သွေးတွေ ဖြစ်ပေါ်

www.dhammaransi.com



စေသတည်း”ဟု ကျိန်ဆဲသည်။

ကျောင်းဆောက်ပြီးစ ရေစက်ချသောနေ့တွင် ဥဒေါင်းမြီးစည်း တစ်ခုကို ပေးလှူခဲ့သည်။

ထိုအမိသည် သေသောအခါ ပြိတ္တာဘုံ၌ ဖြစ်ရသည်။ ဥဒေါင်းမြီးစည်းအလှူကို ဝမ်းမြောက်စွာ လှူခဲ့သောကြောင့် ထိုပြိတ္တာမ ၏ ဆံပင်တို့သည် ရှည်လျားမည်းနက် သိမ်မွေ့ကုန်လျက် အဖျား တင်၍ ကော့နေလေသည်။

ထိုပြိတ္တာမသည် ရေသောက်လို၍ ဂင်္ဂါမြစ်တွင်းသို့ သက်ဆင်း ခဲ့သည်။ ထိုအခါ ဂင်္ဂါမြစ်ရေသည် သွေးအတိ ပြီးနေ၏။ ထိုပြိတ္တာမ သည် အနှစ်ငါးဆယ်တို့ပတ်လုံး ငတ်မွတ်ခြင်း နှိပ်စက်၍ လှည့်လည်နေရသည်။

တစ်နေ့သ၌ အရှင်ကင်္ခါရေဝတမထေရ်သည် ဂင်္ဂါမြစ်နားတွင် နေသန့်ရာတွင် နေသည်ကို ပြိတ္တာမသည် မြင်၍ မထေရ်ထံသို့ မိမိကိုယ်ကို ဆံပင်ဖြင့် ဖုံးအုပ်ပြီး ချဉ်းကပ်သည်။

“အရှင်ဘုရား ၊တပည့်တော်ကား အနှစ်ငါးဆယ်တို့ပတ်လုံး ထမင်း၊ ရေတို့ကို မတွေ့ဖူးပါ။ ရေငတ်လှပါသည်။ ရေပေးတော်မူ ပါဘုရား”ဟု တောင်းသည်။

“ဤဂင်္ဂါမြစ်ကား ဟိမဝန္တာမှ စီးလာသည်။ ရေသည် အေးလှစွာ၏။ မြစ်ရေကို သောက်ပါလား၊ အဘယ်ကြောင့် ငါ့ထံ လာတောင်းနေရသလဲ”

“အရှင်ဘုရား- တပည့်တော် ရေသောက်ရန်မြစ်ထဲသို့

www.dhammaransi.com



ဆင်းပါက ရေတို့သည် သွေးအတိဖြစ်နေပါသည်ဘုရား၊ သို့အတွက် သောက်မရ၊ ရေငတ်လှပါသည်ဘုရား"

"သင်သည် အဘယ်မကောင်းမှုကို ပြုခဲ့ဖူးပါသနည်း"

"အရှင်ဘုရား၊ တပြည့်တော်မသည် တပည့်တော်သား ဥတ္တရလုလင်က ရဟန်းတို့ကို ပစ္စည်းလေးပါးလှူသည်ကို မချေရစိတ်ဖြင့် ဤအလုံးစုံသည် သင့်အား တမလွန်ဘဝ၌ သွေးဖြစ်စေသတည်းဟု ကျိန်ဆဲမိပါသည်။ ဤမကောင်းမှုကံကြောင့် ဂင်္ဂါမြစ်ရေသည် သွေးဖြစ်နေရပါသည်ဘုရား"

ထိုအခါ ကခ်ါရေဝတမထေရ်သည် ပြိတ္တာမအား သနားခြင်း ကရုဏာ ရှိတော်မူသည်ဖြစ်၍ သံဃာတော်များအား သောက်ရေကို လှူ၍ အမျှပေးဝေသည်။ ဆွမ်းခံ၍ ဆွမ်းလှူပြီး အမျှပေးဝေသည်။ ထိုအမျှဝေမှုကို ရ၍ ပြိတ္တာမသည် ချက်ချင်းပင် နတ်စည်းစိမ်တို့သည် ထင်ရှားဖြစ်ကြသည်။

ထို့သို့ ခံစားရသည်ကို ပြိတ္တာမသည် မထေရ်အား ထင်ရှားစွာ လာပြတော်မူသည်။

* * *

## သားသမီးက နတ် ၊ မိဘက ပြိတ္တာ

အရှင်သံကိစ္စမထေရ်သည် ဇာရာဏသိပြည် ကုသိပတန မိဂဒါဝုန်တော၌ သီတင်းသုံးနေချိန်ဖြစ်သည်။

www.dhammaransi.com



ဗာရာဏသီပြည်၌ မိစ္ဆာဒိဋ္ဌိအယူရှိသော ပုဏ္ဏားတစ်ယောက်၌ သားနှစ်ယောက် သမီးတစ်ယောက်ရှိသည်။ ထိုသုံးယောက်တွင် သားကြီးသည် ဗုဒ္ဓ၏ဥပါသကာတစ်ဦးနှင့် အဆွေခင်ပွန်းဖြစ်သည်။

ဥပသကာသည် အရှင်သံကိစ္စမထေရ်ကို ဆည်းကပ် ကိုးကွယ်သည်။ မထေရ်ထံ သွားတိုင်း ထိုသားကြီးကို ခေါ်သွားလေ့ရှိသည်။ အရှင်သံကိစ္စမထေရ်သည် ထိုသားကြီးကို တရားဟောသည်။ သားကြီးသည် နူးညံ့သောစိတ်ရှိသည်။ တစ်နေ့တွင် ဥပါသကာက သားကြီးကို–

"မိတ်ဆွေ သင်သည် ရဟန်းတစ်ပါးအား နိစ္စပတ်ကိုလှူပါ"ဟု မေတ္တာရပ်ခံသည်။

"အဆွေ ငါတို့ပုဏ္ဏားမျိုးတွေမှာ ရဟန်းတို့ကို လှူသော အလေ့အထ မရှိပါ"

"ဒါဆို သင်၊ ငါ့ကိုကော နိစ္စပတ် ပေးမလား"

"သင့်ဆိုရင်တော့ မပေးဘဲ ဘယ်ရှိပါ့မလဲ"

"ဒါဆိုလျှင် သင်က ငါ့ကို ပေးလျှင် ငါက သင့်ကိုယ်စား ငါက ရဟန်းတစ်ပါးကို လှူပေးပါမည်"

"ကောင်းပါတယ်"

ထိုသားကြီးသည် နောက်နှစ်ရက်ကြာသော ဆွမ်းအုပ်ကိုယူ၍ ကျောင်းသို့ လိုက်သွားကာ ရဟန်းတစ်ပါးကိုပင့်ပြီး ဆွမ်းကျွေးသည်။

ဤသို့ကာလရှည်ကြာသော် ရဟန်း၏မြတ်သော အကျင့်ကို မြင်၍ လည်းကောင်း၊ တရားကို ကြားနာသိရ၍ လည်းကောင်း၊

www.dhammaransi.com



ထိုသားကြီး ၏ညီငယ်၊ နှမငယ်တို့သည် သာသနာတော်၌ အလွန်ကြည်ညိုကြပြီး ကောင်းမှု၌ မွေ့လျော်ကြသည်။

ဤသို့လျှင် မောင်နှမသုံးယောက်တို့သည် စည်းစိမ် အားလျော်စွာ ဒါန စသော ကောင်းမှုတို့ကို ပြုကြသည်။

မိဘတို့က သဒ္ဓါတရား မရှိကြကုန်၍ ကောင်းမှုကို မပြုကြ၊ ထိုသူတို့၏သမီးကို ဦးရိုးသားအတွက် လက်ထပ်ပေးရန် ဦးရိုးဘက်က တောင်းကြသည်။ ဦးရိုး၏ သားသည် ထိုအချိန်က တရားသံဝေဂရ၍ အရှင်သံကိစ္စထံ၌ ရဟန်းပြုနေပြီး အိမ်သို့ ဆွမ်းစား မပြတ်သွားနေလေသည်။

ထိုသာမဏေကို အမိသည် အရိုး၏ သမီးနှင့် ဖြားယောင်းမိသည်။

သို့အတွက် သာမဏေသည် ကြာသော် အရိုး၏ သမီး၌ သာယာပြီး ဆရာထံ သွားကာ လူထွက်လိုကြောင်း လျှောက်ထားသည်၊ ဥပဇ္ဈာယ်ဆရာသည် သာမဏေ၏အကြောင်းအထောက်အပံ့ကို မြင်၍–

"ငါ့ရှင် သာမဏေ တစ်လမျှ ဆိုင်းငံ့ပါဦး"ဟု တားသည်။

သာမဏေသည် ဝန်ခံ၍ တစ်လစောင့်သည်။ တစ်လပြည့်သော် ဆရာထံသွား၍ လူထွက်ရန် ခွင့်ပန်ပြန်သည်။ ဆရာက လခွဲစောင့်ပါဦးဆိုသော် စောင့်ပြန်၏။ လခွဲပြည့်၍ ဆရာထံ လျှောက်ပြန်သော် ခုနစ်ရက်မျှ စောင့်ဦးဟုဆိုသည်။ သာမဏေကလည်း ကောင်းပါပြီဟု ဝန်ခံ၍ စောင့်သည်။

www.dhammaransi.com



ထိုအခါ ခုနစ်ရက်အတွင်း၌ သာမဏော အရိုး၏ အိမ်သည် လေမိုးကြမ်းတိုက်၍ ပြိုကျခဲ့သည်။ ပုဏ္ဏားလင်မယား၊ သားသမီး တို့သည် အိမ်ပိ၍ သေကြလေသည်။

ပုဏ္ဏားလင်မယားတို့က ပြိတ္တာဖြစ်ကြပြီး သားသမီး သုံး ယောက်တို့က ဘုမ္မဇိုဝ်းနတ်ဖြစ်ကြသည်။

ထိုသုံးယောက်တို့တွင် အစ်ကိုကြီးက ဆင်ယာဉ်၊ ညီကား မြင်းယာဉ်၊ နှမငယ်က ရွှေထမ်းစင်ရသည်။

ပုဏ္ဏားလင်မယားတို့ကား ကြီးစွာသော ဆောက်ပုတ်တို့ကို ကိုင်ပြီးလျှင် အချင်းချင်း ရိုက်နှက်ကြကုန်၏။ ရိုက်နှက်ရာမှ အိုးစ ရည်း ပမာဏရှိသော အိုင်အဖုသည် ထ၍ တခဏချင်း မှည့်ပြီး ပေါက်ကွဲလေသည်။

ထိုလင်မယားတို့သည် အချင်းချင်း ဒေါသထွက်ကြပြီး အိုင်အမာအနာတို့ကို ဖောက်ထုတ်ကာ သွေးကို သောက်ကြရသည်။ သောက်ကုန်သော်လည်း ဆာလောင်မှု အာသာဆန္ဒ မပြည့်ဝကြချေ။

ထိုအခါ သာမဏေသည် လူထွက်လိုရကား ဆရာထံသို့ သွားပြီး-

"အရှင်ဘုရား၊ ဝန်ခံထားအပ်သော ရက်တို့ ပြည့်ပါပြီ၊ လူ ထွက်ခွင့် ပြုတော်မူပါဘုရား"ဟု လျှောက်ထားသည်။

ထိုနေ့သည် လပြည့်ကျော် တစ်ဆယ့်လေးရက်နေ့ဖြစ်သည်။ ဆရာမထေရ်သည်ညနေ နေဝင်လတ်သော် သာမဏေကို ခေါ်ကာ ဣသိပတနကျောင်း၏ နောက်နံပါး၌ အတန်ငယ် သွား၍ ရပ်နေသည်။

www.dhammaransi.com



ထိုအခါ သားနှစ်ယောက်နှင့် နှမငယ်တို့သည် ထိုလမ်းခရီးဖြင့် နတ်သဘင်အစည်းအဝေးသို့ သွားကြသည်။ ထိုသူတို့၏ မိဘတို့သည် ဆောက်ပုတ် လက်စွဲကုန်လျက် မည်းညစ်သောအဆင်း၊ ဖရိုဖရဲဆံပင်၊ တစ်ဦးနှင့်တစ်ဦး ကြမ်းတမ်းသော စကားဆိုပြီး သားသမီးတို့ နောက်သို့ အစဉ်လိုက်ကြသည်။

အရှင် သံကိစ္စမထေရ်သည် သာမဏေမြင်အောင် ထိုသူတို့ကို တန်ခိုးဖြင့် ပြသသည်။

"သာမဏေငယ် မြင်၏လော"

"မြင်ပါသည်ဘုရား"

"ဤသို့ဆိုက သူတို့ ပြုခဲ့သော အမှုကို မေးပါလော့"

သာမဏေသည် ဆရာဆိုတိုင်း မေးသော် နတ်သားနတ်သမီးတို့သည် မိမိတို့ဘဝ အကြောင်းစုံကို ပြောပြကြသည်။

"နောက်က လာသော ပြိတ္တာတို့ကို မေးပါဦးလော"

"မထေရ်က ဆက်လက်စေခိုင်းသည်"

"ရှေ့ဆုံးက နတ်သားက ဆင်ယာဉ်နှင့်သွားသည်။ အလယ်က နတ်သားက မြင်းယာဉ်နှင့် သွားသည်။ နောက်က နတ်သမီးက ရွှေထမ်းစင်နှင့်သွားသည်။ သင်တို့မှာကား မအပ်မရာ အဘယ်ကြောင့် ဤသို့ပြုမူနေကြပါသနည်း"

"ရှေ့ဆုံးက သားကြီး၊ အလယ်နတ်သားက သားလတ်၊ နောက်နတ်သမီးကား သမီးငယ်ပါ၊ သူတို့သည် ရဟန်းသံဃာတို့ကို ပေးလှူခဲ့ကြ၍ ဤသို့သော စည်းစိမ်ကို ခံစားရပါသည်။ ငါတို့မှုကား

www.dhammaransi.com



ဝန်တိုကုန်သည်ဖြစ်၍ ရဟန်းသံဃာတို့ကို ဆဲရေးခဲ့သော မကောင်းမှုကြောင့် ဤသို့ဖြစ်ကြရပါသည်။ သာမဏေငယ်၊ ငါတို့သည်ကား လူ့ဘဝတုန်းက သင်၏ ဦးရီး၊ အရီးတို့ပင် ဖြစ်ကြပါသည်"

သာမဏေငယ်သည် ထိုစကားကို ကြားရ၊ သူတို့၏ ဘဝကို ဒိဋ္ဌမြင်တွေ့ရသောအခါ အလွန်ထိတ်လန့် ကြောက်ရွံ့ပြီး လူထွက်လိုစိတ် ပြေပျောက်သွားသည်။ ဆရာမထေရ်ကို ရှိသေစွာ ရှိခိုးကာ–

"အရှင်မြတ်ဘုရား၊ အရှင်မြတ်ကြောင့် တပည့်တော် အကျိုးမဲ့ မပျက်စီးရပါသည်။ ယခုအခါ အိမ်ရာ တည်ထောင် လူ့ဘောင်မနေလိုပါ၊ မြတ်သော အကျင့်ဖြင့်သာ မွေ့လျော်နေပါတော့မည်"ဟု လျှောက်ထားသည်။

မထေရ်မြတ်သည် သာမဏေအား သင့်လျော်သော ကမ္မဋ္ဌာန်းတရားကို ပေး၍ ကျင့်စေရာ မကြာမီ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

* * *

## သွေးအပြည့် မစင်ပုတ် စားရသော ဗြိတ္တာမ

တစ်ချိန်သောအခါက ရဟန်းတစ်ကျိပ်နှစ်ပါးသည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတရား ယူပြီးလျှင် လျောက်ပတ်သောအရပ်ကို ဝါကပ်ရန် နေရာရှာကြသည်။

ရဟန်းတို့သည် အရပ်ရေနှင့်ပြည့်စုံ၍ နှလုံးမွေ့လျော်

www.dhammaransi.com



ဖွယ်ကောင်းသော တောအုပ်တစ်ခုနှင့် ထိုတောအုပ်နှင့်မနီးမဝေးတွင် ရွာတစ်ရွာ ရှိသည်ကိုမြင်၍ ထိုတောအုပ်၌ နေရန် ဆုံးဖြတ်ကြသည်။ ထိုရွာ၌လည်း ရက်ကန်းသည် တစ်ကျိပ်တစ်ယောက်တို့သည် နေကြသည်။

ရဟန်းတို့သည် နောက်တစ်ရက်တွင် ထိုရွာသို့ ဆွမ်းခံဝင်ကြသည်။ ရက်ကန်းသည်တို့သည် ရဟန်းတို့ကို မြင်ရလျှင် ဝမ်းမြောက်ဝမ်းသာသော စိတ်ရှိသည်ဖြစ်၍ မိမိတို့အိမ်များသို့ ပင့်ပြီး မွန်မြတ်သော ဘောဇဉ်တို့ဖြင့် လုပ်ကျွေးကြသည်။

"အရှင်ဘုရားတို့ အဘယ်အရပ်သို့ ကြွတော်မူကြမည်နည်း"ဟု မေးလျှောက်ကြသည်။

"ငါတို့ ချမ်းသာရာ အရပ်ကို ရှာနေကြပါသည်"

"ဤသို့ဆိုက အရှင်မြတ်တို့ ဤအရပ်၌သာ ဝါကပ်တော်မူကြပါဘုရား"

ရဟန်းတို့သည် ဝန်ခံကြသည်။ ရက်ကန်းသည်တို့သည် ရဟန်းတို့အား ကျောင်းသင်္ခမ်း စသည်တို့ကို ဆောက်လုပ်ပေး၍ လုပ်ကျွေးပြုစုကြသည်။ ရက်ကန်းအကြီးအကဲက သံဃာနှစ်ပါး လုပ်ကျွေးပြီး ကျန်သံဃာတို့ကို ကျန်ရက်ကန်းသည်တို့က တစ်ပါးစီ ပြုစုလုပ်ကျွေးကြသည်။

ရက်ကန်းအကြီးအကဲ၏ မယားက သဒ္ဓါတရားနည်းသည်။ ရဟန်းတို့အပေါ်၌ ဝန်တိုမိစ္ဆာရှိသည်။ ရဟန်းတို့ကို ရိုသေစွာ မလုပ်ကျွေး။

www.dhammaransi.com



လင်သည် ထိုအချင်းအရာကို မြင်၍ မယား၏ ညီမကို ခေါ်ယူ၍ အိမ်၏ စည်းစိမ်ဥစ္စာအားလုံးကို အပ်နှင်းထားသည်။ ထိုမိန်းမကား သဒ္ဓါတရား ရှိ၏။ ရဟန်းတို့ကို ကြည်ညိုသည်။ ရိုသေစွာ လုပ်ကျွေးသည်။ ဝန်တိုမိစ္ဆာမရှိ။

ရက်ကန်းသည်တို့သည် ဝါကျွတ်သောအခါ သံဃာတို့အား သင်္ကန်းတစ်စုံစီ လှူဒါန်းကြသည်။ ရက်ကန်းအကြီးအကဲ၏ မယားကြီးက ဝန်တိုသောစိတ်ဖြင့်–

"သင်သည် ရဟန်းတို့ကို ထမင်းအဖျော်လှူ၏။ ထိုထမင်းအဖျော်တို့သည် သင့်အား တမလွန်ဘဝ၌ ကျင်ကြီးကျင်ငယ် သွေးအပြည့်ဖြစ်ပါစေ၊ လှူသော ပုဆိုးအဝတ်သင်္ကန်းတို့သည် အလျှံပြောင်ပြောင် တောက်သော သံပြားဖြစ်ပါစေ"ဟု ကျိန်ဆဲလေသည်။

ရက်ကန်းသည် အကြီးအကဲသည် နောင်သေလွန်သော် ဝိဉ္ဈာဋဝီတော၌ တန်ခိုးအာနုဘော်နှင့် ပြည့်စုံသော ရုက္ခစိုးနတ် ဖြစ်သည်။ ဝန်တိုသော မယားကြီးက သေ၍ ရုက္ခစိုးနတ်အနီး၌ ပြိတ္တာမ ဖြစ်လေသည်။

ထိုပြိတ္တာမသည် အဝတ်မပါ၊ ယုတ်မာသော အဆင်းရှိသည်ဖြစ်၍ ဝတ်မွတ်ခြင်းဖြင့် နှိပ်စက်လျက် ရုက္ခစိုးနတ်ထံ သွားပြီး–

"သခင်၊ ငါ့အား အဝတ်မဝတ်ရ၊ အလွန်လျှင် ဆာလောင်မွတ်သိပ်၏၊ အဝတ်၊ ထမင်းအဖျော် ပေးပါ"ဟု တောင်းသည်။

ရုက္ခစိုးနတ်သည် ထိုပြိတ္တာမကို များစွာသောအဝတ်၊ ထမင်း၊ အဖျော်တို့ကို ပေးသည်။ ထိုပြိတ္တာမသည် ယူကာမျှဖြင့် ထိုအရာ

www.dhammaransi.com



တို့သည် ကျင်ကြီးကျင်ငယ် သွေးပြည် ဖြစ်လာသည်။ ပြိတ္တာမသည် ကြီးစွာသော ဒုက္ခကို ခံစားလျက် ထမင်းအဖျော်တို့ကို စွန့်ပြီး ငိုကြွေးလျက် လှည့်လည်သည်။

ထိုအချိန် ရဟန်းတစ်ပါးသည် ဝါကျွတ်၍ ဘုရားသခင်ကို ဖူးမြင်ရန် ကုန်သည်တို့၏ လှည်းနှင့်လိုက်လာရာ ဝိဉ္စာဋဝီတောလမ်းခရီးသို့ ရောက်လာသည်။ ကုန်သည်တို့သည် နေ့အခါ သွား၍ ညဥ့်အခါ ရေရှိရာ အရပ်၌ လှည်းတို့ကို ချွတ်၍ အပန်းဖြေကြသည်။

ရဟန်းသည် ငြိမ်းအေးမှုကို လိုသဖြင့် လှည့်တို့နှင့် အတန်ငယ်ဝေးသော အမှတ်မရှိ တောချုံဖြင့် ဖုံးလွှမ်းနေသော သစ်ပင်ရင်း၌ ဒုကုဋ်ကို ခင်း၍ လျောင်းသော် အိပ်ပျော်ခြင်းသို့ ရောက်သွားသည်။

လှည်းသားတို့သည် ထိုရဟန်းကို မနှိုးကြဘဲ ဆက်သွားကြသည်။ ရဟန်းသည် ညချမ်းသောအခါ နိုး၍ ကြည့်လတ်သော် လှည်းတို့ကို မမြင်၍ ခရီးလမ်းမှားကို လိုက်သွားမိသည်။

ထိုအခါ ရက္ခစိုးနေသော နေရာသို့ ရောက်သွားသည်။ ထိုအခါ ရက္ခစိုးသည် ရဟန်းကို မြင်၍ လူအသွင်ဖြင့် ရဟန်းထံချဉ်းကပ်ပြီး မိမိဗိမာန်၌ ထားကာ ပြုစုလုပ်ကျွေးလေသည်။

ထိုအခါ ပြိတ္တာမသည် ဗိမာန်သို့ ရောက်ရှိလာပြီး ယခင်ကလိုပင် ထမင်းအဖျော် အဝတ်တို့ကို တောင်းပြန်သည်။ ရက္ခစိုးကလည်း ပေးပြန်သည်။ ပေးသမျှတို့သည် ကျင်ကြီးကျင်ငယ် သွေးပြည်အတိဖြစ်ကြသည်။ အဝတ်သည် အလျှံတပြောင်ပြောင် တောက်သော သံပြားဖြစ်လေသည်။

www.dhammaransi.com



ရဟန်းသည် ထိုအခြင်းအရာ အားလုံးကို မြင်၍-

"ဤပြိတ္တာမသည် ရှေးက အဘယ်မကောင်းမှုကို ပြုခဲ့ပါသနည်း"ဟု ရက္ခစိုးကို မေးသည်။

"ဤမိန်းမကား ရှေးဘဝက တပည့်တော်၏ မယားကြီး ဖြစ်ပါသည်။ မသဒ္ဓါ၊ မကြည်ညို၊ ဝန်တိုမိစ္ဆာကြီး၏။ ရဟန်းသံဃာတို့အား ပေးလှူသော တပည့်တော်ကို ဆဲရေး၏။ ထိုဆဲရေးခြင်းအမှုသည် ကျွန်ုပ်ထိပ်ပေါ်၌ မကျ ၊သူ့ပေါ်သို့ပင် ပြန်၍ ကျပါသည်" ဟု လျှောက်ထားသည်။

"အရှင်ဘုရား၊ ဤမိန်းမ၏ ပြိတ္တာဘဝမှ လွတ်ခြင်းငှာ တစ်စုံတစ်ခုသောအကြောင်းသည် ရှိပါသလော"ဟု မေးလျှောက်သည်။

"အသင် ရက္ခစိုး ရှိ၏။ ဘုရားရှင်အား သော်လည်းကောင်း၊ အရိယာသံဃာတော်အားလည်းကောင်း၊ ရဟန်းတစ်ပါးပါးအားလည်းကောင်း အလှူပေး၍ ဤပြိတ္တာမအား အမျှပေးသော် ဤပြိတ္တာမသာခုအနုမောဒနာ ခေါ်နိုင်က ပြိတ္တာဘဝမှ လွတ်မြောက်နိုင်ပေသည်"

ထိုအခါ ရက္ခစိုးနတ်သားသည် ရဟန်းအား မွန်မြတ်သော ထမင်းအဖျော်တို့ကို ပြု၍ လှူပြီးလျှင် ထိုဒါနကို ပြိတ္တာမအား အမျှပေးဝေသည်။ ထိုခဏမှာပင် ပြိတ္တာမအား ဝဖြိုးသောကိုယ်ဖြစ်ပြီး နတ်အဟာရတို့ကို မှီဝဲကြသည်။ နတ်က ရဟန်းလက်၌ နတ်ဝတ်ပုဆိုးကို လှူ၍ အမျှပေးဝေပြန်ရာ ပြိတ္တာမသည် နတ်ဝတ်တန်ဆာဖြင့် တင့်တယ်ပြီး နတ်သမီးနှင့် တူလေသည်။

www.dhammaransi.com



ရဟန်းသည် နတ်၏တန်းခိုးဖြင့် ထိုနေ့ပင် သာဝတ္ထိပြည်သို့ ရောက်သည်။ ဘုရားရှင်ထံ ဝင်ဖူးကာ နတ်လှူလိုက်သော ပုဆိုးကို ဘုရားရှင်အား လှူကာ အကြောင်းစုံလျှောက်ထားသည်။

ဘုရားရှင်က အကြောင်းကို ပရိသတ်လေးပါးတို့အား ဟောပြော ပြတော်မူရာ ပရိသတ်တို့ သံဝေဂတရားများစွာ ရကြလေသည်။

* * *

## ကုန်သည်မိသားစု ပြိတ္တာ

သာဝတ္ထိပြည်အနီး ရွာငယ်တစ်ရွာ၌ ကောက်ကျစ်စဉ်းလဲသော ကုန်သည်တစ်ဦး ရှိသည်။ သူသည် ချိန်စဉ်းလဲ၊ တင်းစဉ်းလဲ၊ အသပြာ စဉ်းလဲတို့ဖြင့် အသက်မွေးသည်။

ထိုကုန်သည်သည် သလေးစပါးဖျင်းတို့ကို မြေနီဖြင့်ထုံလျက် လေးသည်တို့ကို ပြု၍ နီသော သလေးတို့နှင့် ရောကာ ရောင်းချစားသည်။

ကုန်သည်၏ သားကလည်း အိမ်သို့လာသောအခါ အဆွေ ခင်ပွန်းတို့ကို မြတ်နိုးခြင်း၊ ဝမ်းမြောက်ဝမ်းသာ လက်ခံခြင်း မပြု၊ ညည့်ဝတ်ကျေစွာ မပြုလုပ်ကြဟု ဆိုကာ မိခင်ထိပ်ကိုသာ ရေထမ်းပိုးဖြင့် ရိုက်နက်သည်။

သား၏မယားချွေးမကလည်း အိမ်သား အားလုံးအတွက်

www.dhammaransi.com



ထားအပ်သော အမဲသားတို့ကို ခိုးယူစားသောက်ပြီး စစ်မေးသောအခါ လိမ်ညာပြီး–

"အကယ်၍ ငါသည် ဤအမဲသားကို စားမိပါက ဖြစ်လေရာ ဘဝတိုင်း ဘဝတိုင်း၌ ငါ၏ကျောသားကို ငါနှုတ်၍ စားရစေသော်"ဟု ကျိန်ဆိုခဲ့သည်။

ကုန်သည်မယားကလည်း သူတစ်ပါးတို့က စိုးစဉ်းသော အရာဝတ္ထုကို တောင်းခဲ့သည်ရှိသော် ရှိလျက် မပေးလို၍–

"အကယ်၍ ထင်ရှားရှိလျက် မျိုး ဝှက်ကွယ်ချေသော် ဖြစ်တိုင်းသော ဘဝ၌ပင် မစင်ကို စားရသောကိုယ်ဖြစ်ပါစေ"ဟု ကျိန်တွယ်ခဲ့သည်။

ထိုလေးယောက်သားတို့သည် ကွယ်လွန်သည်ရှိသော် ဝိဥ္စာဍာဝိ တော၌ပြိတ္တာဖြစ်ကြရသည်။

ကုန်သည်သည် ကံ၏အကျိုးအားဖြင့် အလျှံတပြောင်ပြောင် တောက်သော ဖွဲကိုလက်နှစ်ဘက်တို့ဖြင့် ကျုံးယူပြီး မိမိ ဦးခေါင်း ထက်၌ လောင်းချပြီး ဆင်းရဲဒုက္ခကို ခံနေရသည်။

သားသည် သံဆောက်ပုတ်ဖြင့် မိမိအလိုလို မိမိ၏ဦးခေါင်းကို ခွဲ၍ ဆင်းရဲသောဒဏ်ကို ခံစားနေရသည်။

ချွေးမသည် အကုသိုလ်ကံ အကျိုးကြောင့် ရှည်စွာသော လက်သည်းတို့ဖြင့် မိမိကျောသားကို ခြစ်ကုပ်လျက် နှုတ်စားရပြီး ဆင်းရဲသောဒုက္ခကို ခံစားနေရသည်။

မယားသည် စင်ကြယ်သော သလေးထမင်းကို ရသော်လည်း

www.dhammaransi.com



မိမိလက်ထဲရောက်က မစင်ဖြစ်ပြီး ထိုမစင်ကို စားရသည်။

အရှင်မောဂ္ဂလာန်မထေရ်သည် တစ်နေ့ ထိုအရပ်သို့ ရောက်ပြီး ထိုပြိတ္တာတို့ကို တွေ့မြင်၍-

"အသင်တို့သည် အဘယ်အကုသိုလ်ကံကြောင့် ဤသို့ ခံစားနေရသနည်း"ဟု မေးသည်။

ထိုအခါ ပြိတ္တာတို့က မိမိတို့ပြုခဲ့ဖူးသော အကုသိုလ်ကံ အမှုတို့ကို အသီးသီး လျှောက်ထားကြသည်။

မထေရ်သည် သင်တို့ပြုသော အမှုကား ကြီးမားစွဟု သံဝေဂ ဖြစ်တော်မူသည်။

*　*　*

## အပ္ပမာဒ သတိတရား

တက္ကသိုလ်သျှင်သီရိ
(ဓမ္မာစရိယ ဘီ-အေ)

"ထူးကဲလက္ခဏာ" ဆားပမာလျှင်၊ ဟင်းလျာတိုင်းညှိ၊ ကျေးဇူးရှိသို့၊ သတိမှန်တိုင်၊ မလွှန်နိုင်ဘြား၊ ဤတရားကို ငါသာမင်းစစ်၊ လစ်ရစ်နဲ့."

(မာဃဒေဝ)

ယနေ့ သာမန်လူတန်းစားတို့သည် ပစ္စုပ္ပန် ကောင်းစားရေးကို း်စားပေး လိုက်စားကြ၊ ကျင့်ကြံအားထုတ်ကြလျက် ဗုဒ္ဓဘာသာ

www.dhammaransi.com



တရားတော်များကို လေးလေးနက်နက် မလိုက်စားကြဘဲ ဗုဒ္ဓဘာသာ တရားကို တမလွန် ကောင်းစားရေးတရားဟု ယုံမှားသံသယ ရှိနေခဲ့ကြသည်။

ဗုဒ္ဓဟောကြား တရားတော်များသည် ပစ္စုပ္ပန်ရေး မပါ၊ တမလွန်ရေးအတွက်သာ ဖြစ်သည်ဟု သုံးသပ်ဝေဖန်ပြီး လောကီရေးရာတို့ကို သာမန်အတွေး၊ သာမန်အလုပ်ဖြင့် ဘဝ ကျင်လည်နေကြသည်။ ထိုအတွေးအယူအဆသည် ယခုခေတ်ကျမှ ပေါ်သည်ကတော့ မဟုတ်ပါ။ ဘုရားရှင်လက်ထက်ကပင် ပေါ်ခဲ့ပါသည်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အရှင်ဘုရား၏ တရားတော်၌ ပစ္စုပ္ပန်ရော၊ သံသရာပါ နှစ်ပါးစုံအကျိုး ပြုနိုင်သောတရား နည်းလမ်းများ မရှိတော့ပါဘူးလား ဘုရား"

ဘုရားရှင်၏ ဒါယကာ ကောသလမင်း ကိုယ်တိုင်က လျှောက်ထားခဲ့ပါသည်။

"မင်းကြီး ငါဘုရား သာသနာအဆုံးအမ၌ ပစ္စုပ္ပန်ရော သံသရာပါ နှစ်ပါးစုံ အကျိုးပြုနိုင်သောတရား ရှိပါသည်။ ထိုတရားကား အပ္ပမာဒတရား ဖြစ်ပါသည်"

ဘုရားရှင်က တိုတိုတုတ်တုတ်ဖြင့် ပစ္စုပ္ပန်အကျိုးပြု တရားထဲက လှည်းနေ လှေအောင်း မြင်းဖောင်းမကျန် သတ္တဝါထုအားလုံးတို့အား အသေးအဖွဲ့ကိစ္စကအစ ကြီးမားလှသော ကိစ္စအသွယ်သွယ်တို့၌ပင် အရာရာ အကျိုးဖြစ်ထွန်းနိုင်သော အပ္ပမာဒလမ်းစဉ်ကို ညွှန်ကြားတော်မူခဲ့ပါသည်။

www.dhammaransi.com



အပ္ပမာဒ တရားဟူသည် မမေ့မလျော့ သတိတရား မကင်းကွာမှုကိုပင် ခေါ်ဆိုခြင်းဖြစ်ပါသည်။

လောကဝယ် အကောင်းသဘော၊ အပြုသဘော လုပ်ငန်းများ၌ သတိတရား လွတ်ကင်း၍ မဖြစ်နိုင်။ သတိလွတ်ကင်းသော အကောင်းသဘောဟူ၍လည်း ရှာဖွေ၍ တွေ့ရှိနိုင်မည် မဟုတ်ချေ။

လောကီရေးဖြစ်စေ၊ လောကုတ္တရာရေးဖြစ်စေ၊ ပစ္စုပ္ပန်ရေးဖြစ်စေ၊ တမလွန်ရေးဖြစ်စေ၊ သတိတရားကား အရာရာ၌ လိုအပ်ပါသည်။ အရသာမှန်သမျှ ဆားမပါလျှင် မပြီးသကဲ့သို့ ကိစ္စမှန်သမျှ သတိမပါလျှင် မကောင်းနိုင်ပါချေ။

လူ့လောကအကျိုးပြုတရားဝယ် ဤအပ္ပမာဒတရားသည် အရေးအကြီးဆုံး ဖြစ်ပါသည်။ ဘုရားရှင်က အင်္ဂုတ္တိုရ်ဧကနိပါတ်အစ္ဆရာ သင်္ဃာတဝဂ်-အဋ္ဌမသုတ်၌-

“မဖြစ်သေးတဲ့ အကုသိုလ်တရားတွေ ဖြစ်ပေါ်လာရေးနှင့် ဖြစ်ပြီးတဲ့ အကုသိုလ်တရားတွေ ဆုတ်ယုတ်သွားစေရေး၌ မမေ့မလျော့ခြင်း အပ္ပမာဒတရားလောက် ဆိုးဝါးသော တရားကို ငါဘုရား မမြင်”ဟူ၍လည်းကောင်း၊

နဝမသုတ်၌- “မဖြစ်သေးတဲ့ ကုသိုလ်တရားတွေ ဖြစ်လာရေးနှင့် ဖြစ်ပြီးတဲ့ အကုသိုလ်တရားတွေ ဆုတ်ယုတ်သွားစေရေး၌ မေ့လျော့ကြောင်း ပမာဒတရားလောက် အကျိုးပြုသော တရားကို ငါဘုရား မမြင်”ဟူ၍လည်းကောင်း ဟောတော်မူထားသည်ကို တွေ့ရပါသည်။

www.dhammaransi.com



ဘုရားရှင်တို့သည် အပ္ပမာဒ ကျင့်စဉ်ကို လက်လွှတ်တော်မမူကြကုန်၊ အမြဲလက်ကိုင်ထားကြသည်။ ခပ်သိမ်းသော ဘုရားရှင်တို့သည် တရားဒေသနာတော် ဟောကြားရာ၌ ဗောဓိပက္ခိယ တရားတို့ကိုသာ ဟောကြားတော်မူကြကုန်၏။ ပြောကြားရာဝယ် သစ္စာလေးပါး တရားကိုသာ ပြောကြားကြကုန်သည်။ ထို့ကြောင့် ဆရာတို့က "သစ္စာလေးပါးမှ လွှတ်သောတရား မည်သည်မရှိ"ဟု မှတ်တမ်းပြုကြသည်။

ထို့ပြင် ကျင့်စေရာ၌လည်း သိက္ခာသုံးပါးတို့၌သာ ကျင့်စေကုန်၏။ သတ္တဝါတို့အားလုံး ဆုံးမ,ရာဝယ် အပ္ပမာဒ ကျင့်စဉ်ကိုသာ ဆုံးမတော်မူခဲ့ပါသည်။ ဘုရားရှင်၏ နေ့စဉ် ဆောင်ရွက်သော ဗုဒ္ဓကိစ္စကြီး ငါးချက်ကို ဖော်ပြရာတွင် ဒုလ္လဘ တရားငါးပါး ရခိုက်တွင် မမေ့မလျော့ အားထုတ်ကြရန် အပ္ပမာဒ တရားဖြင့် နေ့စဉ်ဆုံးမကြောင်း ကျမ်းစာအဋ္ဌကထာတို့၌ ဖွင့်ဆို ပြသထားသည်ကို တွေ့ရပါမည်။

ဤအပ္ပမာဒတရားကို ဘာဝိတော ဗဟုလီကတော ပွားများရမည်။ အကြိမ်များစွာ ပွားများရမည်ဟု ဘာဝနာ လုပ်ငန်း၌ သုံးစွဲထားသည်ကို တွေ့ရပါသည်။ အပ္ပမာဒဘာဝနာဟူ၍ သီးခြားမရှိသော်လည်း ပွားများရမည်ကိုကား ဋီကာဆရာကြီး ဓမ္မပါလမထေရ်မြတ်က ဣတိဝုတ်အဋ္ဌကထာ၊ တတိယဝဂ် ဉာယတ္ထသုတ်အဖွင့်၌-

"အကျဉ်းချုပ်အားဖြင့် ပုညကိရိယာ ဝတ္ထုကုသိုလ်မျိုး တစ်ခုခု

www.dhammaransi.com



ဖြစ်ပေါ်လာအောင် ပွားများခြင်းသည်ပင်လျှင် အပ္ပမာဒ ဘာဝနာဟုဆိုရ၏။ (ဆိုလိုသည်မှာ ကုသိုလ်တရား ဖြစ်ပေါ်နေလျှင် အပ္ပမာဒ ဘာဝနာဟုဆိုလိုသည်။ ထိုထက် ကျယ်ပြန့်စွာ ခွဲဝေပါလျှင် ဝိဝဋ္ဋနိဿိတ၌ မှီသော သရဏဂုံတည်မှု၊ သီလကောင်းမှု၊ သမာဓိဘာဝနာခေါ်သော သမထ ကမ္မဋ္ဌာန်း လေးဆယ်၊ ပညာဘာဝနာခေါ်သော ဝိပဿနာလုပ်ငန်း ကုသိုလ်တရားအားလုံး ဖြစ်ပေါ်မှု၊ အပြစ်မရှိသော ပွားများမှုမှန်သမျှကို အပ္ပမာဒ ဘာဝနာဟုခေါ်ရသည်”ဟု ဖွင့်ဆိုဟောထားပါသည်။

အပ္ပမာဒ ကျင့်ဝတ်သည် အလွန်တရာကျယ်သည်။ ကြီးသည်။ မူလပဏ္ဏာသ မဟာဟတ္ထိပဒေါပမာသုတ်၌–

“မြေပြင်ရှိ သတ္တဝါတို့၏ ခြေရာတွင် ဆင်ခြေရာသည် အကြီးဆုံးဖြစ်သည်။ ဆင်ခြေရာတို့ ပေါင်းဆုံကြရ၏။ သို့ဖြစ်၍ ဆင်ခြေရာကို အမြတ်ဆုံးဟုဆိုရသကဲ့သို့ ကုသိုလ်တရား မှန် သမျှမှာလည်း အပ္ပမာဒ တရားလျှင် အရင်းခံရှိ၏။ အပ္ပမာဒတရား၌ ပေါင်းဆုံကုန်၏။ အပ္ပမာဒ တရားသည် အကြီးဆုံးအမြတ်ဆုံး ဖြစ်၏”ဟူ၍ ဟောတော်မူခဲ့ပါသည်။

ဘုရားရှင် (၄၅)ဝါ ကာလပတ်လုံး ဟောကြားသမျှ ပိဋကတ်သုံးပုံဟူသော ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်ကို စာရင်း ချုပ်၍ အခြေကကိုင်လိုက်လျှင် အပ္ပမာဒ ကျင့်ဝတ်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားရှင်သည် နောက်ဆုံး ပရိနိဗ္ဗာန်စံဝင်ခါနီး ပစ္ဆိမဗုဒ္ဓဝစန အနေဖြင့် အပ္ပမာဒေန သမ္ပာဒေထဟု မိန့်ဟမှာကြား သွားခြင်းဖြစ်

www.dhammaransi.com



ပါသည်။

အပ္ပမာဒဟူသည် အမှန်အားဖြင့် သတိပင်ဖြစ်ပါသည်။ ခပ်သိမ်းသော ဘုရားရှင်တို့ မစွန့်သော တရားသည်ကား သတိပဋ္ဌာန်တရားဖြစ်ကြောင်းကို သတိပဋ္ဌာနသုတ် အဋ္ဌကထာ၌ ဖွင့်ဆိုပြထားသည်ကို တွေ့ရပါသည်။

အဘိဓမ္မာဝိဘင်း အဋ္ဌကထာ သတိပဋ္ဌာနဝိဘင်း၌မူ သတိပဋ္ဌာန်ကို ကျင့်သောပုဂ္ဂိုလ်သည် အနာဂါမိဖိုလ် ရဟန်းစာရင်းဝင်ကြောင်း မှတ်တမ်းတင်ခဲ့ပါသည်။ ထို့ပြင် သတိပဋ္ဌာန် ပါဠိတော်၌ နိဗ္ဗာန်သွားမည့် တစ်ကြောင်းတည်းသော ခရီးကား သတိပဋ္ဌာန်ပင်ဖြစ်သည်ဟု ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့ပါသည်။

အပ္ပမာဒခေါ် သတိမှ ဖယ်ခဲ့လျှင် နိဗ္ဗာန်လမ်းလွဲလိုက်နေသူပင် ဖြစ်ပါသည်။ ဤသတိလုပ်ငန်းသည် လောကီမှာပဲဖြစ်ဖြစ် လောကုတ္တရာ မှာပဲဖြစ်ဖြစ် လွတ်ကင်း၍ မရချေ။ သတိလွတ်ကင်းသည်နှင့် မလိုလားအပ်သော ဖောက်ပြန်မှုတွေ ပေါ်လာပြီး ရည်ရွယ်ချက်များ ပျက်ပြားသွားရချေသည်။

ဘုရားရှင် ပရိနိဗ္ဗာန် စံကာနီး၌ ရှင်အာနန္ဒာက မာတုဂါမများနှင့် ဆက်ဆံရေးကိစ္စ လျှောက်ထားရာဝယ် ဘုရားရှင်က နောက်ဆုံးအဆင့်၌ မာတုဂါမများနှင့် စကားပြောမှုဖြင့် ဆက်ဆံခွင့် ကြုံခဲ့ပါလျှင် သတိကိုပင် ရှေ့ရှုဖြစ်စေရမည်ဟု နည်းလမ်းချပေးခဲ့သည်ကို တွေ့ရပါသည်။

အပ္ပမာဒခေါ် ဤသတိတရားသည် အလွန်အရေးကြီး

www.dhammaransi.com



လှပါသဖြင့် နေ့စဉ်နှင့်အမျှ လောကီကိစ္စ လုပ်ရာမှာဖြစ်စေ၊ လောကုတ္တရာရေးရာ ဆည်းပူးရာမှာဖြစ်စေ၊ ကိုယ်နှင့်ထက်ချပ်မခွာ အမြဲတည်နေအောင် ကြိုးစားကြဖို့ အရေးကြီးလှပါသည်။

ထိုအပ္ပမာဒ သော့ချက် အရေးကြီးသည့်အတွက် ဘုရားရှင်က နောက်ဆုံး မှာခဲ့သလိုပင် ယနေ့လောကသိလ ဆောက်တည် ကြရာ၌လည်း သိလပေးအပြီး၌ "တိသရဏသဟ အဋ္ဌင်္ဂသမန္နာဂတံ ဉပေါသထသိလံ သာဓုကံကတွာ ခမ္မ အပ္ပမာဒေန သမ္ပာဒေထ"ဟု ဘုရားရှင် ရည်ညွှန်းချက်ကို ရဟန်းသံဃာတို့က ထပ်မံရည်ညွှန်းပြီး သတိပေး အဆုံးသတ်ခဲ့ကြပါသည်။

ထို့ကြောင့် အပ္ပမာဒေထဟူသော သတိတရားသည် လောက လူသားတို့ ကြီးပွားချမ်းသာရေးအတွက် အရေးကြီးသော တရား ဖြစ်ကြောင်းကို တင်ပြလိုက်ရပါသည်။

* * *

## လင်တူမယား အဘိဗ္ဗြာ ပွားမိသော ဗြိတ္တာမ ဝတ္ထု

သာဝတ္ထိပြည်တွင် သူကြွယ်တစ်ယောက်သည် သဒ္ဓါတရား နှင့်ပြည့်စုံ၍ မယားသည်ကား သဒ္ဓါတရားမရှိ၊ အမျက်မာန်စောင် ကြီးသည်။ ဣဿာမစ္ဆရိယစိတ် ပေါ်များသည်။

ထိုမယားကြီးသည် သားသမီး မထွန်းကား၊ အမြုံမ ဖြစ်သည်။ **အမည်ကား** "မတ္တာ" အမည်ရှိသည်။

www.dhammaransi.com



ထိုအခါ သူကြွယ်သည် အမျိုးအနွယ်ပြတ်မည်ကို စိုးရိမ်သောကြောင့် အမျိုးအနွယ်တူသော အခြားအမျိုးသမီး တစ်ယောက်ကို လက်ထပ်ယူလေသည်။ ထိုအမျိုးသမီး၏ အမည်ကား "တိဿ" အမည်ရှိသည်။

တိဿသည် သဒ္ဓါတရားရှိသည်။ ရတနာသုံးပါး ကြည်ညိုဆည်းကပ်သည်။ လင်ယောက်ျား ချစ်မြတ်နိုးအပ်သော မယားဖြစ်သည်။

တိဿသည် မကြာမြင့်မီ ကိုယ်ဝန်ရှိပြီး သားငယ်တစ်ယောက်ကို မွေးဖွားလေသည်။ ထိုသားငယ် မွေးဖွားကတည်းက "မတ္တာ"သည် "တိဿ"ကို ငြူစူ စောင်းမြောင်း ပြုလုပ်သည်။

တစ်နေ့တွင် မယားကြီး မတ္တာနှင့် မယားငယ် တိဿတို့သည် ရေချိုး ခေါင်းလျှော်ပြီး ဆံပင်ကို ဖြန့်ကာ ချထားပြီး ရပ်နေကြသည်။ ထိုနှစ်ယောက်တွင် ရတနာသုံးပါးနှင့်ကံ၊ ကံ၏အကျိုးကို ယုံကြည်သော လင်ယောက်ျားသည် သဒ္ဓါတရား တူညီသော မယားငယ်၏ အလှကိုသာ မြတ်နိုးပြီး ချစ်ကြည်နူးစွာ စကားလာပြောသည်။

ထိုသည်ကို မကျေနပ်သော မယားကြီး မတ္တာသည် အနီးတွင်ရှိသော တံမြက်လှည်းထားသော အမှိုက်တို့ကို တိဿအပေါ် မတော်တဆသဘော ပြုလုပ်ကာ လောင်းချလေသည်။

တိဿအပေါ်၌ မတ္တာသည် အစဉ်ထာဝရ ငြူစူစောင်းမြောင်းမှုကို ပြုသည်။

တစ်နေ့တွင် မတ္တာသည် ရောဂါတစ်ပါးဖြင့် ကွယ်လွန်ခဲ့ရာ

www.dhammaransi.com



မိမိပြုခဲ့သော အကုသိုလ်ကံ အားလျော်စွာ ပြိတ္တာဘုံ၌ ပြိတ္တာဖြစ်ရသည်။

တစ်နေ့တွင် ထိုပြိတ္တာမသည် ဆည်းဆာအချိန်တွင် အိမ်နောက်ဖေး၌ ရေချိုးနေသော တိဿကို ကိုယ်ထင်ပြသည်။ တိဿသည် ပြိတ္တာမကို မြင်သောအခါ ဤသို့ မေးမြန်းလေသည်။

"အရှင်မ၊ သင်သည် အဝတ်မပါ နံရိုးပြိုင်းပြိုင်းနှင့် အဆင်းမလှ ရှိချေသည်။ သင်သည် ဘယ်အမျိုးအနွယ်နည်း"

ငါသည် ရှေးလူဘဝက လင်တူဖြစ်ခဲ့သော မတ္တာတည်း၊ ယခု ငါသည် လူ့ဘဝက ယုတ်မာ ညစ်ကျူ မကောင်းမှုကို ပြုခဲ့သောကြောင့် ဆင်းရဲဒုက္ခ ကြီးစွာသော ပြိတ္တာဘဝသို့ ရောက်နေရပါသည်"

"အို–မတ္တာ သင်သည် လူ့ဘဝက မည်သို့သော ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် အဘယ်မည်သော မကောင်းမှုကို ပြုခဲ့၍ ဆင်းရဲကြီးသော ပြိတ္တာဘဝသို့ ရောက်ရပါသနည်း"

"တိဿ၊ ငါသည် လူ့ဘဝက ငြူစူစောင်းမြောင်း မကောင်းသော ဣဿာမစ္ဆရိယ၏ တရားများစွာကို ပြုခဲ့ပါသည်။ ငါသည် တိဿအား ချိုးချိုးဖွဲ့ဖွဲ့ မကောင်းသော စကားကို ဆိုမိခဲ့သောကြောင့် ပြိတ္တာဘဝသို့ ရောက်ခဲ့ရပါသည်"

"အို–မတ္တာ ဘယ်လိုပြုခဲ့သော မကောင်းမှုကြောင့် သင်၏ ကိုယ်၌ မြေမှုန့်အထပ်ထပ် အလိမ်းလိမ်း ကပ်နေရပါသနည်း"

"တိဿ၊ ရှေးလူ့ဘဝ၌ သင်သည် ခေါင်းလျှော်ရေချိုးပြီး၍ လှပစင်ကြယ်သော အဝတ်တို့ကို ဝတ်ဆင်နေစဉ် ငါသည် သင့်ထက်

www.dhammaransi.com



သာအောင် အဆများစွာ တန်ဆာဆင်ခဲ့ပါ၏။ ထိုသည့်ကြားထဲ ကပင် လင်ယောကျ်ားသည် သင့်ကိုသာ ချစ်ကြည်စွာ စကားပြော ခဲ့သည်။ ထို့အတွက် ငါသည် သင့်အပေါ် မနာလိုဝန်တိုစိတ်တွေ တဖွားဖွား ပေါ်လာပြီး တံမြက်စည်းအမှုန့်တို့ကို သင့်အပေါ်၌ ပစ်ချခဲ့ပါသည်။ ဤအကုသိုလ်ကံကြောင့် ယခု မြေမှုန့်အထပ်ထပ် လိမ်းကျံနေရပါသည်"

"မတ္တာ၊ ဤသို့ဆိုလျှင် သင်၏ ကိုယ်၌ ပွေး၊ ဝဲ၊ ယား နာတို့သည် ဖြစ်ပေါ်ပြီး ခံစားနေရသည်မှာ အဘယ်ကြောင့်ပါနည်း"

"တိဿ၊ လူ့ဘဝ၌ ရှိစဉ် ငါသည် သင့်အိပ်ရာပေါ်၌ တောမှ ယူလာသော ခွေးလေးယားသီးတို့ကို ကြဲချခဲ့ပါ၏။ ဤအကုသိုလ်ကံ မကောင်းမှုကြောင့် ဤသို့ ယားနာ ဝေဒနာများ ခံစားနေရပါသည်။

"မတ္တာ အဝတ်မစည်း ကိုယ်လုံးတီး ဖြစ်နေရသည်ကကော အဘယ်မကောင်းမှုကြောင့်ပါနည်း"

တိဿ၊ ရှေးလူ့ဘဝက လင်ယောကျ်ားသည် သင့်ကိုသာလျှင် မင်္ဂလာကိစ္စအဝဝ၌ ဖိတ်ခေါ်သွားလာသည်။ ငါ့ကို ထားခဲ့သည်။ ထိုသည်ကို မကျေနပ်သော ငါသည် သင်၏ အဝတ်အစားသစ်တို့ကို စိတ်ယုတ်မာစွာနှင့် ခိုးဝှက်ထားမိပါ၏။ ဤအကုသိုလ်ကံကြောင့် ယခု ကိုယ်လုံးတီး နေရပါ၏"

"မတ္တာ၊ အဘယ်မကောင်းမှုကြောင့် သင်၏ ကိုယ်သည် တစ်ကိုယ်လုံး နံနေရပါသနည်း"

www.dhammaransi.com



"တိဿ၊ ငါလူ့ဘဝရှိစဉ်က သင် နေ့စဉ် လိမ်းကျံနေသော အမွှေးနံ့သာ ပန်းတို့ကို မစင်တွင်း၌ ပစ်ချခဲ့ဖူးပါ၏။ ဤယုတ်မာသော မကောင်းမှုကြောင့် ယခု ငါ၏ ကိုယ်သည် မစင်နံ့ ထွက်နေရပါသည်"

"မတ္တာ၊ ဘယ်လိုပြုခဲ့သော မကောင်းမှုကြောင့် ယခု ဆင်းရဲကြီးစွာသော ပြိတ္တာဘဝသို့ ရောက်ခဲ့ရပါသနည်း"

"တိဿ၊ လူ့ဘဝက သင်နှင့် ငါ့တွင် ဥစ္စာပြည့်စုံစွာ ရှိခဲ့ပါသည်။ ငါသည် ပစ္စည်းဥစ္စာ ပြည့်စုံသော်လည်း ကုသိုလ်ကောင်းမှုကို မပြုခဲ့၊ ပေးကမ်းလှူဒါန်းမှုကို မပြုခဲ့ ၊သို့အတွက် ယခု ဆင်းရဲကြီးစွာ ပြိတ္တာဘဝသို့ ရောက်နေရပါသည်"

"မတ္တာ၊ သင်သည် ကိုယ်နှုတ်စိတ်သုံးပါးဖြင့် နေ့စဉ်မကောင်းမှုကို ပြုနေ၍ မကောင်းမှုသည် သုဂတိဘုံသို့ မရောက်နိုင်ကြောင်း ဒုဂ္ဂတိဘုံသို့သာ ရောက်နိုင်ကြောင်းကို ငါသည် ခဏခဏ ပြောခဲ့မိပါသည်။ သင်သည် ပစ္စည်းဥစ္စာတို့ကို မပေးလှူဘဲ သိမ်းဆည်း၍ နေ၏။ ထိုပစ္စည်းဥစ္စာတို့သည် သင်သေသောအခါ ပါသွားသည် မဟုတ်သည်ကိုလည်း ငါခဏခဏ ပြောခဲ့ပါ၏။ ယခု သင် လက်တွေ့ တွေ့ပြီကော"

"မှန်ပါသည် တိဿ၊ ငါသည် မိုက်မဲမိခဲ့ပါ၏"

"မတ္တာ၊ သား၏ဖခင် ဈေးမှပြန်လာခါနီးပါပြီ၊ သင့်အား တစ်စုံတစ်ခု ပေးပါလိမ့်မည်၊ ခဏစောင့်ပါဦး"

"တိဿ၊ အဝတ်မပါ အရိုးပြိုင်းပြိုင်းနှင့် ဖြစ်နေသော

www.dhammaransi.com



ငါ့ဘဝကို ငါသည် များစွာ ရှက်စရာ ဖြစ်နေပါသည်”

“မတ္တာ၊ ယခု ငါသည် သင့်ကို ဆင်းရဲကင်းအောင် အစားကို ပေးရမည်လော၊ အဝတ်ကို ပေးရမည်လော ပြောပါ၊ ဘယ်ပစ္စည်းကို ဘယ်လိုပေးက သင်ချမ်းသာစွာ နေရမည်နည်း”

တိဿ၊ သင်သည် ငါ့ကို ချမ်းသာစေလိုသော် ရဟန်းရှစ်ပါးတို့ကို ပင့်ဖိတ် ဆွမ်းကျွေး၍ အလှူ၏ အဖို့ဘာဂကို ငါ့ကို ရည်ညွှန်းကာ အမျှပေးဝေပါလော့၊ ထိုသို့ ပြုသည်ရှိသော် ငါဘဝ ချမ်းသာသုခရပါမည်”

“ကောင်းပါပြီ မတ္တာ၊ ကျွန်ုပ်သား၏ ဖခင်နှင့် တိုင်ပင်ပြီး ဆောင်ရွက်ပေးပါမည် စောင့်နေပါ”

တိဿသည် ဈေးမှ ပြန်လာသော လင်သားကို မတ္တာ၏ အကြောင်း ပြောပြသည်။ လင်ယောကျ်ားကလည်း သဘောတူ၍ နှစ်ရက်မြောက်သောနေ့တွင် ရှစ်ပါးသော သံဃာတော်တို့ကို ပင့်ဖိတ်ပြီး ဆွမ်းကျွေး လှူဒါန်းသည်။

မတ္တာကိုလည်း ကုသိုလ်အဖို့ဘာဂကို အမျှပေးဝေစေသည်။ ပြိတ္တာမ မတ္တာသည် ထိုခဏမှာပင် သာဓုခေါ်နိုင်ပြီး ပြိတ္တာဘဝမှ လွတ်မြောက်ကာ နတ်ပြည်၌ နတ်စည်းစိမ်ကို ခံစားရလေသည်။

မတ္တာ နတ်သမီးသည် ပြိတ္တာဘဝမှ လွတ်မြောက်၍ နတ်သမီးဖြစ်ပြီးနောက် တိဿထံသို့ ပြန်လာကာ ကိုယ်ထင်ပြပြီး မိမိဘဝကို ပြောပြသည်။

တိဿသည် ထိုအကြောင်းကို လင်ယောကျ်ားအား ပြောပြသည်။ လင်ယောကျ်ားမှ တစ်ဆင့် ရဟန်းများ သိရှိကြပြီးနောက်

www.dhammaransi.com



ဘုရားရှင်ထံ ထိုအကြောင်းကို ရဟန်းတို့က လျှောက်ထားသည်။

ဘုရားရှင်က တစ်ဖန် ပရိသတ်တို့အား ဟောပြောပြရာ တရားနာ ပရိသတ်များစွာတို့ သတိသံဝေဂ ထိတ်လန့်စေပြီး ကာယကံ၊ ဝစီကံ၊ မနောကံတို့ကို အထူးထိန်းသိမ်း စောင့်ရှောက်ကြလေသည်။

* * *

## ဥစ္စာစွဲ၍ သရဲဖြစ်ရှာသော ပြိတ္တာဝတ္ထု

သာဝတ္ထိပြည်သား ကုန်သည်တစ်ဦးသည် မယားလည်းသေ၊ စည်းစိမ်ဥစ္စာလည်း ပျက်ပြုန်းကုန်ဆုံးသဖြင့် ဆင်းရဲဒုက္ခ ရောက်နေရသည်။ ထိုကုန်သည်တွင် သမီးကလေး တစ်ဦး ကျန်ရစ်ခဲ့လေသည်။

ကုန်သည်သည် ထိုင်၍ စိတ်ပျက်အားငယ်နေရုံမျှနှင့် အကျိုးမပြီး၊ အချိန်ကုန်၍ ဆင်းရဲဒုက္ခ ပိုမိုကြီးပေလိမ့်မည်။ တစ်စုံတစ်ရာ လုံ့လကြိုးကုတ်အားထုတ် ဆောင်ရွက်မှသာလျှင် အကျိုးရှိပေမည်ဟု တွေးတော စဉ်းစားပြီး မိမိထံ၌ ရှိသော အသပြာတစ်ရာဖြင့် အရောင်းအဝယ် ပြုလုပ်ရန် ဆုံးဖြတ်သည်။

ကုန်သည်သည် သမီးကို မိတ်ဆွေအိမ်တွင် ခေတ္တ စောင့်ရှောက်ရန် အပ်နှံပြီးလျှင် အသပြာတစ်ရာဖိုး ကုန်တို့ကို ယူကာ လှည်းကုန်သည်များနှင့်အတူ အရောင်းအဝယ် ထွက်လေသည်။

မကြာမီပင်လျှင် အရောင်းအဝယ်ဖြစ်၍ အသပြာ ငါးရာ

www.dhammaransi.com



အမြတ်အစွန်းရရှိပြီး လှည်းကုန်သည်တို့နှင့်အတူ သာဝတ္ထိသို့ ပြန်လာခဲ့ကြသည်။

လမ်းခရီးတွင် မမျှော်လင့်ဘဲ ခိုးသားဓားပြတို့နှင့်တွေ့ပြီး လုယက်တိုက်ခိုက်ခံရသည်။ လှည်းကုန်သည်တို့သည်လည်း လွတ်ရာကျွတ်ရာ ထွက်ပြေးကြကုန်သည်။ ကုန်သည်သည် ဥစ္စာထုပ်ကို တစ်နေရာ၌ဝှက်ပြီး မိမိကလည်း လုံခြုံသော တစ်နေရာတွင် ပုန်းအောင်း၍နေလေသည်။

ခိုးသား ဓါးပြတို့သည် ပြေးလွှားပုန်းအောင်းကြသော သူတို့ကို လိုက်လံရှာဖွေ ဖမ်းဆီးလုယက်ကြရာ ကုန်သည်သည် သေခါနီးကာလဝယ် ဥစ္စာ၌ တပ်မက်မောသော စိတ်ရှိသည်ဖြစ်၍ ထိုတောနေရာ၌ပင် ပြိတ္တာဖြစ်၍နေလေသည်။

ဓားပြဘေးမှ လွတ်ကုန်သော သူတို့သည် သာဝတ္ထိပြည်သို့ ပြန်ကြသည်။ သာဝတ္ထိပြည်သို့ ရောက်သောအခါ ကုန်သည်၏ သမီးကို အကျိုးအကြောင်း သတင်းစကား ပြောကြားကြသည်။

ကုန်သည်၏ သမီးသည် ဖခင် သေဆုံးမှုကြောင့်လည်းကောင်း၊ နောင်ရေးအတွက် အားကိုးရာမဲ့ဖြင့်လည်းကောင်း သည်းစွာ ငိုကြွေးလေသည်။

ထိုအခါ အဘ၏ အဆွေခင်ပွန်းဖြစ်သော သူကြွယ်သည် ထိုသူငယ်မကို စိတ်သက်သာရာ ရရှိစေရန် တရားဓမ္မနှင့်ယှဉ်ကာ ဟောပြသည်။ မိမိက တာဝန်ယူ စောင့်ရှောက်မည် ဖြစ်ကြောင်း ကတိပေး နှစ်သိမ့်သည်။ သူငယ်မသည် ထိုသူကြွယ်အိမ်၌ပင်

www.dhammaransi.com



နေရလေသည်။

သူငယ်မသည် ထိုသူကြွယ်ကိုပင် အဘအရာ၌ ထား၍ ကောင်းမွန် ရှိသေစွာ အမှုကြီးငယ်ပြု၍ နေလေသည်။

အဘကွယ်လွန်၍ ခုနစ်ရက်မြောက်နေ့တွင် သူငယ်မသည် ယာဂုကို ကျိုချက်၍ အရသာရှိသော သရက်သီးတို့ကို ကြေးခွက်၌ ထည့်ကာ ကျွန်မ တစ်ဦးကို ယူစေပြီး ဘုရားထံသို့ သွားလေသည်။

မြတ်စွာဘုရား၊ တပည့်တော်မ၏အလှူကို အလှူခံ၍ ချီးမြှောက်မ,စတော်မူပါဘုရား။

ဘုရားရှင်အား ဤသို့လျှောက်ထားပြီး ယာဂုနှင့်သရက်သီးတို့ကို ဘုရားရှင်အား ကပ်လှူသည်။ ဘုရားရှင်သည် မဟာကရုဏာကြီးမားစွာဖြင့် သူငယ်မ၏ အလိုဆန္ဒ ပြည့်ဝစေရန် လက်ခံတော်မူလေသည်။

ဘုန်းတော်ကြီးသော အရှင်မြတ်ဘုရား၊ တပည့်တော်မ၏ ဤယာဂုကို သရက်သီးအလှူသည် လွန်ခဲ့သော ခုနစ်ရက်က ကွယ်လွန်ခဲ့သော ဖခင်အာ ရည်စူးအပ်ပါသည်။ ဖခင်သည် ဤကုသိုလ်အဖို့ဘာဂကို ရပါစေလို၏ဘုရား။

ဤသို့ သင် အလိုရှိတိုင်း ပြည့်စေသတည်း။

ဘုရားရှင်သည် ဤသို့ မိန့်ကြားပြီး ဆွမ်းအနုမောဒနာ ပြုတော်မူသည်။

သူငယ်မ၏ဖခင်သည် ရည်ညွှန်းအပ်သော ထိုအလှူ၏ အဖို့ဘာဂဖြင့် သရက်ဥယျာဉ်၊ ဗိမာန်၊ ပဒေသာပင်၊ ရေကန်တို့သည်

www.dhammaransi.com



လည်းကောင်း၊ နတ်စည်းစိမ် အဖြာဖြာသည် လည်းကောင်း ရရှိခံစားရလေသည်။

အချိန်အတန်ကြာသော် လှည်းကုန်သည်တို့သည် ထိုခရီးလမ်းဖြင့်ပင် ကုန်ရောင်းသွားကြပြန်လေသည်။ ရှေးက နေခဲ့ဖူးသော အရပ်ဖြစ်၍ တစ်ည တည်းခိုရန် ထိုနေရာ၌ ရပ်နားကြသည်။

ထိုကုန်သည်တို့ကို မြင်၍ ဗိမာန်နှင့် ပြိတ္တာသည်ဗိမာန်အဆောင်အယောင်နှင့်တကွ ကုန်သည်တို့အား မိမိကိုယ်ကို ကိုယ်ထင်ပြလေသည်။ ကုန်သည်တို့လည်း၊ ထိုဗိမာန်ရှင်ကို အံ့သြ ဝေးမောသောစိတ်ဖြင့် ကြည့်ကြကုန်သည်။

လှပဆန်းကြယ်သော ဘုံဗိမာန်၊ ဥယျာဉ်ပန်းမာလ်တို့ဖြင့် ပြည့်စုံပြီး အဆင်းအင်္ဂါ လွန်စွာ တင့်တယ်လှပ ယဉ်ကျေးဖွယ်ရာ အဝတ်နှင့် ပြည့်စုံသော သင်သည် မည်သူနည်း။

အဆွေ၊ ငါသည် တစ်ချိန်က သင်တို့၏ အပေါင်းအဖော်ကုန်သည်ဖြစ်ပါသည်။ ဓားပြတို့သတ်၍ သေရသူဖြစ်ပြီး တောအုပ်၌ ပြိတ္တာဖြစ်ခဲ့ရပါသည်။

သင်သည် မည်သို့သော ကုသိုလ်အစွမ်းကြောင့် ဤသို့သော ဘုံဗိမာန် ပန်းဥယျာဉ်တို့ကို ရရှိခံစားရပါသနည်း။

ငါ၏သမီးသည် ငါ့အတွက် ဘုရားရှင်ကို ယာဂု၊ သရက်သီး လှူပြီး ကုသိုလ်အဖို့ဘာဂကို အမျှပေးဝေ၍ ငါသည် ထိုကုသိုလ်အဖို့ဘာဂကို ရ၍ ဤစည်းစိမ်၊ ဤဘုံဗိမာန်တို့ကို ရရှိခံစားရပါသည်။

ထို့နောက် ဘုံဗိမာန်ရှင် ပြိတ္တာနတ်သည် ကုန်သည်တို့ကို

www.dhammaransi.com



ခေါ်ယူ၍ မိမိလှူဘဝက မြှုပ်နှံထားသော ဥစ္စာထုပ်ကို ဖော်ထုတ်ယူရန် လမ်းညွှန်ပြပြီး ဤသို့ပြောပြသည်။

ဤဥစ္စာထုပ်ကို ယူပြီး သမီးကို ပေးစေလိုပါသည်။ တစ်ဝက်ကို စားသုံး၍ တစ်ဝက်ကို လူ့ဘဝက ငါ၏ ကြွေးမြီတို့ကို ပေးဆပ်ရန် သမီးကို ပြောပြစေလိုပါသည်။

ကုန်သည်တို့သည် နတ်သား မှာသည့်အတိုင်း ဥစ္စာထုပ်ကို ယူပြီးလျှင် ကုန်အရောင်းအဝယ်အတွက် ဆက်လက်ထွက်ခွာ သွားကြသည်။

သာဝတ္ထိပြည်သို့ တစ်ဖန် ပြန်ရောက်သောအခါ ဗိမာန်ရှင်ပြိတ္တာ နတ်မှာကြားသမျှတို့ကို သမီးအား ပြောပြပြီး ဥစ္စာထုပ်ကို ပေးကြ သည်။

သမီးသည် ဖခင် မှာသည့်အတိုင်း ဥစ္စာတို့ကို ပေးစရာရှိ သည်တို့ကို ပေးဆပ်သည်။ ပိုသောငွေတို့ကို မိမိအား စောင့် ရှောက်ထားသော ဖခင်သူငယ်ချင်းကို ပေးအပ်လေသည်။

ဤဥစ္စာသည် သင်၏ ဖခင်ဥစ္စာဖြစ်သည်။ သို့အတွက် သင်သာ ထိန်းသိမ်း စောင့်ရှောက်ထားပြီး လိုသလို သုံးဆောင်ပါ။

သူငယ်ချင်းသည် မကြာခင်ပင် သူငယ်မကို မိမိ၏သားဖြင့် လက်ထပ်ပေးသည်။ သားတစ်ယောက် ထွန်းကားလာသည်။

တစ်နေ့တွင် ဘုရားရှင်သည် ထိုမိန်းမ၏ ဉာဏ်ရင့်ကျက် ခြင်းကို သိရှိတော်မူ၍ ထိုမိန်းမထံ ကြွကာ ရောင်ခြည်တော် ပျံ့နှံ့စေပြီး အောက်ပါတရားကို ဟောကြားတော်မူသည်။

www.dhammaransi.com



ကာမဂုဏ်တရားတို့ ဟူသည် အစဉ် စွဲမက် မပစ်ရက်အောင် နှစ်သက်တွယ်တာ သာယာဖွယ် အသွင်ဖြင့်လည်းကောင်း၊ ချစ်ခင်မြတ်နိုးဖွယ်ရာ အသွင်ဖြင့်လည်းကောင်း၊ လူအပေါင်းတို့ကို သွေးဆောင်ဖြားယောင်းနေသည်။ ထိုကာမဂုဏ်တို့သည် လူမိုက်တို့အား အမြဲနှိပ်စက် လွှမ်းမိုးနေတတ်လေသည်။

ဘုရားရှင်၏ ဂါထာတော် အဆုံး၌ ထိုမိန်းမသည် သောတာပတ္တိဖိုလ်၌ တည်လေသည်။

* * *

## ဆင်းရဲပေါင်း၏ ပြိတ္တာဘုံဝတ္ထု

တစ်နေ့ ရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီးသည် သာဝတ္ထိပြည်သို့ ဆွမ်းအလို့ငှာ ဝင်တော်မူစဉ် လမ်းခရီး၌ အစာရေစာ မရ၍ ပြေးလွှားကာ အစာရှာနေကြသော ပြိတ္တာတို့ကို တွေ့ရသည်။

ပြိတ္တာအချို့သည် သွေးသားခမ်းခြောက် မစားသောက်ရ၍ ကြုံလှီသော ကိုယ်ခန္ဓာရှိကြသည်။

အချို့သော ပြိတ္တာသည် အဝတ်မစည်း၊ အချည်းနှီးသော ကိုယ်လုံး အဆင်းသဏ္ဌာန် မလှပသော ကိုယ်ခန္ဓာရှိကြသည်။

အရှင်မောဂ္ဂလာန်သည် ပြိတ္တာတို့အနီးသို့ ရောက်၍ ဤသို့မေးသည်။

"သင်တို့သည် မည်သူတို့နည်း"

"အရှင်မြတ်ဘုရား တပည့်တော်တို့သည် ယမမင်း နယ်

www.dhammaransi.com



ပယ်ပြိတ္တာဘုံ၌ ဖြစ်ကြကုန်သော ဘုတ်ပြိတ္တာတို့ဖြစ်ကြပါသည်”

“သင်တို့သည် အဘယ်သို့သော မကောင်းမှုကို ပြုခဲ့ကြ၍ ဘုတ်ပြိတ္တာ ဖြစ်ကြပါကုန်သနည်း”

“အရှင်မြတ်ဘုရား တပည့်တော်တို့သည် သာဝတ္ထိပြည်သားများ ဖြစ်ကြပါသည်။ တပည့်တော်တို့သည် ရတနာသုံးပါး၌ ကြည်ညို၊ ဝန်တိုခြင်း ရှိခဲ့ကြပါသည်။ အလှူဒါန ပေးလှူခြင်း မရှိခဲ့ကြ၊ တွန့်တိုခဲ့ကြပါသည်။ သုစရိုက်တရားတို့ကို မလေ့ကျက် မပြုစုခဲ့ ကြပါ။ သို့အတွက် သေသည်မှ နောက် ဤပြိတ္တာဘုံ၌ ဖြစ်ကြရပါသည်။

“သင်တို့သည် ဘုတ်ပြိတ္တာဘုံ၌ မည်သို့ခံစားရပါသနည်း”

“အရှင်မြတ်ဘုရား၊ တပည့်တော်တို့သည် အစဉ်မပြတ် ရေငတ်သော ဒဏ်ကို ခံစားနေရပါသည်။ တသွင်သွင် စီးနေသော ရေကို တွေ့၍ သောက်ရေ အလို့ငှာ ပြေးသွားသည်ရှိသော်လည်း တပည့်တော်တို့၏ အကုသိုလ်ကံကြောင့် ရေသည် သဲပြင်အတိ ဖြစ်သွားပါသည်။ မခံမရပ်နိုင်အောင် ပူလောင်၍ အရိပ်သစ်ပင်ကို တွေ့သောအခါ၌လည်း အရိပ်သစ်ပင်သည် ကွယ်ပျောက်သွား ရပါသည်ဘုရား၊ အရပ်လေးမျက်နှာမှ လေပူလေကြမ်းကြီးသည် တရစပ်မခြား တိုက်ခိုက်ခြင်းခံရ၍ များစွာသော ဒုက္ခကို ခံစား နေရပါသည်ဘုရား”

“အစားအစာကော လုံလောက်စွာ ခံစားရ၏လော”

“အစားအသောက် လုံလောက်စွာ မရ၍ ခန္ဓာကိုယ် ကြုံလှီနေရပါသည်ဘုရား၊ အစာ ဆာလောင်မှုကို ပြေပျောက်စေရန်

www.dhammaransi.com



အစာကို မိုင်ပေါင်း ခရီးများစွာသွား၍ ရှာခဲ့သော်လည်း အစားအစာ လုံလောက်စွာ ဝအောင် မစားရပါ။ တပည့်တော်တို့သည် ဒါနနည်း၍ ဆင်းရဲကြပါသည်။ တပည့်တော်တို့သည် လူ့ဘဝများ အကယ်၍ ပြန်ရခဲ့သည်ရှိသော် အလှူဒါနကို ပြုပါတော့မည်ဘုရား"

ရှင်မောဂ္ဂလာန်မထေရ်သည် ထိုပြိတ္တာတို့ကို သနား ကရုဏာ ရှိတော်မူသည်ဖြစ်၍ ထိုသူတို့ ဆွေမျိုးတို့အား သူတို့အား ရည်စူး၍ ကုသိုလ်အဖို့ဘာဂကို ပြုလုပ်ပေးကြရန် တိုက်တွန်း နှိုးဆော်ပေးလေ သည်။

ထိုပြိတ္တာများ၏ ဘဝအကြောင်းစုံကို ဘုရားရှင်အား လျှောက်ထား ပြောကြားလေသည်။

ဘုရားရှင်သည် ထိုပြိတ္တာတို့ ဘဝအကြောင်းစုံကို တရားနာ ပရိသတ်တို့ကို ဟောပြောပြရာ များစွာသော တရားနာပရိသတ် တို့သည် ဣဿမစ္ဆေရ တရားတို့ကို ပယ်ရှောင်ကြ၍ ဒါန အစရှိ သော အမှုတို့ကို ကောင်းစွာ ကြိုးကုတ် အားထုတ်လေသည်။

* * *

## မစင်ကိုသာ စားရှာသော ပြိတ္တာမ ဝတ္ထု

ရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကြီးသည် ဒေသစာရီ ခရီး လှည့်လည်စဉ် လမ်းတစ်နေရာ၌ ပြိတ္တာတစ်ဦးသည် မစင်တွင်း၌ မစင်တို့ကို နှိုက်ကာ စားသောက်နေသည်ကို တွေ့ရလေသည်။

www.dhammaransi.com



မထေရ်မြတ်ကြီးသည် ထိုပြိတ္တာအကြောင်းကို သိလိုသည်ဖြစ်၍ အနီးသို့ကပ်သွားကာ စုံစမ်းမေးမြန်းလေသည်။

"အသင်ပြိတ္တာ၊ လူတို့ စွန့်ပစ်အပ်သော မစင်ပုပ်တို့ကို မြိန်ရေယှက်ရေ စားသောက်နေရသော သင်သည် မည်သူနည်း"

"အရှင်ဘုရား၊ တပည့်တော်မသည် အတိတ်ဘဝက ဝစီကံ နှုတ်ထွက်ကြမ်းခဲ့၍ ယခု ထိုနှုတ်ဝစီထွက်တိုင်း ခံစားနေရသော ပြိတ္တာတစ်ဦး ဖြစ်ပါသည်ဘုရား"

"အသင်သည် အတိတ်ဘဝက မည်သို့သော နှုတ်ဝစီကြမ်းကို ပြုခဲ့ပါသနည်း"

"တပည့်တော်၏ အတိတ်ဘဝက ဇာတ်လမ်းသည် ဤသို့ ရှိခဲ့ပါသည်ဘုရား"

သာဝတ္ထိပြည်အနီးရှိ ရွာငယ်တစ်ရွာ၌ဖြစ်သည်။ ထိုရွာရှိ သူကြွယ်တစ်ယောက်သည် မိမိချစ်ကျွမ်းဝင်ရသော ရဟန်းတစ်ပါးကို ကျောင်းဆောက်၍ လှူဒါန်း ကိုးကွယ်ထားလေသည်။ ဆွမ်း၊ ကွမ်း ဝေယျာဝစ္စ စသည်တို့ကိုလည်း လှူဒါန်း ပူဇော်ထားလေသည်။

ထိုကျောင်းသို့ အထူးထူးသော ဇနပုဒ်တို့မှ ရဟန်းတို့သည် ကြွလာပြီးလျှင် သီတင်းသုံးနေထိုင်ကြသည်။ ထိုရဟန်း သံဃာတို့ကို ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ မွန်မြတ်သော ဆွမ်း၊ ပစ္စည်း စသည်တို့ကို မပြတ် ပေးကမ်း လှူဒါန်း[illegible]သည်။

ဤသို့ ရွာသူရွာသားများက အာဂန္တုရဟ[illegible]များကို ကြည်ညို၍ ဆွမ်းပစ္စည်း စသည်တို့ကို လှူဒါန်းလာသည့်အခါ ကျောင်းနေ

www.dhammaransi.com



ရဟန်းသည် မိမိအတွက် လာဘ်လာဘ ယုတ်သည်။ မိမိထက် ထိုရဟန်းများက အရှိန်အဝါ အကျော်အစော လွန်ကဲ သွားမည်ကို စိုးရိမ်ကြောင့်ကြဖြစ်လာသည်။ ထိုအာဂန္တုကရဟန်းများအပေါ် မနာလို ဝန်တိုစိတ်များ ပွားများလာသည်။

မိမိ၏ ကျောင်းဒါယကာ သူကြွယ်အိမ်သို့ ကြွရောက်၍ အာဂန္တုကရဟန်းတို့၏ အကျင့်သီလ မကောင်းပုံ၊ အလိုရမ္မက်ကြီးလာပုံ စသည်တို့ကို မဟုတ်မတရား လုပ်ကြံစွပ်စွဲ၍ ပြောလေသည်။ မိမိ၏ ဒါယကာမှတစ်ဆင့် အာဂန္တုကရဟန်းတို့၏ မကောင်းသော သတင်းကို ပျံ့နှံ့စေသည်။ ကဲ့ရဲ့စေသည်။

"ရပ်ရွာမှ လိမ်ညာယူ၍ရသော ဆွမ်းကို စားခြင်းထက် ကိုယ်၏မစင်ကို စားခြင်းသည်သာ မြတ်သည်။ ကိုယ့်မစင်ကိုသာ စားကြပါလော့"

ဤသို့ မိမိကိုယ်တိုင်က အာဂန္တုကရဟန်းများအပေါ် စွပ်စွဲ ပြစ်တင် ပြောဆိုသကဲ့သို့ မိမိ၏ ဒါယကာတို့ကိုလည်း ပြောဆို ဆဲရေးစေသည်။

ကြည်ညိုသော ဒါယကာတို့ လာရောက် လှူဒါန်းသည်ကို လည်း မနာလို ဝန်တိုဖြစ်ကာ အမျိုးမျိုးပြစ်တင်ကဲ့ရဲ့စကား ပြောဆို လေသည်။ အာဂန္တုကရဟန်းတို့သည် ထိုအိမ်ရှင် ရဟန်း၏ ကဲ့ရဲ့ ရှုတ်ချ ပြစ်တင်စကား ငြူစူစောင်းမြောင်းသော အခြေအနေတို့ကို သိရှိ ရိပ်မိကြပြီးနောက် ထိုကျောင်းမှ ခွာ၍ အရပ်တစ်ပါးသို့ ဖယ် ခွာသွားကြလေသည်။

www.dhammaransi.com



ထိုကျောင်းနေ ရဟန်းတို့သည် သေလွန်သောအခါ ထိုကျောင်း၏ ကုဋိအိမ် (ကျင်ကြီး၊ ကျင်ငယ် စွန့်ရာအိမ်)၌ မစင်စားပြိတ္တာ ဖြစ်ရလေသည်။

ကျောင်းဒါယကာ သူကြွယ်သည် အလှူဒါနများစွာ ရှိခဲ့သော်လည်း ဆရာရဟန်း၏စကားကို လွဲမှားစွာ နားထောင်ပြီး အာဂန္တုက ရဟန်းတို့ကို ကဲ့ရဲ့ ပြစ်တင် ရှုတ်ချ စကားဆိုမိသောကြောင့် သေလွန်သောအခါဝယ် ထိုကျောင်း၌ ထိုရဟန်းပြိတ္တာ၏ အထက်၌ ပြိတ္တာ ဖြစ်ရလေသည်။

သူကြွယ်ပြိတ္တာသည် လူတို့ စွန့်အပ်သော မစင်ကိုစားရသည်။ ရဟန်းပြိတ္တာသည် သူကြွယ် စွန့်ပစ်အပ်သော မစင်ပုပ်ကို တစ်ဖန် စားရလေသည်။

ရှင်မောဂ္ဂလာန်မထေရ်မြတ်သည် ထိုရဟန်းပြိတ္တာ၊သူကြွယ် ကျောင်းဒါယကာ ပြိတ္တာတို့၏ ဘဝဖြစ်ကြောင်း စုံလင်ကို ညနေ တရားသဘင်၌ ဘုရားရှင်အား လျှောက်ထားပြလေသည်။

ဘုရားရှင်သည် ရောက်လာသော တရားနာ ပရိသတ်တို့အား ပြိတ္တာအကြောင်းတို့ကို ဟောပြောပြရာ တရားနာ ပရိသတ်တို့သည် သတိသံဝေဂတရား ရပြီးလျှင် ကုသိုလ်တရားတို့ကို ကောင်းစွာ ပြုစုကြပြီး သုစရိုက်တရားတို့၌ ကောင်းစွာ ထိန်းသိမ်း စောင့်ရှောက်ကြလေသည်။

* * *

သုတေသနစာကြည့်တိုက်
www.dhammaransi.com
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။

# ပစ်တိုင်းထောင်စာပေတွင် ဝယ်ယူရရှိနိုင်သော စာအုပ်ကောင်းများ

❀ ❀ ❀ ❀ ❀

| | |
|---|---|
| ❀ ဦးဥတ္တမသာရ | ဘဝစက်ခွန်အောင်လမ်းညွှန် ကရားတော်များ နှင့် အစွမ်းထက် ပုတီးစိပ်နည်းများ။ |
| ❀ တက္ကသိုလ်သျှင်သီရိ | မယားကောင်း မယားမြတ်။ |
| ❀ တက္ကသိုလ်သျှင်သီရိ | ဝိဉာဉ်လောက ဖြစ်ရပ်ဆန်းများ။ |
| ❀ တက္ကသိုလ်သျှင်သီရိ | ပြိတ္တာလောက ဖြစ်ရပ်ဆန်းများ။ |
| ❀ တက္ကသိုလ်သျှင်သီရိ | သမီးသား မေတ္တာ။ |
| ❀ ခိုင်သန့်ကျော် | ဖြစ်ရပ်မှန် လက်ရွေးစင်ဟာသများ။ |
| ❀ ဦးကျော်ဆန်း | ဦးပေါ်ဦး၏ လက်ရွေးစင် ဟာသများ။ |
| ❀ ဦးမောင်မောင်ညွှန့် | စိပ်ပုတီးဖြင့် အကြံအောင်နည်း။ |
| ❀ ဦးစိန်မြင့် | အင်္ဂလိဇ္ဇာ ယတြာ၊ ဓါတ်ရိုက်၊ မါက်ဆင်ကျမ်း။ |
| ❀ မင်းဇော် | နာမည်ပေးနည်း၊ နာမည်ရွေးနည်း။ |
| ❀ ဆရာဦးကောင်းထွန်း | အမတ်ကြီး ဦးပေါ်ဦး၏ ဟာသပဒေသာ မြတ်ပညာ။ |

**ပစ်တိုင်းထောင် စာပေ**

အမှတ် (၁) စကြံ၊ ရန်ကုန်ဘူတာကြီး

ဖုန်း – ၂၄၃၅၂၂၊ ၂၄၉၀၂၄

၂၅၇၂၉

www.dhammaransi.com

